
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မင်းမြတ်သူရ

ပိုးမခရတနာသိုက်

စာမူခွင့်ပြုချက်အမှတ် - ၁၄၇၇/၂၀၀၁ (၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၄/၂၀၀၂ (၁)

၂၀၀၂ခုနှစ်၊ ပထမအကြိမ်၊ ၅၀၀ အုပ်၊ ၃၀၀/-

ဝေသူ . . . ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ-၁၆၉၂)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

သူ . . . ဦးကျော်လှိုင် (စေတနာ OFFSET) ၁၁၇၃
အမှတ် (၁၉)၊ (၁၉)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

မောင်ကျော်လှိုင် စေတနာစာပေ

မှ စီစဉ်ထုတ်လုပ်ပါသည်။

## မင်းမြတ်သူရ

# ပိုးမခရတနာသိုက်

www.burmeseclassic.com

www.burmeseclassic.com

လှေထားဦးမှာ ဘီလူးမောင့်ကြောင့် စောင့်တော့တယ်။

လှေထားခြေမှာ ဆူးလေမောင့်ကြောင့် ကြံတော့တယ်။

အိမ်တိုင်တိုင်းမှာ နွားရိုင်းမောင့်ကြောင့် ချည်တော့တယ်။

ထရံကြားမှာ ဓါးသွားမောင့်ကြောင့် ထားတော့တယ်။

အိမ်ကြမ်းကြားမှာ အပ်သွားမောင့်ကြောင့် စီတော့တယ်။

အိမ်ခေါင်မိုးမှာ လုံထောင်မောင့်ကြောင့် စိုက်တော့တယ်။

မောင်လဲဘယ်က တက်ရမယ်။

မယ်လဲဘယ်က ဆင်းရမယ်။

*(အညော်ဓေါ်ရွှေးစာဆို)*

BURMESE CLASSIC

## စေတနာစာပေ၏အမှတ်တရအစီအစဉ်

■ နည်းနည်းခါးသွားရင် ဖွတ်မှိတ်ပြီး မျိုချစေချင်ပါတယ်ဆရာ၊ ဆေးခါးတွေဟာ တစ်ခါတစ်ရံမှာတော့ အဝင်ဆိုးပေမဲ့ ခန္ဓာကိုယ်ကို အကျိုးပြုတတ်ပါတယ်။ ဆရာရဲ့ ဇာတ်လမ်းလေးကို မှတ်မှတ်သားသားနဲ့ ဖတ်ဖြစ်တဲ့အခါ အစပိုင်းမှ ဇာတ်ကောင်စရိုက်တွေက ဂမ္ဘီရဆရာကြီးတစ်ဦးနဲ့ ဆင်ဆင်တူနေပါတယ်။ နောက်ပိုင်းမှာတော့ ဆရာဟာ လမ်းကြောင်းတစ်ခုကို ပြောင်းလဲလိုက်ပုံရပါတယ်၊ အဲဒီမှာဇာတ်လမ်းတွေကအစီပွါယ်ခေါင်းပါးပြီး ခြောက်သွေ့လာသလို ခံစားရပါတယ်။ တကယ်တော့ ဂမ္ဘီရဆရာကြီးဆိုတာလဲ ရှားလော့ဟုမ်းစတ္တုတွေကို မှီငြမ်းပြီးရေးဖြစ်သွားတာပါပဲ၊ ဒါကြောင့် ဆရာ့အနေနဲ့ မူလလမ်းကြောင်းကိုပြန်လျှောက်ဖို့ စေတနာဝကောင်းနဲ့ တိုက်တွန်းလိုပါတယ်၊ ရိုးသားကြိုးစားပြီး ဝန်ခံရဲသောသတ္တိရှိတဲ့ဆရာ့အတွက် အောင်မြင်မှုတွေက လက်ကမ်းကြိုနေမှာပါ။

ဦးမောင်မောင်နိုင် (စိတ်ပညာသုတေသီ)
အမှတ် (၁၂၃)၊ ၃၂× ၃၃၊ ၇၄× ၇၅ လမ်းကြား
မန္တလေးမြို့

■ ရွှေကျီးညိုနဲ့ တန်ခိုးရှင်ဟာ ဝတ္ထုအမည်နဲ့ဇာတ်လမ်း နည်းနည်းကွာဟနေတယ်ထင်ပါတယ်ဆရာ၊ ဇာတ်လမ်းတစ်ပုဒ်လုံးမှာ ရွှေကျီးညိုရဲ့အခန်းကဏ္ဍဟာ အလွန်နည်းပါးပြီး ချီးအမြုတေရဲ့ကဏ္ဍတွေပိုများပြားနေပါတယ်၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ရွှေကျီးညိုနဲ့တန်ခိုးရှင်အစား ရွှေကျီးညိုနဲ့ ချိုးအမြုတေ ပြီးအမည်တပ်ရင် ပိုပြီးကိုက်ညီမယ်ထင်ပါတယ်။

ကိုခင်ဝင်း

ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ဆောက်လုပ်ရေး၊

ကသာမြို့။

ဆရာ့စာအုပ်တွေဖတ်ပြီးတော့ အချစ်ဝတ္ထုတွေ ဖတ်လို့ မရတော့ဘူး၊ ပထမဦးဆုံး စဖတ်ဖြစ်တာက ရွှေပြည်ကြီးပါဆရာ။ အခုတော့ရှေ့ပိုင်းကစာအုပ်တွေ မရရအောင် ရှာပြီးငှားဖတ်နေပါတယ်၊ ယခုနောက်ပိုင်းသမီးရဲ့အယူအဆရော အတွေးအခေါ်ပါပြောင်းလဲလာလို့ သိပ်ကျေးဇူးတင်ပါတယ်ဆရာ၊ စိတ်ဓာတ်တွေလဲ အများကြီးကြံ့ခိုင်လာပါတယ်၊ လှုပြောများလွန်းတဲ့ ရွှေချမ်းသာငွေချမ်းသာကိုလဲ သိပ်ဖတ်ချင်ပါတယ်။

မအိရွှေစင်၊ သင်္ကန်းပရိက္ခရာဆိုင်၊

ဈေးကွက်သစ်ရပ်ကွက်၊ ပုလိပ်မြို့၊ မန္တလေးတိုင်း

■ မိုးရဲ့မှိုးနှင်းမွှင့်စာပေမှာ ဆရာ့စာအုပ်တွေဟာ အငှားရ အသွက်ဆုံးပါ၊ ဆိုင်မှာစာအုပ်ငှားရင်း ကောင်လေးတွေမကြာခဏ စကားများရန်ဖြစ်ကြလို့ ဆရာ့စာအုပ်တွေကို တစ်ပြိုင်တည်း နှစ်အုပ်တင်ရပါတယ်၊ ဆရာဟာ အချိန်တိုတိုလေးအတွင်းမှာ တရှိန်ထိုးအောင်မြင်လာတာ အံ့သြစရာပါ၊ ဒါကြောင့် ဆရာ့စာအုပ်တွေကို သတိထားဖတ်ကြည့်တော့ တစ်ခုတစ်ရာကို သွားတွေ့ပါတယ်၊ ဆရာဟာ ဆန့်ကျင်ဘက်နှစ်ခုကို



လိမ္မာပါးနပ်စွာပေါင်းစပ်ပြီး စာရေးနေပါတယ်၊ အဲဒါကတော့ လေးနက်ခြင်းနဲ့ပေါ့ပါးခြင်းပါပဲ။

မိုးစန္ဒာကျော်

ဒုတိယနှစ်(B)၊တိုင်းရင်းဆေးသိပ္ပံ၊ မန္တလေးမြို့။

■ ဆရာ့စာအုပ်တွေအားလုံးရဲ့ ထူးခြားချက်က မြန်မာပြည်အနှံ့က ဗဟုသုတတွေ၊ လေးနက်တဲ့အတွေးအခေါ်တွေ၊ လောကရဲ့နေနည်းထိုင်နည်းတွေစုံလင်အောင်ပါဝင်တဲ့အတွက် သမီးအတွက် အဖိုးမဖြတ်နိုင်တဲ့ ဘဏ္ဍာသိုက်ကြီးပါ။ ဆရာဟာ သမီးရဲ့ နေမင်းကြီး (သို့) ပဲ့ကိုင်ရှင် တစ်ယောက်လို့ တင်စားချင်ပါတယ်။

အိအိမွန်၊ ဗ-၁၄၊ ၁၉(က)၊ ၅၅လမ်း၊

ချယ်ရီလမ်းနှင့် မဥ္ဇူလမ်းကြား၊ မန္တလေးမြို့။

■ ကျွန်မဘဝတစ်လျှောက်လုံး ဖတ်ရှုဖြစ်ခဲ့တဲ့ စာအုပ်တွေ ထဲမှာ ဆရာ့စာအုပ်တွေဟာ ကျေနပ်မှုအပေးစွမ်းနိုင်ဆုံးပါ။ စာရေးစာဖတ်ခြင်းကို ဝါသနာပါတဲ့ကျွန်မအတွက်တော့ ဆရာ့စာအုပ်တွေက အဖိုးမဖြတ်နိုင်တဲ့ အခြေခံ အုတ်မြစ်တွေပါပဲ၊ အထူးသဖြင့် နဝမမြောက်ကျမ်းစာမှာ စာတ်ကောင်ဖွဲ့စည်းပုံနဲ့ ဇာတ်လမ်းတည်ဆောက်ပုံကို အထူးသဘောကျမိပါတယ်။

ခင်နှင်းသက်

တိုမွေးကုဦးစီးဌာန၊ ခရိုင်ရုံး၊ မြစ်ကြီးနားမြို့။

■ ကျွန်တော်ဟာ ဆရာ့စာအုပ်တွေကို အသည်းစွဲဖတ်နေတဲ့ ပရိသတ်တစ်ယောက်ပါ၊ ရွှေကျီးညိုနဲ့တန်ခိုးရှင်ဝတ္ထု စာမျက်



www.burmeseclassic.com

www.burmeseclassic.com

နှာ(၁၀၇)မှာ ပတ္တမြားလက်စွပ်ကို ခါးပြတိုက်ခံရကြောင်း ရေးပြီး စာမျက်နှာ(၁၄၉)မှာကျတော့ ချိုးအမြုတေလေးကိုခါးပြတိုက်တယ်လို့ မှားယွင်းစွာဖော်ပြထားတာကို ဝေဖန်ထောက်ပြလိုက်ပါတယ်ဆရာ။

ဂမ္ဘီရစာပေရဲ့ အအောင်မြင်ဆုံးသရဖူကို ဆက်လက်ထိန်းသိမ်းနိုင်ပါစေ။

ကိုအောင်နိုင်ထွန်း
အမှတ်(၂၁/၂၂) ၆၆လမ်း
၂၉×၃၀ကြား၊ ရဲသီပွဲ၊ မန္တလေးမြို့။

■ ကျွန်တော်တို့တောင်ကုတ်မြို့မှာလဲ ဆရာ့စာအုပ်တွေက အငှားရဆုံးဖြစ်နေခဲ့ပါတယ်။ ကျွန်တော့်ဘဝရဲ့စိတ်ကူးယဉ်အိပ်မက်ကတော့ အောင်မြင်ကျော်ကြားတဲ့စာရေးဆရာဖြစ်ချင်သူပါ။ ဆရာ့ဝတ္ထုတွေကိုလေ့လာကြည့်တော့ ဒီနေ့ခေတ်စားနေတဲ့ဝတ္ထုတွေနဲ့တစ်ဘာသာ ဖြစ်နေတာတွေ့ရပါတယ်။ အချစ်ဝတ္ထုအများစုကတော့ ,အစဖတ်လိုက်တာနဲ့အဆုံးကို ဖတ်စရာမလိုလောက်အောင် ရိုးစင်းလွန်းပါတယ်။ ဆွဲဆောင်မှုလဲမရှိဘူး။ ဆရာ့ရဲ့ယခုနောက်ပိုင်းထွက်တဲ့ ဝတ္ထုများဟာ ယခင်ဝတ္ထုများထက် နည်းနည်းတွဲပြားလာသယောင်ခံစားရပါတယ်။

ကိုနေလင်း
အမှတ်(၈၉၈)၊ ကံပိုင်ရပ်ကွက်၊
ကြည်ဖြူစာပေလမ်းကြား၊ တောင်ကုတ်မြို့၊
ရခိုင်ပြည်နယ်။



BURMESE CLASSIC

# နိဒါန်း

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ မြန်မာပြည်မြေလတ်ပိုင်းဒေသရွာကလေး တစ်ရွာရှိ ဆင်းရဲလွန်းသဖြင့်တစ်ရွာလုံး၏နိုင်းဖက်ဖြစ်နေသော မိုးသီးဆိုသော လူငယ်လေးသည် မန်ကျည်းပင်ကြီးအောက်တွင် ထိုင်၍ ထင်းများကို ဝင်ပန်းကြီးစွာခွဲခြမ်းနေလေ၏။

မိုးသီးသည် အသက် (၁၅) နှစ်ခန့်သာရှိသေးသဖြင့် ဝယ်ရွယ် နုနယ်သေးသော်လည်း မရှိဆင်းရဲရှာလွန်းသဖြင့် ကြမ်းတမ်းသော အလုပ်များကို ပင်ပန်းကြီးစွာ လုပ်ကိုင်ရရှာ၏။

မိုးသီးသည် မနက်မိုးလင်းကတည်းက မည်သည့်အစာကိုမျှ မစားရသေးသဖြင့် ဗိုက်ထဲတွင် တကြုတ်ကြုတ်မည်နေလေ၏။ ထင်းပုံကြီးမှ ထင်းများလျော့နည်းလာပြီဖြစ်သော်လည်း တစ်ဝက်မျှ ကျန်နေ



www.burmeseclassic.com

သေး၏။

ထိုအခိုက်မှာပင် အပျိုကြီးမရွှေပုသည် သံဇလုံတစ်ချပ်ကိုကိုင်၍ အနီးသို့ရောက်လာပြီး

" ဟဲ့ မိုးသီး... ရော့... မြန်မြန်မျိုဆို့ပြီးရင် ထင်းတွေ ့ကို အမြန်ဆုံးပြီးအောင်ခွဲ၊ ခွဲပြီးတဲ့ထင်းတွေကိုလဲ ကြပ်ခိုးစင်ပေါ်တင်ပေး ဦးနော် "

ဟုပြောလေ၏။ ကပ်စေးနှဲသောအပျိုကြီးသည် တစ်မူးမျှသော ငွေအသပြာတို့ပေး၍မိုးသီးအား မတန်တဆအလုပ်များကို ခိုင်းစေနေခြင်းဖြစ်၏။ မည်သို့ပင်ဖြစ်စေ မိုးသီးသည် ပျော်ပျော်နေတတ်သူပီပီ အပျိုကြီး၏ဗိုက်ဆဲကို နည်းသည်များသည်ဟု သဘောမထားဘဲ သီချင်းတအေးအေးဖြင့် လုပ်ကိုင်နေလေ၏။

အတန်ကြာအောင် ပင်ပန်းကြီးစွာလုပ်ကိုင်ပြီးနောက် ထင်းများ အားလုံးခွဲခြမ်းပြီးလေ၏။ မိုးသီးသည် ထင်းခွဲပြီးသောအခါ ထင်းခြမ်း များကို ကြပ်ခိုးစင်ပေါ်သို့ တင်ပေးရပြန်၏။

ထိုအခိုက်မှာပင် ကာလသားခေါင်းလှမောင်ကြီးရောက် လာပြီး လျှင်

" မိုးသီး၊ မင်းအတွက်အလုပ်ပါလာတယ်၊ ဘာအလုပ်လို့ ထင်သလဲကိုယ့်လူ "

ဟုရယ်ကြဲကြဲမျက်နှာပေးဖြင့် ပြောလေ၏။ လှမောင်ကြီးသည် ကာလသားခေါင်းဖြစ်သော်လည်း ကာလသားငယ်များကို နိုင်လိုမင်း





ထက်မလုပ်တတ်ဘဲ မေတ္တာထားသူဖြစ်၏။ မိုးသီးက မျက်မှောင် ကြုတ်ပြီး စဉ်းစားဟန်ပြု၍

" ဟဲဟဲ... ကျုပ်အထင်တော့ ဦးတောကျော်ကြီးအ လှူ အတွက် ဖြစ်လိမ့်မယ် "

ဟုပြောလေရာ ကာလသားခေါင်းလှမောင်ကြီးက

" မင်းမဆိုးဘူး ကဲ... ဦးတောကျော်ရဲ့အလှူမှာ ဘာ အလုပ် လုပ်ရမလဲ ပြောစမ်း "

ဟုမေးမြန်းလေ၏။ မိုးသီးက မျက်လုံးများမှေးစင်း၍ စဉ်း စားဟန်ပြုလိုက်ပြီး

" မြို့ပေါ်တက်ပြီး သက်န်းဝယ်ဖို့က မြို့အကြောင်းကို ကောင်း ကောင်းကျွမ်းကျင်တဲ့ ကိုဖိုးလုံးရှိတယ်၊ လော်စပီကာနဲ့ နှိုးပတ်ဗိုင်းကို တော့ ဦးအောင်မိုးက တာဝန်ယူထားတယ်၊ ထင်းခွဲဖို့ ရေခပ်ဖို့ ကိစ္စ လောက်ကိုတော့ ကိုလှမောင်ကြီးကိုယ်တိုင် လာမခေါ်ဘူး အင်း... ဒီတော့ ဘာဖြစ်နိုင်လဲ၊ဟုတ်ပြီ... ရွာမှာ ကိုရင်ပြင့်အောင်ကြီးမရှိဘူး၊ လွန်ခဲ့တဲ့လက မြို့တက်သွားတယ်၊ ဒီတော့ကျုပ်ကိုခေါ်တာ ဗျိုးဟစ်ဖို့နဲ့ လက်ဖက်ထုပ်ကမ်းဖို့ပဲဖြစ်မယ်၊ ဟုတ်တယ်မဟုတ်လား "

ဟုမေးမြန်းလေရာ လှမောင်ကြီးက ခေါင်းညိတ်၍

" [illegible]တယ်၊ မင်းမဆိုးဘူး မနက်ဖြန် ဦးတောကျော် အလှူ အတွက် ဗျိုးဟစ်ရမယ်၊ လက်ဖက်ထုပ်လဲကမ်းရမယ်၊ ဦးတောကျော် အလှူက တစ်ရွာလုံးမီးခိုးတိတ်ကျွေးမှာဆိုတော့ အနီးအနား ရွာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆေးဘာတော်များများလှည့်ပြီး ဗျူးဟာစီရမယ်၊ ပြဿနာမဖြစ်အောင်တော့ ဝတီထားတွာ၊ လက်ဖက်ထုပ်ကမ်းတာ ပြဿနာမဖြစ်ပေမယ့် ဗျူးဟာစ်ဘာ ရှုစ်သိပ်များတာပဲ ''

ဟု ပြောလေရာ မိုးသီးက ခေါင်းညိတ်၍

'' ကိုလှမောင်ကြီးကလဲ ကျုပ်ကရန်ကိုရှောင်တတ်ပါတယ်၊ ကျုပ်ဗျူးဟာစ်တဲ့အခါတိုင်း ဘယ်တုန်းက ပြဿနာပေါ်ဖူးလို့လဲ ''

ဟု မေးမြန်းလေ၏။ လှမောင်ကြီးက ခေါင်းညိတ်၍

'' အေး... အလှူကပွဲကြီးဆိုတော့ မိတ်ရှုမှာများတယ်၊ ဒါကြောင့် မင်းကိုမှာနေရတာ ဗျူးဟာစ်တဲ့အခါ ဓဝ်းနောက်ကို ပြဿနာဖြစ်မယ့်ကောင်တွေ ခေါ်မသွားနဲ့ ''

ဟု မှာကြားလေ၏။

မိုးသီးကခေါင်းညိတ်၍

'' စိတ်ချပါဗျာ၊ လက်ဖက်ထုပ်ကမ်းဖို့ လက်ဖက်ကောင်းကောင်းနဲ့ ဆီများများပါဖို့တော့ ကိုလှမောင်ကြီးတာဝန်ယူပြီး လုပ်ပေးပါ၊ လက်ဖက်ထုပ်မှာ ဆီမပါ,လက်ဖက်မပါရင် ကမ်းရတဲ့သူ မျက်နှာငယ်တယ် ''

ဟုပြောရလေရာ ကာလသားခေါင်းလှမောင်ကြီးက လက်ဖက်ထုပ်တွင် ဆီကောင်းကောင်းလက်ဖက်များများပါဖို့နှင့် သူတာဝန်ယူကြောင်း ကတိပြုလေ၏။

ထိုအခါ မိုးသီးသည် သူနေထိုင်ရာ ရွာစွန်တဲအိမ်ငယ်းသို့





ပြန်သွားပြီး ရေမိုးချိုးကာ ညစာထမင်းချက်လေ၏။ ထို့နောက် ငါးပိရည်နှင့် ကတက်ချဉ်ကို ဟင်းအဖြစ်တွဲဖက်ကာ မြိန်ရှက်စွာစား သောက်လေ၏။

သူသည် ညစာစားရင်း မနက်ဖြန်ဦးတောကျော်၏ အလှူအတွက် ဗျူးဟာစီရန်စဉ်းစားနေမိ၏။

ဦးတောကျော်သည် သူတို့ရွာဝန်းကျင်တွင် လယ်ကေပေါင်းများစွာပိုင်ဆိုင်သော တောသူဌေးတစ်ဦးပင်ဖြစ်၏။

ဆွေမျိုးအင်အားလည်းတောင့်တင်း၏။ ယခု ဦးတောကျော်၏ သားသုံးယောက်၏ ရှင်ပြုအလှူတော်မင်္ဂလာပွဲကို စည်စည်ကားကား ကျင်းပရန်ရှိ၏။

ဦးတောကျော်သည် တောသူဌေးတစ်ဦးဖြစ်သည့်အား လျော်စွာ သူ၏အလှူကို ဗျူးဟာစ်ရုံမက လက်ဖက်ပင်ကမ်းဦးမည် ဆို၏။

အလှူတွင် မန္တလေးရှိ နာမည်ကြီးဆိုင်းအဖွဲ့တစ်ဖွဲ့ကို ဖြေဖျော်ဖို့ ငှားရမ်းထားသေး၏။

ငွေကြေးချမ်းသာသောသူများကျတော့လဲ လက်ညှိုးညွှန်ရာ လိုရာဖြစ်ပေသည်ဟုတွေးတောရင်း သူ၏ဘဝအကြောင်းမလှပုံကို စဉ်းစားနေမိပြန်၏။

သူ၏ဖခင်သည် တောလိုက်အဖွဲ့နှင့်ပါသွားကာ ငှက်ဖျားမိပြီး တောထဲမှာသေဆုံးခဲ့ရ၏။

မိခင်သည် ဖခင်မရှိသည့်နောက်ပိုင်း ရွာထဲရှိ သူ့ဝမ်းစာပြည့်နိုင်ရေး



www.burmeseclassic.com

www.burmeseclassic.com



အလုပ်များကို မင်ပန်းကြီးစွာလုပ်ကိုင်ရင်း အရွယ်မတိုင်မီဆုံးပါးခဲ့ပြန်၏။

မိခင်ဆုံးတော့ မိုးသီးအသက် (၁၂) နှစ်သာရှိသေး၏။ ယခု သူ့အသက် (၁၅)နှစ်ရှိပြီဖြစ်သဖြင့် မိခင်ဆုံးသည်မှာ သုံးနှစ်ကြာ ခဲ့ပေပြီ။

မိခင်မရှိသည့်နောက်တွင် တစ်ရွာလုံး၏ခိုင်းဖက်အဖြစ် ပင်ပန်း ကြီးစွာလုပ်ကိုင်ရ၏။

အရွယ်နှင့်မမျှအောင် ဒုက္ခပင်လယ်ဝေခဲ့၏။ မည်သို့ပင်ဖြစ်စေ လောကဓံကို ကြံ့ကြံ့ခံ၍ ပျော်ပျော်ရှင်ရှင်ဆိုင်တတ်သည့်ထုံးစံအတိုင်း ရင်ဆိုင်ခဲ့လေ၏။

သူသည် ရွာဦးကျောင်းဆရာတော်ကြီး၏ထံတွင် ပညာသင် ကြားခဲ့၏။ သူ၏ ပင်ကိုယ်ဉာဏ်ကောင်းမွန်မှုကြောင့် ကျောင်းသား အားလုံးထဲတွင် အတော်ချွန်ဆုံးဖြစ်သည်ဟု အသိအမှတ်ပြုခြင်းခံရ၏။

မိုးသီးသည် ညစာစားရင်း သူ့ဘဝအကြောင်းကိုစဉ်းစား နေပြီး ထမင်းဘယ်လိုကုန်သွားမှန်းပင် မသိလိုက်ချေ။

ထမင်းစားပြီးသောအခါ အိပ်လို့မပျော်သေးသဖြင့် စာရွက် နှင့်ခဲတံကိုယူကာ မနက်ဖြန် ဗျိုးဟာစ်ရန်အတွက် စာသားများကို ရေး သားနေလေ၏။

တောရွာအလှူများ၏ထုံးစံမှာ ရွာနီးချုပ်စပ်ရှိ လူအများကို ဖိတ်ကြားရန်အတွက် ဗျိုးဟာစ်ရသောထုံးစံရှိ၏။

ဗျိုးဟာစ်သူမှာ အသံကောင်းပြီး ပီပီသသဟာစ်တတ်ဖို့လို၏။ ဗျိုးဟာစ်သူအသံမပီသလျှင် သူတစ်ပါး၏လှောင်စရာဖြစ်ပြီး ရန်ပွဲများပင်





ဆင်နွှဲရနိုင်၏။

ဗျိုးဟာစ်သူသည် စာသားများထဲတွင် အလှူရှင်နှင့် အလှူ ပြုမည့်နေ့ရက် စသည်တို့ကို ထည့်သွင်းထားသဖြင့် မြို့အရပ်မှာ ကဲ့သို့ ဖိတ်စာဝေရန် မလိုချေ။ ဗျိုးကိုနားထောင်ရုံဖြင့် အလှူအကြောင်းကို ထိတိကျကျသိနိုင်၏။

မိုးသီးသည် ဗျိုးဟာစ်ရန် စာသားများကို ရေးသားကြည့်ပြီး နောက် တစ်ခေါက်မျှ အသံထွက်၍ ဖတ်လေ၏။

ပြီးနောက်တွင်မှ မျက်လုံးများမှေးစင်းလာ၍ အိပ်ရာထဲသို့ ဝင်ခဲ့လေတော့၏။

✲✲✲✲✲✲✲✲

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်

**မင်းမြတ်သူရ**

အမှတ် (၇)၊ အင်သောက်လမ်း၊ ကျောက်မြောင်း။
ရန်ကုန်သို့ လိပ်မူ၍ ရေးသားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်တွင် ရွာလယ်ခေါင်တွင်ရှိသော ဦးတောကျော်၏ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးသို့ ထွက်ခဲ့လေ၏။

ဦးတောကျော်၏အိမ်သည် ရွာတွင် အခမ်းနားဆုံးဖြစ်၏။ အိမ်၏သွပ်မိုးပြောင်ပြောင်များကို အဝေးကပင် မြင်နိုင်လေ၏။

အလှူအိမ်သို့ရောက်သောအခါ ရွာရှိ မိန်းမပျိုများအားလုံး အလှူအိမ်တွင် ဝိုင်းဝန်းကူညီနေသည်ကိုတွေ့ရ၏။

ဦးတောကျော်က မိုးသီးကိုမြင်လျှင်

" လာမိုးသီး၊ ထမင်းစားလိုက်ဦး၊ ထမင်းစားပြီးတာနဲ့ တောင်ဘက်ခြမ်းကရွာတွေကို ဖျူးဟစ်ထွက်မြေတော့ "

ဟုပြောလေ၏။ ထိုအခါ ဦးတောကျော်၏ မိန်းမ ဒေါ်ကြီးတင် အနီးသို့ရောက်လာပြီး





" ဟဲ့ မိုးသီး၊ ငါ့အမျိုးတွေရှိတဲ့ မြောက်ဘက်ခြမ်းက ရွာတွေကိုတော့ ဖျူးဟစ်စရာမလိုဘူး၊ လက်ဖက်ကမ်းရမယ်၊ လက်ဖက်ကိုတော့ မနက်ဖြန်မှ ကမ်းတော့ "

ဟု မှာကြားလေ၏။

ဦးတောကျော်က မိုးသီးထမင်းစားနေစဉ် အနီးသို့ရောက်လာပြီး

" ဖျူးဟစ်ထွက်ရင် ဘယ်သူတွေကို ခေါ်သွားမှာလဲ၊ ရန်မဖြစ်အောင် ဂရုစိုက်နော် "

ဟုပြောလေရာ မိုးသီးက ခေါင်းညိတ်၍

" အင်း... ပေသီးနဲ့ လှတိုးကို ခေါ်သွားချင်တယ်၊ ဒီကောင်တွေက အားကိုးရတယ် "

ဟုပြောလေရာ ဦးတောကျော်က ခေါင်းညိတ်၍

" အေး... ပြဿနာမဖြစ်ရင် ပြီးတာပဲ "

ဟုပြောလေတော့၏။

မိုးသီးထမင်းစားပြီးလျှင် ပေသီးနှင့် လှတိုးအနီးသို့ ရောက်လာ၏။ ၎င်းတို့နှစ်ဦး၌ လွယ်အိတ်ကိုယ်စီလွယ်ထားကြ၏။ ပေသီး က လွယ်အိတ်ကိုလက်ဖြင့်ပုတ်၍

" လက်နက်အပြည့်အစုံပါတယ် "

ဟု တိုးတိုးပြောလေ၏။

ပေသီး၏လွယ်အိတ်ထဲတွင် လောက်စာလုံး၊ လေးရှင့် ဓားစီ



www.burmeseclassic.com

www.burmeseclassic.com



ဘူတာပါမည်မှာ သေချာ၏။

လှတိုးကလည်း သူ၏လွယ်အိတ်ကိုလက်ဖြင့်ပုတ်၍

" ငါ့မှာလဲ ပါတယ် "

ဟုပြောလေ၏။

ထိုခေတ်က ရုပ်ထိုဒေသတွင် သူတစ်ပါးရွာသို့ လှည့်လည်၍ ဗျိုးဟာစ်ရသော အလုပ်သည် အလွန်ရန်များ၏။

ဗျိုးဟာစ်သူကို မကျေနပ်လျှင် တစ်ရွာသားများ၏ ရန်စစော်ကားခြင်းကို ခံရတတ်၏။

မမြင်ကွယ်ရာမှ ခဲဖြင့်ပေါက်ခြင်း၊ လောက်လေးဖြင့်ပစ်ခြင်းတို့ကိုလည်းခံရတတ်၏။ တစ်ရွာနှင့်တစ်ရွာ ရန်ငြိုးရန်စရှိသောအခါဆိုလျှင် အဆိုးဆုံးဖြစ်၏။

မိုးသီး၏လက်ထဲတွင် ဗျိုးဟာစ်ရန် သံဖြူဖြင့် ကန်တော့ပုံ သဏ္ဌာန်ပြုလုပ်ထားသော ကရိယာပါ၏။

ဦးတောကျော်က ပို သီးရှိရာသို့လာ၍

" ဟဲ... ငါခြေရှေ့ကစပြီး ဗျိုးဟာစ်ပါဦး၊ ငါ့အလှူရဲ့ဗျိုးကို ငါပြန်နားထောင်ချင်လို့ "

ဟု ပူဆ ာလေ၏။

ရွာသူအပျိုချော့လေးတစ်ဦးကလည်း မိုးသီး၏အနီးသို့ ရယ်ကြဲကြဲနှင့်လာ၍

" ရေတစ်ခွက်လောက်သောက်လိုက်ပါဦး မိုးသီးရယ် "





ဟု ဆိုကာ ရေခွက်ကို ကမ်းပေးလေ၏။ ...ပါလား "

သူမ၏အမည်မှာ ပန်းနုဖြစ်ပြီး စိတ်နှလုံးကောင်းမွန်သော ... သော ချော့ဖြစ်၏။

သူမသည် ရွာကွမ်းတောင်ကိုင်ဖြစ်သော်လည်း မာန်မာနမရှိဘဲ မိုးသီးကို ခင်မင်ရာသူဖြစ်၏။ မိုးသီးက သူမကမ်းပေးသော ရေတစ်ခွက်ကိုယူ၍ ငွပ်ခနဲသောက်ချလိုက်၏။ ပန်းနုက မိုးသီး ရေသောက်ပြီးသောအခါ ရေနွေးပုလင်းငယ်ကို ကမ်းပေးပြန်ပြီး

" ဗျိုးဟာစ်တွက်ရင်း အသံကုန်ပြီး သိပ်ပင်ပန်းတယ်၊ ဒါကြောင့် လမ်းမှာသောက်ဖို့ အကြမ်းပုလင်းပေးလိုက်တယ် "

ဟုပြောလေရာ မိုးသီးက ပန်းနုကို ကျေးဇူးတင်ဟန်ဖြင့် ကြည့်လိုက်လေ၏။

သူမသည် လှပသလောက် သဘောဖြူသူဖြစ်၏။ ထိုမြင်ကွင်းကိုကြည့်၍ အလိုက်ကမ်းဆိုးမသိသော ဦးတောကျော်က

" ဟဲ့... ညည်းက မိုးသီးအတွက်ပဲရေနွေးကြမ်းပေးသလား၊ ပေသီးနဲ့ လှတိုးအတွက်ရော "

ဟု မေးမြန်းလေ၏။ ပန်းနုက နှာခေါင်းရှုံ့၍

" အို... သူတို့က ရေချမ်းစင်ရှာပြီး သောက်လို့ရနိုင်တာပဲ၊ သူတို့အတွက်တော့မပေးနိုင်ပါဘူး၊ အမြင်ကတ်တယ် "

ဟုပြောလေရာ ပေသီးက စုပ်ဖြဲဖြဲမျက်နှာပေးဖြင့်

" ရပါတယ် ပန်းနုရယ်၊ နင်က မိုးသီးတစ်ယောက်တည်းကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



တုတ်ပါမည်မှာ ဒွေးသိပါတယ် ''

ဟု အနှောင့်အသွားမလွတ်သော စကားကိုပြောလေရာ ပန်းနု၏ ဖြူစင်သောမျက်နှာသည် ရဲခနဲဖြစ်သွားပြီး ရှက်ကိုးရှက်ကန်းဖြင့်

'' မေသီး နင်ဘာစကားပြောတာလဲ ''

ဟု ရန်တွေ့လိုက်လေ၏။ ဦးတောကျော်က ရယ်မော၍

'' ဟဲ့ ဟဲ့ ရန်ဖြစ်မနေနဲ့၊ ကဲ... မိုးသီး ဗျိုးဟစ်ထွက်တော့ကွယ်၊ နားထောင်ကြည့်ရအောင် ''

ဟုပြောလေရာ မိုးသီးက အဟမ်း အဟမ်းဟု လည်ချောင်းရှင်း၍ သံဖြူကန်တော့အနီးသို့ ရှုတ်ခမ်းကပ်ကာ

'' အားလုံးကြားကြားသမျှ ရွာပင်လုရွာနေ အဘဦးဘစိန်၊ အမိဒေါ်ခင်လှတို့ကို အမှူးထား၍ ဦးတောကျော်၊ ဒေါ်ကြီးတင်တို့က ရင်နှစ်သည်းချာ သားရတနာများဖြစ်ကြသော မောင်မြင့်အောင်၊ မောင်ဝင်းအောင်မိုး၊ မောင်စန်းမောင်တို့ကို ပဇ္ဇဖ္ဖမဂ်လာ ရှင်သာမဏေ အရာသို့ ဆောင်နှင်းမည်ဖြစ်ပါ၍ ကဆုန်လဆန်းတစ်ရက်နေ့ နေ့လယ်အချိန်တွင် ရွာပင်လုရွာ ရှင်ပြုမဏ္ဍပ်သို့ ရှင်ပြုတရားတော်နာ ကြွရောက်ပါရန် မိတ်အများတို့အား ဖိတ်ကြားလိုက်ပါသဗျိုး ''

ဟု ဗျိုးဟစ်ပြလိုက်ရာ နားထောင်နေသူအပေါင်းသည် သဘောကျဟန်ဖြင့် လက်ခုပ်တဖြောင်းဖြောင်းတီးကာ ချီးမွမ်းကြလေ၏။

ဦးတောကျော်ကတော့ ဒေါ်ကြီးတင်ကမှ မျက်မှောင်ကြုတ်၍

'' ဟဲ့... ဗျိုးထဲမှာ အလှူမှာကျွေးမယ့် ဇက်သားဟင်း၊ ငါး





သလောက်ပေါင်းနဲ့ ချဉ်ပေါင်ဟင်းအကြောင်းလဲ မပါပါလား ''

ဟု မကျေမနပ်ရှုတ်ဆိုလေရာ မိန်းမကြောက်ရသော ဦးတောကျော်သည် မိုးသီးအား အလှူတွင်ကျွေးမည့် အစားအသောက်များကို ဗျိုးထဲတွင် ထည့်သွင်းစေ၏။

ထို့နောက် တစ်ဖန် ဗျိုးဟစ်စေပြန်ရာ မိုးသီးက မူလအတိုင်း အစဉ်အတိုင်း ဗျိုးကိုဟစ်၍ ဒါ

'' ရွာပင်လုရွာ ရှင်ပြုမဏ္ဍပ်သို့ လာရောက်၍ ဇက်သား သောက် ငါးသလောက်ပေါင်းနှင့် ချဉ်ပေါင်ဟင်းတို့ကို မြိန်ရှက်စွာ စားသုံး ရှင်ပြုတရားနာကြွရောက်ပါရန် မိတ်အများတို့အား ဖိတ်ကြားလိုက်ပါသဗျိုး ''

ဟုဆိုလိုက်ရာ ဒေါ်ကြီးတင်ကြီးသည် လွန်စွာသဘောကျသွားပြီး လက်ခုပ်တဖြောင်းဖြောင်းတီး၍

'' ဒါမှ ငါ့အလှူမှာ ဟစ်တဲ့ဗျိုး၊ နင့်အ[illegible] သိပ်ကောင်းတယ်၊ တစ်ခေါက်လောက် ထပ်ရွတ်ပါဦး ''

ဟုဆိုပြန်ရာ မေသီးက နှာခေါင်းရှုံ့၍

'' ဒေါ်ကြီးတင်ကလဲ လွန်ပြီ၊ သူ့အိမ်ရှေ့မှာပင် ဗျိုးဟစ်တဲ့ သူက လျှာထွက်ပြီးသေတော့မယ် ''

ဟု ညည်းညူလေရာ ဒေါ်ကြီးတင်က ရယ်မော၍

'' စိတ်မဆိုးပါနဲ့ မေသီးရယ်၊ ဗျိုးဟစ်ပြီးပြန်လာရင် မိုးသီးကို ငွေ ၃ ကျပ်၊ နင်တို့နှစ်ယောက်ကို တစ်ယောက်တစ်ကျပ်စီ မုန့်ဖိုးပေး



www.burmeseclassic.com

www.burmeseclassic.com



မှာပါ

ဟုပြောလိုက်ရာ ပေသီးသည် သဘောကျသွားပြီး မိုးသီးကို ရှိုးဟစ်ရန်တိုက်တွန်းပြန်၏။ ဤသို့ဖြင့် မိုးသီးတို့ရှိုးအဖွဲ့သည် ရွာလယ်လမ်းမကြီးအတိုင်း တစ်ရွာလုံးလှည့်၍ စတင်ရှိုးဟစ်ရလေ၏။

မိုးသီးတို့ရှိုးဟစ်နေစဉ် တစ်ရွာလုံး အိမ်ပေါက်စေ့ ထွက်ကြည့်ကြပြီး အလှူအား ကြည်ညိုသဒ္ဓါပွားများကြလေ၏။

ရွာလုံးပေါက်နှံ့သောအခါ ရှိုးအဖွဲ့သည် ရွာပြင်သို့ထွက်ရလေ၏။ အနီးဆုံးရွာသို့ မရောက်မီ ခေတ္တနားခွင့်ရှိ၍ ထိုအချိန်များတွင် ရေသောက်ခြင်း၊ ဆေးလိပ်ဖွာခြင်း၊ ကွမ်းစားခြင်းအမှုကို ပြုနိုင်ကြ၏။

မိုးသီးသည် အနည်းငယ်အာခြောက်သလိုဖြစ်သွား၍ ကွမ်းတောင်ကိုင် မိန်းနုပေးလိုက်သော ရေနွေးပုလင်းကိုဖွင့်၍ ရေနွေးတစ်ငုံသောက်လေ၏။ ပြီးနောက် ပေးသီးနှင့် လှတိုးဘက်သို့ လှည့်ကာ ရေနွေးပုလင်းကို ကမ်းပေးလေရာ ပေသီးက

" ဟဲ...ဟဲ... သောက်ပါမိုးသီးရာ၊ ဒါတို့က ရေချမ်းစင်က ယူသောက်လဲရပါတယ်၊ တော်ကြာပန်းနုသီချင်း မေတ္တာပို့နေပါဦးမယ် "

ဟု နောက်ပြောင်လေ၏။ ထို့နောက်တွင်မူ မိုးသီးတို့ ရှိုးအဖွဲ့သည် အနီးဆုံးရွာတစ်ရွာသို့ ရောက်ခဲ့လေ၏။ ဦးတောကျော်၏ စေခိုင်းချက်အရ ရွာ ၄ ရွာထိအောင် ရှိုးဟစ်ရမည်ဖြစ်၏။

မိုးသီးတို့သည် ရွာလယ်လမ်းမကြီးအတိုင်း စတင်၍ ရှိုးဟစ်ကြရာ ဦးတောကျော်၏ဆွေမျိုးများသည် မိုးသီးတို့ ရှိုးအဖွဲ့အား





အိမ်ထဲသို့ခေါ်၍ ရေတိုက်ခြင်း၊ ထန်းလျက်၊ ကြံသကာ ကျွေးခြင်း စသည်တို့ကို ပြုလုပ်ကြရန်၏။

ထိုရွာကို အောင်မြင်စွာ ရှိုးဟစ်ပြီးသောအခါ နောက်တစ် ရွာသို့ လှည့်လည်ကြပြန်၏။

ထိုရွာ၌လည်း ရှိုးဟစ်သူများကို ရန်စနောက်ပြောင်မည့်သူမရှိဘဲ အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့၏။ ရွာနှစ်ရွာကို လွန်မြောက်ပြီးသောအခါ မိုးသီးက အာခြောက်လာသဖြင့် ရေနွေးကြမ်းပုလင်းကို မော့သောက်လိုက်ပြီး

" နှစ်ရွာတော့လွန်ခဲ့ပြီ၊ ကျန်တဲ့နှစ်ရွာမဲ့ ကျန်တော့တယ် "

ဟုပြောလိုက်ရာ ပေသီးက သက်ပြင်းချ၍

" ကျန်တဲ့နှစ်ရွာက တကယ့်မီးခဲရွာတွေကွ ဒါနဲ့ရန်ငြိုးရန်စရှိတဲ့ ကျွဲကြီးတို့ရှိတယ်၊ ကျွဲကြီးကလွန်ခဲ့တဲ့နှစ်က ခရေကုန်းရွာ ဘုရားပွဲမှာ ဒါနဲ့လက်ရေ့ထိုးပြီးကရှုံးသည်းက ဒါကို ရန်ငြိုးဖွဲ့နေတယ်၊ ဒီကောင်က ဒါကို တစ်ချိန်လုံးဖိထိုးထားပြီး ပွဲပြီးကာနီးမှဒါက အလဲထိုးလိုက်လို့ ဒါကို မကျေမနပ်ဖြစ်ပြီး စင်အောက်မှာ ပြန်ပြီး စိန်ခေါ်ခဲ့တာကွ "

ဟုပြောလေ၏။ ထိုအခါ လှတိုးကလည်း

" ခရေကုန်းရွာမှာလဲ ဒါနဲ့အကြီးအကျယ် ရန်ပွဲဆင်ဖူးတဲ့ ကြက်တောတို့လူရှိတယ် "

ဟုပြောပြန်ရာ မိုးသီးက ခေါင်းကုတ်၍

" ဒုက္ခပါပဲကွာ၊ မင်းတို့နှစ်ယောက်စလုံး ပြဿနာတွေနဲ့ပါလား



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမှန်းသိရင် မင်းတို့ကို မခေါ်ပါဘူးကွာ ''

ဟု ညည်းညူလေ၏။ ပေသီးကာ ရယ်မော၍

'' မသိဘူးလေကွာ၊ ဦးတော်ကျော်အမျိုးတွေရှိတဲ့ ရွာမှန်းသိရင် ငါ မလိုက်တော့ပါဘူး ''

ဟုပြောဆိုလေ၏။ မိုးသီးက သက်ပြင်းချ၍ လှတိုးဘက်သို့ လှည့်ကာ

'' နေပါဦး၊ မင်းနဲ့ ခရေကုန်းက ကြက်တောင်နဲ့ ဘယ်လိုရန်စ ရှိပြန်ပြီလဲ ''

ဟု မေးမြန်းလေ၏။

လှတိုးက ရယ်မော၍

'' ဒီလိုကွ၊ လွန်ခဲ့တဲ့ ဖေလေလာဇ်က အကြီးသာအေး နွားဝယ်ချင်တယ်ဆိုလို့ ငါလဲနွားပွဲလိုက်သွားတယ်၊ နွားပွဲမှာ ခရေကုန်းက ကြက်တောင်က ခိုင်းနွားကြီးသုံးကောင်ကို အခုဝန်ယူပြီး ရောင်းနေတာကွ၊ တကယ်တော့ ဘကြီးသာအေးဝယ်မယ့် နွားကြီး တွေက ရုပ်လှတာကလွဲပြီး နွားဖျင်းကြီးတွေကွ၊ ဒါကြောင့် ငါကဖျက်လို့ နွားမဝယ်ဖြစ်တော့ဘူး၊ ဒီလိုနဲ့ ငါ့ကြောင့် နွားပွဲပျက်ရတယ်ဆိုပြီး ကြက်တောင်တို့လူစုနဲ့ ရန်ဖြစ်တာကွ၊ အဲဒီကုန်းက ကြက်တောင်က ထန်းရေမူးနေလို့ ငါဟုတ်နဲ့ ဆော်တာခံလိုက်ရတယ် ''

ဟုပြောလေရာ မိုးသီးက ခေါင်းကုတ်၍

'' ခုကွပါပဲကွာ၊ ဒီနေ့ငါတို့ သွားရမယ့်ခရီးက ဗျိုးဟစ်ရမယ့်





ခရီးကွ၊ ဗျိုးဟစ်တယ်ဆိုတာ မင်းတို့သိတဲ့အတိုင်း ကိုယ့်ရဲ့ တောင်းမှု ကုသိုလ်ကို သူတစ်ပါးမျှဝေခံစားပြီး သာဓုခေါ်နိုင်အောင် စေတနာ ကောင်းနဲ့ ဖိတ်ကြားတဲ့ပွဲ၊ ဒီပွဲကို သွားတဲ့သူတွေက ရန်ဖြစ်လာ တယ်ဆိုရင် အလှူပွဲပျက်ပြီး မင်္ဂလာကိစ္စကနေ အမင်္ဂလာ ဖြစ်သွားမှာ ပေါ့ကွ၊ ဒါကြောင့် ဗျိုးဟစ်တဲ့အလုပ်ကို ငါတစ်ယောက်တည်း ဆက် လုပ်တော့မယ်၊ မင်းတို့ရွာကို ပြန်တော့ကွာ ''

ဟု မောင်းနှင်ထုတ်လေ၏။ ပေသီးက ခေါင်းခါ၍

'' ဒီလိုတော့မလုပ်ပါနဲ့ကွာ၊ ငါတို့ရွာကို ပြန်သွားရင် ရွာက လူတွေဝိုင်းဆူမှာပေါ့၊ နောက်ပြီး ငါနဲ့ ရန်ငြိုးရန်စရှိတဲ့ ကျွဲကြီးကလည်း ပျောက်နေတာကြာပါပြီကွာ၊ ဒီကောင်အောက်မြည်အစ်ကို လေ့စိုး လိုက်သွားတယ် ကြားတယ် ''

ဟု ပြောလေရာ လှတိုးကလည်း

'' ဟုတ်တယ် မိုးသီး၊ ငါတို့ရွာပြန်လို့မဖြစ်ဘူး၊ နောက်ပြီး ငါနဲ့ ရန်ဖြစ်ဖူးတဲ့ကြက်တောင်က နွားပွဲစားမလုပ်တော့ဘဲ အငြိမ့်ထဲမှာ တောက်တိုမယ်ရှိုင်းဖို့ လိုက်သွားတယ်၊ ငါကြားတာကတော့ ဒီကောင် အငြိမ့်မင်းသမီးကို နောက်ပိုးရှူးလုပ်ပြီး အငြိမ့်နောက် ပါသွားတယ် ဆိုပဲ ''

ဟုပြောလေရာ မိုးသီးက ခေါင်းညိတ်၍

'' ဒါဆိုရင် တော်သေးတာပေါ့ကွာ၊ ဒါပေမဲ့ အမှန်ကတည်းက ကြိုမှာထားချင်တယ်၊ ရန်ဖြစ်ရင် အလှူရှင်လဲ နာပြီးပျက်ပြီး အလှူပွဲ



www.burmeseclassic.com

www.burmeseclassic.com



မျက်မှာသေချာတယ်၊ ဒီတော့ ကိုယ့်စိတ်ကို ကိုယ်မထိန်းနိုင်ရင် အစကတည်းက နောက်ဆုတ်ပြန်ထဲ့ အကောင်းဆုံးပဲ ''

ဟု သတိပေးလေရာ ပေသီးနှင့် လှတိုးနှစ်ယောက်စလုံးက ရန်မဖြစ်ရန် ကတိပြုကြ၍ ခရီးဆက်ကြလေ၏။

အတန်ကြာအောင် ခရီးဆက်ခဲ့ပြီးနောက် ဗျိုးဟာစ်ရမည့် ရွာထိပ်သို့ရောက်လေ၏။ ရွာထိပ်ရှိ ချောင်းငယ်လေးကို သွယ်တန်းထားသော တံတားတစ်ခုရှိ၏။ တံတားပေါ်တွင်ထိုင်၍ ကျားထိုးနေသော ရွာခံလူငယ်များရှိ၏။

မိုးသီးသည် ၎င်းတို့အား ဗျိုးဟာစ်မည့်သူများဟု အများသိအောင် သံဖြူကန်တော့အနီး နှုတ်ခမ်းကပ်၍

'' အားလုံးကြားကြားသမျှ ရှားမင်လှရွာနေ အဘဦးဘစိန်၊ အမိ ဒေါ်ခင်လှတို့ကို အမှူးထား၍ ဦးဘော‌ကျော်၊ ဒေါ်ကြီးတင်တို့က ရင်နှစ်သည်းချာ သားရတနာများဖြစ်သော... ... ... ''

ဟု ဗျိုးဟာစ်နေစဉ် ပေသီးကအလန့်တကြားဖြင့်

'' ဟိုက်... ဟောဟိုမှာ ကျားထိုးနေတာ ကျွဲကြီးပါလား၊ ဒီကောင်လေ့ထိုးလိုက်သွားတယ်ဆိုပြီး ဘယ်လိုလုပ် ရွာပြန်ရောက်နေတာလဲ ''

ဟု ရေရွတ်လေ၏။ ကျားထိုးနေသော ကျွဲကြီးသည် ဗျိုးဟာစ်သူများကိုကြည့်၍ ပေသီးကိုမြင်သောအခါ မျက်နှာမည်းခန့်ဖြစ်သွားပြီး ထိုင်ရာမှခုန်ထ၍





'' ဖဲ...ဟဲ ဘယ်သူများလဲမှတ်တယ်၊ ငါ့နဲ့လက်ဝှေ့ထိုးဖော်ထိုးဖက်ကြီး ပေသီးပါလား၊ ခရေကုန်းရွာဘုရားပွဲတုန်းက ဒိုင်လူကြီးတွေ အသုံးမကျလို့ မင်းကိုငါရှုံးခဲ့တယ်၊ ဒီကတည်းက ဒို့နှစ်ယောက်မတွေ့ခဲ့ဘူး။ အခုတော့ မင်းနဲ့ငါ လက်ဝှေ့ပြန်ထိုးဖို့ အခွင့်အရေးရပြီ၊ ဘယ်လိုလဲ ပေသီး၊ မကျေပွဲလေးနွှဲလိုက်ရအောင် ''

ဟုဆိုကာ လက်ခမောင်းခတ်၍ ပေသီးကိုစိန်ခေါ်လေ၏။ ပေသီးသည် သွေးကောင်းသောလက်ဝှေ့သမားပီပီ လက်ခမောင်းခတ်သံကြောင့် သွေးကြွတက်လာသော်လည်း ဗျိုးဟာစ်ရန်ကိစ္စကြောင့် ကိုယ့်ကိုယ်ကို သတိလိုက်ပြီး

'' ဒီတစ်ခေါက်တော့ လက်ဝှေ့ထိုးဖို့မဖြစ်ဘူးကွ၊ ငါတို့က ဗျိုးဟာစ်ရအောင်လာခဲ့တာ ''

ဟု ငြင်းဆန်လေရာ ကျွဲကြီးက တဟားဟားရယ်မော၍

'' ဟား ဟား ဟား... ပေသီး လက်ဝှေ့ကျော်ကြီးလုပ်ပြီး သတ္တိကြောင်နေပြီလား၊ ခရေကုန်းပွဲပြီးကတည်းက မင်းနဲ့ငါ ဘယ်တုန်းကတွေ့ခဲ့လို့လဲ၊ ဒီလိုနေ့မျိုးမှာမှ လက်ဝှေ့မထိုးရင် မင်းနဲ့ငါ ဘယ်အချိန်သွားထိုးရမှာလဲ၊ သတ္တိကြောင်တယ်ဆိုရင်တော့ ယောကျ်ားပီပီ ဝန်ခံလိုက်ပါကွာ ''

ဟုပြောလေ၏။ ပေသီးသည် ကျွဲကြီး၏စကားကြောင့် မခံချင်စိတ်ဖြစ်သွားပြီး လက်သီးဆုပ်၍

'' ဟေ့ကောင်ကျွဲကြီး၊ ငါယောကျ်ားကွ၊ ကြောက်တယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ထဘီဝတ်ထားလိုက်မယ် ''

ဟုပြောလိုက်ပြန်ရာ ကျွဲကြီးက

'' ဟား ဟား ဟား… မင်းအခု ထဘီဝတ်လိုက်ဖို့သင့်ပြီကွ၊ ငါစိန်ခေါ်တာကို မင်းလက်မခံရဲဘူးမဟုတ်လား ''

ဟု လှောင်ပြောင်ပြောလိုက်လေ၏။ ပေသီးသည် ကျွဲကြီး၏ စကားကြောင့်စိတ်မထိန်းနိုင်တော့ဘဲ

'' ဘာလို့ လက်မခံရမှာလဲ၊ လက်ခံတယ်ကွာ၊ လာ မင်းနဲ့ငါ အခုချမယ် ''

ဟုပြောကာ လုံချည်ကိုချွတ်ရန်ပြင်လေ၏။ ထိုအခါ မိုးသီးက အလောတကြီးဖြင့်

'' တော့ကောင်ပေသီး၊ ဘာလိုလုပ်တာလဲ မင်းနဲ့ငါ သဘောတူ ထားတာ မေ့နေပြီလား၊ မျိုးတစ်ဖို့လာပြီး ရန်ဖြစ်တယ်ဆိုရင် အလှူရှင် သိကွာကျမှာပေါ့ကွာ ''

ဟု တားဆီးရန် ကြိုးစားလေ၏။ ပေသီးသည် မိုးသီး၏ စကား ကြောင့် တွေဝေသွားပြီး

'' ဒီကောင်က ငါ့ကိုစော်ကားနေတာကွ၊ ထဘီဝတ်ထားလို့ ပြောတာ မင်းကြားတယ်မဟုတ်လား ''

ဟု အော်ဟစ်လေ၏။ မိုးသီးက ပေသီး၏လက်မောင်းကို ဖက်၍

'' သည်းခံပါကွာ ''

ဟုဆိုကာ လက်ဝှေ့မထိုးဖြစ်အောင် ချော့မော့ပြောဆိုလေ၏။



ပေသီးသည် ငြိမ်သက်သွားသလိုရှိသော်လည်း ကျွဲကြီးက တစ်စခန်းထပြန်၏။ ကျွဲကြီးက မိုးသီးကိုကြည့်၍

'' တော့ကောင်၊ မင်းနဲ့မဆိုင်ဘဲ ဝင်မရှုပ်နဲ့၊ ဒီကောင်နဲ့ငါ မကြေပွဲနွှဲရမယ်၊ လက်ဝှေ့မထိုးရလို့ကတော့ မင်းတို့မျိုးသမားတွေ ရွာထဲဝင်ခွင့်မပေးနိုင်ဘူး ''

ဟု ကြိမ်းဝါးလေ၏။ မိုးသီးသည် ကျွဲကြီး၏ တင်းမာနေသော အမူအရာကိုကြည့်၍ သက်ပြင်းချလိုက်မိ၏။

ကျွဲကြီးနှင့်ပေသီး လက်ဝှေ့ထိုးဖြစ်လျှင် လက်ဝှေ့ပွဲမှရန်ပွဲသို့ ကူးပြောင်းသွားနိုင်၏။ လက်ဝှေ့မထိုးဖြစ်အောင် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ တားဆီးရမည်ဟု တွေးလိုက်မိ၏။ ထိုစဉ် သူ၏ခေါင်းထဲသို့ အကြံတစ်ခုဝင်လာပြီး ကျွဲကြီးကိုကြည့်၍

'' ဒီလိုလုပ်ပါလား၊ ကျုပ်တို့ မျိုးဖာစ်ဖို့ ရွာနှစ်ရွာကျန်သေး တယ်၊ ဒီရွာတွေကို မျိုးတစ်ပြီးရင် ကျုပ်တို့တာဝန်ပြီးပြီ၊ ဒီအချိန်ကျတော့ မှ ခင်ဗျားနဲ့ ပေသီး စိတ်ရှိသလောက်ထိုးပေတော့၊ အဲဒီအချိန်ကျရင် ကျုပ်တို့လဲ ခင်ဗျားတို့လက်ဝှေ့ပွဲကို စိတ်အေးလက်အေးကြည့်နိုင်မယ် ''

ဟုပြောလေရာ ကျွဲကြီးသည် မျက်မှောင်ကြုတ်၍

'' အေး… မင်းတို့ပြန်ရင်လဲ ဒီလမ်းကပဲ ပြန်ကြရမှာပဲ၊ ငါ့ကို လှည့်စားဖို့တော့ မကြိုးစားနဲ့နော် ''

ဟုပြောလေ၏။ ကျွဲကြီး၏စကားကြောင့် ပေသီးသည် ဒေါသ ပုန်ထသွားပြီး လက်သီးဆုပ်၍

www.burmeseclassic.com

www.burmeseclassic.com



"ယော့ကောဝ်၊ မင်းပုန်းနေရင်တောဝ် ငါရအောင်ရှာပြီး ထိုးမယ်ကွ၊ မိန်ခေါ်ရင် ဟီမ်ပေါ်အိလိုက်မဲ့ ပေသီး"

ဟုပြောလေတော့၏။ မိုးသီးသည် ပေသီးကိုရှောင်ဖျဉ်၍ ရွာထဲသို့ခေါ်ဆောင်သွားလေ၏။

ပေသီးသည် မကျေမနပ်ဖြင့် မိုးသီးနောက်သို့ လိုက်ပါလာလေ၏။ မိုးသီးတို့သည် ထိုရွာအတွင်းသို့ဝင်၍ ချိုးဟပ်ရပြန်၏။ မိုးသီးသည် အစ်ရှာပြီးတစ်ရွာလှည့်ရသဖြင့် ပင်ပန်းနေပြီး လှတိုးကို တစ်လှည့် ချိုးဟပ်ခိုင်းရ၏။

လှတိုးသည်အသံအောင်မြင်သူဖြစ်သဖြင့် ကောင်းစွာ ချိုးဟပ်နိုင်လေ၏။

ပြီးနောက်တွင်မူ ထိုရွာမှ ဦးတော်ကျော်၏ဆွေမျိုးများကို နှုတ်ဆက်ကာ ထွက်ခဲ့ကြပြန်၏။ လမ်းတွင်ပေသီးက လက်သီးဆုပ်၍

"အပြန်ကျရင် ကျွဲကြီးနဲ့ငါ ရေကုန်ရေခမ်းထိုးမယ်"

ဟု ကြုံးဝါးလေရာ မိုးသီးက မျက်မှောင်ကြုတ်၍

"ယော့ကောင်ပေသီး၊ မှင်းရူးနေလား၊ မင်းတို့နှစ်ကောင်က အရင်က ရန်ငြိုးရန်စလဲရှိတယ်၊ လက်ဝှေ့ထိုးဖို့ကြီးစိုင်းဒိုင်လဲ မရှိဘူး၊ ဒီလိုပုံစံမျိုးနဲ့ လက်ဝှေ့ထိုးရင် သူသေကိုယ်သေ သတ်တဲ့ ရန်ပွဲပဲ ဖြစ်သွားမှာပေါ့"

ဟု ပြောလေရာ ပေသီးကခေါင်းခါ၍

"ဘာရန်ပွဲပဲဖြစ်ဖြစ်ကွာ၊ ဒီကောင်ကို မကျေနပ်ဘူး၊ ရေကုန်ရေခမ်းထိုးမယ်"

ဟု ကြုံးဝါးပြန်၏။ မိုးသီးကခေါင်းခါ၍

"ခက်တော့တာပါပဲကွာ၊ မင်းကိုငါ အကြိမ်ကြိမ် ဒါတောင်နားမလည်နိုင်ဘူး၊ ချိုးဟပ်ထွက်တာ ရန်ဖြစ်လို့ဖြစ်မလား"

ဟု ကြိမ်းမောင်းလေ၏။ ပေသီးကလက်သီးဆုပ်၍

"ယော့ကောင်မဖြစ်ချင်လဲ ဖြစ်ရမှာပဲကွ၊ ငါတို့အပြန်လမ်းမှာ ကျွဲကြီးတို့လူစုက စောင့်နေတာ၊ ဒီကောင်နဲ့တွေ့ရင် ငါက လက်ဝှေ့မထိုးဝံ့ပါဘူးဆိုပြီး ထိုင်ရှိခိုးရမှာလား"

ဟု ဝေါ်တော့တော့ပြောလေ၏။ မိုးသီးကခေါင်းခါ၍

"ဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲကွ၊ ဒါပေမဲ့ ပြဿနာမဖြစ်အောင် အေးအေးချမ်းချမ်းဖြစ်မယ့်လမ်းကို ငါရှာနေတယ်"

ဟုပြောလေရာ ပေသီးသည် ငြိမ်သက်သွားလေ၏။

ထိုအခါ လှတိုးကဝင်၍

"ရှေ့ကရွာမှာ ငါနဲ့ရန်ဖြစ်ဖူးတဲ့ ကြက်တော်ရှိတယ်၊ ဒါပေမဲ့ ဒီကောင်အငြိမ့်ထဲရောက်နေလို့ တော်သေးတာပေါ့ကွာ"

ဟုပြောလေ၏။ ထိုအခိုက်မှာပင် ရွာအဝင်ရှိ ဇရပ်ဖျက်ကြီးပေါ်တွင် လူများစုစုဝေးဝေးလုပ်နေသည်ကိုမြင်၍ ပေသီးက

"ဇရပ်ပေါ်မှာ ဖဲဝိုင်းလား၊ အန်စာဝိုင်းလားမသိဘူး၊ သွားကြည့်ရအောင်"

ဟုပြောကာ ဇရပ်အနီးသို့ ရှေ့ဦးဆောင်၍ လျှောက်သွား







www.burmeseclassic.com

www.burmeseclassic.com



မေသီးသည် ဖဲဝိုင်းတွေ လျှင် မနေနိုင်သူဖြစ်၏။ မိုးသီးတို့ ထိုးမယ်ကျွင်းသို့ ရောက်သောအခါ ဖဲဝိုင်းအနီးရပ်ကြည့်နေသူတစ်ဦး ဖြစ် လှတိုးက

" သို့ခေါ်ရော့ဖိုက်...ဟိုရှေ့ကကောင်ဟာ ငါနဲ့ရန်ဖြစ်တဲ့ကြက်ဘောကွ၊ ကောင်အကြီးမနောက်လိုက်တယ်ဆိုပြီး ဘယ်လိုလုပ်ဖဲဝိုင်းကို ရောက်နေ တာလဲ "

ဟု တအံ့တသြရေရွတ်လေရာ မိုးသီးသည် အံ့ရားတလိုက် မိလေ၏။ သည်တစ်ကြိမ် ဖျိုးဟာစ်ထွက်ခြင်းသည် ကြီးစွာသော မှားယွင်းမှုဖြစ်သည်ဟု တွေးလိုက်မိလေ၏။

ထိုအခိုက်မှာပင် ကြက်ဘောဆိုသူသည် သူ၏အနီးရှိ လူများကို လက်ကုတ်၍ ဖရပ်အောက်သို့ဆင်းလာ၏။ ကြက်ဘောက လှတိုးကို ကြည့်၍

" ဘယ်လိုလဲကိုယ့်လူ၊ နွားပွဲမှာ ငါ့ကို ကွဲအောင်ဆော်ခဲ့တာ သတိရရဲ့လား၊ အေးလေ လုပ်တဲ့ကောင်ကတော့ မေ့နေပြီပေါ့၊ ဒါပေမယ့် ခံရတဲ့ကောင်ကတော့ မမေ့သေးဘူးမောင် "

ဟုဆိုကာ မိုးသီးတို့ကို မသိမသာ ဝိုင်းရံထားလိုက်လေ၏။ မိုးသီးက ရှေ့သို့ထွက်၍ ကြက်ဘောအနီးသို့သွားကာ

" ဒီမှာ ကိုကြက်ဘော၊ ကျုပ်တို့က ခင်ဗျားတို့ရွာကို ဖျိုး ဟာစ်ဖို့လာတာပါ၊ ဒါကြောင့် အလှူရှင်တွေ ဂုဏ်သိက္ခာပျက်အောင် ရန်ဖြစ်ဖို့မဖြစ်နိုင်ဘူးဗျ၊ ဒီတစ်ခေါက်တော့ သည်းခံပါဗျာ "





ဟု တောင်းပန်လိုက်ရာ ကြက်ဘောက မကျေမနပ်ဖြင့်

" ဘာ... ဒီတစ်ခေါက်တော့ သည်းခံရမယ်ဟုတ်လား၊ ငါ့ခေါင်း ကိုကွဲအောင် ဆော်သွားတဲ့ကောင်ကို ငါကသည်းခံရမှာလား "

ဟု အော်ဟစ်လိုက်လေ၏။ မိုးသီးက သက်ပြင်းချ၍

" ခင်ဗျားတို့ ကျုပ်တို့အားလုံး ဗုဒ္ဓဘာသာတွေပါ၊ ဒါဟာ သာသနာရေးအတွက် လုပ်နေတဲ့ ရှင်ပြုအလှူပွဲပါ၊ ဒါကြောင့် သည်းခံဖို့ မေတ္တာရပ်ခံပါတယ်ဗျာ "

ဟု ပြောလေ၏။ ကြက်ဘောက ခေါင်းခါ၍

" ဒီမှာဟေ့ကောင်၊ ဘုန်းကြီးကျောင်းသားလေးသံနဲ့ လာ လုပ်မနေနဲ့၊ ငါ့ရဲ့ ရန်ကြွေးကိုတော့ ဆပ်ရမှာပဲကွ "

ဟု ပြောလေ၏။ မိုးသီးက သက်ပြင်းချ၍

" ကဲ...ဒီလောက်တောင် ဖြစ်ချင်လဲဖြစ်ဗျာ၊ ဒါပေမဲ့ ဒီရွာထဲမှာ ကျုပ်တို့အဖွဲ့ ဖျိုးဟာစ်မယ်၊ ဖျိုးဟာစ်ပြီး ရွာကပြန်ထွက်တဲ့အခါ ခင်ဗျားတို့ ရဲ့ ရန်ကြွေးကိုရှင်းကြမယ် "

ဟုပြောလေ၏။ ထိုအခါ တစ်ချိန်လုံးငြိမ်၍ နားထောင်နေသော လှတိုးကလည်း

" အေး... ဖျိုးဟာစ်ပြီးရင်တော့ ငါကလဲ မင်းနဲ့ရှင်းဖို့အသင့်ပဲ၊ ဒီနေ့ခေါ်ရင် တိမ်ပေါ်အထိ လိုက်မယ် လှတိုးကွ "

ဟုပြောလိုက်ရာ ကြက်ဘောက တဟားဟားရယ်မော၍

" မင်းက ဒီအချိန်ထိ လေကမလျော့သေးဘဲကိုး၊ ဒီနေ့ရာဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့နေရာလဲဆိုတာ သတိထားမိရဲ့လား။ အေး ဖျိုးဟာစ်ပြီး ပြန်လာရင်တော့ ငါ့ခေါင်းမှာပတ်တီးစီးရသလို မင်းလဲစီးရစေမယ်ဟေ့၊ ဘုရားတရားသာ အောက်မေ့ပေတော့၊ ဒါတို့ရွာသားတွေ အလှူမှာမစားရမှာစိုးလို့ မင်းတို့ဖျိုးအဖွဲ့ကို လွှတ်ပေးလိုက်တာ၊ ရွာကပြန်ထွက်ရင်တော့ အကြွေးဆပ်ဖို့သာပြင်ပေတော့၊ ကြက်တောတဲ့ကွ၊ တစ်တောတည်းရှိတယ် ”

ဟုကြိမ်းဝါးလေတော့၏။ မိုးသီးသည် လှတိုး၏လက်ကိုဆွဲ၍ ထွက်ခဲ့လေတော့၏။

လှတိုးသည် ဒေါသူပုန်ထ၍ မိုးသီးအနောက်မှယက်ကန်ယက်ကန်လိုက်ပါလာ၏။

မိုးသီးသည် လှတိုးနှင့်ပေသီး၏ပြဿနာကို မည်သို့မည်ပုံ ရှင်းရမည်နည်းဟု တွေးတောနေမိ၏။

သူသည်ရွာထဲသို့ စတင်ဝင်ရောက်ခဲ့ပြီး ဖျိုးဟာစ်နေသော်လည်း ဖျိုးဟာစ်ရာတွင် စိတ်မပါဘဲရှိနေလေ၏။

မိုးသီးတို့ ဖျိုးအဖွဲ့ကိုကြည့်၍ဦးတောကျော်၏ဆွေမျိုးများက

“ ဘကြီးတောကျော်တို့ရွာက ဖျိုးဟာစ်တဲ့ကောင်လေးတွေရောက်နေတယ်ဟေ့ ”

ဟုဆိုကာ အိမ်ထဲသို့ ဖိတ်ခေါ်၍ အလှူ၏အကြောင်းကို မေးမြန်းကြတုန်၏။ မိုးသီးသည် စိတ်လက်မကြည်သာစွာဖြင့် အလှူအကြောင်းကိုပြောပြလေ၏။





ထိုအခါ ဦးတောကျော်၏ နှမဝမ်းကွဲတစ်ဦးက

“ ဟဲ့… ဒါတို့ရွာဦးကျောင်းမှာ အရှင်သုမနဆိုတဲ့ ကိုယ်တော်တစ်ပါးရောက်နေတယ်၊ မိတ္ထီလာမှာ ဓမ္မကထိကလုပ်နေတဲ့ ရွှေမျက်မှန်ကိုယ်တော်ဆိုပဲ၊ ရွာဦးကျောင်းဆရာတော်နဲ့ စာလိုက်ဖက်မို့ ရွာကိုအလည်ရောက်လာတာ ညက ရွာဦးကျောင်းမှာ တရားဟောသွားတာ ထိမ်ကောင်းတာပဲ၊ အဲဒီ သုမနဆိုတဲ့ကိုယ်တော်ဟာ သက်တော်ဘာမှမရှိသေးဘူး၊ ဒါပေမဲ့ အပြောအဟောကောင်းလိုက်တာ မပြောပါနဲ့တော့၊ ရွှေမျက်မှန်လေးတခဝင်းဝင်းနဲ့ ဥပမိရုပ်ကလဲသန့်ပါတီ ”

ဟုပြောလေရာ မိုးသီးသည်ဓမ္မကထိက ရွှေမျက်မှန်ကိုယ်တော်၏ အကြောင်းကို စဉ်းစားရင်း ခေါင်းထဲသို့အကြံတစ်ခု လက်ခနဲ ဝင်လာလေ၏။

ထိုအကြံအောင်မြင်လျှင် သူတို့ရွာအလှူပွဲအတွက် ပိုမိုစည်ကားလာနိုင်ဖွယ်ရှိပြီး ဖျိုးဟာစ်သော ကိစ္စလည်း အန္တရာယ်ကင်းရှင်းနိုင်၏။ ထို့ကြောင့် ဦးတောကျော်၏နှမဝမ်းကွဲဘက်သို့ လှည့်၍

“ ဒါဆိုရင် အဒေါ်ရယ်၊ အဲဒီရွှေမျက်မှန်ကိုယ်တော်ကို ဘကြီးတောကျော်အလှူမှာ တရားပွဲတစ်ပွဲလောက်ဟောပေးဖို့ လျှောက်ထားကြည့်ပါလား။ ရွာအလှူပွဲမှာ ဆိုင်းရော၊ တရားပွဲပါဆိုတော့ ပိုပြီးမြိုင်ဆိုင်ခိုင်ခြစ်သွားတာပေါ့ နောက်ပြီး တရားပွဲအတွက် ကိုယ်တော်ကိုမြို့တက်ပြီး ခက်ခက်ခဲခဲပင့်ရတာမှမဟုတ်တာ ”



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ ဦးတောကျော်၏နှမဒေါ မျက်မှောင်ကြုတ်၍

" အေး... နင့်အကြံမဆိုးဘူး၊ ရွာဦးကျောင်းမှာ ငါလျှောက်ကြည့်ပေးမယ်၊ နင်တို့ဖျိုးသမားတွေလဲ ထမင်းစားပြီးလိုက်ခဲ့ပေါ့ဟယ်၊ ထမင်းကိုတော့ ငါ့အိမ်မှာပဲစား၊ ညနေစောင်းနေပြီ ဗိုက်ဆာ နေရောမယ် "

ဟု ဆိုကာ မိုးသီးတို့ဖျိုးအဖွဲ့အား ထမင်းကျွေးလေ၏။ ပေသီးနှင့် လှတိုးက ဆာဆာနှင့် ထမင်းကိုမြိန်ရှက်စွာစားရင်း

" ဟောကောင်၊ အလှူရှင်ကိုမတိုင်ပင်ဘဲ ဓမ္မကထိကဘုန်းကြီးကို ပင့်လာလို့ဖြစ်ပါ့မလား၊ ရွာရောက်ရင် ဦးတောကျော်ကြီးက သဘော မကျရင် ဘယ့်နှယ်လုပ်မလဲ "

ဟု မေးလေ၏။ မိုးသီးက ဝက်သားတုံးကို ယန်းကန်ထဲသို့ ခပ်ထည့်ပြီး

" သူ့အလှူစည်ကားဖို့လုပ်တာပဲ၊ သူသဘောမကျဘဲ နေမလားကွ၊ ရွာမှာမထွာစ်လဲ အသင့်ထိုးပြီးသားရှိတာပဲ၊ နောက်ပြီး မိတ္ထီလာမြို့က ဓမ္မကထိက အကျော်အမော်တစ်ပါးကို ပင့်လို့ရရင် ဦးတောကျော်ကြီး သဘောမကျဘဲ မနေပါဘူးကွာ၊ ငါတို့ကိုတောင် ချီးကျူးဦးမယ်၊ နောက်ပြီး ငါက တစ်ချက်ခုတ် နှစ်ချက်ပြတ်အောင် လုပ်ရတာကွ "

ဟု ပြောလေရာ လှတိုးနှင့်ပေသီးက မျက်မှောင်ကြုတ်၍

" ဘာ တစ်ချက်ခုတ် နှစ်ချက်ပြတ်လဲ "



ဟုသံပြိုင်မေးမြန်းလေ၏။ မိုးသီးက ယန်းကန်ထဲသို့ ဟင်းထည့်ရင်း

" မင်းတို့နှစ်ယောက်ရဲ့ ပြဿနာကိုရှင်းဖို့ပေါ့ကွာ၊ ငါတို့ ရွာက ထွက်တာနဲ့ ကြက်တောနဲ့ ကျွဲကြီးတာ မင်းတို့နဲ့ ရန်ဖြစ်ဖို့ စောင့်နေပြီ၊ ရန်မဖြစ်ဝံ့လို့ အဖော်နဲ့ ရွာပြန်တယ်ဆိုရင်လဲ ငါတို့သိက္ခာကျတယ်၊ အခုလို မမျှော်လင့်ဘဲ ဓမ္မကထိကကိုယ်တော်ကိုပင့်ပြီး ရွာကထွက်သွားရင်တော့ ငါတို့ကို ဘယ်သူမှ ရန်ရှာဝံ့မှာမဟုတ်ဘူး၊ သိက္ခာလဲမကျတော့ဘူး "

ဟုပြောလေရာ ပေသီးနှင့်လှတိုးသည်ရယ်မော၍ ပေသီးက

" ဟား ဟား ဟား... ဟုတ်တယ်၊ မင်းအကြံသိပ်ကောင်းတယ်၊ ငါတို့လဲ ဒေါသဖြစ်ဖြစ်နဲ့သာ ဟိုကောင်တွေကို ကြိမ်းမောင်းခဲ့တာကွ၊ ဖျိုးဖာစ်ထွက်ရင်း ရန်ဖြစ်ရင်ရွာတာလူတွေရှေ့မှာလို့ ဆုံးမှာ မဟုတ်ဘူး၊ အခုတော့ ဒီကောင်တွေငါတို့ကိုကြည့်ပြီး အောင့်သက်သက်နဲ့ခံရမှာ မြင်ယောင်သေးတယ်ကွာ "

ဟု ပြောဆိုလေ၏။

ထို့နောက်တွင်မှ ဦးတောကျော်၏နှမနှင့်အတူ မိုးသီးတို့ ဖျိုးသမားများသည် ရွာဦးကျောင်းသို့သွားကာ ရွှေမျက်မှန်ကိုယ်တော်ကို တရားဟောပင့်ရလေ၏။ အစပိုင်းတွင် ဓမ္မကထိကကိုယ်တော်သည် အလှူရှင်ကိုယ်တိုင်မပါသဖြင့် အင်တင်တင်ဖြစ်နေသော်လည်း မိုးသီးက အလှူရှင်ဦးတောကျော်၏ချမ်းသာကြွယ်ဝပုံနှင့် အလှူအား စည်သည့်ရွာ

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီး၏အလှူတာမျှ ကြီးကျယ်ခမ်းနားကြောင်း ရဲကားပြောဆိုလိုက်လေရာ ရွှေမျက်မှန်ကိုယ်တော်သည် တရားယောရန်သဘောတူလေ၏။

ထို့နောက် ရွှေမျက်မှန်ကိုယ်တော်က

" ရနဦး ဒကာ၊ ကျုပ်ကို အလှူရှိတဲ့ရွာကိုသွားဖို့ မြို့မှာလို ကောင်းကောင်းမွန်မွန်လုပ်ပေးပါ "

ဟုတောင်းဆိုလိုက်လေရာ မိုးသီးတို့သည် မျက်လုံးပြူးသွားလေ၏။ အဒေါ်ကြီးက အထစ်ထစ်အငေါ့ငေါ့ဖြင့်

" တပည့်တော်တို့ရွာမှာ ဘယ်လိုလုပ် မြို့မှာလို ကားရှိမှာလဲ ကိုယ်တော်ရဲ့၊ စည်တော်တွေဘာတွေလဲ ဘယ်ရှိပါ့မလဲ "

ဟုလျှောက်တင်လိုက်ရာ ရွှေမျက်မှန်ကိုယ်တော်က ခေါင်းခါ၍

" ရွာမှာ ကားမရှိတာတော့ ကျုပ်လဲသိတာပေါ့၊ နွားလှလှ ခွဲတဲ့လှည်းယဉ် ကောင်းကောင်းတော့ရှိမှာပေါ့ "

ဟုမေးမြန်းလေ၏။ သူကြီးကဝင်၍

" ရှိပါတယ်ဘုရား၊ တပည့်တော်ရဲ့နွားဖြူကြီးတွေက အလွန်လှပြီး လှည်းယဉ်ကလဲ သိပ်ကောင်းပါတယ်၊ အလှူငှားဖို့ လုပ်ထားတာပါ "

ဟုပြောလေရာ ရွှေမျက်မှန်ကိုယ်တော်သည် သဘောကျသွားလေ၏။ ထို့ကြောင့် ရွှေမျက်မှန်ကိုယ်တော်က

" ဒါဆိုရင် လှည်းယဉ်ကို ကော်ဇောခင်းပြီး အလှူလုပ်တဲ့ရွာကိုသွားကြတယ်၊ လှည်းပေါ်မှာ မောင်းတဲ့သူနဲ့ကိုယ်တော်တစ်ပါးပဲ



ပါရမယ် "

ဟုတောင်းဆိုလေ၏။ သူကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍

" ကိုယ်တော်ပြောတဲ့အတိုင်း ဖြစ်စေရပါမယ်ဘုရား "

ဟုကတိပြုလေ၏။

သူကြီးသည် ဦးတောကျော်နှင့်အမျိုးနီးစပ်တော်သူဖြစ်သဖြင့် အလှူသို့ ရွှေမျက်မှန်ကိုယ်တော်တရားဟောစေရန် စိတ်အားထက်သန်နေရှာ၏။

သူကြီး၏လှည်းယဉ်သည် လွန်စွာလှပပြီး တစ်စီးလုံး အမြောက်အမွမ်းများဖြင့် တန်ဆာဆင်ထား၏။ လှည်း၏ကိုယ်ထည်တွင် ငှက်ရုပ်အမျိုးမျိုးထွင်းထုထား၏။ သူကြီးသည် လှပသော လှည်းယဉ်နှင့်ပတ်သက်၍ လွန်စွာဂုဏ်ယူလို့လှ၏။ ထို့ကြောင့် လှည်းယဉ်ပေါ်သို့ အနီရောင်ကော်ဇောကြီးခင်းကာ နွားကန်ကြိုးများတွင် ပန်းပွားများ တပ်ဆင်လေ၏။

နွား၏လည်ပတ်ကြိုးများတွင်လည်း လွန်စွာနားဝင်ချိုသော ခြူလုံးလေးများတပ်ဆင်ထား၏။ ပြီးနောက် ရွှေမျက်မှန်ကိုယ်တော်အား ရွာဦးကျောင်းသို့ သွားရောက်ပင့်ဖိတ်လေ၏။

ရွှေမျက်မှန်ကိုယ်တော်သည် လှည်းကိုကြည့်၍ သဘောကျသွားလေ၏။ သို့သော် လှည်းပေါ်သို့ရောက်သောအခါ မျက်မှောင်ကြုတ်၍

" သူကြီး၊ လှည်းမှာ သာသနာအလံတောင်မပါဘူး

www.burmeseclassic.com



ဟု တောင်းဆိုပြန်ရာ သူကြီးသည် ဆရာတော်ထံမှသာသာနာ့အလံကိုအလှူခံ၍ လှည်းပေါ်တွင် ထောင်လေ၏။ ထိုအခါမှပင် ရွှေမျက်မှန်ကိုယ်တော်က လှည်းထွက်ခွင့်ပြု၏။ ရွှေမျက်မှန်ကိုယ်တော်၏ လှည်းနောက်တွင် မိုးသီးတို့ဗျိုးသမားများ၏ လှည်းက အနောက်မှလိုက်လေ၏။

ဤသို့ဖြင့် လှည်းနှစ်စီးသည် ရွာထဲမှ တရွေ့ရွေ့ ထွက်ခဲ့ လေ၏။

ပေသီးက မိုးသီး၏ခါးကို တတောင်ဖြင့်တွတ်၍ တီးတိုး ရယ်မောကာ

" ဟီး ဟီး... မင်းအကြံမဆိုးဘူးကွ၊ ရွာကိုပြန်ဖို့ ငါ့ခြေထောက်တွေ ညောင်းနေတာနဲ့ အတော်ပဲ၊ အခုတော့ လှည်းနဲ့ ဘာနဲ့ ပြန်ရတယ်၊ လှည်းပေါ်မှာလဲ သရက်သီးတွေ၊ ငှက်ပျောသီးတွေနဲ့စားစရာ တွေရလို့ "

ဟုပြောလေ၏။

ရွှေမျက်မှန်ကိုယ်တော်၏လှည်းသည် ရှေ့မှဦးဆောင်၍ ရွာထဲမှ တရွေ့ရွေ့ ထွက်ခွာလာခဲ့ရာ ရွာပြင်သို့ရောက်လေ၏။

ရွှေမျက်မှန်ကိုယ်တော်သည် လှည်းပေါ်တွင် တင်ပျဉ်ခွေ ထိုင်ပြီး လှည်းသမားအား ဟိုကာစ်မောင်းပါလား၊ သည်ကာစ်မောင်းပါလားဟု ဆရာကြီးလုပ်၍ ကြိမ်းမောင်းရင်း လိုက်ပါလာလေရာ လှည်းသမားသည် တင်ပါ့တင်ပါ့ပါဟုဆိုရင်း လွန်စွာစိတ်ညစ်နေလေ၏။

ထိုအခိုက်မှာပင် လှည်းလမ်းပေါ်တွင် တုတ်ကိုယ်စီကိုင်ထား





သော ကြက်တောတို့လူစုကိုတွေ့ရလေ၏။

ကြက်တောတို့သည် ရွှေမျက်မှန်ကိုယ်တော်၏လှည်းနောက် တွင် အခန့်သားလိုက်ပါလာပြီး ငှက်ပျောသီးများကို တဝတပြ စား သောက်နေသော မိုးသီးတို့ဗျိုးအဖွဲ့ကို မယုံနိုင်ဟန်ဖြင့် ငေးမောနေ လေ၏။

လှည်းလမ်းပေါ်တွင်ရပ်နေသော ၎င်းတို့လူစုကြောင့် လှည်း သမားက ကွေ့ဝိုက်ရှောင်တိမ်းခိုင်းရာ လှည်းသည်လမ်းပေါ်မှ နဘေးသို့ ချော်ကျသွားလေ၏။

ထိုအခါ ရွှေမျက်မှန်ကိုယ်တော်သည် ကြက်တောတို့လူစု အား လွန်စွာဒေါသထွက်သွားပြီး

" ဟေ့ကောင်တွေ မင်းတို့ဘယ်ရွာကလဲ "

ဟု အော်ဟစ်မေးမြန်းလိုက်ရာ ကြက်တောက အထစ်ထစ် အငေါ့ငေါ့ဖြင့်

" တပည့်တော်တို့ ဒီရွာကပါပဲ "

ဟုဖြေလေ၏။ ရွှေမျက်မှန်ကိုယ်တော်သည် ကြက်တော၏ အဖြေကြောင့် ပိုမိုဒေါသထွက်သွားပြီး

" ခြော်... မင်းတို့က ဒီရွာသားတွေဖြစ်နေပြီး ငါလာတာကို လမ်းပေါ်က မခန့်လေးစားနဲ့ ပိတ်ရပ်ထားသယ်ပေါ့၊ လက်ထဲမှာလဲ တုတ်ကြီးတွေနဲ့၊ ဘာလဲ မင်းတို့က လူဆိုးတွေလား "

ဟု ကြိမ်းမောင်းလိုက်ပြန်ရာ ကြက်တောက လက်အုပ်ချီ၍



www.burmeseclassic.com

" မဟုတ်ပါဘူး ဘုရား "

ဟု အထစ်ထစ်အငေါ့ငေါ့ဖြေလေ၏။

ရွှေမျက်မှန်ကိုယ်တော်သည် ဒေါမာန်မပြေသေးဘဲ

" နေဦး၊ ငါတရားပွဲကပြန်လာမှ ဒီကိစ္စကို မင်းတို့ဆရာတော်နဲ့တိုင်ပြီး ဆုံးမနိုင်းဦးမယ် "

ဟုပြောလေရာ ကြက်တောတို့လူစုသည် မျက်စိမျက်နှာပျက်သွားပြီး

" ဆရာတော်နဲ့တော့ မတိုင်ပါနဲ့ဘုရား "

ဟု ဝိုင်းဝန်းတောင်းပန်ကြလေ၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ဆရာတော်ကြီးသည် လွန်စွာစိတ်တိုတတ်ပြီး အပြစ်ရှိသည်ဟုယူဆလျှင် ရှာသာမျှားအား ကြီးငယ်မဟူ ကြိမ်လုံးဖြင့် ရိုက်နှက်တတ်သောကြောင့်ဖြစ်၏။ ထိုနောက် ရွှေမျက်မှန်ကိုယ်တော်က လှည်းသမားအား

" ထွက် "

ဟု ခိုင်းစေလိုက်ရာ နွားများက ရုန်းသော်လည်း လှည်းသည် နွံထဲသို့ကျနေသဖြင့် မထွက်နိုင်ဘဲရှိလေ၏။

လှည်းမထွက်နိုင်သဖြင့် မိုးသီးတို့က လှည်းကိုတွန်းမည်ဟန်ပြင်နေလေရာ ရွှေမျက်မှန်ကိုယ်တော်က

" မင်းတို့လှည်းအောက်ကိုမဆင်းကြနဲ့ "

ဟု တားဆီးလိုက်ပြီး ကြက်တောတို့ဘက်သို့လှည့်ကာ





" ဟောကောင်တွေ မင်းတို့ကြောင့် လှည်းနွံနစ်ရတာ ဒါကြောင့် လှမ်းကို အမြန်ဆုံးတွန်းတင်စမ်း "

ဟု အမိန့်ပေးလိုက်ရာ ကြက်တောတို့လူစုသည်

" တင့်ပါဘုရား "

ဟုဆိုကာ ပုဆိုးများကို ခါးတောင်းကြိုက်ကြလေ၏။

ထို့နောက် ရွှံ့နွံထဲသို့ဆင်းကာ ရွှေမျက်မှန်ကိုယ်တော်၏ လှည်းကို တွန်းတင်ပေးလေ၏။

ထိုမြင်ကွင်းကိုကြည့်၍ လှတိုးက တဟီးဟီးရယ်မောလိုက်ရာ

" ဟီး ဟီး... ငါ့ကို ခေါင်းကွဲအောင်ရိုက်မယ်ဆိုတဲ့ကောင်တွေ ပုဆိုးခါးတောင်းကြိုက်ပြီး လှည်းတွန်းနေရတယ် "

ဟု တီးတိုးပြောဆိုလေတော့၏။ လှည်းဘီးသည် ရွှံ့နွံထဲသို့ ဘီးတစ်ဝက်မျှ နစ်ဝင်နေသည်ဖြစ်ရာ ကြက်တောတို့လူစုသည် ချွေးတဒီးဒီး ကျအောင် တွန်းတင်ရလေ၏။

အတန်ကြာအောင် ပင်ပန်းကြီးစွာတွန်းတင်ပြီးမှ လှည်း သည် လမ်းပေါ်သို့ ပြန်ရောက်လေရာ ကြက်တောတို့လည်း မြေပေါ်တွင် ပက်လက်ပစ်လဲကျကျန်ရစ်ခဲ့လေ၏။ မိုးသီးက သက်ပြင်းချလိုက်ပြီး

" ပြဿနာတစ်ခုတော့ ရှင်းသွားပြီ "

ဟု ရေရွတ်လိုက်လေ၏။

ထို့နောက်တွင်မူ ရွှေမျက်မှန်ကိုယ်တော်သည် လှည်းသမားကို စိတ်မချဟန်ဖြင့် မိုးသီးတို့လှည်းကို ရှေ့မှမောင်းနှင်ခိုင်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လှည်းနှစ်စီးသည် ရွာတစ်ရွာသို့ လွန်မြောက်ပြီးနောက် ထိုရွာ၏ ရွာဦးစေတီကိုမြင်သောအခါ ရွှေမျက်မှန်ကိုယ်တော်က ဖူးမျှော်ချင်သည်ဟုဆိုကာ လှည်းပေါ်မှဆင်း၍ ဖူးမျှော်လိုက်သေး၏။ မိုးသီးတို့လှည်းသည် ဓမ္မကထိက ကိုယ်တော်၏လှည်းကိုစောင့်ရင်း ရှေ့မှ ခပ်ဖြည်းဖြည်းမောင်းလေရာ ကျွဲကြီးတို့ရွာသို့ နီးကပ်လာလေ၏။

ထိုအချိက်မှာပင် လှည်းလမ်းနှင့်ဘေးရှိ မြေကွက်လပ်သို့ လက်ဆွဲကျော်ကျွဲကြီးတို့ လူစုရောက်ရှိလာပြီး ကျွဲကြီးက လှည်းကို မိတ်ရပ်လိုက်ပြီး

“ ဘယ်လိုလဲ ပေသီး၊ စိန်ခေါ်ရင် တိမ်ပေါ်အထိလိုက်မယ် ဆို၊ အခုတော့ သွေးကြောင်လို့ နွားလှည်းနဲ့ပြေးပြီလား ”

ဟုပြောဆိုလေရာ ပေသီးက တဟားဟားရယ်မော၍

“ ဟား ဟား ဟား . . . မကြောက်ပါဘူးကွာ၊ မတစ်ထောင်တစ်ကောင်ဘွား၊ ကျားဆိုမှကျားပဲ၊ ဒါပေမဲ့ ဒီနေ့တော့ လက်ဆွဲထိုးလို့မဖြစ်တော့ဘူး သည်းခံကွာ ”

ဟု ဆိုလေ၏။

ထိုအခါ ကျွဲကြီးက မျက်နှာရှုံ့မဲ့သွားပြီး

“ ဘာလို့မဖြစ်ရမှာလဲ ”

ဟု အကြောင်းကြောင်းမေးလေ၏။

ထိုအချိက်မှာပင် ရွှေမျက်မှန်ကိုယ်တော်၏လှည်းသည် သာသနာ့အလံကို တလူလူလွင့်၍ နောက်မှရောက်ရှိလာလေ၏။





ကျွဲကြီးတို့လူစုသည် အဆန်းတကြယ်မှမ်းမံထားသော လှည်းပေါ်တွင် ရွှေမျက်မှန်တဝင်းဝင်းဖြင့် လိုက်ပါလာသော ဓမ္မကထိက ကိုယ်တော်ကို တအံ့တဩကြည့်နေစဉ် ရွှေမျက်မှန်ကိုယ်တော်က

“ ဘာဖြစ်ပြန်ပြီလဲတော့ ”

ဟု မေးမြန်းလေရာ ပေသီးက ရယ်မော၍

“ တောဒီရှာတွေ လှည်းလမ်းပေါ်မှာ ပိတ်နေလို့ပါ ”

ဟု ပြောလိုက်ရာ ရွှေမျက်မှန်ကိုယ်တော်က အသံကြီးဖြင့်

“ တော့ကောင်တွေ၊ မင်းတို့ ယဉ်ကျေးမှုမရှိဘူးလား၊ ငါတို့ နေမဝင်ခင် ခရီးသွားရမှာ နားမလည်ဘူးလား။ လမ်းပေါ်က အမြန်ဖယ်ဆင်းပေးစမ်း ”

ဟု ကြိမ်းမောင်းလိုက်ရာ ကျွဲကြီးတို့လူစုသည် လှည်းလမ်းဘေးသို့ ကမန်းကတန်းဆင်းပေးရလေ၏။ ထိုခေတ်က တောရွာများတွင် ရဟန်းတော်များ၏ အရှိန်အဝါနှင့်ဩဇာအာဏာကြီး၏။

ရွာဦးကျောင်းဆရာတော်၏စကားကို တစ်ရွာလုံး သူကြီးအစ တလေးတစားလိုက်နာရတော်သော ခေတ်ကာလပင်ဖြစ်ပါသည်။

ပေသီးကရယ်မော၍

“ ဟဲ ဟဲ . . . ဒီတစ်ခါတော့ သည်းခံကွာ၊ နောက်တစ်ကြိမ် ဆိုရင်တော့ ပုဓါမကျ ရေမရှုံကြေး ထိုးကြမယ်ဟေ့၊ မင်းကံကောင်းသွားတယ်မှတ်ပါ ”

ဟု တီးတိုးပြောလိုက်ရာ ကျွဲကြီးသည် မခံချိမ်သာဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်ခဲ့လေ၏။

လှည်းနှစ်စီးသည် ၎င်းတို့လှုံစုကို လွန်မြောက်သောအခါမှ ပင် မိုးသီးသည် ကောင်းစွာသက်မချနိုင်လေ၏။

သူတို့ဖိုးအဖွဲ့ အောင်မြင်ပြီးဆုံးခဲ့ရုံမက တရားဟောခမ္မကထိက ကိုယ်တော်တစ်ပါးပင် အဆစ်ပါလာ၏။

မိုးသီးတို့လှည်းသည် ညနေမစောင်းမီ ရွာသို့ဝင်ခဲ့လေ၏။ ရွာသို့ ရောက်သောအခါ အလှူရှင် ဦးတောကျော်တို့လင်မယားအား ရွှေ မျက်မှန်ကိုယ်တော်၏အကြောင်းကို ပြောပြလေရာ ၎င်းတို့က ဝမ်းသာ အားရဖြင့် ကိုယ်တော်ကိုကြိုဆိုကြလေ၏။

ကိုယ်တော်အတွက် တရားပွဲကို ထိုနေ့ညတွင် စီစဉ်ပေးရန် ပြင် ဆင်ကြလေ၏။

ရွှေမျက်မှန်ကိုယ်တော် ထိုညတွင် သီတင်းသုံးနေထိုင်ရန် ရွာဦး ကျောင်းဆရာတော်သို့ပင် လျှောက်ထားလေရာ ဆရာတော်က သူ၏ ကျောင်းရှိ အကောင်းဆုံးအခန်းတွင် နေထိုင်စေ၏။

ဆရာတော်ကြီး၏ကျောင်းသည် ကြီးမားသောနှစ်ထပ်ကျောင်း ကြီးဖြစ်ရာ ရွှေမျက်မှန်ကိုယ်တော်သည် သဘောကျသွားလေ၏။ ရွာသူရွာသားများသည် မိတ္ထီလာမြို့မှ ဓမ္မကထိက အကျော်အမော် တစ်ပါးရောက်နေသည်ဆိုသဖြင့် ယနေ့ညတွင်ပင် တရားနာရန် စိတ် အားထက်သန်နေကြ၏။

ထို့ကြောင့် ဦးတောကျော်က ရွှေမျက်မှန်ကိုယ်တော်ရှိရာ





ရွာဦးကျောင်းသို့ သွားရောက်လျှောက်ထားလေရာ ကိုယ်တော်က

" ကျုပ်ခရီးပန်းလာတယ်၊ ဒီညတော့ တရားဟောလို့ မဖြစ် နိုင်ဘူး၊ အိပ်ရေးဝဝအိပ်ပြီး အားရှိမှဟောမယ်၊ မနောင့်ယှက်ပါနဲ့ "

ဟု တောင်းဆိုလေရာ အလှူရှင်ဦးတောကျော်သည် မျက်လုံး ပြူးသွားပြီး

" တင်ပါ့ တင်ပါ့ "

ဟု ဆိုလိုက်လေ၏။ ရွှေမျက်မှန်ကိုယ်တော်က

" တင်ပါ တင်ပါလုပ်မနေနဲ့၊ ကျုပ်ပြောတာတွေကို မလိုက်နာ ရင် တရားပွဲကို ဖျက်လိုက်မှာပဲ "

ဟု ရာဇသံပေးလိုက်ရာ ဦးတောကျော်သည် ရွှေမျက်မှန် ကိုယ် တော်၏စကားများကို စာနှင့်ရေးမှတ်ရလေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ ဦးတောကျော်က မိုးသီး ကိုခေါ်၍

" မင်းတို့ပင့်လာတဲ့ ရွှေမျက်မှန်ကိုယ်တော်က တရားဟော ရင်ဖြင့် ဘယ်လိုနေမလဲမသိဘူး၊ တောင်းဆိုလိုက်တာတွေကတော့ မနည်းမနောပါလားကွာ "

ဟု ညည်းညူရာ၏။ မိုးသီးက ရယ်မော၍

" ဟဲ ဟဲ... မိတ္ထီလာမြို့ပေါ်မှာ နာမည်ကြီးနေတဲ့ ဓမ္မကထိက အကျော်အမော်ကြီးပဲ၊ တရားဟောကောင်းမှာပါ "

ဟု နှစ်သိမ့်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးတောကျော်က

" အေး. . . တရားဟောကောင်းမကောင်း ညရောက်ရင် သိရမှာပေါ့၊ ခုလောလောဆယ် မြောက်ပိုင်းရွာတွေဘက်လှည့်ပြီး လက်ဖက်ထုပ်ကမ်းပေးပါဦးကွာ၊ လက်ဖက်ကမ်းရင်း ကောင်းကောင်းမွန်မွန်လဲ ဖိတ်ခဲ့နော်၊ ဒီနေ့သွားဖိတ်ရမှာက ငါ့မိန်းမအမျိုးတွေကွ၊ သူတို့က ပိုအရေးကြီးတယ် "

ဟု မိန်းမကြောက်သူပီပီ မိုးသီးကို သတိပေးလေ၏။ လက်ဖက်ထုပ်ကမ်းသောကိစ္စမှာ ဈေးဟစ်သောကိစ္စထက် များစွာလွယ်ကူသဖြင့် မိုးသီးသည် စိုးရိမ်သောကမဖြစ်ချေ။

လက်ဖက်ထုပ်ကမ်းရန်အတွက် ငှက်ပျောရွက်(သို့) ညောင်ရွက်ထဲတွင် လက်ဖက်အနည်းငယ်ထည့်၍ ဆီဆမ်း၊ ဆားဖြူးကာ သုံးမြှောင့်ပုံချိုး၏။ ပြီးနောက် အထုပ်မပြေစေရန် ဝါးတံဖြင့်ထိုး၍ ယူဆောင်သွားရ၏။

ဖိတ်ကြားမည့်ရွာသို့ရောက်သောအခါ အိမ်ထောင်စု အရေအတွက်အလိုက် ရွာဆော်လက်သို့ အပ်ရ၏။

ရွာဆော်အား ဖိတ်ကြားမည့်သူက အလှူရှင်နှင့် အလှူပြုမည့်နေ့ကို ပြောပြရ၏။

ထိုအခါ ရွာဆော်က လက်ဖက်ထုပ်များကို တစ်အိမ်တက် ဆင်းဝေငှရင်း အလှူကိုနှုတ်ဖြင့် ဖိတ်ကြားရ၏။

လက်ဖက်ထုပ်တွင်ပါဝင်သော လက်ဖက်ကောင်းမွန်ပြီး ဆီရွှဲ





ဆမ်းထားလျှင် လက်ဖက်ကမ်းသူ မျက်နှာရ၍ ချီးမွမ်းခြင်းခံရ၏။

လက်ဖက်ညံ့ညံ့၊ ဆီညံ့ညံ့နှင့် ကမ်းသော လက်ဖက်ထုပ်ကို အများ၏ဝေဖန်ကဲ့ရဲ့ခြင်း ခံရတတ်၏။

မိုးသီးသည် ရွာသူကလေးများ ထုပ်ထားသော လက်ဖက်ထုပ်များကို တောင်းထဲတွင်ထည့်၍ နွားလှည်းပေါ်တင်ကာ လှည်းကို ကိုယ်တိုင်မောင်းနှင်၍ ထွက်ခဲ့လေ၏။ သူသည် နွားများ ကိုကြိမ်တို့၍ ထွက်ရန်ပြင်လိုက်စဉ် ပန်းနုသည် အနီးသို့ ရောက်လာပြီး

" လမ်းမှာစားဖို့ လက်ဖက်အုပ်နဲ့အကြမ်းအိုးယူသွားလေ "

ဟုဆိုကာ ယွန်းလက်ဖက်အုပ်နှင့် အကြမ်းအိုးကို လှည်း ဆီသို့ယူလာပေးလေ၏။ မိုးသီးကရယ်မော၍

" ဒါဆိုရင်လဲ သိပ်အဆင်ပြေတာပေါ့၊ လက်ဖက်စားရင်း အကြမ်းသောက်ရင်း လှည်းမောင်းရမယ်၊ ပန်းနုက သိပ်အလိုက်သိတာပဲ "

ဟု ချီးမွမ်းလိုက်လေရာ အနီးသို့ရောက်လာသော အဖျို ကြီးမရွှေပုက

" အလိုက်သိတာလဲ မပြောနဲ့လေ၊ ဘာတဲ့ ဆောင်နွှင့်ကိုရှယ်၊ မောင်နှင့်မယ် တူယှဉ်တွဲပါလို့၊ နောင်တင့်တယ် လူမြင်ရဲကာမှ ယူငင်တာချူဆင်ဆွဲပါမယ်၊ ပွဲဝင်မယ့်ချောင်းသူရဲ့ လှည်းယဉ်နဲ့မောင်းဖို့ ကဗျာလဲရှိတယ် "

ဟု နောက်ပြောင်လေ၏။ ထိုအခါ ပန်းနု၏မျက်နှာ ရဲနီသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



" အို... အစ်မကြီးကလဲ ဘာတွေ လျှောက်ပြောနေတာလဲ၊ ပန်းနုက မိုးသီးကို သနားလို့ပါ "

ဟုပြောလေရာ အပျိုကြီးမရွှေပုက

" အင်း... အစကတော့ သနားလို့ သနားလို့နဲ့ ဒီလိုပဲ စကြတာပဲဟဲ့၊ ဘာတဲ့ သီချင်းတောင်ရှိသေးတယ်၊ သနားစိတ်နဲ့ချစ်စမ်းပါခင်ရယ်တဲ့ "

ဟုဆိုလိုက်ရာ ပန်းနုသည် ရှက်ကိုးရှက်ကန်းဖြင့် အပျိုကြီးကို တဖုံးဖုံးရိုက်လေ၏။ မိုးသီးမှာ မျက်နှာပူသည်နှင့် လှည်းကို လျှင်မြန်စွာမောင်း၍ ထွက်ခဲ့လေတော့၏။

သူသည် ရွာငါးရွာကို လက်ဖက်ထုပ်ကမ်း၍ ညနေစောင်းသောအခါ ရွာသို့ပြန်ခဲ့လေ၏။

မိုးသီးရွာသို့ရောက်သောအခါ ရွာရှိကာလသားအားလုံး ဦးတောကျော်၏မဏ္ဍပ်ရှေ့တွင် စုရုံးရောက်ရှိနေပြီးရွှေမျက်မှန်ကိုယ်တော် တရားဟောရန်အတွက် တရားဟောစင်ကို ဆောက်လုပ်နေ၏။

ဦးတောကျော်သည် ရွှေမျက်မှန်ကိုယ်တော် ကြီးထူလွန်းသဖြင့် မျက်စိမျက်နှာပျက်နေရှာ၏။

ညသို့ရောက်သောအခါ ဦးတောကျော်၏အလှူမဏ္ဍပ်သို့ ရွာရှိလူကုန်ရောက်ရှိနေလေ၏။ မိုးသီးသည် လူအများ၏နောက်တွင် ခပ်ရိုရို့ရပ်ရင်း တရားပွဲကို နားဆင်နေမိ၏။

ရွှေမျက်မှန်ကိုယ်တော်သည် တရားဟောအလွန်ကောင်းပြီး





အဆိုအပြောတို့ ပိုင်နိုင်လှသောကြောင့် ရွာသူရွာသားများသည် လွန်စွာ သဘောကျလေ၏။

ထိုညက ဘုရားဟောသီရိမာဇာတ်ထုပ်ကို ပိုင်ပိုင်နိုင်နိုင် ဟောပြောသွားခဲ့လေရာ ရွာသူရွာသားများသည် ရွှေမျက်မှန်ကိုယ်တော်ကို အစွဲကြီးစွဲသွားလေ၏။ နောက်တစ်နေ့ ရွှေမျက်မှန်ကိုယ်တော် ပြန်ကြွမည့်နေ့တွင် ရွာသူရွာသားများ လှူဒါန်းလိုက်သော ပစ္စည်းများသည် လှည်းတစ်စီးတိုက်စာမျှ ရှိလေ၏။

********

အမှတ် ၂၆ ဝိဇ္ဇာဓိုလ်လမ်း ကျောက်မြောင်း တာမွေ



www.burmeseclassic.com

www.burmeseclassic.com



နေ့ရက်တစ်နေ့တွင် မြို့မှ ဆိုင်းအဖွဲ့ရောက်လာ၍ မိုးသီးတို့သည် ဆိုင်းအဖွဲ့ကို ကားလမ်းမအထိသွား၍ ကြိုဆိုကြ၏။ ဆိုင်းအဖွဲ့နှင့် ပစ္စည်းများကို နွားလှည်းဖြင့် တင်ဆောင်လာခဲ့ကြ၏။

ထိုရက်ပိုင်းအတွင်း ရွာသူရွာသားများအတွက် ပျော်ရွှင်မှုယ် အတိုပင်ဖြစ်လေ၏။

ဆိုင်း၏ ဇာတ်ပွဲ၊ ရုပ်သေးပွဲတို့ကို ဘုန်းကြီးပျံရှိပါမှ ကြည့်ရှုခွင့်ရသဖြင့် အလှူရှင် ဦးတောကျော်၏အလှူကို အလွန်အားထားကြ၏

များသောအားဖြင့် တောရွာများရှိ အလှူပိန်ဟုခေါ်သော ဆင်းရဲသားတို့၏အလှူတွင် အများဆုံးကွက်စိပ်မျှသာပါသဖြင့် ဆိုင်းနားထောင်ရန် လွန်စွာစိတ်အားထက်သန်နေ၏။





အလှူတွင်ကျွေးမွေးရန် ထမင်းဟင်းများကို ကိုယ့်အစုဖြင့် ကိုယ်ပျော်ရွှင်စွာ ချက်ပြုတ်ကြ၏။

ရှင်လောင်းလှည့်သောနေ့တွင်လည်း တစ်ရွာလုံး မိမိတို့ တတ်နိုင်သမျှ ဝတ်ကောင်းစားလှများဝတ်၍ လှည့်လည်ကြ၏။

အလှူပြုသောနေ့တွင် ဦးတောကျော်တို့ ရွာသားများသာ မက အနီးအနားရွာများမှ မိုးခိုးတိတ်လာရောက် စားသောက်ကြသဖြင့် ရွာဦးကျောင်းဝင်းကြီးတစ်ခုလုံးလူများနှင့်ပြည့်လျှံနေလေ၏။

မိုးသီးသည် ရွာ၌ အနွမ်းပါးဆုံးဖြစ်သဖြင့် အလှူတွင်အများ၏ ခိုင်းစေခြင်းကို လုပ်ကိုင်ရရှာ၏။

သူနှင့်ရွယ်တူကာလသားများ ဘန်ကောက်လုံချည်၊ ပေတောင်ရှူးဖိနပ်၊ မိုးပဝါ စသည်တို့ကို ဆင်ယင်၍ ရှိုးထုတ်နေချိန်တွင် မိုးသီးကမူ အပေါ်ပိုင်းဗလာကျင်း၍ ပုဆိုးတိုတိုဝတ်ကာ ပန်းကန်ဆေး ရေထမ်းပေးနေရ၏။

သူသည် ရေထမ်းရင်း ကွမ်းတောင်ကိုင် ပန်းနုကို မသိမသာ ခိုးကြည့်လိုက်ရာ ပန်းနုသည် အလွန်လှပနေကြောင်းတွေ့ရ၏။

ပန်းနု၏အနီးတွင် ကြေးရေတက်ကာလသားများသည် ရစ်ဝဲနေလေ၏။

ပန်းနုသည် မိန်းကလေးအုပ်စုထဲတွင် ထိုင်နေရင်း ကာလသားများ ရစ်ဝဲနေသောကြားမှ မိုးသီးကို မသိမသာခိုးကြည့်လေ၏။

ထိုအခါ မိုးသီးကလည်း သူမကို ခိုးအကြည့်နှင့်မို့လေရာ နှစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



သား မျက်လွှာကိုချလိုက်လေ၏။

မိုးသီးသည် ကာလသားအုပ်စု၏အလယ်တွင်ရှိသော ပန်းနုကို ကြည့်၍ ဆင်းရဲနွမ်းပါးသော သူ့ဘဝကို ပထမဦးဆုံးအကြိမ် ရင်နာသွားမိ၏။

သူသည် မိဘမဲ့ဘဝနှင့် တစ်ရွာလုံး၏ခိုင်းဖက်အဖြစ် နေထိုင်ရသော်လည်း ပျော်ရွှင်တတ်သူဖြစ်သဖြင့် ပေါ့ပေါ့ပါးပါးပင် နေထိုင်နိုင်၏။

ယခုတော့ သူ့ရင်တွေ မပေါ့ပါးနိုင်တော့။ ပန်းနုအနီးတွင် ရစ်ဝဲနေသော ကာလသားများကိုပင် သူ မနာလိုစိတ်ဝင်မိ၏။

ထိုကာလသားများကဲ့သို့ ဝတ်ကောင်းစားလှများဝတ်ဆင်ပြီး ထိုသူမ၏အနီးတွင် ရစ်ဝဲ၍နေချင်လှ၏။

မိုးသီးသည် မိမိကိုယ်မိမိ အားငယ်စိတ်များ ဝင်ရောက်လာခဲ့၏။

တစ်ရွာလုံး၏ ခိုင်းဖက်ဘဝမှ ကြီးပွားချမ်းသာလိုသော စိတ်များ ဝင်ရောက်လာ၏။

အချစ်စိတ်သည် ခွန်အားသတ္တိကိုဖြစ်ပေါ်စေသည်ဟုကြားဖူး၏။ ပန်းနုကို သူ ချစ်နေပြီလားမသိ။

ချစ်မိပြီဆိုလျှင်ဖြင့် ပန်းနုနှင့်သူသည် ဘဝချင်းက မိုးနှင့် မြေလို ကွာခြားလွန်းလှသည်။

ပန်းနုသည် ရွာ၏ကွမ်းတောင်ကိုင်ဖြစ်ရုံမက လယ်ကေပေါင်းများစွာပိုင်ဆိုင်သော လယ်ပိုင်ရှင်၏သမီးလည်းဖြစ်၏။

ထို့အပြင် တစ်ရွာလုံးရှိ ကြေးရေတက်ကာလသားအားလုံး





ပန်းနုကို ပိုးပန်းကြ၏။

၎င်းတို့နှင့်ယှဉ်၍ မိမိကဲ့သို့ မျက်နှာမွဲတစ်ယောက်က ပန်းနုမေတ္တာကို မည်သို့ ပြိုင်ဆိုင်ရမည်နည်း။

မိုးသီးသည် မိမိဘဝနှင့် ပန်းနုဘဝကို ယှဉ်၍ တွေးတောရင်း စိတ်အားငယ်လာမိ၏။ ထို့ကြောင့် ရေထမ်းနေသော ပုံးများကိုချ၍ သံဃာစင်ပေါ်တွင် တစ်ပါးတည်းထိုင်၍ ကွမ်းဝါးနေသော ဦးပဉ္ဇင်းကြီး၏အနီးသို့ ချဉ်းကပ်ခဲ့လေ၏။

ဦးပဉ္ဇင်းကြီးကိုဦးချ၍ လေသံတီးတိုးဖြင့်

" ဦးပဉ္ဇင်းဘုရား၊ တပည့်တော် မေးစရာလေးတစ်ခုရှိလို့ပါ "

ဟုပြောလေရာ ဦးပဉ္ဇင်းကြီးက

" မေးလေကွယ် "

ဟု ခွင့်ပြုလေ၏။ ထို့ကြောင့် မိုးသီးက လက်အုပ်ချီ၍

" လောကမှာ ကြီးပွားချမ်းသာအောင် ဘယ်လိုလုပ်ရမလဲ ဘုရား "

ဟု မေးမြန်းလိုက်လေ၏။ ဦးပဉ္ဇင်းက ကြီးကျယ်ခမ်းနားသော အလှူမဏ္ဍပ်ကြီးအလယ်တွင် သိမ်ငယ်နေဟန်ရှိသော ရေထမ်းသမား လူငယ်ကို ကရုဏာသက်ဟန်ဖြင့်ကြည့်၍

" လူမှာရှိတဲ့စွမ်းရည်က အတိုင်းအဆမရှိဘူးကွ၊ ကြိုးစားရင် ကြိုးစားသလောက် ထိပ်ဆုံးရောက်အောင်မြင်တာပဲ၊ ဘယ်အလုပ်မျိုးကိုမဆို တစိုက်မတ်မတ်နဲ့ ကြိုးစားပြီးလုပ်



www.burmeseclassic.com

www.burmeseclassic.com



ရင် အောင်မြင်မှာကြိမ်းသေတယ်၊ ပန်းတိုင်ရောက်အောင် စဉ်ဆက်မပြတ်လုပ်ဖို့ ဇွဲပဲလိုတယ် ''

ဟုပြောလေရာ မိုးသီးက မျက်မှောင်ကြုတ်၍

'' အချို့လူတွေဟာ အလုပ်ကို ကြိုးစားလုပ်ပေမယ့် မအောင်မြင်ဘူးလို့ ပြောကြတယ်၊ အဲဒါဘာဖြစ်လို့လဲ ဦးပဥ္စင်း၊ ကံမပါလို့လား ''

ဟု မေးမြန်းလေ၏။ ဦးပဥ္စင်းကြီးက

'' ကံဆိုတဲ့အရာကို လောလောဆယ်မေ့ထားလိုက်ပါကွာ၊ မင်းလုပ်ရမှာက ကိုယ်တကယ်လုပ်နိုင်တဲ့အလုပ်ပဲ၊ ကံက ကိုယ်လုပ်လို့ရတာမဟုတ်ဘူး၊ ကိုယ်လုပ်လို့ရတာအလုပ်ပဲ၊ လူတွေဟာ အလုပ်ကို ကြိုးကြိုးစားစားလုပ်ပေမယ့် မအောင်မြင်ဘူးလို့ပြောကြတယ်၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ဉာဏ်မပါလို့ပဲ ''

ဟု မိန့်လေရာမိုးသီးက အားတက်သရောဖြင့်

'' ရှင်းပါဦးဘုရား ''

ဟုပြောလေ၏။ ဦးပဥ္စင်းကြီးက ကွမ်းတံတွေးကိုထွေး၍

'' အလုပ်ကြိုးစားတယ်ဆိုပြီး မျက်လုံးမှိတ်ပြီး ကြိုးစားနေရုံနဲ့မရဘူး၊ မျက်စိကိုဖွင့်ထားရမယ်၊ အခြေအနေနဲ့ အချိန်အခါကို သုံးသပ်ဆင်ခြင်ရမယ်၊ ကိုယ့်လုပ်ငန်းရဲ့တိုးတက်ပြောင်းလဲမှုကို အမြဲသုံးသပ်ဆင်ခြင်နေရမယ်၊ ကောင်းသထက်ကောင်းအောင် ဖန်တီးနေရမယ်၊ ဉာဏ်ဆိုတာ အဲဒါပဲ၊ ငါငယ်စဉ်က မန္တလေးမြို့မှာ စာလိုက်စဉ်က ထမင်းဆိုင်နှစ်ဆိုင်ကို နေ့စဉ် ဆွမ်း





ခံကြတယ်၊ နှစ်ဆိုင်စလုံး အချက်အပြုတ်ရော၊ ဖော်ဖော်ရွေရွေ ဆက်ဆံတာရော၊ ဘာမှ သိပ်မကွာခြားဘူး၊ ဒါကြောင့် နှစ်ဆိုင်စလုံး ရောင်းရတာချင်းတူတယ်၊ ထမင်းဆိုင်ရဲ့ပိုင်ရှင်နှစ်ယောက်စလုံးဟာ ဒသက်တူရွယ်တူ မိန်းမပျိုနှစ်ယောက်ပဲ၊ တစ်နေ့တော့ ဆွမ်းခံထွက်ချိန်မှာ ထမင်းဆိုင်ပိုင်ရှင်တစ်ယောက်ဟာ အခု မင်းမေးတဲ့မေးခွန်းမျိုးကို ငါ့ကို လာမေးဖူးတယ်၊ အဲဒီတုန်းက ငါကလဲ ရဟန်းပျိုတစ်ပါးပဲ ရှိသေးတော့ အသိပညာမကြွယ်သေးဘူး၊ အလုပ်ကြိုးစားလုပ်ပေါ့လို့ ပြောလိုက်တော့ အဲဒီဒကာမက တပည့်တော်လောက် အလုပ် ကြိုးစားတာရှိဦးမလားဘုရားတဲ့၊ မနက်အစောကြီး(၄)နာရီထပြီး ထမင်းချက် ကောင်လေးတွေနဲ့အတူ မီးမွှေးတယ်၊ ရေနွေးအိုး တည်တယ်၊ ကြက်သွန်ခွာတယ်၊ ငရုတ်သီးထောင်းတယ်၊ ဆိုင်သန့်ရှင်းရေးလုပ်တယ်၊ ဈေးကိုသွားပြီး ဈေးဝယ်ရတယ်၊ ထမင်းဟင်းချက်တဲ့အခါလဲ တပည့်တော်မပါမပြီးပါဘူး၊ တစ်နေကုန် ဖောက်သည်တွေကို ပြုံးပြုံးလေးနဲ့ ဖော်ဖော်ရွေရွေ ဆက်ဆံတာလဲ တပည့်တော်ပါပဲ၊ ပြုံးရလွန်းလို့ ညဘက်ဆိုင်သိမ်းရင် ပါးတွေတောင်ညောင်းတယ်၊ ဆိုင်သိမ်း ပြီးတော့လဲ နားရတယ်မရှိပါဘူး၊ မနက်ဖြန်ဝယ်ရမယ့် ဈေးစာရင်းကိုလုပ်ရတယ်၊ အကြွေးစာရင်းတွေကိုမှတ်ရတယ်၊ ဒါကြောင့် တပည့်တော်လောက် အလုပ်ကြိုးစားတဲ့သူရှိပုံမလားလို့ ပြောတယ်၊ ငါလဲ သူ့ကို ဘာပြန်ပြောရမှန်းမသိလို့ နှုတ်ဆိတ်ပြီး ကျောင်းကိုပြန် သွားတယ်၊ ကျောင်းကိုရောက်တော့ အဲဒီဒကာမလေးရဲ့မေးခွန်းကို ငါသေသေချာချာစဉ်းစားတယ်၊ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးနဲ့တွေ့တော့ ဒီအကြောင်းကို လျှောက်ထားကြည့်တယ်၊ ဆရာတော်ကြီးက ငါ့ကို တစ်ခွန်းပဲပြောတယ် 'ကြိုးစားရုံနဲ့ မရဘူးကွယ်၊ ဉာဏ်လိုတယ်' တဲ့၊ ငါလဲ အဲဒီတော့မှ သဘောပေါက်သွားပြီး နောက်တစ်နေ့ ဒကာမလေးနဲ့တွေ့တော့ 'ဒကာမလေး ကြိုးစားရုံနဲ့မဖြစ်ဘူး၊ ဉာဏ်လိုတယ်၊ ဉာဏ်နဲ့ဆင်ခြင်ရမယ်' လို့ ပြောလိုက်တယ်၊ ငါပြောပြီး မကြာပါဘူး၊ သုံးနှစ်လောက်အတွင်းမှာ အဲဒီဒကာမလေးဟာ မန္တလေးမြို့မှာ ထမင်းဆိုင်ကြီး တော်တော်များများကိုပိုင်ဆိုင်ပြီး ပြည့်စုံချမ်းသာသွားတယ်၊ သူနဲ့အတူ ယှဉ်ပြီးဖွင့်ခဲ့တဲ့ ဆိုင်ကလေးကတော့ အဲဒီ အချိန်အထိ အရင်ပုံစံနဲ့ပဲ ရှိနေခဲ့တယ် ''

ဟုပြောလေ မိုးသီးသည် ဦးပဍင်းကြီး၏စကားကြောင့် ကျဆင်းနေသော စိတ်ဓာတ်များ ပြန်လည်တက်ကြွလာလေ၏။

ထို့ကြောင့်

'' ဉာဏ်ကိုလဲ အများကြီးအသုံးချမယ်၊ အလုပ်ကိုလဲ ကြိုးကြိုးစားစားလုပ်မယ်ဆိုရင် တပည့်တော် ကြီးပွားမှာပေါ့နော် ''

ဟု မေးမြန်းလိုက်ရာ ဦးပဍင်းကြီးက ခေါင်းညိတ်၍

'' မြေကြီးကိုလက်နဲ့ ပေါက်လိုရိုက်ရင် လွဲရင်လွဲမယ်၊ ဉာဏ်ပါပြီး ကြိုးစားရင်တော့ အောင်မြင်မှာ မလွဲဘူးကွ ''

ဟု မိန့်လေ၏။

ပြီးနောက် ဦးပဍင်းကြီးကဆက်လက်၍

'' ဉာဏ်ကိုအသုံးချပြီး ကိုယ့်လုပ်ငန်းကို တိုးတက်သထက်





တိုးတက်အောင် ကြိုးစားတဲ့ လူတစ်ယောက်အကြောင်းကိုပြောပြမယ်၊ လန်ဒန်မြို့ဆင်ခြေဖုံးရပ်ကွက်မှာ ဖိနပ်ချုပ်စားတဲ့ လူတစ်ယောက်အကြောင်းပဲ ''

ဟုပြောလေရာ မိုးသီးကလက်အုပ်ချီ၍

စိတ်အားထက်သန်စွာ နားထောင်နေလေ၏။ ဦးပဍင်းကြီးက အကြမ်းတစ်ခွက်ကို ငုံ၍

'' အဲဒီ ဖိနပ်ချုပ်သမားဟာ လန်ဒန်မြို့ရဲ့ ဆင်ခြေဖုံးရပ် ကွက်ပလက်ဖောင်းလေးတစ်ခုမှာ ဆင်းဆင်းရဲရဲ ဖိနပ်ချုပ်စားရရှာတယ်၊ သူ့မှာ မိန်းမနဲ့ကလေးတစ်ယောက်လည်းရှိတော့ ဖိနပ်ချုပ်တဲ့ဝင်ငွေနဲ့ လောက်လောက်ငငဘယ်စားနိုင်ပါ့မလဲ၊ တစ်နေ့တော့ ဖိနပ်ချုပ်သမားဟာ ဖိနပ်ချုပ်ရင်း အချိန်တွေပိုပြီး ပျင်းနေတာနဲ့ သူ့သမီးလေးဆော့ထားတဲ့ ကတ္တီပါနှင်းဆီပွင့်လေး နှစ်ပွင့်ကို သူတပါးလာအပ်ပြီး မရွေးတော့တဲ့ ဖိနပ်သဲကြိုးလေးမှာ အပ်နဲ့ ချည်နှောင်ပြီး ကြည့်လိုက်တော့ ဖိနပ်လေးဟာ နှင်းဆီပန်း လေးနှစ်ပွင့်နဲ့ အတော်လှသွားတာတွေ့ရတယ်၊ ဒီတော့ ဖိနပ်ချုပ်သမားလဲ သူ့လက်ရာကိုသူ့ကြည့်ပြီး ပက်ပက်ပက်ပက် ရယ်မောလာတယ်၊ ပြီးတော့ ဖိနပ်လေးကို ပလက်ဖောင်းမှာ ချထားလိုက်တယ် ''

ဟုပြောရင်း ရေနွေးကြမ်းတစ်ခွက်ကို ငုံ့သောက်ပြန်၏။ ပြီးမှ ဆက်လက်၍

'' ညနေစောင်းအချိန်လဲရောက်ရော ပေါ်မှုန့်ဖုတ်သမား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့ သူ့သမီးလေးမှာ လမ်းလျှောက်လာရင်း သမီးလေးက သဲကြိုးမှာ နှင်းဆီအနီလေးနှစ်ပွင့် ထိုးထားတဲ့ ဖိနပ်လေးကို ငေးကြည့်တယ်၊ ပြီးတော့ သူ့အဖေကို ဝယ်ပေးဖို့ ပူဆာတော့တာပဲ၊ ဒီတော့ ပေါင်မုန့်ဖုတ်သမားလဲ ဖိနပ်ကိုဝယ်ဖို့ ဈေးကို မေးရတာပေါ့၊ ဖိနပ်ချုပ်နဲ့သမားဟာ ဘယ်သူ့မှမလိုချင်တဲ့ ဖိနပ်အဟောင်းလေးကို ဝယ်သူရှိတယ်ဆိုတော့ ဝမ်းသာအားရနဲ့ ဈေး လျှော့ပြီး ရောင်းလိုက်တာပေါ့၊ ဖိနပ်ဟောင်းလေးရောင်းတဲ့ငွေနဲ့ ညနေစာအတွက် အသားညှပ်ပေါင်မုန့်တွေ ဝယ်သွားနိုင်ခဲ့တယ်၊ သူဟာ အိမ်ကိုရောက်တော့ သူ့သမီးလေးရဲ့ ကစားစရာထည့်တဲ့ စက္ကူပုံးလေးကို မွှေနှောက်ရှာဖွေတော့ ကတ္တီပါပန်းလေး တွေ့သွားတယ်၊ နောက်တစ်နေ့ သူ့ဖိနပ်ဆိုင်က ဖိနပ်အဟောင်းလေးတွေမှာ ကတ္တီပါ ပန်းပွင့်လေးတွေ ကပ်ချည်ပြီး ပလက်ဖောင်းမှာချထားတယ်၊ သူ့ရဲ့လက်ရာ ဖိနပ်လေးတွေကို လမ်းသွားလမ်းလာတွေက သဘောကျဟန်နဲ့ကြည့်သွားတယ်၊ အချို့မရှိဆင်းရဲသား မိသားစုတွေဟာ အဲဒီဖိနပ်လေးတွေကို ဈေးချိုချိုနဲ့ရလို့ တစ်ရံပြီးတစ်ရံ ဝယ်သွားကြတယ်၊ ညနေလဲစောင်းရော သူချုပ်ထားတဲ့ ဖိနပ်လေးတွေဟာ ကုန်သွားပါလေရော၊ ဒီတော့ ဖိနပ်ချုပ်သမားလဲ ဝမ်းသာအားရနဲ့ အိမ်မှာစားဖို့ ညနေစာ အစားအသောက် ကောင်းကောင်းတွေ ဝယ်သွားတယ်၊ နောက်တစ်နေ့မှာလဲ ဒီလို ဖိနပ်ကလေးတွေမှာ နှင်းဆီပန်းကပ်ပြီး ရောင်းရမှာပဲလို့တွေးတယ်၊ ဒီလိုနဲ့ တစ်အိမ်လုံးအနံ့လှည့်ပြီး ကတ္တီပါနှင်းဆီပန်းအဟောင်းလေးတွေကို ရှာတော့





နှင်းဆီပန်းတစ်ပွင့်ပဲတွေ့လို့ စိတ်ညစ်သွားတယ် ''

ဦးပဥ္စင်းကြီးသည် မိုးသီးအားပြောရင်း ခဏနားလိုက်ပြီး ကွမ်းတစ်ယာကို ဝါးစားပြန်၏။ မိုးသီးသည် စိတ်ဝင်စားစွာဖြင့် နားစွင့်နေမိ၏။

'' ဖိနပ်ချုပ်သမား မှိုင်တွေနေတာကို သူ့ဇနီးကမေးတော့ ဖိနပ်ချုပ်သမားက အကြောင်းစုံကို ပြောပြတယ်၊ ဒီတော့ သူ့ဇနီးကလဲ အိမ်ရှေ့လေးထဲမှာ ဝိုင်းကူရှာပေးတယ်၊ ဒါပေမဲ့ နှင်းဆီတစ်ပွင့်မှ ထပ်မတွေ့လို့ လင်မယားနှစ်ယောက်စလုံး စိတ်ပျက်လက်ပျက်ဖြစ်သွားတယ်၊ ဒါကိုကြည့်ပြီး သူ့သမီးလေးကမေးတော့ ဖိနပ်ချုပ်သမားဟာ နှင်းဆီပွင့်လေးတွေရှာတဲ့အကြောင်း ပြောပြတယ်၊ ဒီတော့ သမီးလေးက ဒါများခက်တာလိုက်လို့အဖေရယ်၊ လမ်းထိပ်က အရုပ်ဆိုင်နောက်ဖေးမှာ သမီးရဲ့နှင်းဆီပွင့်တွေ အများကြီးပစ်ထားတယ်၊ အဖေသွားကောက်ရင် အများကြီးရမယ်လို့ ပြောတော့ သူ့အဖေနဲ့အမေဟာ ဝမ်းသာအားရနဲ့ အရုပ်ဆိုင် နောက်ဖေးကို သွားကြည့်တော့ သူ့သမီးပြောတဲ့အတိုင်း အမှိုက်ပုံမှာ ကတ္တီပါနှင်းဆီပွင့်ကြွေတွေ အများကြီးရတယ်၊ ဒါ့အပြင် ဖဲကြိုးလေးတွေ ရောင်စုံကြိုးစလေးတွေကိုလဲတွေ့တော့ စက္ကူပုံးကြီး နဲ့ထည့်ပြီး အိမ်ကို သယ်ခဲ့တယ်၊ နှင်းဆီပွင့်လေးတွေဟာ အမှိုက်ပုံမှာ ရက်ပေါင်းများစွာကြာတော့ ဖုံအလိမ်းလိမ်းတက်ပြီး ညစ်ပတ်နေတယ်၊ ဒါကြောင့် ရေနဲ့လျှော်ဖွပ်ပြီး နေပူလှမ်းရတယ်၊ နေပူလှမ်းပြီး ကြည့်လိုက်တော့ ကတ္တီပါနှင်းဆီပွင့်လေးတွေဟာ အရောင် တောက်ပြောင်ပြီးလှပနေတယ်၊ ဒီတော့မှ ဖိနပ်ချုပ်သမားလဲ ဝမ်းသာအားရနဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီမှာရှိတဲ့ ဖိနပ်အဟောင်းလေးတွေမှာ ကတ္တီပါ နှင်းဆီပွင့်လေးတွေချုပ်ပြီး ရောင်းလိုက်တာ ချုပ်သမျှ အကုန်ရောင်းရတာပဲ၊ နှစ်ရက် သုံးရက်လဲကြာရော သူတို့မှာရှိတဲ့ တစ်ပတ်နွမ်းဖိနပ်တွေက ကုန်သွားပါလေရော၊ ဒီတော့ လင်မယားနှစ်ယောက် ဘယ်လိုလုပ်ရမလဲလို့ စဉ်းစားကြတယ်၊ ဒီအချိန်ကစပြီး သူတို့လုပ်ငန်းတိုးတက်ဖို့အတွက် ဉာဏ်ကို အသုံးချဖို့ လိုလာပြီ၊ သူတို့ ဟာ သေသေချာချာစဉ်းစားဆင်ခြင်ပြီး အကြံရတာနဲ့ ဈေးပေါပေါဖိနပ်လေးတွေကို နှင်းဆီပန်းလေးတွေချုပ်ပြီး ပလက်ဖောင်းမှာ ရောင်းချတယ်၊ ပလက်ဖောင်းမှာ ဖြတ်လျှောက်သွားတဲ့ကလေးတွေဟာ နှင်းဆီပန်းကပ်ထားတဲ့ ဖိနပ်လေးတွေကို သိပ်သဘောကျတယ်၊ ဒါကြောင့် သူတို့ရဲ့ဖိနပ်လေးတွေဟာ အရောင်းသွက်နေတာပေါ့၊ ဒီလိုနဲ့တစ်နေ့မှာ ဆိုင်ကို နေ့လယ်စာလာပို့ရင်း ဖိနပ်ချုပ်သမားရဲ့မိန်းမဟာ ဆိုင်ကလေးကိုအဝေးကကြည့်တယ်၊ ဒီအခါမှာ လှပတဲ့ဖိနပ်လေးတွေနဲ့ ဖိနပ်ချုပ်ဆိုင်လေးဟာ လိုက်ဖက်မညီတာတွေ့ရတယ်၊ ဒါကြောင့် သူ့ယောကျ်ားကိုပြောပြတော့ ဖိနပ်ချုပ်သမားကလဲ သဘောပေါက်တာနဲ့ နောက်တစ်နေ့ကစပြီး ဖိနပ်ချုပ်တဲ့အလုပ်ကိုမလုပ်တော့ဘူး၊ ပလက်ဖောင်းမှာ ခုံကလေးခင်းပြီး ဖိနပ်ရောင်းတဲ့အလုပ်ကိုပဲလုပ်တော့တယ်၊ ဒါဟာ သူတို့ဘဝတိုးတက်လာတဲ့သဘောပဲကွ၊ ဖိနပ်ချုပ်တဲ့လူတွေက ဖိနပ်ရောင်းတဲ့အလုပ်ကို လုပ်တယ်ဆိုရင် အများအမြင်မှာ အထင်သေးစရာဖြစ်မှာစိုးတဲ့အတွက် ဉာဏ်ကို အသုံးချပြီး ကိုယ့်လုပ်ငန်းတိုးတက်အောင် ပြုပြင်လိုက်တဲ့သဘောပဲ၊ ဉာဏ်မပါတဲ့သူဆိုရင်တော့ ဒီလိုပြောင်းလဲမှုဖြစ်မှာ မဟုတ်ဘူး။ သူတို့ဟာ နှင်းဆီပွင့်ဖိနပ်လေးတွေရောင်းတာ အတော်လေး အောင်မြင်ခဲ့တယ်၊ ဒါပေမဲ့ ရက်ရှည်ကြာလာတော့ အရောင်းနည်းနည်းပါးလာတယ်၊ ဒါဟာ ရိုးအီလာတဲ့သဘောပဲ၊ နှင်းဆီပွင့်ဖိနပ်တွေဟာ ကလေးတွေကို ဆွဲဆောင်မှုနည်းပါးသွားတယ်၊ ဒီလို အခြေအနေမျိုးကိုရောက်ပြီဆိုရင် ဉာဏ်မပါတဲ့သူဆိုရင် အဲဒီနေရာမှာ ရပ်နေမှာ သေချာတယ်၊ ဒါပေမဲ့ သူတို့လင်မယားဟာ ကိုယ့်လုပ်ငန်းကို စေဖန်သုံးသပ်ပြီး ကောင်းသထက်ကောင်းအောင်လုပ်တဲ့အကျင့်က ပါနေပြီ၊ ဒါကြောင့် နှစ်ဦးသားတိုင်ပင်ပြီး အသစ်အသစ်တွေ တီထွင်ကြတယ်၊ ဖိနပ်တွေကို နှင်းဆီပွင့်တွေသာမက လှပတဲ့ ဖဲပွင့်လေးတွေ၊ ရောင်စုံသဲကြိုးလေးတွေနဲ့ချုပ်ပြီးရောင်းတော့ တဖြည်းဖြည်းပိုမိုပြီး အရောင်းသွက်လာတယ်၊ အနီးအနားက လူတွေဟာ သူတို့ဆိုင်မှာ ကလေးတွေကြိုက်တဲ့ဖိနပ်တွေရတတ်တယ်ဆိုတာ သတိထားမိလာတယ်၊ ဒါကြောင့် တစ်ဦးနဲ့တစ်ဦး လမ်းညွှန်ပေးကြတယ်၊ သူတို့ဟာ ဖိနပ်တွေပိုပိုပြီးရောင်းရတာနဲ့ ဖိနပ်ချုပ်လုပ်ငန်းအတွက် အလုပ်သမားတွေကိုပါ ငှားရမ်းတယ်၊ ပလက်ဖောင်းမှာမရောင်းတော့ဘဲ ဆိုင်ကလေး တစ်ဆိုင်ငှားရမ်းပြီး ဆိုင်နဲ့ဘာနဲ့ အကျအနရောင်းချတော့တယ် ''

ဟုပြောလေရာ မိုးသီးက ဦးပဥ္စင်းကြီး၏စကားများကို စိတ်အားတက်ကြွစွာနားထောင်ရင်း

'' သူတို့ဘဝက အားကျစရာကောင်းလိုက်တာနော် ''







www.burmeseclassic.com

ဟုမှတ်ချက်ချလေ၏။ ဦးပဒွင်းကြီးက

"ဉာဏ်ရည်ဉာဏ်သွေးကို အပြည့်အသုံးချပြီး အလုပ်ကြိုးစားတဲ့ရလာဒ်ပေါ့ကွာ၊ တကယ်တော့လူဟာ အောင်မြင်ချင်ရင် အလုပ်သိပ်လုပ်ရမယ်၊ ဉာဏ်ကိုများများအသုံးပြုရမယ်၊ ဒီလိုလူမျိုးကို သိကြားမင်းတောင် ဆင်းတားလို့မရတော့ဘူး"

ဟုပြောမြန်ရာ မိုးသီးသည် ကြက်သီးတဖြန်းဖြန်းထအောင် စိတ်အားတက်ကြွလာပြီး

"ဖိနပ်ချုပ်သမားမိသားစုအကြောင်းကိုပြောပြတဲ့အတွက် ဦးပဒွင်းကြီး ကျေးဇူးကို တစ်သက်မမေ့ပါဘူး"

ဟုပြောလေရာ ဦးပဒွင်းကြီးက ခေါင်းခါ၍

"ဖိနပ်ချုပ်သမားမိသားစုရဲ့အောင်မြင်မှုတွေဟာ ဒီလောက်နဲ့ရပ်မနေဘူးကွ၊ သူတို့ဟာ ဆိုင်ကလေးကို ကောင်းသထက် ကောင်းအောင်ကြိုးစားခဲ့တယ်၊ ဖိနပ်တွေကို အကောင်းဆုံးအလှဆုံးနဲ့ ဈေးနှုန်းအသက်သာဆုံးဖြစ်အောင်ကြိုးစားတယ်၊ ဆိုင်မှာ တစ်ခါဝယ်ဖူးတဲ့သူကို နောက်တစ်ကြိမ်မဝယ်ဘဲ မနေနိုင်အောင် ဆွဲဆောင်ခဲ့တယ်၊ ဒီလိုနဲ့ သူတို့ဆိုင်ကလေးဟာ အလွန်အောင်မြင်ခဲ့တယ်၊ ဒါဟာလဲ ဉာဏ်ကို အသုံးပြုတဲ့ရလာဒ်ပဲ၊ သူတို့မိသားစုရဲ့စီးပွားရေးပြေလည်လို့ အိမ်ကောင်းကောင်းနဲ့လဲ နေနိုင်ခဲ့တယ်၊ သမီးလေးကိုလဲ ကျောင်းကောင်းကောင်းထားနိုင်ခဲ့တယ်၊ တော်ရုံလူတွေဆိုရင်တော့ ဒီလောက်တာနဲ့ ကျေနပ်နေမှာသေချာတယ်၊ ဒါပေမဲ့ သူတို့ဟာ ဒီလောက်နဲ့ရပ်





မနေနိုင်ဘူး၊ ဖိနပ်လုပ်ငန်းကို ချဲ့ထွင်တယ်၊ ဒီလိုရောင်းကောင်းတဲ့ ဖိနပ်ဆိုင်လေးတွေကို လန်ဒန်မြို့အနှံ့မှာ တစ်ဆိုင်ပြီးတစ်ဆိုင် တိုးချဲ့ဖွင့်စဉ်တယ်၊ သူတို့ဖိနပ်ဆိုင်ခွဲလေးတွေဟာ စနစ်တကျ စီစဉ်ပြီးဖွင့်တာမို့ ဆိုင်တိုင်းအောင်မြင်တာပဲ၊ သူတို့ရဲ့ဖိနပ်တွေ နာမည်ရလာတော့ အခြားဆိုင်တွေက ဖိနပ်တွေကို ယူပြီးရောင်းတယ်၊ ဒီလိုနဲ့လန်ဒန်မြို့မှာ ဖိနပ်ချုပ်သမားမိသားစုရဲ့ဖိနပ်တွေ နာမည်ရခဲ့တယ်၊ ဒါကြောင့် မင်းကိုဒါပြောချင်တာက အောင်မြင်ချင်ရင် ကြိုးစားရမယ်၊ ဒါပေမဲ့ မျက်လုံးမှိတ်ပြီး ကြိုးစားနေရုံနဲ့မရဘူး၊ မျက်လုံးကိုဖွင့်ထားရမယ်၊ ခေတ်နဲ့ အခြေအနေကို မျက်ခြေမပြတ်ကြည့်ပြီး ဉာဏ်ကိုအသုံးချရမယ်၊ ဒါဆိုရင် ဘယ်လုပ်ငန်းမျိုးမဆို အောင်မြင်မှာပဲ"

ဟုပြောလေရာ မိုးသီးသည် ဦးပဒွင်းကြီးကို ကျေးဇူးတင်လွန်းသဖြင့် အကြိမ်ကြိမ်ထိုင်ကန်တော့နေမိ၏။

သူ၏ရင်ထဲတွင် အားအင်သစ်များဝင်ရောက်လာသလို ခံစားရ၏။ မည်သည့်အခက်အခဲကိုမဆို ရင်ဆိုင်ဖြေရှင်းဝံ့သော သတ္တိများလည်း ဝင်ရောက်လာ၏။ 'အခုမှာ ဘယ်လိုအခက် အခဲကိုပဲကြုံကြုံ၊ ဉာဏ်ကိုအသုံးချပြီး အားကြိုးမာန်တက် ဖြေရှင်းမယ်' ဟု ကြုံးဝါးလိုက်လေ၏။

ဦးတောကျော်၏အလှူကြီးပြီးသောအခါ ရွာသူရွာသားများသည် အလှူ၏စည်ကားပုံ၊ ကျွေးမွေးသောဟင်းလျာများ၏ ကောင်းမွန်ပုံနှင့် ရွှေမျက်မှန်ကိုယ်တော်၏တရားပွဲ နာကြားပုံ၊ ဆိုင်းအဖွဲ့၏

www.burmeseclassic.com



ဆိုပုံတို့များကို တစ်ပတ်ခန့်ပြောမဆုံးနိုင်အောင်ရှိတော့၏။

အလှူကြီးလုပ်ပြီးတစ်ပတ်အကြာတွင် မိုးသီးသည် ရွာထဲရှိ အိမ်များသို့ လှည့်လည်၍ ရေထမ်းပေးနေစဉ် သူ၏အနီးသို့ ပန်းနုနှင့် အဖေ၀်တစ်ဦးရောက်လာပြီး ပန်းနုက

'' မိုးသီးရယ်၊ ရှာလိုက်ရတာဟယ်၊ နင်ကလဲ ဘယ်အိမ်တွေရေထမ်းပို့နေလဲမသိဘူး ''

ဟုညည်းညူလေရာ မိုးသီးက

'' ဘာလုပ်မလို့လဲပန်းနုရဲ၊ နင်တို့အိမ်မှာ ရေမရှိလို့လား၊ နင်တို့အိမ်က အုတ်ကန်ကြီးရှိတယ်ဆိုတော့ ရေမရှိတာ မဖြစ်နိုင်ဘူး ''

ဟုရေရွတ်လေ၏။ ပန်းနုက ခေါင်းခါ၍

'' ရေမရှိလို့မဟုတ်ပါဘူး၊ ဒီနေ့ညအိမ်မှာ မုန့်ဆန်းလုပ်ချင် လို့ နင်လယ်ထဲမှာရိတ်ပေးပါနော်၊ မုန့်ဆန်းစားပြီးရင် ပန်းဖွက်တမ်း ကစားကြမယ်၊ မုန့်ဆန်းထောင်းဖို့ နင်လဲလာခဲ့နော်၊ ပြီးရင် နင်လဲ ပန်းဖွက်တမ်းဝင်ကစားပေါ့ ''

ဟုပြောလေ၏။ မိုးသီးက ခေါင်းခါ၍

'' မုန့်ဆန်းထောင်းတာကတော့ ရပါတယ်ပန်းနုရယ်၊ ဒါပေမဲ့ ငါက မှန်းမဖွက်တတ်ပါဘူး ''

ဟုပြောလေရာ ပန်းနု၏အဖေ၀် ဖွေးတုတ်က

'' အမယ်၊ နင်ကဘာလို့ပန်းမဖွက်တတ်ရမှာလဲ၊ ဘုန်းကြီးကျောင်းသားပညာတတ်ကြီးလုပ်နေပြီးတော့ ''





ဟုဝင်ရောက်ပြောဆိုလေ၏။ ပန်းနုက ချစ်စဖွယ်နှုတ်ခမ်းစူ၍

'' မရဘူး ညကျရင် နင်နဲ့ငါပန်းဖွက်တမ်းကစားကို ကစားမယ်၊ ပညာတွေလျှိုထားလို့ဘယ်ရမလဲ ''

ဟုပြောလိုက်ရာ မိုးသီးသည် ပန်းနုကို စကားမတုံ့ပြန်တော့ဘဲ

'' ညနေကျရင် လယ်ထဲဆင်းပြီး စပါးရိတ်မယ်၊ ညရောက် ရင် ငါလာခဲ့မယ် ''

ဟုပြောကာ ရေထမ်းသောအလုပ်ကို ဆက်လက်လုပ်ကိုင်နေလေတော့၏။ ရေထမ်းပြီးသောအခါ အရိုးမြ၏နွားလှည်းဝင်ရိုးကို သွားရောက်ပြုပြင်ပေးသေး၏။

သူသည် အရိုးမြအိမ်မှာပင် နေ့လယ်စာကို စားသောက်ပြီး ညနေစောင်းသောအခါ တံစဉ်ကို ခါးကြားထိုး၍ လယ်ထဲသို့ဆင်းခဲ့လေ၏။ တောရွာများတွင် သရေစာ ရှားပါးလှဖြင့် မုန့်ဆန်းကို ကောင်းမွန်သော သရေစာအဖြစ် စားသောက်ကြရ၏။ မုန့်ဆန်း လုပ်သောစပါးမှာ ကောက်ညှင်းစပါးနနုပင်ဖြစ်၏။ ထိုစပါးကို လယ်ထဲမှ ရိတ်လာပြီး နင်းခြွေရ၏။ နင်းခြွေပြီးသောအခါ စပါးနုများကို အိုးထဲတွင်ထည့်၍ ကျက်ယုံမျှလှော်ရ၏။ ပြီးနောက်မောင်းဆုံတွင် ထည့်၍ထောင်းရ၏။ ထောင်းပြီးသောအခါ မုန့်ဆန်းဖြစ်အောင် ပြုလုပ်ရ၏။ မိုးသီးသည် ညဦးပိုင်းသို့ရောက်သောအခါ ကောက်ညှင်းအိတ်ကြီးကိုထမ်း၍ ပန်းနုတို့အိမ်သို့ လာခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏အိမ်သည် ရွာတောင်ပိုင်းတွင်ရှိသော နှစ်ထပ်မျဉ်ထောင် အိမ်ကြီးဖြစ်၏။

သူမတို့၏အိမ်ဝင်းထဲတွင် မီးရှူးတိုင်ကြီးနှစ်တိုင်ကို ထွန်းညှိ ထားသဖြင့် ခြံတစ်ခုလုံးလင်းထိန်နေလေ၏။

မီးရှူးတိုင်ကို ဝါးလုံးခေါင်းထိပ်များတွင် လွှစာ၊ သစ်ပွဆွေး သစ်ရွက်ခြောက်တို့ထည့်၍ ကညင်ဆီဖြင့် ထွန်းညှိထားခြင်းဖြစ်၏။ အချို့အရပ်များတွင် အမဲဆီ၊ ဝက်ဆီ၊ ရေနံ စသည့်ဆီများ ထည့်၍ ထွန်းညှိလေ့ရှိ၏။

မီးရှူးတိုင်သည် အညှော်နံ့ထွက်သောကြောင့် အိမ်ထဲတွင် ထွန်းလေ့မရှိကြပေ။

အိမ်ဝင်းထဲတွင် ပန်းနုနှင့်အပျိုတစ်သိုက် ရောက်ရှိနေနှင့် ကြပြီး ပန်းနုက

" နင်နောက်ကျတယ်မိုးသီး၊ မုန့်ဆန်းလုပ်တာနဲ့ ပန်းပွက် ဖို့တောင် အချိန်ရပါ့မလားမသိဘူး "

ဟုပြစ်တင်လေ၏။ မိုးသီးက

" ငါ့ဘာသာတစ်ယောက်တည်း မုန့်ဆန်းလုပ်ပါ့မယ်၊ နင်တို့ ပန်းပွက်ရင် သွားပွက်ကြ "

ဟုပြောလေ၏။ ထိုအခါ ပန်းနုက

" အမယ် ဒါဆိုရင်တော့ ငါတို့ဘယ်တရားပါ့မလဲ၊ နင့်ကို ဝိုင်းကူလုပ်ပေးရမှာပေါ့၊ တကယ်ဆိုရင် မုန့်ဆန်းလုပ်တယ်ဆိုတာ





ငါတို့မိန်းမတွေအလုပ်ပဲ၊ ကဲ... ပြောနေကြတယ်၊ အိမ်နောက်မှာ သွားလှော်ကြမယ် "

ဟုပြောလေ၏။ ထို့နောက် မိုးသီးအသင့်နင်းခြွေယူလာသော စပါးများကို မိန်းမပျိုများက မြေအိုးတစ်လုံးထဲတွင် ထည့်၍ ကျက်ရုံမျှ လှော်ကြ၏။ လှော်ပြီးသောစပါးများကို မောင်းဆုံထဲသို့ထည့်၍ ထောင်း ရ၏။ မောင်းဆုံမှာ ရေတ်ဆုံနှင့်ဆင်တူ၏။

ထိုအခိုက်မှာပင် ရွာ၏မြောက်ပိုင်းမှ မုန့်ဆန်းထောင်းသံ တဝုံ ဝုံထွက်ပေါ်လာသဖြင့် ငွက်ထော်ဆိုသောမိန်းမပျိုက

" ဟယ်... ခင်လှတို့အိမ်မှာလဲ ထောင်းနေပြီတော့ "

ဟု ဝမ်းသာအားရ အော်ဟစ်လိုက်လေ၏။

ရှေးအခါက တောရွာများတွင် ကာလသား ကာလသမီးများ မုန့်ဆန်းထောင်းရသည်မှာ ပျော်စရာကောင်းသော ဓလေ့တစ်ခုဖြစ်၏။

လသာဝသောညများတွင် ရွာ၏နေရာအနှံ့မှ တဝုံဝုံအသံ ထွက်ပေါ်နေလျှင် မုန့်ဆန်းထောင်းနေပြီဟု သိကြ၏။

ကာလသားတို့သည် နှစ်သက်ဖွယ်ကောင်းသော မုန့်ဆန်း ထောင်းသံကို ပိုမို၍ကျယ်လောင်စေရန် လက်ဆုံအောက်တွင် အုန်း မှုတ်ခွက်ခံ ပေးထားကြ၏။

မိုးသီးနှင့် ပန်းနုတို့ တစ်ယောက်တစ်လှည့်စီ ထောင်းပြီး သော စပါးခွံများကို ကျန်သော မိန်းမပျိုများက ပြာများထုတ်ပစ်ကြ၏။ ပြီး နောက် ရေစွေးအနည်းငယ်ဖြန်း၍ နယ်ရ၏။ မုန့်ဆန်းထဲသို့ သကြား



www.burmeseclassic.com

www.burmeseclassic.com



ကိုထည့်၍ နှစ်သက်သလိုပြုပြင်လေ့ရှိ၏။ ခြစ်ထားသော အုန်းသီးခဲကို မုန့်ဆန်း၏အပေါ်ကို ဖြူးပြီးသောအခါ စားသုံးရန် အသင့်ဖြစ်နေလေပြီ။

ထိုအခိုက်မှာပင် အနီးသို့ အေးလှရောက်လာပြီး

" ဟဲ့ကောင်မတွေ မပြီးသေးဘူးလား။ ဝဲလင်းဆောင်မှာ လူဦးတို့ မြဖေတို့ရောက်နေပြီ၊ သွားညှော်ခံကြဦး "

ဟုဆိုသဖြင့် ဖွေးတုတ်က ထိုင်ရာမှထ၍

" အမယ် သူတို့က ကူညီပေးဖော်တော့မရဘူး၊ စားချိန်မှ ရောက်လာတယ် "

ဟု ပြောလေတော့၏။ ထို့နောက် ဖွေးတုတ်နှင့် အပျိုနှစ်ယောက်သည် ဝဲလင်းဆောင်သို့ ကာလသားများကို ကြိုဆိုရန် ထွက်သွားလေတော့၏။

ဝဲလင်းဆောင်သည် အိမ်၏ခြေရင်းပိုင်းတွင် သီးခြားထုတ်ထားပြီး အချို့အိမ်များတွင် ဝဲလင်းဆောင်ကို သီးခြားအဆောင်ငယ်တစ်ခု ဆောက်ထားလေ့ရှိ၏။

ဝဲလင်းဆောင်တွင် တောရွာနေအပျိုများစုပေါင်း၍ ညအချိန်တွင် ဝါဖန်ခြင်း၊ ဝါကြိတ်ခြင်း၊ ဇိုင်းငင်ခြင်းတို့ကို ပြုလုပ်လေ့ရှိ၏။ ဝဲလင်းဆောင်သို့ အိမ်ထောင်ရှင် မိန်းမများနှင့် အရွယ်မရောက် သေးသူများ လာလေ့မရှိဘဲ အပျိုများသာ လာလေ့ရှိ၏။

ဝဲလင်းဆောင်တွင် ညဘက်အလုပ်လုပ်သော မိန်းမပျိုများ သည် သနပ်ခါး၊ ကျောက်ပြင်၊ ဆေးတောင်းနှင့် ရေအိုးတို့ကို အသင့်





ပြုလုပ်ထားလေ့ရှိ၏။

ရွာရှိကာလသားတို့သည် ဝဲလင်းဆောင်သို့လာ၍ စကားပြောဆိုကြ၏။ မပြီးဆုံးသေးသော နှလုံးသားရေးရာများကို အဖြေရှာကြ၏။ ထို့ကြောင့် ဝဲလင်းဆောင်သည် ညအချိန် ကာလသား ကာလသမီးတို့ဆုံဆည်းရာဖြစ်၏။

ကာလသားတို့သည် ရပ်ရွာအတွင်း မည်သူ၏သမီး ဝဲလင်းဆောင်ဆင်းပြီဆိုသည့်သတင်းကို နားစွင့်ထားကြ၏။

ဝဲလင်းဆောင်သို့ သုံးယောက်ဆင်းသည်ဆိုလျှင် ဤအိမ်တွင် အပျိုသုံးယောက်ရှိပြီဟု သိရ၏။

ပန်းနုသည် မိုးသီး၏အနီးတွင်ကူ၍ အုန်းသီးများကို ခြစ်ပေးနေလေရာ မိုးသီးက

" နင်ကပန်းဖွက်မယ်ဆို၊ ညှော်သည်တွေကို သွားညှော်ခံဦးလေ "

ဟု နင်လွှတ်လိုက်ရာ ပန်းနုကရင်ဘတ်ကို လက်ဖြင့်ဖိ၍

" ဟယ်တော်... ပန်းတောင်းကို မေ့နေတယ်၊ ညနေက ပန်းတောင်းကို ခြံနောက်မှာထားခဲ့တာ သွားယူဦးမှ၊ မိုးသီး နင် ငါနဲ့ အဖော်လိုက်ခဲ့ပါဟယ်၊ ခြံနောက်မှာ မှောင်မည်းနေတယ် "

ဟု ညည်းညူလေ၏။ ဝဲလင်းဆောင်တွင် ပန်းဖွက်မည့် မိန်းမပျိုများက ငှက်ပျောရွက်ဖြင့် ခွေဝန်းထားသော ပန်းများကို တောင်းဖြင့်အသင့် ထည့်ထားရ၏။

ပန်းဖွက်မည့်နေရာသို့ လာမည့် ကာလသားသည်ခါးပိုက်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ပန်းများကိုထည့်၍ ဝလင်းဆောင်သို့လာကြ၏။

ပန်းဖွက်သည်ဆိုသည်မှာ စကားထာဖွက်ခြင်းကို ဆိုခြင်း ဖြစ်၏၊

တောရွာရှိ ကာလသား ကာလသမီးတို့သည် ပန်းဖွက်ရင်း တစ်ဦးနှင့်တစ်ဦး ရင်းနှီးမှုရရန် ကြိုးစားကြ၏။

ထိကပါးရိကပါးပြောဆိုကြ၏။ တစ်ဦး၏ဉာဏ်ရည် ဉာဏ်သွေးနှင့် စိတ်ဓာတ်ကို အကဲခတ်ကြ၏။

ပန်းဖွက်သောအခါ ကာလသားများက ခါးပိုက်ထဲတွင်ဆောင်လာသော ပန်းများကို ရှေ့တွင်စုပုံရ၏။

ပန်းဖွက်ရာတွင် အိမ်ရှင်ကို ဦးစားပေးရသည့် ထုံးစံရှိ၍ အိမ်ရှင်ကစတင်၍ ပန်းဖွက်ကြ၏။

ပန်းဖွက်သောဓလေ့သည် ပျော်စရာလည်းကောင်း၊ ရင်ခုန်စရာလည်းကောင်း၊ ကြည်နူးစရာလည်းကောင်းသော ချစ်စဖွယ်ဓလေ့ဖြစ်၏။

ပန်းဖွက်မည့် မိန်းကလေးသည် မေးမြန်းရမည့် စကားထာများနှင့် ပတ်သက်၍ အိမ်ရှိ ပန်းဖွက်ဖူးသော အစ်မများအဒေါ်များထံတွင် ကောင်းစွာသင်ကြားထားရ၏။ ပန်းဖွက်မည်နေရာသို့လာ သော ကာလသားကလည်း အစ်ကိုကြီးများ၊ ဦးလေးများထံတွင် သေချာစွာသင်ကြားပြီးဖြစ်၏။

မိန်းမပျိုဖွက်သောစကားထာကို မှန်အောင်ဖြေနိုင်လျှင် မိန်းမပျိုက လူပျိုကာလသားအား ပန်းတောင်းထဲရှိ ပန်းကိုပေးရ၏။ လူပျို





ကာလသားက မဖြေနိုင်လျှင်

'' ပန်းပေးပါဦးချာ ''

ဟု ဆိုပြီး ခါးပိုက်ထဲရှိ ပန်းများကို ပေးရ၏။

တောရွာဓလေ့ ကာလသား ကာလသမီးတို့ဖွက်သော စကားထာများတွင် ရင်ခုန်ကြည်နူးဖွယ် နှလုံးသားရေးရာများ ပါလေ့ရှိသဖြင့် ပန်းဖွက်သော အချိန်သည် ရင်ခုန်ဖွယ်အတိဖြစ်၏။

ပန်းနုသည် မိုးသီး၏ပုခုံးကိုဖက်၍

'' ဟဲ့... မိုးသီး ဘာငိုင်နေတာလဲ၊ ပန်းတောင်းသွားယူဖို့ လိုက်ခဲ့ပါဆို ''

ဟုပြောလေ၏။ မိုးသီးက

'' အေးပါဟယ်၊ လိုက်ခဲ့ပါမယ် ''

ဟုပြောရင်း ပန်းနု၏အနောက်မှ လိုက်ခဲ့လေ၏။

နှစ်ဦးသား ပန်းနုတို့အိမ်ကိုပတ်ပြီး အမှောင်ထဲတွင် တဖြည်းဖြည်း လျှောက်ခဲ့၏။

အိမ်နောက်ဘက်သို့မရောက်မီ ပန်းနုသည် အမေ့ဟုအော်တစ်၍ လဲကျမည့်ဟန်ဖြစ်လေရာ မိုးသီးက သူမ၏လက်မောင်းကို လှမ်းဆွဲလိုက်ရ၏။ သို့သော် အရှိန်လွန်၍ ပန်းနုက သူ့ရင်ခွင်ထဲသို့ ရောက်လာ၏။

အကာလညအခါလည်းဖြစ်၊ အပျိုနှင့်လူပျိုလည်းဖြစ်သဖြင့် တွေးအိသော အထိအတွေ့ကြောင့် မိုးသီးသည် ရင်ထဲတွင် လှိုက်ဖို



www.burmeseclassic.com

www.burmeseclassic.com



သွားလေ၏။ ပန်းနုက ရင်ခွင်ထဲမှ ရုန်းထွက်၍ လေသံတီးတိုးဖြင့်

“ ကံကောင်းလို့ ချော်လဲတော့မလို့ ”

ဟု ပြောလေ၏။ မိုးသီးတို့သည် တစ်ဦးလက်ကိုတစ်ဦးကိုင်၍ ပန်းတောင်းရှိရာသို့ တရွေ့ရွေ့လှမ်းသွားကြ၏။ ခြံနောက်တွင် ပန်းတောင်းကိုတွေ့သောအခါ တစ်ယောက်တစ်ဖက်ဆွဲ၍ ယူလာခဲ့၏။

အချစ်စိတ်၏ဆွဲဆောင်အားကြောင့်လားမသိ ပန်းတောင်းကို သွားယူဖြစ်သော တိုတောင်းလှသော အချိန်ကလေးပင်လျှင် မိုးသီးအတွက် ပျော်ရွှင်ဖွယ်အတိဖြစ်နေ၏။

မီးရောင်ရှိရာသို့ ပြန်ရောက်သောအခါ ပန်းနုသည် ယခင်ကထက် ပိုလှနေသယောင်ထင်မြင်မိ၏။ ထိုအခိုက်မှာပင် အနီးသို့ မိန်းမပျိုများရောက်လာပြီး

“ ဟဲ့... ပန်းနုလာတော့လေ၊ ဝဲလင်းဆောင်မှာ တင်ဖေတို့ ကာလသားတွေရောက်နေတယ်၊ နင့်ကိုမျှော်နေကြတယ် ”

ဟုပြောလေရာ ပန်းနုက နှာခေါင်းရှုံ့၍

“ ခက်တော့တာပဲ၊ တင်ဖေတို့လူစုနဲ့ငါက ပန်းမဖွက်ချင် ဘူးဟဲ့၊ တင်ဖေက နောက်ပိုးသန်လွန်းလို့ စိတ်ညစ်တယ် ”

ဟုပြောလေရာ ဂျမ်းဘုံဆိုသော အပျိုချောက

“ ဟဲ့... နင့်အိမ်မှာပန်းဖွက်တာ ဝဲလင်းဆောင်ကို နင်မလာလို့ဖြစ်ပါ့မလားကောင်မရဲ့၊ ဘာလဲ နင်က ကွမ်းတောင်ကိုင်ဆိုပြီး ဘဝင်မြင့်ချင်တာလား ”





ဟု စကားနာထိုးလေရာ ပန်းနုလည်း မပြောင်းဆန်တော့ဘဲ မျက်နှာမသာမယာနှင့် ထိုင်ရာမှထ၍

“ လာ... မိုးသီး သွားရအောင် ”

ဟုပြောလေ၏။ မိုးသီးက သက်ပြင်းချ၍

“ ငါ ပန်းမဖွက်ချင်ဘူး၊ နင်တို့ပဲ ဖွက်ကြပါ၊ ငါပြန်တော့မယ် ”

ဟုပြောလေရာ ပန်းနုက နှုတ်ခမ်းစူ၍

“ နင်ကလည်းတမျော့်၊ ဘာလဲ နင်က ငါနဲ့ပန်းမဖွက်ချင် တာ ပညာချင်းမတူမတန်ဘူး ထင်လို့လား ”

ဟုပြောလေ၏။ မိုးသီးက ခေါင်းခါ၍

“ မဟုတ်ပါဘူး ပန်းနုရယ်၊ ငါဘဝင်မမြင့်တတ်ဘူးဆိုတာ နင် သိပါတယ်၊ ငါပန်းမဖွက်ချင်တာ အကြောင်းရှိလို့ပါ ”

ဟု ငြင်းဆန်နေပြန်၏။ ပန်းနုက မျက်မှောင်ကြုတ်၍

“ ဘာအကြောင်းရှိလို့လဲဟဲ့၊ ငါ့အိမ်မှာ ပန်းဖွက်တာနင် ဘယ်သူကို ဂရုစိုက်ရမှာလဲ ”

ဟု မေးမြန်းလေ၏။ မိုးသီးက သက်ပြင်းချ၍

“ ငါက တစ်ရွာလုံးရဲ့အနိုင်းခံ၊ ဆင်းရဲသားကျောမွဲတစ်ယောက်၊ ဒီလိုလူမျိုးက ကြေးရေတက်ရှုဘွေးသား တင်ဖေတို့လူစုနဲ့ ယှဉ်ပြီး ပန်းဖွက်ဖို့ ဘယ်သင့်တော်ပါ့မလဲ၊ နင့်အစ်ကို တင်မောင်ကရော နင်နဲ့ငါ ပန်းဖွက်တာမြင်ရင် သဘောကျပါ့မလား၊ ဒူးနှောသာမူး တော်နေရာတော်နေရာယ်ဆိုတာ ဒီလိုအခါမျိုးကို ဆိုတယ်ထင်ပါရဲ့ ”



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ ပန်းနုက လက်ခံဟန်မရှိဘဲ ခေါင်းခါ၍

" နင်ဟာလေ၊ မဆိုင်တာကို တွေးပြီးပူနေတယ်၊ ပန်းဖွက်တဲ့နေရာကို ကာလသားတိုင်း လာခွင့်ရှိတာပဲ၊ နင့်ကိုလဲ ဖိုက ခေါ်ထားတာပဲ၊ နင် ဘယ်သူ့မှ ဂရုစိုက်စရာမလိုဘူး၊ နင်မလိုက်ရင်တော့ ဒါ ဒီညပန်းမဖွက်တော့ဘူး "

ဟုပြောလေ၏။ မိုးသီးသည် ပန်းနု၏ ဇွတ်တရွတ်နိုင်သောအမူအရာကြောင့် စကားတုန့်ပြန်ရန် ခက်နေလေ၏။

ထိုအခါ အနီးရှိ အမျိုးဖော်များကလည်း

" လိုက်ခဲ့ပါ မိုးသီးရယ်၊ မစိုးရိမ်ပါနဲ့၊ နင်ကလဲ ကာလသားတစ်ယောက်ပဲ၊ ဝလင်းဆောင်ကို လာခွင့်ရှိပါတယ်၊ ဒါတို့အားလုံးက ဖိတ်ခေါ်နေတာပဲ "

ဟု ဝိုင်းဝန်းခေါ်ဆောင်ကြသဖြင့် မိုးသီးလည်း စိတ်လက်မကြည်မသာဖြင့် လိုက်ခဲ့လေ၏။

လယ်ပိုင်ရှင်သားတင်ဖေသည် ပန်းနုကို အသေရရ အရှင်ရရ ပိုးပန်းနေသူဖြစ်၏။

တင်ဖေသည် မိဘများက လယ်ကေများစွာပိုင်သဖြင့် သူ့ အားကပ်ဖားရပ်ဖားလုပ်လိုသူများ ဝိုင်းဝိုင်းလည်နေပြီး အပျော်အပါးနှင့်သာ အချိန်ကုန်နေသူဖြစ်၏။

ဝလင်းဆောင်ရှေ့တွင် လယ်ပိုင်ရှင်သားတင်ဖေ၏ နွားဖြူနှစ်ကောင်တွဲသည့် နွားလှည်းကိုမြင်ရ၏။ ရွာတောင်ပိုင်းနှင့် မြောက်





ပိုင်းဖြစ်သော်လည်း ဝိုက်ထုတ်လိုသောတင်ဖေသည် သူ၏ ကိုယ်ပိုင်နွားလှည်းပေါ်တွင် တပည့်တပန်းများကို ခေါ်ဆောင်လာခြင်းဖြစ်၏။

ယနေ့ည ဝလင်းဆောင်တွင် တင်ဖေနှင့် အပေါင်းအပေါင်းများရှိလျှင် ပျော်စရာကောင်းမည်မထင်ပေ။

အခြားသော ကာလသားများသည် ပြဿနာရှာတက်သောတင်ဖေတို့လူစုကို ရှောင်ချင်သောကြောင့် ရွာတောင်ပိုင်းရှိ မုန့်ဆန်းလုပ်သော အပျိုများ၏အိမ်သို့ လှည့်လည်နေမည်ထင်၏။

ပန်းနုတို့ အိမ်ဝင်းကြီးသည် ကျယ်ဝင်းသောကြောင့် ဝလင်းဆောင်ကို သီးသန့်အဆောင်ထုတ်ထား၏။ ဝလင်းဆောင်ထဲတွင် အောက်လင်းမီးကြီးနှစ်လုံးဖြင့် လင်းထိန်နေ၏။

ဝလင်းဆောင်ပေါ်သို့ မိန်းမပျိုများက အရင်တက်ပြီး လှေကားဝတွင် ငူငူငိုင်ငိုင်ကြီးရပ်နေသော မိုးသီးအားပန်းနုက

" တက်လေ မိုးသီး "

ဟုတိုးတိုးပြောလေ၏။

မိုးသီးသည် အဆောင်ပေါ်သို့တက်ရင်း လယ်ပိုင်ရှင်သားတင်ဖေတို့လူစုကို လှမ်းကြည့်လိုက်၏။ တင်ဖေက မိုးသီးကိုမြင်သောအခါ မျက်နှာမည်းနေဖြစ်သွားပြီး

" မင်းရောက်နေတာကိုး နိုင်းစရာရှိတာနဲ့ အတော်ပဲကွာ "

ဟုပြောလေရာ မိုးသီးက တင်ဖေကို စကားမတုံ့ပြန်ဘဲ ငြိမ်ခံနေလိုက်လေ၏။ တင်ဖေက



www.burmeseclassic.com

www.burmeseclassic.com



" အပြင်မှာရပ်ထားတဲ့ ငါ့ရဲ့လှည်းယဉ်က ထမ်းပိုးကျင်း [illegible]ဘူး၊ ဒါကြောင့် သစ်သားရှာပြီး ထမ်းပိုးကျင်း တစ်ခု လုပ်စေကွာ "

ဟု ခိုင်းစေလေ၏။ ထမ်းပိုးကျင်းသည် ထမ်းပိုးပေါက်တွင် စိုက်သော သစ်သားချောင်းဖြစ်၏။ ထိုသစ်သားချောင်းကို ဓားဖြင့် ကွင်း၍ ထမ်းပိုးကျင်းအဖြစ် အသုံးပြုကြ၏။ ထိုအခါ မန်းနုက တင်ဖေ ကိုကြည့်၍

" တင်ဖေ၊ မိုးသီးကို နင် ခိုင်းစရာရှိရင် မနက်ဖြန်မှ ခိုင်းဟယ်၊ မိုးသီးနဲ့ငါ ပန်းဖွက်မလို့ "

ဟုပြောရလေရာ တင်ဖေက မိုးသီးကို မနာလိုဝန်တိုဟန်ဖြင့် ကြည့်၍

" ပန်းနု၊ နင်က မိုးသီးလိုကောင်နဲ့များ မန်းဖွက်မလို့ ဟုတ်လား၊ ကိုယ့်အဆင့်နဲ့ကိုယ် နေစမ်းပါဟာ၊ ငါက နင်နဲ့ပန်းဖွက်မလို့ ရောက်လာတာဟ၊ ဟောကောင် မိုးသီး မင်းကလဲ မတူမတန်ကွာ၊ ပန်းဖွက်တဲ့အလုပ်က မင်းလိုကောင်မျိုးနဲ့ ဘာဆိုင်လို့လဲ "

ဟု ခပ်နိမ့်နိမ့်ဆိုလိုက်ရာ မန်းနုက တင်ဖေကိုမကျေမနပ် ကြည့်၍

" ဒီမှာ တင်ဖေ၊ နင်မိုးသီးကို နှိမ်စရာမလိုဘူး၊ မိုးသီးလဲ နင့်လိုကာလသားပဲ၊ ဝလင်းဆောင်ကို လာခွင့်ရှိတယ်၊ သူ့ဒီကိုလာဖို့ ငါကိုယ်တိုင်ခေါ်လာတာ "

ဟုပြောလေရာ တင်ဖေ၏မျက်နှာရှုံ့မဲ့သွားပြီး

" ဒီမှာ ပန်းနု၊ နင်က ငါနဲ့ပန်းမဖွက်တဲ့ မိုးသီးနဲ့ ဖွက်မလို





လား

ဟု မေးမြန်းလေ၏။ မန်းနုက ခေါင်းညိတ်၍

" ဟုတ်တယ်၊ ဒီနေ့ည မိုးသီးနဲ့ငါ ပန်းဖွက်ဖို့ စီစဉ်ထားပြီးသား၊ လာမိုးသီး၊ ငါတို့ ပန်းဖွက်ကြမယ် "

ဟုပြောလေရာ တင်ဖေသည် လွန်စွာမခံချိမခံသာဖြစ်သွားလေ၏။ ပန်းနုသည် ဗုင်းကဲ့သို့ လယ်ပိုင်ရှင်သူဌေးသားတစ်ဦး၏ ကမ်းလှမ်းမှုကိုငြင်းဆန်၍ မိုးသီးကဲ့သို့ တစ်ရွာလုံး၏ ခိုင်းဖက် နွားပြားတစ်ဦးကို လက်သင့်ခံ၏။

ထို့အပြင် မိုးသီးသည် သူ၏မိဘများ၏ ကျေးဇူးမကင်းသူဖြစ်၏။ မိုးသီးက မကျေမနပ်ဖြစ်နေသော တင်ဖေဘက်သို့လှည့်၍

" ခဏနေရင် ထမ်းပိုးကျင်းလုပ်ပေးပါ့မယ်၊ မြဝင်းထဲမှာသစ်တွေရှိတယ်၊ လုပ်ရင်မကြာပါဘူး "

ဟုပြောရင်း ပန်းနုအရှေ့တွင် တင်ဖျဉ်ခွေထိုင်လိုက်၏။ ပန်းနုက မျက်မှောင်ကြုတ်၍

" ငါ ဖွက်ဖို့လာတဲ့သူကလဲ ပန်းတစ်ပွင့်မှမပါလာဘူး "

ဟု အပြစ်တင်လေ၏။ ထို့နောက် သူမက်ပင် ဆက်လက်၍

" အင်းလေ ရပါတယ်၊ အကြွေးမှတ်ထားရမှာပေါ့ "

ဟုပြောရင်း ပန်းဖွက်ရန် မျက်မှောင်ကြုတ်၍ စဉ်းစားလေ၏။ ထိုအခါ လယ်ပိုင်ရှင်သားတင်ဖေနှင့် လိုက်ပါလာသော တပည့်ပန်းများကလည်း ပန်းနု၏အဖော် မိန်းမပျိုများထဲတွင် ပန်းဖွက်ရန်ပြင်



www.burmeseclassic.com

ဆင်သေ၏ တင်အတစ်ယောက်သာ အခန်းထောင့်တွင် မှုန်ကုတ်ကုတ် ထိုင်နေလေ၏။

ပန်းနုက မိုးသီးကို ပြုံးစနွင့်ကြည့်၍

" ပန်းဖွက်တော့မယ်နော်၊ သေသေချာချာနားထောင် "

ဟုဆိုကာ မျက်မှောင်ကြုတ်၍ စဉ်းစားလေ၏။ ပြီးနောက်

" မစိုက်ဘဲနဲ့ ပွင့်တယ် "

ဟု မေးလေရာ မိုးသီးက

" ကောင်းကင်ကကြယ် "

ဟု ဖြေလိုက်ရာ ပန်းနုက

" သိပ်တော်တယ် "

ဟု ချီးမွမ်းပြီး ပန်းအချို့ကို မိုးသီးရှေ့တွင် ပုံပေးလေ၏။

ထို့နောက်

" မတီးဘဲမြည် "

ဟု မေးမြန်းလိုက်ရာ မိုးသီးက

" မိုးခြိမ်းသံ "

ဟု ချက်ချင်းဖြေလိုက်ပြန်၏။ ပန်းနုက မှန်ကြောင်းချီးကျူး၍ ပန်းများပေးပြန်၏။ ပန်းနုက

" ကျွန်းတုံးကြောင်လျှောက် "

ဟု မေးပြန်ရာ မိုးသီးက

" လွှမ်းတုန်းမောင်ရောက် "





ဟု ဖြေပြန်၏။ ပန်းနုက

" ကွမ်းရွက်နဲ့ဆေး "

ဟု မေးပြန်ရာ မိုးသီးက

" လွမ်းလျက်နဲ့သွား "

ဟု ဖြေပြန်၏။ ပန်းနုက

" စပယ်ဖြူပြန် "

ဟု ဆိုပြန်လျှင် မိုးသီးက

" အရွယ်တူကြ "

ဟု ဖြေပြန်၏။ ပန်းနုက

" စပယ်ပန်းတစ်ခက် နှစ်ခက် "

ဟုဆိုပြန်လျှင် မိုးသီးက

" မပြယ်တမ်းတစ်သက်နှစ်သက် "

ဟု ဖြေပြန်၏။ ပန်းနုက မိုးသီးကို မှန်ကန်ကြောင်းချီးမွမ်း၍ [illegible]များတစ်ပုံပြီးတစ်ပုံ ပေးလေ၏။

လယ်ပိုင်ရှင်သား တင်ဖေသည် မိုးသီးနှင့် ပန်းနု၏ ပန်းဖွက် [illegible]ကိုကြည့်၍ မျက်နှာမည်းသထက် မည်းလာပြီး မကျေမနပ်ဖြင့် တက် [illegible]လိုက်လေ၏။

လယ်ပိုင်ရှင်သားတစ်ယောက်သည် နှင်းပြားနှင့်ယှဉ်ပြီး အရေး [illegible]သည် ရှက်ဖွယ်လိလိဖြစ်၏။

ထိုအခိုက်မှာပင် ဝဲလင်းဆောင်အရှေ့သို့ ပန်းနု၏အင်္ကျီ

www.burmeseclassic.com



တင်မောင်ရောက်ရှိလာပြီး ပန်းနုနှင့် မိုးသီးပန်းဖွက်နေပုံကို မကျေမနပ် ကြည့်၍

" ပန်းနုကလဲဟာ တင်ဖေက နင်နဲ့ပန်းဖွက်ချင်လို့ တကူးတက နွားရှာည်းနဲ့တောင်လာရတာ၊ အားနာပါဦး။ မိုးသီးနဲ့ပန်းဖွက်တော့ နင် ဘာတိုးတက်မှာလဲ "

ဟုပြောလိုက်ရာ မိုးသီးသည် ကိုတင်မောင်က သူ့ညီမနှင့် ပန်း ဖွက်ခြင်းကို လိုလားမှုမရှိကြောင်း ရိပ်စားမိသွားလေ၏။

ထို့ကြောင့် သက်ပြင်းချလိုက်ပြီး

" ပန်းနု၊ တော်လောက်ပြီဟာ၊ ငါ လှည်းပြင်ပေးရဦးမယ် "

ဟု ပြောလေရာ ပန်းနုသည် ပန်းဖွက်၍ မဝသေးဟန်ဖြင့်

" ငါဖွက်တဲ့ပန်းတွေကို နင် အကုန်လုံးဖြေနိုင်တယ်၊ ငါ မကျေ နပ်သေးဘူး၊ ငါ နောက်ဆုံးတစ်ခုမေးဦးမယ်၊ နင်ဖြေနိုင်ရင် ဖြေဦး "

ဟုဆိုကာ မျက်မှောင်ကြုတ်၍ စဉ်းစားဟန်ပြု၍ မိုးသီးမျက် နှာကိုကြည့်ကာ

" ထားဝယ်ချောင်းမှာ ဒေါင်းတွေ့တယ် "

ဟု ဆိုလိုက်လေ၏။ မိုးသီးက သက်ပြင်းချ၍

" ယော်ကပေါင်းမို့ အောက်မေ့တယ် "

ဟု ဖြေလိုက်ပြန်ရာ ပန်းနုက ရယ်မော၍

" နင့်ကိုငါ နိုင်အောင် မဖွက်နိုင်တော့ဘူး၊ အရှုံးပေးပါပြီ မိုးသီး ရယ် "





ဟု ပြောလိုက်လေတော့၏။ ထိုအခါ မိုးသီးကထိုင်ရာမှထ၍

" ထန်းပိုးကျင်းသွားလုပ်ဦးမယ် "

ဟုပြောကာ အိမ်အောက်သို့ ဆင်းသွားလေ၏။ မိုးသီးသည် သစ်သားချောင်းတစ်ခုကို ရှာဖွေရင်း ဝဲလင်းဆောင်ပေါ်တွင် လယ်ပိုင်ရှင် သား တင်ဖေနှင့် စိတ်လက်မကြည်သာဘဲ ပန်းဖွက်နေသည့် ပန်းနု၏ အကြောင်းကို စဉ်းစားနေမိ၏။

ယနေ့ည ပန်းနုဖွက်သော စကားထာလေးများသည် ရင်ခုန်သံ ဖွယ်ရာ နှလုံးသားရေးရာများပါဝင်၏။

ထိုစကားထာလေးများကို တောရွာနေ ကာလသား ကာလ သမီးများ နှစ်သက်စွာ ဖွက်လေ့ရှိ၏။ မိုးသီးသည် ပန်းနု နောက်ဆုံး ဖွက်လိုက်သော စကားထာလေးကို တီးတိုးရေရွတ် ကြည့်၏။

" ထားဝယ်ချောင်းမှာ ဒေါင်းတွေ့တယ်၊ ယော်ကပေါင်းမို့ အောက်မေ့တယ်၊ ယော်ကပေါင်းမို့ အောက်မေ့တယ်ဆိုပါလား ပန်းနု ရယ် "

ထိုအချိန်မှာပင် ဝဲလင်းဆောင်ပေါ်မှ စကားများရန်ဖြစ်သော အသံကို ကြားရလေ၏။

ပန်းနု၏အသံဖြစ်၍ မိုးသီးသည် စိတ်လှုပ်ရှားစွာဖြင့် နား စွင့်နေမိ၏။

" တင်ဖေ ငါ့ လက်ကို မကိုင်နဲ့နော်၊ လွှတ်... လွှတ်စမ်း "

ဟု ပန်းနုက အော်ဟစ်လေရာ တင်ဖေက မကျေမနပ်ဖြင့်

www.burmeseclassic.com



" မလွှတ်ဘူး၊ နင်ငါနဲ့ ဖွက်တဲ့ပန်းတွေဟာ တစ်ခုမှမကောင်း ဘူး၊ ဘာမဟုတ်တဲ့ နှင်းဖြူးကောင်ကိုကျတော့ စပယ်ဖြူပန် အခွေ တူကြီးတွေ ဘာတွေ ဖွက်ပြီးတော့ ငါကျတော့ မကောင်းတဲ့ စကားထ တွေ လာဖွက်နေတယ်၊ ဒါ နင်ငါ့ကို စော်ကားတာ မဟုတ်လား "

ဟု ပြောလေရာ ပန်းနုက

" အို... ပန်းဖွက်တာပဲ၊ ငါ ဖွက်ချင်တာဖွက်မှာပေါ့၊ ငါ့လ ကို လွှတ်ဆိုလွှတ် "

ဟုပြောသံကြားရ၏။ ဝဲလင်းဆောင်ပေါ်တွင် ပန်းဖွက်နေ ကာလသားများမှာ တင်ဖေ၏ တပည့်တပန်းများဖြစ်သဖြင့် ထိုမြင်ကွ ကို ရယ်ကျဲကျဲကြည့်နေလေ၏။

ပန်းနု၏ အဖော် မိန်းကလေးများက

" ဟဲ့... တင်ဖေ ဒီလို မလုပ်နဲ့လေ၊ ပျော်ပျော်ပါးပါး က တဲ့ပွဲမှာ ရန်ပွဲဖြစ်အောင်မလုပ်ပါနဲ့ "

ဟု တားဆီးကြလေ၏။ မိုးသီးသည် ဝဲလင်းဆောင် လှေ ရင်းမှ ထိုမြင်ကွင်းကို ရပ်ကြည့်နေမိ၏။ တင်ဖေက ကျေနပ်ေ ဟန်မရှိဘဲ

" နင်တို့ သူငယ်ချင်းလုပ်ပုံကို ကြည့်ဦးလေ၊ ငါ့ကျ မကောင်းတဲ့စကားထာတွေကိုပဲ ဖွက်နေတယ်၊ ဒီကိစ္စကို ငါလုံးဝ မ နပ်ဘူး၊ ဒါဟာ ငါ့ကိုစော်ကားတာပဲ "

ဟု ပြောလေ၏။ လယ်ပိုင်ရှင်သားတင်ဖေသည် မိုးသီးနှင့်



ဖွက်သော ကာလသားကာလသမီးကြိုက် နှလုံးသားရေးရာစကားထာ များကို ဖွက်ချင်လှ၏။ သို့သော် ပန်းနု ဖွက်သော စကားထာများမှာ ရေလည်ခေါင်သောင်ထွန်း၊ နတ်သမီးနေတဲ့ကျွန်း၊ ချောင်းငယ်ကောက် ကောက် ရေလယ်နောက်၊ သူ့ကိုရိုက်တာ ခြာခြာလည် ကြိုးတိုဆွဲပြီး ငိုရှာတယ် စသည်ဖြင့် နှလုံးသားရေးရာမပါသော ရိုးစင်းသည့် စကား ပုံများဖြစ် နေလေ၏။

ပန်းနုသည် တင်ဖေ၏ စော်ကားမော်ကားအပြုအမူကို သည် မခံနိုင်တော့ဘဲ ဒေါသတကြီးဖြင့်

" တင်ဖေ၊ မလွှတ်ဘူးလား လွှတ်မလား "

ဟုဆိုကာ တင်ဖေ၏ပါးကို လက်ဝါးဖြင့်ရိုက်ရန် ရွယ်

ပန်းနုနှင့် တင်ဖေ၏အခြေအနေသည် အလွန်တင်းမာ၏ အခြေအနေသို့ ရောက်ရှိနေသဖြင့် မိုးသီးက ဝဲလင်းဆောင်ပေ တက်သွားပြီး

" ဒီလိုမလုပ်ပါနဲ့ ကိုတင်ဖေရယ်၊ ပျော်ပျော်ပါးပါး မုန့်ဆန်း စားတဲ့ကိစ္စမှာ အခုလိုဖြစ်ရင် ရွာထဲမှာ ကြားလို့တောင် မသင့်တော် ပါဘူး၊ ပန်းနုလက်ကို လွှတ်လိုက်ပါ "

ဟု တောင်းပန်လေ၏။ တင်ဖေသည် ပန်းနုအပေါ်ဖြစ်နေသော ဒေါသမြားဦးကို မိုးသီးဘက်သို့လှည့်လိုက်ပြီး ပန်းနုလက်ကို လွှတ်ကာ ထိုင်ရာမှ ဝုန်းခနဲထလေ၏။ ပြီးနောက် မိုးသီး၏ အကျႌကော်လံကို ဆောင့်ဆွဲလိုက်ပြီး

www.burmeseclassic.com



" နေပါဦး ခင်းက ဘာဆိုင်လို့ ဖါ့ကို ဆရာလာလုပ်တာလဲ၊ မင်းဘာကောင်လဲ၊ ငါ့ကို စမ်းတာလား "

ဟု ကြိမ်းဝါးလိုက်လေ၏။ တင်ဖေသည် လယ်ပိုင်ရှင်သား လည်းဖြစ်၊ သူ့၏မိဘများလက်ထက်က ထောက်ပံ့ထားသော ကျေးဇူးလည်းရှိသဖြင့် မိုးသီးက မတုံ့ပြန်ဘဲ လေသံအေးအေးဖြင့်

" ပန်းနု နာမည်ပျက်မှာစိုးလို့ ပြောနေတာပါ တိုတင်ဖေရယ်၊ ကျုပ်ကို တစ်မျိုးမမြင်ပါနဲ့ "

ဟုပြောဆိုလေ၏။ တင်ဖေသည် ကျေနပ်သေးဟန်မရှိဘဲ မနာလိုစိတ်နှင့် အနိုင်ယူလိုစိတ်က လွှမ်းမိုးနေပြီး မိုးသီး၏မေးရိုးအား လက်ဖြင့် ခွပ်ခနဲထိုးလိုက်ရာ မိုးသီးသည် ယိမ်းယိုင်သွားလေ၏။

ဝဲလင်းဆောင်ရှိ မိန်းမပျိုများ၏ အော်သံများ ဆူညံပွက်သွားလေ၏။ ပန်းနုက မိုးသီးရှေ့တွင် ကာဆီး၍

" တင်ဖေ နင် မတရားမလုပ်နဲ့ "

ဟု အော်ဟစ်လေ၏။ မိုးသီးသည် ရုတ်တရက်ထွက်ပေါ်လာသော ဒေါသစိတ်ကို မျိုသိပ်ထားလိုက်၏။

လယ်ပိုင်ရှင်သားသည် မိုးသီးရှေ့တွင် ကာဆီးကာဆီးလုပ်နေသော ပန်းနု၏ကိုကြည့်၍ မနာလိုစိတ် ပိုမိုဖြစ်ပေါ်လာပြီး ပန်းနုကို တွန်းဖယ်၍ မိုးသီးကို လက်သီးဖြင့် ထိုးလိုက်ပြန်၏။

မိုးသီး၏ နှုတ်ခမ်းတစည့်တစည့်ကိုထိ၍ နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျလာ၏။ တင်ဖေက တဟားဟားရယ်မော၍

" မှတ်ပြီလား၊ နင်းပြားကောင် ဖါ့ကိုလာမယှဉ်နဲ့၊ နာသွားမယ် "

ဟု ကြိုးဝါးလေ၏။

မိုးသီးသည် တင်ဖေနှင့်ပတ်သက်၍ တတ်နိုင်သမျှသည်းခံရန် ကြိုးစားသော်လည်း ယခုဖြစ်ရပ်သည် မနာလိုစိတ်ကြောင့် အနိုင်ကျင့်ခံရသော ကိစ္စဖြစ်သဖြင့် ခံပြင်းလွန်းကြောင့် တက်ခေါက်လိုက်မိလေ၏။

တင်ဖေသည် ပန်းနုရှေ့တွင် သူ၏အစွမ်းသတ္တိနှင့် အရှိန်အဝါကို ပြချင်သူဖြစ်၍ မိုးသီး၏တက်ခေါက်သံကိုကြားသောအခါ

" ခွေးမသား၊ ငါ့ကို တက်ခေါက်ဝံ့သလား "

ဟု ကြိုးဝါး၍ လက်သီးဖြင့် ပြေးထိုးလိုက်ပြန်၏။

ဝဲလင်းဆောင်တွင် ရန်ပွဲဖြစ်ပွားလျှင် အိမ်ရှင်မိန်းမပျို၏ ဓုဏ်သိက္ခာထိပါးတတ်၏။

တင်ဖေ၏မိဘများသည် သူ့မိဘများလက်ထက်က ကျေးဇူးရှိခဲ့ဖူး၏။ ယခု သူနေသောအိမ်ပင်လျှင် တင်ဖေတို့ ပိုင်သော အိမ်ဖြစ်၏။ ထိုအကြောင်းများကို ထောက်ရှု၍ သည်းခံနေသော်လည်း အကြိမ်ကြိမ်ကျူးလွန်သူကို သည်းမခံနိုင်တော့၍ အရှိန်နှင့်ပြေးထိုးသော တင်ဖေ၏လက်ကို ဖမ်းချုပ်၍ ဆတ်ခနဲလိမ်ချိုးလိုက်ရာ တင်ဖေသည် အား ခနဲအော်၍ မိုးသီးရှေ့တွင် ဒူးထောက်လျက် လဲကျသွားလေ၏။

ထိုအခါ တင်ဖေ၏တပည့်တပန်းများသည် ရုတ်ရုတ်သဲသဲ ဖြစ်သွားပြီး မိုးသီးအား တိုက်ခိုက်ရန် ရှေ့သို့တိုးကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးက တင်ဖေ၏လက်ကို လိမ်လျှက် ကျောကုန်းကိုခြေဖြင့်နင်းကာ

" တစ်ယောက်မှ ရှေ့မတိုးနဲ့၊ အားစိုက်ပြီးနင်းလိုက်ရင် မင်းတို့ဆရာ တဈာရှုး ခါးရိုးကျိုးသွားမယ် "

ဟု ကြိမ်းဝါးလိုက်လေရာ သူ၏ တပည့်တပန်းများသည် ရှေ့သို့ မတိုးဝံ့ဘဲ ရှိလေ၏။

ထိုအခိုက်မှာပင် ဝဲလင်းဆောင်မှ ဆူဆူညံညံအသံများ ကြောင့် ပန်းနု၏အစ်ကို ကိုတင်မောင် ရောက်ရှိလာပြီး မြင်ကွင်းကို ကြည့်၍ ပန်းနု၏အစ်ကိုက

" ဟေ့ကောင် မိုးသီး၊ ဟုတ် မင်း ဘာလုပ်တာလဲ၊ လွှတ်လိုက်စမ်း ဝဲလင်းဆောင်လာတဲ့သူကို ဒီလိုစော်ကားလွှတ်ရသလား၊ တင်ဖေတို့မိသားစုဟာ မင်းအပေါ်မှာ ဘယ်လောက်ကျေးဇူးရှိတယ်ဆိုတာ သိရဲ့လား "

ဟု ကြိမ်းမောင်းလိုက်ရာ မိုးသီးက

" ကိုတင်မောင် မသိဘဲနဲ့ မပြောပါနဲ့၊ အခုကိစ္စမှာ ဘယ် သူလွန်သလဲဆိုတာ ခင်ဗျားနှမကိုမေးကြည့်ပါ "

ဟု ပြောလိုက်လေ၏။ ပန်းနုက ဝင်၍

" ဟုတ်တယ်အစ်ကို၊ မိုးသီးပြောတာမှန်တယ်၊ တင်ဖေ တဈာရှုးဟာ ပန်းဖွက်ရင်း ကျွန်မလက်ကို အတင်းဆွဲတယ်၊ ဒါကြောင့် မိုးသီး ကဝင်ပြောရင်း အခုလိုရန်ပွဲဖြစ်ရတာပါ "





ဟု ရှင်းလင်းပြလေ၏။ ထိုအခါ ကိုတင်မောင်က မကျေမနပ်ဖြင့်

" ပန်းဖွက်တဲ့ကိစ္စဟာ နူးညံ့သိမ်မွေ့တဲ့ ရိုးရာယဉ်ကျေးမှုကွ၊ ရန်ဖြစ်တာ အင်မတန်ဆိုးတာပဲ၊ မင်းတို့ရန်ဖြစ်တဲ့အတွက် ဖဲ့ညီမလဲ သိက္ခာကျတယ်၊ ကဲ... မိုးသီး လွှတ်လိုက်စမ်းကွာ "

ဟု ဆိုသဖြင့် မိုးသီးက တင်ဖေကိုလွှတ်လိုက်လေ၏။ တင်ဖေသည် အတော်နှင့်မထနိုင်ဘဲ နာကျင်ဟန်ဖြင့် ညည်းညူနေခဖြင့် သူ၏တပည့်များ ဝိုင်းဝန်းကူပို့မှ ထနိုင်လေ၏။

တင်ဖေသည် မိုးသီးကို မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့်ကြည့်ကာ

" နင်းပြားကောင်၊ မင်ငါ ထမင်းဝဝစားထား၊ ငါ့အကြောင်း သိစေရမယ် "

ဟု ကြိမ်းမောင်းကာ ဝဲလင်းဆောင်မှ မကျေမနပ်ထွက်ခွာသွားလေ၏။

တင်ဖေတို့လူညီး အိမ်ဝိုင်းထဲမှ ထွက်သွားသောအခါ ပန်းနု ၏ အစ်ကို ကိုတင်မောင်က တစ်စခန်းထပြန်၏။

ကိုတင်မောင်သည် လယ်ပိုင်ရှင်သားတင်ဖေကို သူ၏ညီမ နှင့် နီးစပ်လိုသူဖြစ်၏။ ထို့ကြောင့် ပန်းနုဘက်သို့လှည့်၍

" ဟဲ့... ပန်းနု၊ နင်ကလဲ အနေအထိုင်မတတ်ဘူး၊ တင်ဖေ မကျေနပ်တာလဲ မပြောနဲ့လေ၊ ပန်းဖွက်ချင်လို့ တကူးတကလာတဲ့ သူကို အနောက်မှာထားပြီး မိုးသီးနဲ့ ပန်းဖွက်နေတယ်၊ ဒါဟာ သူ့သိက္ခာကို

www.burmeseclassic.com



စော်ကားသလို ဖြစ်သွားတာပေါ့ ''

ဟု ဆူပူကြိမ်းမောင်းလေရာ မိုးသီးသည် ကိုတင်မောင်၏ စကားကို နားထောင်၍ ရင်ထဲတွင် နာကျင်သွားလေ၏။

သူတစ်ပါးမကြည်ဖြူလောက်အောင် ဆင်းရဲနွမ်းပါးသော ဘဝကို မကျေမနပ်ဖြစ်သွားမိ၏။ ပန်းနုကမူ

'' အို... ကျွန်မဘာသာ ကျွန်မ ဖွက်ချင်တဲ့သူနဲ့ ဖွက်မှာပေါ့၊ မန်းဖွက်တာပဲ၊ သူနဲ့ပဲ ဖွက်ရမလား၊ မိုးသီးလဲ ကာလသားပဲ၊ ဝိုလင်းဆောင်ကို လာခွင့်ရှိတာပဲ ''

ဟု ပြန်လည်ပြောဆိုလေရာ ကိုတင်မောင်သည် ရွာသူ အများရှေ့တွင် သူ၏နမကို ကြိမ်းမောင်းရန် ခက်သည်နှင့်

'' ပန်းနု၊ နင်တော်တော်ခက်ပါလား၊ ပြောလေကဲလေ၊ မန်းလေပြလေဖြစ်နေတယ်၊ နင် ဒီလောက်ညံ့ရသလား၊ ငါမပြောလိုက်ချင်ဘူး ''

ဟု ဆူပူကြိမ်းမောင်းနေလေတော့၏။

မိုးသီးသည် စိတ်ဓာတ်ညှိုးငယ်စွာဖြင့် အိမ်သို့ပြန်ခဲ့ရလေ၏။

ဆင်းရဲနွမ်းပါးသောဘဝသည် မျက်နှာငယ်လှပါတကား။

********





နောက်တစ်နေ့နံနက် မိုးစင်စင်လင်းသောအခါ တဲအိမ်ငယ်လေးရှေ့၌ ဆူဆူညံညံအသံများကြောင့် မိုးသီးအိပ်ရာမှ နိုးလေ၏။

ထိုအခါ သူ၏ခြံရှေ့တွင်ရပ်နေသော လှည်းတစ်စီးကို တွေ့ရပြီး လှည်းပေါ်တွင် လယ်ပိုင်ရှင် ဦးဘဖေတို့ လင်မယားနှင့် အမျိုး အဆွေများ ပါဝင်၏။

လယ်ပိုင်ရှင်ဦးဘဖေ ကတော် ဒေါ်ခင်လှကြီးသည် မိုးသီး၏ ခြံရှေ့တွင် ခါးထောက်၍

'' ဟဲ့... မိုးသီး၊ နဝိုးပြားကောင်၊ အိမ်ထဲက ထွက်ခဲ့စမ်း၊ ကျေးဇူးမသိတတ်တဲ့ငကောင်၊ နင်တို့တစ်ဆွေတစ်မျိုးလုံး ငါ့ကျေးဇူးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကင်းတာမဟုတ်ဘူး၊ ငါတို့ပိုင်တဲ့အိမ်ပေါ်မှာလဲ သနားလို့ နေခွင့်ပေးထားသေးတယ်၊ ငါ့သားကိုလဲ လုပ်လွှတ်လိုက်သေးတယ် ''

ဟု အော်ဟစ်နေလေ၏။ သူမ၏ အမျိုးအဆွေမိန်းမများကလည်း ခြံရှေ့တွင်ရပ်၍ တစ်ယောက်တစ်ပေါက် ရန့်ရင်းကြမ်းတမ်းစွာ ပြောဆိုကြကုန်၏။

မိုးသီးသည် ရိုင်းစိုင်းလှသော မိန်းမများကိုကြည့်၍ လွန်စွာ စိတ်မချမ်းမြေ့ဖြစ်သွားပြီး

'' ကိုတင်ဖေ မတရားလုပ်နေတာမြင်လို့ ကျွန်တော်က ဝင်ပြီး တားလိုက်တာပါ ဒေါ်ကြီးရယ်၊ သူ ကျွန်တော့်ကို နှစ်ချက် သုံးချက် ထိုးပါတယ်၊ ဒါတောင် ကျွန်တော်ဘာမှပြန်မလုပ်ဘဲ သည်းခံပါသေးတယ်၊ ဒေါ်ကြီးတို့မိသားစုဟာ ကျွန်တော့်မိဘအပေါ်မှာလဲ ကျေးဇူးရှိတယ်၊ ကျွန်တော့်အပေါ်မှာလဲ ကျေးဇူးရှိတယ်ဆိုတာ နားလည်ပါတယ် ''

ဟုပြောလေရာ ဒေါ်ခင်လှကြီးက မျက်နှာကိုရှုံ့မဲ့လိုက်ပြီး

'' ခြော်... ကျေးဇူးရှိတာကို သိရက်နဲ့ ငါ့သားကို ခါးကျိုးအောင် လုပ်လွှတ်လိုက်တယ်ပေါ့၊ နင်လုပ်လိုက်တဲ့ ဒဏ်ကြောင့် ငါ့သားဟာ တစ်ညလုံးနာကျင်ပြီးအိပ်လို့မရဘူး၊ အခုလဲ မြို့ပေါ်က ဆရာဝန်ကို သွားပင့်ရပြီ၊ နင့်လောက်မိုက်ရိုင်းပြီး၊ ကျေးဇူးရှင်ကို ကျေးစွတ်တဲ့ကောင် ရှိဦးမလား ''

ဟု ကြိမ်းမောင်းပြန်၏။ ထိုအခါ သူမ၏ အမျိုးအဆွေ မိန်းမကြီးကြီး ငယ်ငယ်များကလည်း ဝင်ရောက်ဆဲဆိုကြသဖြင့် မိုးသီး၏ခြံရှေ့





တွင် တစ်ရွာလုံးရှိ လူကုန်ရောက်ရှိလာလေ၏။ ခွေးအခေါ်မျှင် ခေါ်ထား

မိုးသီးသည် လူစုလူဝေးကြီးကိုကြည့်၍ ရှက်ရွံ့ဦးဘဖေ မိသားစု အများကြားကပင် ထွက်ပြေးချင်စိတ်ပေါက်နေမိ၏။

မိုးသီးက သူ့အား လက်ညှိုးငေါက်ငေါက်ထိုး၍ ရှုံ့မဲ့မှုက် အောင် ဆဲဆိုနေသူများကိုကြည့်၍

'' တော်ပါတော့ဗျာ၊ ဒီကိစ္စမှာ ဘယ်သူလွန်သလဲဆိုတာ အဓိက ကာယကံရှင် ပန်းနုသိပါတယ်၊ ပန်းနုနဲ့အတူ မိန်းကလေး အပေါင်းအသင်းလဲ အများကြီးရှိပါတယ်၊ ပန်းနုကိုသာ ဒေါ်ကြီးတို့သွားမေးကြပါ ''

ဟုပြောလေရာ လူအုပ်ထဲမှ ပန်းနု၏အစ်ကို ကိုတင်မောင် ထွက်လာပြီး

'' ဟေ့ကောင် မင်း ငါ့ညီမကိုဆွဲမထည့်နဲ့၊ ဒီကိစ္စက ငါ့ညီမနဲ့ ဘာမှမဆိုင်ဘူး၊ မင်းကို ညကတည်းက တန်ရာတန်ရာမနေလို့ ကြည့် ချင်ဖြစ်နေတာ ၊ ဒါကြောင့် တင်ဖေက ငါ့အစား ဆုံးမလိုက်တာပဲ ''

ဟု ဝင်ရောက်ပြောဆိုလေ၏။ မိုးသီးသည် မြေနိမ့်ရာလှံစိုက် အထံသော လူတို့၏သဘောကို နားကြည်းသွားပြန်၏။

သူကြီးကတော်ကြီးသည် မိန်းမကြီးများ၏အနီးသို့ ရောက်ရှိ လာပြီး

'' တော်ပါတော့မခင်လှရယ်၊ ရွာထဲမှာကြားလို့မှမတော်ပါဘူး ''

ဟု ဝင်ရောက်ဖျောင်းဖျလေ၏။ ဒေါ်ခင်လှကြီးက မြေကြီးကို ဆောင့်ဖြင့်ဆောင့်၍



www.burmeseclassic.com

www.burmeseclassic.com



ကင်းတာမဟုတ်ဘူး၊ ဒါတို့ပိုင်တဲ့ ဒီကောင်ကို လုံးဝမကျေနပ်နိုင်ဘူး ''
ထားသေးတယ်၊ ဒါသားအိုင်းလေ၏။

ထိုအခါ လှည်းဓါးတွင်ထိုင်၍ မကျေမနပ်ဆဲဆိုနေသော လယ်ပိုင်ရှင် ဦးဘဖေက

'' တိုတိုပဲ ပြောလိုက်ကွာ၊ ဒီ နပ်ပြားကောင်ကို ကျုပ်တို့ ပိုင်တဲ့ အိမ်ပေါ်မှာ လုံးဝမနေနိုင်းတော့ဘူး၊ ဟော့ကောင် မင်းအခု ချက်ချင်း အိမ်ပေါ်က ဆင်းသွားစမ်း၊ ခွေးတောင် သခင်အပေါ်မှာ သစ္စာရှိတယ်၊ ပြန်ကိုက်ဖို့ မကြိုးစားဘူး၊ ဒီအကောင် ခွေးထက် မိုက်တဲ့ကောင် ''

ဟု ပြောဆိုပြန်၏။ မိုးသီးသည် အိမ်ကလေးကို နောက်သို့ လှည့်ကြည့်လိုက်ပြီး ခေါင်းညိတ်၍

'' ဦးလေးတို့ မကျေနပ်ရင်လဲ အိမ်ပေါ်က ဆင်းပေးပါမယ်၊ အခုလို နှစ်ပေါင်းများစွာ နေထိုင်ခွင့်ရတာကိုပဲ ကျွန်တော်က ကျေးဇူးတင်လှပါပြီ ညက ကိုတင်ဖေနဲ့ဖြစ်တဲ့ကိစ္စကိုလဲ ကျွန်တော်ကပဲ တောင်းပန်ပါတယ် ''

ဟုပြောလိုက်လေ၏။ ထိုအခါ သူကြီးကတော်ကြီးက မိုးသီးကို ကရုဏာသက်ဟန်ဖြင့်ကြည့်၍

'' မိုးသီး အိမ်ပေါ်ကဆင်းသွားပြီးရင် ဘယ်မှာနေမှာလဲ၊ သူ့ကို ဘယ်သူ ခေါ်ထားမှာလဲ ''

ဟု မေးမြန်းလေ၏။ သူကြီးကတော်ကြီး၏ စကားကြောင့် ရွာသူရွာသားများသည် တစ်ယောက်မျက်နှာ တစ်ယောက် မသိမသာ





ကြည့်လိုက်လေ၏။ ၎င်းတို့သည် မိုးသီးကို ခေါ်ထားချင် ခေါ်ထားနိုင်သော်လည်း ရွာထဲတွင် သြဇာရှိသော လယ်ပိုင်ရှင် ဦးဘဖေ မိသားစုနှင့် ဆန့်ကျင်သလိုဖြစ်မှာစိုး၍ မခေါ်ဝံ့ဘဲရှိလေ၏။

ဦးဘဖေ၏မိန်းမ ဒေါ်ခင်လှကြီးသည် ငွေတိုးချေးစားသူဖြစ်သဖြင့် ရွာထဲတွင် ဒေါ်ခင်လှ၏ အကြွေးနှင့် ကင်းသူ ရှားလှ၏။

သူကြီးကတော်ကြီး၏ အမေးကို မဖြေနိုင်ဘဲ တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်နေစဉ် လူအုပ်ထဲမှ အသံတစ်ခုထွက်ပေါ်လာ၏။

'' မိုးသီးကို ကျုပ်ခေါ်ထားမယ်၊ မိုးသီးကျုပ်နဲ့လိုက်ခဲ့နေပါ ''

မိုးသီးသည် အသံရှင်ကိုကြည့်လိုက်ပြီး အံ့သြဝမ်းသာသွားလေ၏။ အသံရှင်မှာ တစ်ရွာလုံးက လူထူးလူဆန်းကြီးဟု သတ်မှတ်ထားသော ဦးသိန်းတန်ဖြစ်၏။ ဦးသိန်းတန်သည် ရွာသူရွာသားများနှင့် အပေါင်းအသင်းမလုပ်ဘဲ ရွာပြင်ဘက်ရှိ မြေမြို့လေ့ရှိသော နေရာများတွင် တဲတစ်လုံးပြီးတစ်လုံးထိုး၍ ရွှေ့ပြောင်းနေထိုင်သူဖြစ်သဖြင့် သူ့အား ရူးသွပ်နေသူဟု အများက ထင်မြင်လေ၏။

လူထူးလူဆန်းကြီး ဦးသိန်းတန်က

'' ဘယ်လိုလဲ မိုးသီး၊ ကျုပ်နဲ့ လိုက်နေမယ်မဟုတ်လား ''

ဟု မေးမြန်းလေရာ မိုးသီးက ခေါင်းညိတ်၍

'' ဟုတ်ကဲ့၊ ကျွန်တော် လိုက်နေပါမယ် ''

ဟုပြောလေ၏။ ဦးသိန်းတန်က တဟားဟားရယ်မော၍

'' ဟား ဟား ဟား... လူတွေဟာ သိပ်ရယ်ရတယ်၊ အမှန်



www.burmeseclassic.com

www.burmeseclassic.com



တရားဘက်က မရှိတာည်ရဲကြဘူး၊ မင်းလို ရွှေမရှိငွေမရှိတဲ့ နင်းပြား ကောင်လေးတစ်ယောက်ကို ဘယ်သူက အရဲစွန့်ပြီး ခေါ်ထားဝံ့ပါ့မလဲ၊ တကယ်လို့များ မင်းမှာ ရွှေတွေ၊ ငွေတွေ၊ စည်းစိမ်ဥစ္စာတွေ အများ ကြီးရှိတယ်ဆိုရင်တော့ အလုအယက်ခေါ်ထားကြမှာ မြင်ယောင် တယ်ဟေ့၊ ဒါကြောင့် ငါနဲ့ရွာပြင်ကိုလိုက်ပြီး ပျော်ပျော်ကြီးနေပါတော့ ကွာ၊ လောကမှာ စိတ်နာဖို့အကောင်းဆုံးက လူဆိုတဲ့သတ္တဝါကွ၊ ဒါကြောင့် ငါက လူတွေနဲ့ကင်းကင်းနေတာပဲ၊ ကဲ... အခုချက်ချင်း ငါနဲ့ လိုက်ခဲ့ပေတော့ကွာ ''

ဟု အားတက်သရော ဖိတ်ခေါ်လေရာ မိုးသီးသည် တဲအိမ် လေးထဲသို့ဝင်၍ သူ၏မရှိမဲ့ရှိမဲ့ ပစ္စည်းများတို လွယ်အိတ်ကြီးတစ်လုံးနှင့် တောင်းတစ်လုံးတွင်ထည့်ကာ ရွာပြင်သို့ထွက်ခဲ့လေ၏။

လူထူးလူဆန်းကြီး ဦးသိန်းတန်သည် မိုးသီးကိုကြည့်၍ ခေါင်း တဆတ်ဆတ်ညိတ်ပြီး

'' မင်းဟာ ဒီနေ့ကစပြီး သစ္စာမရှိတဲ့လူတွေနဲ့ ဝေးရာနေရာကို ရောက်သွားပြီကွ၊ ရွာထဲကလူတွေဟာ များသောအားဖြင့် ညစ်ပတ် တယ်ကွ၊ ဒါကြောင့် ညစ်ပတ်တဲ့လူတွေနဲ့ ဝေးရာကိုသွားတာ အကောင်း ဆုံးပဲ ''

ဟု ပြောကာ မိုးသီး၏ပခုံးကိုဖက်၍ ရွာပြင်သို့ ခေါ်ဆောင်ခဲ့ လေ၏။

မိုးသီးသည် လွယ်အိတ်ဟောင်းကြီးကိုလွယ်၍ တောင်းတစ်





လုံးကိုထမ်းကာ လူထူးလူဆန်းကြီး ဦးသိန်းတန်၏နောက်သို့ လိုက် ခဲ့လေ၏။

*********

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်

မင်းမြတ်သူရ

အမှတ် (၇)၊ အသောကလမ်း၊ ကျောက်မြောင်း၊

ရန်ကုန်သို့ လိပ်မူ၍ ရေးသားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းတန်သည် ရွာအပြင်မြစ်ကမ်းအနီးတွင် တဲအိမ်ကလေးကိုထိုး၍ နေထိုင်သူဖြစ်၏။

သူသည် တစ်လမ်းလုံး ရွာသူရွာသားများ အကျင့်စရိုက်ညံ့ဖျင်းပုံကို ပြောဆိုလာလေ၏။ သူ၏တဲအိမ်သို့ရောက်သောအခါ တဲပေါ်တွင် ခြေပစ်လက်ပစ် လှဲချ၍

" ငါတော့ ပင်ပန်းလှပြီကွာ၊ မင်းဘာမှ မစားရသေးဘူးနဲ့တူတယ်၊ မီးဖိုထဲမှာ ထမင်းနဲ့ ပုန်းရည်ကြီးသုပ်ရှိတယ်၊ ငါးပိရည်နဲ့တို့စရာရှိတယ်၊ တို့စရာ စုံစုံတို့ချင်ရင်တော့ အနီးအနားမှာ လျှောက်ခူးပေတော့၊ ငါတော့ ပင်ပန်းလို့ ခဏအိပ်လိုက်ဦးမယ်ဟေ့၊ ငါနဲ့နေရင်တော့





မင်းဘာသာနေချင်သလိုနေ၊ စားချင်သလိုစား။ ငါ့မှာ ဘာမှ တားဆီးချုပ်နှောင်မှုမရှိဘူး၊ ငါက စည်းကမ်းဆိုတာကို သိပ်မုန်းတာကွ၊ လူ့ဘဝဆိုတာ တိုတိုလေး၊ ငါလူ့လော ကကိုရောက်တာ အနှစ် ၆၀ ရှိပြီ၊ ဒါပေမဲ့ မနေ့တစ်နေ့ကလိုပဲကွ၊ အနှစ် ၆၀ ဆိုတာကို ဘယ်လိုရောက်လာမှန်းမသိပါဘူးကွာ၊ ငါ မင်းတို့အရွယ်တုန်းက ထင်ထားတာကအသက် ၆၀ရောက်ရင် ငါ့မှာ အသိဉာဏ်ဗဟုသုတတွေတိုးပြီး တရားသဘောတွေကို သိနားလည်လာမယ်၊ လောဘဒေါသ မောဟတွေကိုထိန်းနိုင်လာမယ်လို့ ထင်တာကွ "

ဟုပြောလေရာ မိုးသီးက စိတ်ဝင်စားစွာဖြင့်

" ဟုတ်လား ဦးလေး၊ ကျွန်တော်လဲ ဒီလိုပဲထင်ထားတာဗျ၊ ဦးလေးတို့အရွယ်ရောက်ရင် တရားသဘောတွေ ဘာတွေ သိနားလည်ပြီး လောကအကြောင်းကို ကောင်းကောင်းသိ နားလည်မယ်လို့ထင်တာဗျ "

ဟုပြောလေ၏။ ဦးသိန်းတန်သည် ခေါင်းအုံးအယောင်းလေးပေါ်တွင် ရင်ဘတ်ကိုတင်ရင်း

" ဒီလိုထင်ရင်တော့ မင်းအထင်တာ အများကြီးမှားနေပြီလို့ မှတ်လိုက်ပေတော့၊ ငါဟာ ဒီအသက်အရွယ်ရောက်နေပေမယ့် မင်းတို့အရွယ်တုန်းကနဲ့ ဘာမှမခြားပါဘူး ကွာ၊ လောဘ၊ ဒေါသ၊ မောဟတွေကြီးတုန်းကွ၊ ငါ့အထင်တော့ အသက်ကြီးလာလေ၊ လောဘ၊ ဒေါသ၊ မောဟတွေ ပိုပိုများလာတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်ကွ၊ ငါဟာ အသက်အရွယ်ကြောင့် ဖြစ်ချင်တဲ့ဆန္ဒတွေသာ ပြောင်းရင်းပြောင်းလဲသွားမယ်၊ ခံစားမှုကတော့ ငယ်ငယ်က အတိုင်းပါပဲကွာ၊ စိတ်ဆန္ဒတွေကလဲ မပြောင်းလဲပါဘူး၊ အခုနေများ အိုင်ယာလန်ထိပေါက်လို့ရှိရင် မြို့တက်ပြီး သူဌေး တစ်ယောက်လို စည်းစိမ်နဲ့နေချင်တုန်းကွ၊ မိန်းမပျိုလေးတွေ မြင်ရင်လဲ မင်းတို့လိုပဲ ရင်ခုန်ချင်တုန်းပဲ၊ အခုနေများ ရွာထဲက တွမ်းတောင်ကိုင် အပျိုချောလေးက ဦးသိန်းတန်ကြီးရယ်၊ ညဘက် ကျွန်မကိုလာခိုးပါဆိုရင် အန္တရာယ်တွေဘယ်လောက်များများ ပျော်ပျော်ကြီးသွားခိုးမှာသေချာတယ် ''

ဟုပြောလေရာ မိုးသီးသည် လူထူးလူဆန်းကြီး၏ စကားကြောင့် မျက်လုံးပြူးသွားလေ၏။ လူကြီး၏ စိတ်ဓာတ်ကိုလည်း ထိတ်လန့် အံ့ဩသလိုဖြစ်သွားပြီး မနှစ်သက်သလိုဖြစ်သွားလေ၏။ ဦးသိန်းတန်က တဟားဟားရယ်မော၍

'' ဟား ဟား ဟား... မင်း ငါ့စိတ်ဓာတ်ကို မနှစ်သက်တော့ဘူးဖြစ်နေသလား၊ ဒါဟာ ရွာထဲက လူတွေ မကြာခဏ ပြောလေ့ရှိတဲ့ ရိုးသားမှုလေကွာ၊ ငါ့ရင်ထဲက ဆန္ဒစိတ်ကို ရိုးသားစွာ ဖော်ထုတ်ပြလိုက်တာကွ၊ တကယ်တော့ လူတွေဟာ ရိုးသားမှုကိုနှစ်သက်တယ်သာဆိုကြတယ်၊ တကယ်တန်း ရိုးသားမှုကို လက်မခံပါဘူးကွာ၊ ငါ့အသက်အရွယ်နဲ့ဆိုရင် ဘုရားသွားကျောင်းတက် မှန်မှန်လုပ်ပြီး ဥပုသ်လေးဘာလေး



စောင့်ရင် ဦးသိန်းတန်ကြီး သိမ်တော်တယ်လို့ ချီးမွမ်းကြမှာသေချာတယ်၊ တကယ်တော့ ဟန်ဆောင်ပြီး ဥပုသ်စောင့်တာနဲ့ ရင်ထဲက ဆန္ဒအမှန်ကို ထုတ်ဖော်ပြတာ ဘယ်ဟာရိုးသားမှုလဲ မင်း စဉ်းစားကြည့်ပါကွာ ''

ဟုပြောလေရာ မိုးသီးကာ မယုံကြည်ဟန်ဖြင့်

'' ဒီအတိုင်း ဟုတ်ရဲ့လားဗျာ ''

ဟု ညည်းညူလေ၏။

ဦးသိန်းတန်က ရယ်မော၍

'' မင်းမြင်ဖူးတဲ့ လူကြီးတွေနဲ့မတူလို့ မယုံတဲ့သဘောလား ငါက ရိုးသားစွာ ဝန်ခံတာကွ၊ သူတော်ကောင်းဟန်ဆောင်ပြနေတာမဟုတ်ဘူး။ လူတွေ တော်တော်များများဟာ သူတော်ကောင်း ပုံဖမ်းပြီး နေတာများတယ်၊ မကောင်းတဲ့စိတ်ကုန်နေလို့မဟုတ်ဘူး။ လူ့ပတ်ဝန်းကျင်က စည်းကမ်းတွေကို ချိုးဖောက်ရမှာ မဝံ့ရဲလို့ကွ၊ မမြင်ကွယ်ရာကိုများရောက်ခဲ့ရင် သူတော်ကောင်းပုံဖမ်းထားတဲ့ ဇာတိရုပ်က ဘွားခနဲ ပေါ်တော့တာပဲ ''

ဟုပြောရင်း ဝါးခနဲသမ်းကာ

'' ငါ တရေးတမောအိပ်လိုက်ဦးမယ်ကွာ၊ နေကျမှ အိပ်ရာက ပြန်ထမယ် ''

ဟုပြောကာ တဲအတွင်းအိပ်ပျော်သွားလေ၏။ မိုးသီးသည် ဦးသိန်းတန်၏ တဲကလေးအတွင်း လှန်လှော်ရှာဖွေ၍ ထမင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပုန်းရည်ကြီးသုပ်ကို သံပန်းကန်ပြားထဲသို့ထည့်၍ မြိန်ရှက်စွာ စားသောက်လေတော့၏။

ထမင်းစားရင်း သူ့ဘဝအလှည့်အကြောင်းတစ်ခုကို စဉ်း စားနေမိလေ၏။

သူ့အား လက်ညှိုးငေါက်ငေါက်ထိုး၍ နင်ပဲဆေပြောခဲ့သော လယ်ပိုင်ရှင် ဦးဘဖေတို့ လင်မယားနှင့် အမျိုးအဆွေများ၏ မျက် နှာကို မြင်ယောင်လာမိ၏။

ယခုလောက်ဆိုလျှင် လူထူးလူဆန်းကြီး ဦးသိန်းတန်နောက်သို့ လိုက်သွားသော သတင်းကို ပန်းနုကြားလောက်ပေပြီ။

ပန်းနု၏ လှပသောမျက်နှာကို မြင်ယောင်ရင်း ပန်းနုအစ်ကို ကိုတင်မောင်၏ မကျေမနပ်ပြောဆိုတန်များကို သတိရလာပြန်၏။

ကိုတင်မောင်သည် ပန်းနုနှင့် တရင်းတနှီးနေထိုင်ခြင်းကို ကြိုက်နှစ်သက်ဟန်မတူပေ။

မိမိကဲ့သို့ တစ်ရွာလုံး၏ အခိုင်းခံတစ်ယောက်နှင့် ရွာကွမ်းတောင်ကိုင်တစ်ဦး၏ဘဝသည် များစွာကွာခြားလှ၏။

မိုးသီးသည် အတွေးနယ်ချဲ့ရင်း ထမင်းကုန်သွားမှန်းပင် မသိလိုက်ပေ။

သူသည် ပန်းကန်များကို ဆေးကြော၍ တဲအိမ်ကလေးမှ ဆင်းလိုက်လေ၏။ တဲအိမ်နှင့် မလှမ်းမကမ်းတွင် မြစ်ကမ်းနဖူးရှိ၏။ ထိုအရပ်သည် နှစ်စဉ် မြေပြိုသောကြောင့် မြစ်ကမ်းနှင့်ဝေးရာ အရပ်တွင်



သာ လူများနေထိုင်ကြ၏။

ဦးသိန်းတန်ကမူ မြေပြိုသောအရပ်တွင်သာ နှစ်စဉ် တဲထိုး ၍ နေထိုင်လေ၏။

ဦးသိန်းတန်သည် သူတို့ရွာ ဇာတိမဟုတ်ဘဲ လွန်ခဲ့သော ၁၀ နှစ်ခန့်က ရွာသို့ရောက်လာခြင်းဖြစ်၏။

သူ့အား အန္တရာယ်များသောအရပ်မှ ရွှေပြောင်း၍ ရွာတွင်းသို့ ပြောင်းလဲနေထိုင်ရန် ဖိတ်ခေါ်သော်လည်း လက်မခံပေ။

ထို့ကြောင့် ဦးသိန်းတန်အား လူထူးလူဆန်းကြီးတစ်ယောက်တု မှတ်ယူကြလေ၏။

ဦးသိန်းတန်သည် ရွာသူရွာသားများနှင့် ပေါင်းသင်းလေ့မရှိဘဲ တစ်ဦးတည်းအထီးကျန်နေထိုင်လေ့ရှိ၏။

သူသည် ရွာထဲသို့ ကုန်ပစ္စည်းဝယ်ရန်ကလွဲ၍ ရွာ၏ သာရေးနာရေးကိစ္စများတွင်လည်း ပါဝင်လေ့မရှိပေ။

တစ်ရွာလုံး ခြိမ့်ခြိမ့်သဲ ပါဝင်ဆင်နွှဲသော ရွာအလှူပွဲ၌ပင် ဦးသိန်းတန်ကိုမြင်ရလေ့မရှိ။

ထို့ကြောင့် ရွာရှိ ဘာသာရေးလိုက်စားသော အဘိုးကြီး အဘွားကြီးများက ဦးသိန်းတန်အား ဘုရားမရှိ တရားမရှိသော လူကြီးတု ယူဆကြ၏။

ဦးသိန်းတန်သည် ဘုရားမရှိ တရားမရှိ တစ်ယောက်ဟုဆိုသော်လည်း သူစိုက်ပျိုးထားသော အသီးအနှံများနှင့် ပတ်သက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



နှမြောတွန့်တိုခြင်းမရှိ။

ဘုရားရှိသည်၊ တရားရှိသည်ဟု ကြွေးကြော်နေသောလူများသည် ဦးသိန်းတန်၏ ခြံသို့ရောက်လျှင် စိမ်းစိုလတ်ဆတ်သော အသီးအရွက်များကို လောဘစာကြီးခူးဆွတ်ကြ၏။

ထိုသူများကိုကြည့်၍ ဦးသိန်းတန်က တဟားဟားရယ် မောကာ

" ကမ္ဘာမြေကြီးက ပဒေသာပင်တွေ သီးဖူးနေတယ်၊ ယူကြ၊ စားကြ၊ အားမနာကြနဲ့ ကမ္ဘာမြေကြီးရဲ့လက်ဆောင်တွေကို ကျုပ်က ကြားကနေပြီး အမြတ်မထုတ်ဝံ့ပါဘူးဗျာ "

ဟု ပြောလေ့ရှိ၏။

မိုးသီးသည် တဲကလေးနှင့် မလှမ်းမကမ်းတွင် စိုက်ပျိုးထား သော စိုက်ခင်းလေးသို့ သွားရောက်ကြည့်ရှု၍ မြစ်ထဲမှရေကို ခပ်ကာ ရေဖြန်းသောအလုပ်ကို လုပ်နေလေ၏။

ထိုအခိုက်မှာပင် ဦးသိန်းတန် အိပ်ရာမှနိုးလာပြီး မိုးသီး အလုပ်လုပ်နေပုံကိုကြည့်၍

" ဟဲ ဟဲ... မင်း ရောက်လာတော့လဲ စိုက်ခင်းမှာ ရေဖြန်းမယ့်သူတစ်ယောက် တိုးလာပြီပေါ့ကွာ၊ ကောင်းတယ်၊ ကောင်းတယ် "

ဟု ချီးမွမ်းလေ၏။ မိုးသီးရေဖြန်းပြီးနောက် အားလပ်ချိန်တွင် ဇန်တိုဇန်ရှည်သိုင်းပညာကို လေ့ကျင့်နေလေ၏။ သူသည် ရွာထဲရှိ သိုင်းဆရာကြီးတစ်ဦးထံတွင် ခြေဆုပ်လက်နယ်ပြု၍ သိုင်းပညာကို သင်ယူခဲ့ဖူး၏။ ညနေစောင်းသောအခါ ဦးသိန်းတန်သည် ရွာဖြင်



တောစပ်သို့ တစ်ဦးတည်းထွက်ခွာသွားကြောင်း တွေ့ရလေ၏။

စိုက်ခင်းအားလုံးကို ရေဖြန်းပြီးသောအခါ ဦးသိန်းတန် ပြန်ရောက်လာပြီး မိုးသီး၏လက်သို့ပိုက်ဆံများကိုအပ်ကာ

" မနက်ဖြန် ရွာထဲက ကုန်စုံဆိုင်မှာ ဟောဒီပိုက်ဆံနဲ့ရသလောက် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် ဝယ်ကွာ၊ သရေစာအနေနဲ့ စားဖို့ ထန်းလျက်နဲ့ပဲကြီးလှော်လဲ ဝယ်ပေ့ "

ဟုပြောဆိုလေ၏။ မိုးသီးနှင့် ရွာသားများသည် ဦးသိန်းတန်ကို လူထူးလူဆန်းကြီးဟု ဆိုရခြင်းမှာ ဤအကြောင်းလည်းပါ၏။

ဦးသိန်းတန်သည် စိုက်ခင်းတစ်ခုရှိသည်ဆိုသော်လည်း ထိုစိုက်ခင်းကို စီးပွားဖြစ်လုပ်ကိုင်ခြင်းမဟုတ်ဘဲ ရွာသူရွာသားများ တောင်းလျှင် အလကားပေးပစ်၏။ ပိုက်ဆံပေးလျှင်လည်း ပေးသမျှ ကိုယူ၏။

ဘယ်ရွေ့ဘယ်မျှပေးရမည်ဟု အဖိုးသတ်မှတ်၍တောင်းဆိုလေ့မရှိ။

ဦးသိန်းတန်သည် ဤကဲ့သို့ ငွေရေးကြေးရေးကို ဂရုမစိုက် ဘဲနေထိုင်သော်လည်း အဲ့ဒါးဝတ်နေရေးအတွက် အခက်အခဲရှိ ပုံမရ။ ထို့ကြောင့် ဦးသိန်းတန်မပြီ့အား အချို့သော ရွာသူရွာသားများက ငွေကြေးချမ်းသာကြွယ်ဝသော ပေါ်သူဌေးကြီးတစ်ဦးဖြစ်ပြီး ဤအရပ်တွင် ခိုအောင်းနေထိုင်နေသည်ဟု ဆကြ၏။

အချို့ကလ[redacted] ၏၊ ဦးသိန်းတန်သည် တစ်တိုင်းပြည်ရတစ်ကာယ သမားဖြစ်သဖြင့် ကြားသုံးစွဲစရိတ် မကုန်သောကြောင့် ဤသို့

www.burmeseclassic.com

www.burmeseclassic.com



နေနိုင်သည်ဟု ယူဆကြ၏။ မည်သို့ပင်ဖြစ်စေ ကမ်းပါးပြိုသော အရပ်၌ တကူးတက လာရောက်နေထိုင်သော ဦးသိန်းတန်ကို တစ်ရွာလုံးက လူထူးလူဆန်းကြီးဟု ယူဆကြလေ၏။

မိုးသီးသည် ထိုညက ဦးသိန်းတန်၏ တဲကလေးတွင် စတင် အိပ်စက်ရလေ၏။ ဦးသိန်းတန်က မိုးသီးအိပ်ရန် ဖျာတစ်ချပ်နှင့် ခေါင်းအုံးတစ်လုံးနှင့် ခြင်ထောင်ကို ပေးလေ၏။

နောက်တစ်နေ့သို့ ရောက်သောအခါ မိုးသီးသည် ရွာရှိ ကုန်စုံဆိုင်သို့သွား၍ ဆန်၊ ဒီ၊ ဆားနှင့် အခြားလိုအပ်သောပစ္စည်းများကို ဝယ်ယူလေ၏။ ရွာသူရွာသားများသည် ဦးသိန်းတန်နောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါသွားသော မိုးသီးကို စိတ်ဝင်စားကြ၏။

ထိုနေ့က ဖြစ်ပွားခဲ့သော အမှုကိစ္စတွင် တစ်ရွာလုံးက မိုးသီးဘက်က မှန်ကြောင်း ပြောကြ၏။

သို့သော် လယ်ပိုင်ရှင်ဦးဘဖေ၏ အသိုင်းအဝိုင်းမှ ငြိုငြင်မှာစိုးသဖြင့် မိုးသီးကို မည်သူမျှ ခေါ်မထားဝံ့ပေ။ ပန်နု၏ အရိပ်အယောင်ကိုမျှ မမြင်ခဲ့ရပေ။

ဤသို့ဖြင့် မိုးသီးသည် လူထူးလူဆန်းကြီး ဦးသိန်းတန်နှင့် အတူတကွ နေထိုင်လာခဲ့လေ၏။

ဦးသိန်းတန်နှင့် နေထိုင်ပြီး (၃) လခန့်အကြာတွင် ဦးသိန်းတန်သည် အဖျားရောဂါဖြင့် အိပ်ရာထဲတွင် လဲနေလေတော့၏။

မိုးသီးက တတ်သလောက်မှတ်သလောက်ပြုစု၍ မသက်



သာသောအခါရွာထဲသို့ ဆေးဆရာပင့်ရန် ထွက်ခဲ့လေ၏။

ဆေးဆရာကြီးသည် ငွေမက်သော အသပြာဆရာကြီး ဖြစ်သဖြင့် ဆေးအိတ်ကိုမယူသေးဘဲ

" ရွာပြင်ကိုလိုက်ပြီး ကုရမှာဆိုတော့ ဆေးကုခအပြင် ခြေကြွခတစ်မတ်ကို သပ်သပ်ပေးရမယ် "

ဟု တောင်းဆိုလေ၏။

မိုးသီးသည် သူ၏အိတ်ထဲရှိ မရှိမဲ့ရှိမဲ့ပိုက်ဆံလေးများကို ရေတွက်ကြည့်၍ ခေါင်းညိတ်ရလေ၏။

ဆေးဆရာကြီးသည် ဦးသိန်းတန်၏ ရောဂါအခြေအနေကို စစ်ဆေးကြည့်ရှုအပြီး ခေါင်းခါ၍

"မရတော့ဘူး၊ ရောဂါကျွမ်းနေပြီ၊ အများဆုံးခံရင်တစ်လပဲ"

ဟု အားတက်သရောပြော၍ ပြန်သွားလေ၏။

မိုးသီးသည် ဦးသိန်းတန်ကိုကြည့်၍ စိတ်မကောင်းစွာဖြင့် ကျန်ရစ်ခဲ့လေ၏။ ဦးသိန်းတန်က ရယ်မော၍

" ဟဲ ဟဲ... စိတ်မကောင်းဖြစ်နေလား၊ မဖြစ်ပါနဲ့ကွာ၊ သေခြင်းတရားဆိုတာ ထူးခြားတဲ့အတွေ့အကြုံတစ်ခုပါ၊ သေတဲ့အတွက် ငါ့မှာ အထူးအခွင့်အရေးတစ်ခု ရတယ်လို့မှတ်ပါတယ်၊ ဒါပေမဲ့ တစ်ခုရှိတာက ငါ့ရဲ့မပြီးဆုံးသေးတဲ့ ရှာဖွေမှုကြီးကတော့ အဆုံးသတ်မှာ မဟုတ်တော့ဘူးပေါ့ကွာ၊ အင်းလေ၊ ဒါပေမဲ့ ဒါကို မင်းဆက်ရှာနိုင်လဲ တွေ့နိုင်ပါတယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ မိုးသီးက စိတ်ဝင်စားဟန်ဖြင့်

" ဦးသိန်းတန် ဘာရှာနေတာလဲ "

ဟု မေးမြန်းလေ၏။ ဦးသိန်းတန်က

" ငါ မသေခင် ဒီအကြောင်းတွေကို မင်းကိုပြောပြမှာပါ၊ အခုတော့ စကားပြောရတာမောလို့ ခဏနေပါဦးကွာ "

ဟုပြောရင်း ချောင်းတဟွတ်ဟွတ်ဆိုးပြန်ရာ ပါးစပ်မှ သွေးများ ထွက်ကျလာပြန်၏။

ဤသို့ဖြင့် မိုးသီးသည် ဦးသိန်းတန်၏ရောဂါကိုပြုစုရင်း အချိန် ကုန်ခဲ့လေ၏။ ဦးသိန်းတန်သည် တစ်နေ့တစ်ခြား အားနည်းလာပုံရ၏။

တစ်နေ့သ၌ ဦးသိန်းတန်က လေသံယဲ့ယဲ့လေးဖြင့်

" စားရသောက်ရတာ အတော်မကောင်းဘူးကွာ၊ မြို့က တရုတ်စာတွေ ဝယ်စားရရင် ကောင်းမလားမသိဘူး "

ဟုပြောလေရာ မိုးသီးသည် မိမိထံတွင် ပိုက်ဆံအပိုအလျှံ မရှိ၍ စိတ်မကောင်းဖြစ်သွားလေ၏။ ဦးသိန်းတန်က လေသံယဲ့ယဲ့ လေးဖြင့် ရယ်မော၍

" ဟဲ ဟဲ... မင်းမှာ ပိုက်ဆံမရှိတာကို ငါသိပါတယ်ကွား ငါ့မှာလဲ ပိုက်ဆံမရှိဘူး။ ဒါပေမယ့် ငါ့အတွက်တော့ ပိုက်ဆံက သိပ်မရှားပါဘူး "

ဟုပြောလေရာ မိုးသီးက အံ့ဩဟန်ဖြင့်

" ဦးသိန်းတန်မှာ ပိုက်ဆံရှိသလား။ ရှိရင် ကျွန်တော့်ကို ပေးပါ၊





မြို့တက်ပြီး တရုတ်အစားအစာတွေ ဝယ်ပေးပါမယ် "

ဟုပြောလေ၏။ ဦးသိန်းတန်က ခေါင်းညိတ်၍

" သေကာနီးမို့လို့လား မသိဘူး၊ အစားအသောက် ကောင်း ကောင်းတွေကို တမ်းတနေမိတယ်၊ သေကာနီး ရိက္ခာယူချင်တယ်ဆိုတာ ဒါကိုဆိုတာနဲ့တူပါတယ်ကွာ၊ ကဲ... မင်းတောစပ်ကိုသွား၊ လူသူ အရိပ်အခြည်ကိုတော့ သေသေချာချာကြည့်ပြီး သွားကွ၊ တောမပ်မှာ မန်ကျည်းပင်သုံးပင် ဖိုခနောက်ဆိုင်နေတာ တွေ့လိမ့်မယ်၊ အဲဒီမန်ကျည်း ပင် သုံးပင်ထဲက ခေါးနဲ့ထစ်ထားတဲ့ အပင်ခြေရင်းမှာ တူရွင်းနဲ့တူးပေ တော့ "

ဟုပြောလေရာ မိုးသီးက အံ့ဩစွာဖြင့်

" တူရွင်းနဲ့တူးရင် ဘာတွေတွေ့မှာလဲ "

ဟု မေးမြန်းလေ၏။ ဦးသိန်းတန်က လေသံတိုးတိုးဖြင့်

" အိုးတစ်လုံးနဲ့ ထည့်ထားတဲ့ ရွှေဒင်္ဂါးတွေတွေ့လိမ့်မယ်ကွ၊ ဒီရွှေဒင်္ဂါးတွေထဲက တစ်ပြားနှစ်ပြားလောက်ယူပြီး မြို့ပေါ်က ဆိုင် မှာ ရောင်းပြီးရင် တရုတ်စာတွေ ဝယ်လာခဲ့ပေတော့၊ ငါပိုက်ဆံ ပြတ်လိုက်တိုင်း ရွှေဒင်္ဂါးတစ်ပြားလောက် ရောင်းလိုက်ရင် သုံးလေးငါး လလောက်တော့ ကောင်းကောင်းစားနိုင်တယ်ကွ "

ဟုပြောလေရာ မိုးသီးသည် အလွန်အံ့ဩစွာဖြင့် ပါးစပ် အဟောင်းသားဖြစ်သွားပြီး

" ဒီရွှေဒင်္ဂါးတွေဟာ ဦးသိန်းတန်ဘယ်က ရလာတာလဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေ၏။ ဦးသိန်းတန်က

" မကောင်းမှုလုပ်ပြီးရတာမဟုတ်ပါဘူးကွာ၊ ငါနဲ့ကံထိုက်လို့ရလာတာပါ၊ ဒီအကြောင်းတွေကို ငါမသေခင် မင်းကိုပြောပြ မှာပါ၊ ကဲ... လူတွေမမြင်အောင် တောထဲကိုသွားပြီး ရွှေဒင်္ဂါးတွေ သွားယူကွာ "

ဟု ပြောလေတော့၏။

မိုးသီးလည်း ဦးသိန်းတန်၏ စေခိုင်းချက်ကြောင့် တောထဲ သို့ ထွက်ခဲ့လေ၏။

တောစပ်သို့ရောက်ပြီး ခဏအကြာတွင် ဖိုခနောက်ဆိုင်ဖြစ်နေသော မန်ကျည်းပင်သုံးပင်ကို ရှာဖွေတွေ့လေ၏။ မန်ကျည်းပင် တစ်ပင်၏ အသားများကို ဓားဖြင့်ထွင်းထားကြောင်းတွေ့ရလေ၏။

စိတ်လှုပ်ရှားစွာဖြင့် မြေကြီးထဲသို့ တူးရွင်းဖြင့် ထိုးဆွလိုက်လေရာ မြေကြီးထဲတွင် ပျဉ်ပြားတစ်ချပ်ဖြင့် ဖုံးအုပ်ထားသော အိုးတစ်လုံးကိုတွေ့ရလေ၏။ အိုးထဲတွင် ရွှေဒင်္ဂါးများ ပြည့်လုနီးပါးရှိကြောင်းတွေ့ရလေ၏။

ရွှေဒင်္ဂါးများသည် ရွှေအရည်အသွေးကောင်းမွန်ပြီး ဒင်္ဂါး၏ တစ်ဖက်တွင် ပန်းခက်နှင့် ကျန်တစ်ဖက်တွင် ဥဒေါင်းရုပ်များကို တွေ့ရ၏။

ဒင်္ဂါးသွန်းလုပ်သည့်နှစ်ကို ၁၂၂၂ ဟု ရေးထိုးထားသဖြင့် ရတနာပုံရွှေဒင်္ဂါးများမှန်း သိရ၏။

မိုးသီးသည် ရွှေဒင်္ဂါးနှစ်ပြားကိုထုတ်၍ အိုးကို မြေတွင် မြေရာ





လက်ရာမပျက် ပြန်မြှုပ်လိုက်လေ၏။

ဦးသိန်းတန်သည် ဤမျှများပြားသော ရွှေဒင်္ဂါးများကို မည်သို့ မည်ပုံ ရရှိထားသည်မသိပေ။

မကောင်းမှုဒုစရိုက်ကို ကျူးလွန်၍ ရရှိထားသည်ဆိုလျှင် ဦးသိန်းတန်သည် လူဆိုးဓားပြတစ်ဦးဖြစ်လေမလားမသိ။

မိုးသီးသည် ရွှေဒင်္ဂါးနှစ်ပြားကိုယူ၍ ပြန်ရောက်သောအခါ ဦးသိန်းတန်သည် ချောင်းတဟွတ်ဟွတ်ဆိုးနေပြီး ချောင်းဆိုးရာတွင် သွေးများလည်း များစွာပါလာ၏။ ဦးသိန်းတန်က သွေးများကို သူ၏ ပုဆိုးဖြင့်သုတ်လိုက်ရင်း

" သေမင်းနဲ့တွေ့ဖို့ တဖြည်းဖြည်းနီးလာပြီကွ၊ ကဲ... ရွှေဒင်္ဂါးကို တွေ့ပြီမဟုတ်လား၊ မြို့တက်ပြီး တရုတ်စာကောင်းကောင်းလေးတွေဝယ်ကွာ၊ ဒါဟာ ငါ့ရဲ့နောက်ဆုံးစားသောက်မဲ့တရုတ်စာထင်ပါရဲ့ "

ဟုပြောလေရာ မိုးသီးသည် ဦးသိန်းတန်ကိုကြည့်၍ စိတ်မကောင်းဖြစ်သွားလေ၏။

ဇင်းအားရွှေဒင်္ဂါးများနှင့်ပတ်သက်၍ မေးမြန်းရန် စဉ်းစားထားသော်လည်း ဦးသိန်းတန်၏ ကျန်းမာရေးအခြေအနေကြောင့် မမေးဖြစ်တော့ဘဲ မြို့ပေါ်သို့ရောက်သောအခါ ရွှေဆိုင်ကြီးတစ်ဆိုင် သို့သွား၍ ရွှေဒင်္ဂါးနှစ်ပြားကိုရောင်းလေ၏။

ရွှေဆိုင်ပိုင်ရှင်တရုတ်ကြီးသည် ရတနာပုံခေတ်သုံး ရွှေဒင်္ဂါးများကို သဘောကျဟန်ဖြင့်ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com

" နောက်ရှိသေးရင် များများလာရောင်းပါ၊ ဈေးကောင်းပေးမယ် "

ဟုဆိုကာ ဒင်္ဂါးတစ်ပြားကို ငွေနှစ်ဆယ်ပေး၍ ဝယ်ယူခဲ့ရာ မိုးသီးသည် ငွေ (၄၀) တိတိ ရရှိခဲ့လေ၏။

ထို့နောက်တွင်မူ မိုးသီးသည် တရုတ်ခေါက်ဆွဲဆိုင်ကြီး တစ်ဆိုင်သို့သွားကာ တရုတ်အစားအစာများကို တတ်နိုင်သမျှ စုံစုံ လင်လင် ဝယ်ယူလေရာ ငွေတစ်ကျပ်ကျော်ကျော် ကျလေ၏။

ရွာသို့ပြန်ရောက်သောအခါ ပန်းကန်ခွက်ယောက်များ မရှိသဖြင့် ဖက်များကိုပင် ဖြန့်ခင်း၍ ဦးသိန်းတန်ကို ကျွေးလေ၏။ ဦးသိန်းတန်သည် ခေါက်ဆွဲကြော်၊ ကြာဇံကြော်၊ အစိမ်းကြော် စသည် တရုတ်စာများကိုကြည့်၍ ဟိုတစ်ဖတ်သည်တစ်ဖတ်နှိုက်စားကာ

" တရုတ်စာ စားချင်တယ်ဆိုပြီး မှာသာမှာလိုက်ရတယ်၊ တကယ်တန်းစားတော့လဲ မစားနိုင်ပါဘူးကွာ၊ တော်ပါပြီ "

ဟုပြောကာ အစားစားခြင်းကို ရပ်စဲလိုက်လေ၏။ မိုးသီး လည်း ခေါက်ဆွဲတစ်ထုပ်ကိုစားပြီး များစွာပိုလျှံနေသဖြင့် ရွာထဲသို့သွားကာ ကလေးများကို ခွဲဝေပေးလိုက်လေ၏။ ကလေးများသည် ၎င်းတို့အတွက် မြို့မှအစားအစာများသည် နတ်သုဒ္ဓါမျှ ကောင်းမွန်သဖြင့် ပျော်ရွှင်စွာ စားသောက်ကြလေ၏။

ထိုအခိုက်မှာပင် အနီးသို့ ဖွေးတုတ်ဆိုသော ရွာသူတစ်ဦး ချဉ်းကပ်လာပြီး





" ဟဲ့... မိုးသီး၊ နင် ငါ့နောက်ကလိုက်ခဲ့၊ အိမ်မှာပန်းနုရောက်နေတယ်၊ နင့်ရွာထဲကိုရောက်နေတာတွေ့လို့တဲ့၊ ခေါ်ခိုင်းလိုက်တယ် "

ဟုပြောလေရာ မိုးသီးသည် ပန်းနုနှင့်တွေ့ရတော့မည်ဆိုသောကြောင့် ရင်ခုန်သွားလေ၏။

ပန်းနုနှင့် မတွေ့ရသည်မှာ (၆)လနီးပါးရှိချေပြီ။

ထို့နောက်တွင်မူ ဖွေးတုတ်တို့အိမ်သို့ လူသူအရိပ်အခြည်ကို အကဲခတ်၍ ဝင်ခဲ့လေ၏။

အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ထိုင်နေသော ပန်းနုကိုတွေ့လိုက်ရ၏။ ပန်းနုက မိုးသီးကို စိတ်မကောင်းဟန်ဖြင့်ကြည့်၍

" မိုးသီးရယ်၊ နင်နေရထိုင်ရတာ အဆင်ပြေရဲ့လား၊ ငါ့အတွက်ကြောင့် ဒီလို ရွာပြင်မှာသွားနေရတာ စိတ်မကောင်းလိုက်တာဟယ် "

ဟုပြောလေ၏။ မိုးသီးက သက်ပြင်းချ၍

" စိတ်မကောင်းမဖြစ်ပါနဲ့ ပန်းနုရယ်၊ နင့်အတွက်ကြောင့် ဖြစ်ရတာမဟုတ်ပါဘူး၊ ဖြစ်ချိန်တန်လို့ဖြစ်ရတာပါ၊ နောက်ပြီး ရွာပြင်မှာနေရတာ ငါပျော်ပါတယ် "

ဟုပြောလေရာ ပန်းနုက

" လူထူးလူဆန်းကြီး ဦးသိန်းတန်နဲ့နေရတာ နင် အဆင်ပြေရဲ့လား "

ဟု မေးမြန်းလေ၏။ မိုးသီးက ခေါင်းညိတ်၍

" ပြေပါတယ်၊ ဦးသိန်းတန် နေမကောင်းဖြစ်လို့ ငါ့စကား



www.burmeseclassic.com

www.burmeseclassic.com



တောင် ကောင်းကောင်းမပြောနိုင်ဘူး၊ ချောင်းဆိုးလိုက်တိုင်း သွေးတွေပါနေတယ်၊ ဒီလူကြီးကသနားစရာပါဟာ၊ ဒါနဲ့နင့်ဆီကို လယ်ပိုင်ရှင်သား တင်ဖေလာသေးလား ''

ဟု မေးမြန်းလေ၏။ ပန်းနုက ခေါင်းညိတ်၍

'' တင်ဖေဆီက နင်တို့အိမ်ကို ငါ့အစ်ကို ကိုတင်မောင်က ဝယ်လိုက်တယ်၊ အိမ်ကိုဖျက်ပြီး အိမ်သစ်တစ်လုံး ထပ်ဆောက်မလို့တဲ့၊ တင်ဖေက မျက်နှာရှုံ့မဲ့၊ ငါက သူ့ကို အဖက်မလုပ်တာတောင် ညဘက်ဗိုင်းငင်တဲ့အခါ ဝဲလင်းဆောင်ကို အရှက်မရှိလာနေတယ်၊ သူလာတဲ့နေ့ဆို ဝဲလင်းဆောင်ကို ငါမဆင်းတော့ဘူး။ ဝဲလင်းဆောင်မှာ ဗိုင်းငင်တဲ့အခါတိုင်း နင့်ကိုသတိရတယ်၊ နင်ရှိနေရင် သိပ်ကောင်းမှာပဲလို့ တွေးမိတယ် ''

ဟု ပြောလေရာ မိုးသီးသည် ရင်ထဲတွင် လှိုက်ခနဲဖိုသွားပြီး ပန်းနု၏မျက်နှာကို မဝံ့မရဲကြည့်လိုက်မိလေ၏။ ပန်းနုသည် မိမိအပေါ် သံယောဇဉ်တွယ်နေပြီလားမသိ။ ရင်ထဲကဝေဒနာကို မျိုသိပ်ထားသည်က ပိုမိုသင့်တော်မည်ထင်မိ၏။

မိမိကဲ့သို့ မျက်နှာမွဲတစ်ယောက်က လယ်ပိုင်ရှင်သမီး ကွမ်းတောင်ကိုင်ကို ကြိစည်လို့သင့်ပါမည်လော။

ထိုအခိုက်မှာပင် ကောင်းကင်က မိုးခြိမ်းသံကြားရ၍ မိုးများရွာသွန်းမည့်ဟန်ပြင်နေသဖြင့် ပန်းနုက

'' ဟင်,... မိုးရွာတော့မယ်၊ နင်ပြန်ရင်ပြန်တော့လေ၊ နောက်





တွေ့ကြသေးတာပေါ့ ''

ဟုပြောလေရာ မိုးသီးလည်း မနာမကျန်းဖြစ်နေသော ဦးသိန်းတန်ကို စိတ်မချသဖြင့် ရွာမှပြန်လာခဲ့လေ၏။

ဦးသိန်းတန်၏ တဲအိမ်ကလေးသို့ ရောက်သောအခါ မိုးများသဲသဲမဲမဲ ရွာချလေတော့၏။

ဦးသိန်းတန်သည် စောင်အဟောင်းကြီးတစ်ထည်ကိုခြုံ၍ နံရံတွင်မှီထိုင်နေလေ၏။ ၎င်းက လေသံသဲ့သဲ့ဖြင့်

'' မင်းပြန်လာပြီလား၊ မိုးတွေရွာနေပြီကွ၊ မိုးရွာရင်မြေတွေပြိုတော့မယ်၊ ဒီတစ်ကြိမ်တော့ ငါ့ရဲ့နောက်ဆုံးအခွင့်အရေးပဲထင်ပါရဲ့ ''

ဟု တီးတိုးပြောလေ၏။ မိုးသီးက နားမလည်ဟန်ဖြင့်

'' ဘယ်လိုအခွင့်အရေးလဲ ဦးသိန်းတန် ''

ဟု မေးမြန်းလေ၏။ ဦးသိန်းတန်က မိုးသီး၏အမေးကိုမဖြေနိုင်ဘဲ ချောင်းတဟွတ်ဟွတ်ဆိုးပြန်၏။ ချောင်းဆိုးရင်း သွေးများပါလာပြန်၏။

ဦးသိန်းတန်သည် ချောင်းဆိုးရင်း ပင်ပန်းလာဟန်ဖြင့် ဖျာစုတ်လေးပေါ်တွင် လှဲချလိုက်၏။

မိုးသီးသည် ဦးသိန်းတန်အတွက် ဆေးသောက်ရန် ရေနွေးဆေးကို ယူပေးလေ၏။

ဦးသိန်းတန်သည် ဆေးကို မသောက်တော့ဘဲ ခေါင်းခါ၍

'' ဆေးသောက်လဲမထူးတော့ဘူးကွ၊ ငါ့ကို ဆေးမတိုက်ပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့ ပြတင်းပေါက်က တံခါးကိုဖွင့်လိုက်ပါကွာ၊ မိုးရွာတာကို ကြည့်ချင်လို့

ဟု တောင်းဆိုသဖြင့် မိုးသီးသည် တဲအိမ်ကလေး၏ ပြတင်းပေါက်ကို ဖွင့်လိုက်လေ၏။ ဦးသိန်းတန်သည် အိမ်တိုင်ကိုကိုင်ဆွဲ၍ သဲသဲမဲမဲရွာသွန်းဖြိုးနေသော မိုးရေပေါက်များကို မော့ကြည့်လေ၏။ မိုးရေစက်များကိုကြည့်၍ ဦးသိန်းတန်က

" မိုးကြီးလေကြီးကျနေတာပဲ၊ ငါ့ရဲ့တဲကလေးတောင် မြေပြိုတဲ့အထဲကို ပါသွားမလားမသိဘူး "

ဟု ရေရွတ်နေရာ မိုးသီးသည် ထုန်လှုပ်ချောက်ချားသွားလေ၏။

မိုးသီးတို့ရွာပြင် ပတ်ဝန်းကျင်သည် နှစ်စဉ်ရေတိုက်စားပြီး ကမ်းပါးပြိုလေ့ရှိ၏။

ရှေးယခင်က လွန်စွာကျယ်ဝန်းသော မြေပြင်ရှိသော်လည်း နှစ်စဉ်မြေပြိုသောကြောင့် ကုန်းမြေတဖြည်းဖြည်းလျော့ နည်းလာ၏။

ရွာသူရွာသားများသည် နောင် ခုနစ်ခန့်ကြာလျှင် ရွာကို နောက်သို့ဆုတ်ခွာရန် ကြံရွယ်ထားကြ၏။

ဦးသိန်းတန်ကမူ ရွာသူရွာသားများနှင့် ဆန့်ကျင်ကာ အန္တရာယ်အလွန်များသည့် မြေပြိုမည့်အရပ်များတွင် နေထိုင်လေ့ရှိ၏။

သူသည် တဲတစ်လုံး မြေပြိုသည့်အထဲပါသွားလျှင် စိတ်ပျက်ခြင်းမရှိဘဲ တဲအိမ်တစ်လုံးအမြန်ဆုံး ပြန်ဆောက်လေ့ရှိ၏။





သူ့အား မြေပြိုသည့်အရပ်နှင့်ဝေးကွာသောနေရာတွင် တဲဆောက်ရန် အကြံပေးသူများရှိ၏။

ဦးသိန်းတန်သည် ၎င်းတို့၏အကြံပေးချက်ကို လက်ခံလေ့ မရှိဘဲ

" ဟဲ ဟဲ... ကျုပ်က မြေပြိုတဲ့အရပ်မှာ နီးနီးကပ်ကပ်နေနေတာက မြေပြိုတာကို မြင်ချင်လို့ဗျ၊ ရေတိုက်စားပြီး မြေတွေပြိုသွားတဲ့အချိန်မှာ ကျုပ်အမြဲတန်းရှိနေချင်တယ် "

ဟူသောစကားကို ဆိုသဖြင့် သူ့အား လူထူးလူဆန်းကြီးဟု ခေါ်ဆိုခြင်းဖြစ်၏။

ထိုညက တစ်ညလုံး မိုးသည်းထန်စွာရွာလေ၏။ ဦးသိန်းတန်သည် ကောင်းစွာအိပ်စက်နိုင်ခြင်းမရှိဘဲ ချောင်းတဟွတ်ဟွတ် ဆိုးနေလေ၏။

နောက်တစ်နေ့နံနက် မိုးလင်းသောအချိန်၌ မိုးအနည်းငယ်စဲသွားလေ၏။

ဦးသိန်းတန်သည် ဖျာပေါ်တွင်ထိုင်နေပြီး

" မိုးသီး၊ မြစ်ကမ်းဘက်ကို မြန်မြန်သွားကြည့်စမ်းပါ၊ ညက ကမ်းပါးပြိုတယ်ထင်တယ် "

ဟုပြောလေရာ မိုးသီးက အိပ်ရာထကာစဖြစ်သဖြင့် စောင်ကို မခွာနိုင်သေးဘဲ အမှုန်းဆန့်နေလေ၏။

မိုးသီး၏အမူအရာကိုကြည့်၍ ဦးသိန်းတန်သည် စိတ်ရှည်တန် မရှိဘဲ

www.burmeseclassic.com

www.burmeseclassic.com



" မိုးသီး မြန်မြန်သွားကြည့်စမ်းပါ၊ ကမ်းပါးပြိုမပြိုငါသိချင်လို့ "

ဟု လောဆော်နေလေရာ မိုးသီးက သက်ပြင်းချ၍

" ကြည့်တာပေါ့ဗျာ၊ နေပါဦး မိုးအေးအေးနဲ့ဆိုတော့ အိပ်ရာက မထချင်ဘူး "

ဟုပြောလေ၏။ မိုးသီး၏ စကားကိုနားထောင်၍ ဦးသိန်းတန်သည် စိတ်ရှည်ဟန်မရှိတော့ဘဲ

" မင်းဟာ အတော်နွေးကွေးတဲ့ကောင်ပဲ၊ မင်းမထချင်ရင် လဲနေ၊ ငါကိုယ်တိုင်ထကြည့်မယ် "

ဟုဆိုကာ အားမရှိသည့်ကြားမှ အိပ်ရာမှ ကုန်းရုန်းထလေ၏။ ထိုအခါမှ မိုးသီးက အံ့ဩဟန်ဖြင့် ကြည့်ကာ

" ဦးသိန်းတန်ရယ် ဘာလို့ဒီလောက် အရင်လိုနေတာလဲ ကျုပ်သွားကြည့်ပေးမှာပေါ့ "

ဟုဆိုကာ ဦးသိန်းတန်ကို ဆွဲခေါ်ရ၏။

ဦးသိန်းတန်သည် မိုးသီး၏လက်ထဲတွင် ယိုင်ထိုးပြီးပါလာလေ၏။ ဦးသိန်းတန်က ဒေါသစကြီးဖြင့်

" ဘာလို့ ဒီလောက် အရင်လိုနေတာလဲဟုတ်လား။ မြေပြိုတဲ့ကိစ္စဟာ ငါ့ဘဝမှာအရေးအပါဆုံးကိစ္စကွ၊ ငါဟာ (၁၀) နှစ်တိတိ ဒီဒေသမှာလာပြီး ဒုက္ခခံခဲ့ရတာဟာ မြေပြိုတဲ့ကိစ္စကြောင့်ကွ၊ အခုတော့ ဒုက္ခခံရုံတင်မကဘူး၊ ငါ့အသက်တောင်ပေးရတော့မယ်၊ မင်းဒါတွေ နားလည်ရဲ့လား "



ဟု အော်ဟစ်လေ၏။ မိုးသီးက ဦးသိန်းတန်ဒေါသဖြစ်နေပုံကို နားမလည်ဟန်ဖြင့်ကြည့်၍ ခေါင်းကုတ်ကာ

" ကျုပ်တော့ နားမလည်တော့ဘူးဗျာ "

ဟု ညည်းညူလိုက်လေ၏။ ဦးသိန်းတန်က တက်ခေါက်၍

" နားလည်တာတွေ၊ နားမလည်တာတွေနောက်မှပြောကွာ၊ မြေပြိုလားမပြိုလား အမြန်ဆုံးသွားကြည့်စမ်း၊ မြေပြိုတယ်ဆိုရင် ငါ့ကို အမြန်ဆုံးလာပြော "

ဟု ခိုင်းစေလေတော့၏။ မိုးသီးသည် ဦးသိန်းတန်ကိုမေးမြန်းရန် မကြိုးစားတော့ဘဲ အိမ်ပေါ်မှခုန်ချ၍ မြစ်ကမ်းဆီသို့ မိုးဖွဲဖွဲကြားမှ ပြေးလွှားကြည့်ရလေ၏။

ထိုအခါ ဦးသိန်းတန်ထင်သည့်အတိုင်း ကမ်းပါးအစပ်ရှိ မြေအချို့မှာ ပြိုကျသွားကြောင်း တွေ့ရလေ၏။ မိုးသီးသည် မြေပြိုသည့်အကြောင်းကို ပြောဆိုလေရာ ဦးသိန်းတန်သည် လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး အိမ်ထဲမှထွက်ရန်ကြိုးစားလေ၏။

မိုးဖွဲဖွဲရွာနေသဖြင့် မိုးသီးက တားဆီးသော်လည်း နားမထောင်တော့ဘဲ ပုဆိုးစုတ်တစ်ထည်ကို ခေါင်းမှာခြုံ၍ မြေပြိုသည့်နေရာသို့ သွားရောက်ကြည့်ရှုလေ၏။ ကမ်းပါးပြိုသောကြောင့် မြေကြီးအချို့ မြစ်ထဲသို့ တိုက်စားသယ်ဆောင်ခြင်းကို ခံလိုက်ရ၏။

ဦးသိန်းတန်သည် ပြိုကျနေသော မြေသားများ၏အနီး တွင် ရပ်၍ ကမ်းပါးပြိုခြင်းကို သေချာစွာ ကြည့်ရှုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းတန်ရပ်နေသောနေရာရှိ မြေသားများသည် တအိ အိပြိုဆင်းနေသဖြင့် အန္တရာယ်များလွန်းသောကြောင့် မိုးသီးက နောက်သို့ဆွဲခေါ်ရန်ကြိုးစား၏။ ၎င်းက ခေါင်းမာစွာဖြင့်

'' မိုးသီး ငြိမ်ငြိမ်လေးနေစမ်းပါကွာ၊ ပြိုကျနေတဲ့ကမ်းပါးကနေအောက်တိုရပ်ကြည့်တဲ့အလုပ်ကို ဆယ်နှစ်နီးပါး ငါလုပ်ခဲ့ဖူးတယ်၊ အန္တရာယ် မရှိနိုင်ပါဘူး ''

ဟု ငြင်းဆန်လေ၏။ သူသည် ကမ်းပါးအစွန်း လေတဟူးဟူးတိုက်နေသောနေရာတွင် ရပ်၍

'' ဟိုး အရင်တုန်းကဆိုရင် ဟောဒီပြိုကျနေတဲ့ မြေသားတွေနေရာကိုတောင် ဆင်းပြီး ကြည့်တာကွ ''

ဟုပြောလေရာ မိုးသီးသည် အံ့ဩထိတ်လန့်သွားလေ၏။ ဦးသိန်းတန်သည် မိုးရေစက်များ ပိုးပိုးပေါက်ပေါက်ကျနေသည့် ကြားမှမှေးမှိန်နေသော မျက်လုံးများဖြင့် ကမ်းပါးအောက်သို့ ကြည့်ရှုနေလေ၏။

ထိုအခိုက်မှာပင် မိုးများပို၍သည်းထန်လာသဖြင့် မိုးသီးက ဦးသိန်းတန်ကို အတင်းဆွဲခေါ်လာခဲ့ရ၏။

ဦးသိန်းတန်သည် မိုးသီး၏နောက်သို့ မလိုက်ချင်လိုက်ချင်နှင့်လိုက်ပါလာလေ၏။

ထိုနေ့က တစ်နေကုန် မိုးများရွာနေပြီး ဦးသိန်းတန်မှာလည်း အအေးမိသည့်ဒဏ်ကြောင့် ချောင်းပိုမိုဆိုးနေလေ၏။

ဦးသိန်းတန်၏ပါးစပ်မှ ချောင်းဆိုးတိုင်း သွေးများပိုမိုကျဆင်း





လာလေ၏။

မိုးသီးသည် ရာသီဥတု ပြင်းထန်သောကြောင့် တဲအိမ်မှ မထွက်ဘဲ အိမ်ထဲတွင်ရှိသော အသားခြောက်အနည်းငယ်ကို အားအင်ထမင်းဖြင့်စားသောက်လေ၏။

ဦးသိန်းတန်အတွက် ဆန်ပြုတ်ပြုတ်ပေးသော်လည်း ဇွန်း သုံးနှစ်ဇွန်းသာ သောက်နိုင်ရှာ၏။

ဦးသိန်းတန်၏နေဝင်ချိန်သည် တဖြည်းဖြည်းနီးကပ်လာပြီဟု ထင်ရသည်။

ဦးသိန်းတန်သည် အစားအစာကို ကောင်းစွာမစားနိုင်သော်လည်း ပြတင်းပေါက်ကိုဖွင့်၍ ကမ်းပါးပြိုသောဘက်သို့သာ ကြည့်ရှုနေလေ၏။ ဤလူကြီးသည် ကမ်းပါးပြိုသောက်စွာကို အဘယ်ကြောင့်ဤမျှစိတ်ဝင်စားနေသည်မသိပေ။

ထို့ကြောင့်ပင် ရွာသူရွာသားများက ၎င်းအား လူထူးလူဆန်းကြီးတစ်ယောက်ဟု ထင်မြင်ကြခြင်းဖြစ်တန်ရာ၏။

ထိုနေ့ညနေစောင်းအချိန်တွင် ကမ်းပါးပြိုပြန်၏။

ဦးသိန်းတန်သည် ကမ်းပါးပြိုသောနေရာကို ကြည့်ရှုရန် ကြိုးစားပြန်၏။

၎င်းသည် မိုးမိ၍ အအေးပတ်သောကြောင့် ရောဂါပိုသည်းလာသော်လည်း ရောဂါကို ဂရုမစိုက်ဘဲ ကမ်းပါးဘက်ကိုသာ နားစွင့်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးတို့အရပ်၌ မှန်တိုင်းရှိသည်ထင်ရ၏။ မိုးက တစိမ့်စိမ့် ဆင်း၍ တဖွဲဖွဲရွာလိုက်ဖြစ်နေလေ၏။

ဆွဲခေါ်ရာသို့ရောက်သောအခါ၌လည်း ဦးသိန်းတန်သည် တစ်ညလုံး ကမ်းပါးပြိုသောအရပ်သို့ နားစွင့်နေပြန်၏။

အော်သူက ကမ်းပါးပြိုပြန်သဖြင့် နောက်တစ်နေ့တွင် ကမ်းပါးပြိုသော အရပ်သို့ မကြည့်ရမနေနိုင်သော ဦးသိန်းတန်က ကြည့်ရှုပြန်၏။

ထိုနေ့က ကမ်းပါးများ ဆက်တိုက်ပြိုနေသဖြင့် ဦးသိန်းတန် သည် ဝါးခမောက်တစ်လုံးကိုဆောင်း၍ မိုးရေထဲမှာသာ အနေများ လေ၏။

မြေများ တဖြည်းဖြည်းပြိုကျလာသည်မှာ မိုးသီးတို့တဲအိမ် ကလေးအနီးသို့ပင် နီးကပ်ခဲ့ချေပြီ။

ဤနှုန်းအတိုင်းသာ ဆက်လက်၍ ကမ်းပါးပြိုနေလျှင် နောက် တစ်ရက်ဆိုလျှင် တဲအိမ်ကလေး ရေထဲသို့ ပါသွားမည်ထင်ရ၏။

ညနေစောင်းသောအခါ ရာသီဥတု အနည်းငယ်ငြိမ်သက်သွား သလိုရှိ၏။

ဦးသိန်းတန်ကမူ ချောင်းများ အဆက်မပြတ်ဆိုးကာ သွေး များစွာ အန်လေ၏။ ဦးသိန်းတန်သည် ထွေးခံကိုကြည့်၍ ခေါင်းခါရမ်း လိုက်ပြီး

" ငါ့ရဲ့နောက်ဆုံးအချိန်ကိုရောက်နေပြီ၊ မိုးသီး ငါမနေရတော့ ဘူး "





ဟုပြောလေရာ မိုးသီးသည် ဦးသိန်းတန်ကို ကရုဏာသက် တန်ဖြင့်ကြည့်လိုက်လေ၏။ ယနေ့တွင် ဦးသိန်းတန်၏ရောဂါအခြေ အနေ ပိုမိုဆိုးရွားလာ၏။

သူသည် လမ်းကိုပင် ကောင်းစွာမလျှောက်နိုင်ဘဲ အားအင် ချိနဲ့လာပေပြီ။ ဦးသိန်းတန်က ဆက်၍

" မင်းဟာ ငါ့ရဲ့နောက်ဆုံးအချိန်မှာ အနီးကပ်ဆုံးရှိနေတဲ့သူပဲ၊ နောက်ပြီး မင်းဟာ စိတ်ကောင်းရှိတယ်၊ ငါ့အပေါ်မှာလဲ ကရုဏာ ထားတယ်၊ ဒါကြောင့် တောစပ်က မန်ကျည်းပင်သုံးပင်အနီးမှာ မြှုပ် ထားတဲ့ ရွှေဒင်္ဂါးအိုးကို မင်းအတွက် ငါ အမွေပေးခဲ့တယ်၊ ဒီရွှေဒင်္ဂါး တွေကိုရောင်းရင် မင်းဟာ သူဌေးဖြစ်မှာသေချာတယ်၊ မင်းသူဌေးဖြစ် ရင် လယ်ပိုင်ရှင်သမီးပန်းနုကို ယူလို့ရပြီပေါ့ကွာ "

ဟုပြောကာ ချောင်းများတဟွတ်ဟွတ်ဆိုးပြန်၏။ မိုးသီးက ကျောကုန်းကိုနှိပ်နယ်ပေးနေလေ၏။ ဦးသိန်းတန်က အားယူ၍ ပြောပြန် ၏။

" ရွာပြင်က ကမ်းပါးပြိုတဲ့နေရာမှာ အရှုးတစ်ယောက်လို လာ နေတဲ့ ငါ့ဘဝရဲ့လျှို့ဝှက်ချက်ကို မင်းကိုငါပြောပြမယ်၊ ငါမနေရတော့ဘူး၊ ဒီအကြောင်းတွေကို မင်းသိခဲ့ပြီဆိုရင်တော့ အရေးတကြီး မှာ ချင်တာတစ်ခုတော့ရှိတယ်၊ အဲဒါကတော့ မင်းငါ့လိုမနေပါနဲ့၊ ငါ့လိုလဲ မလုပ်ပါနဲ့၊ ဒီအရပ်တ ခွာတာအကောင်းဆုံးပါပဲ၊ တကယ်တော့ ငါ့ရဲ့လုပ်ရပ်ဟာ ရူးသွပ်မှုတစ်ခုပါ "



www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းတန်သည် ပြောရင်း မောလျှဟန်ဖြင့် ခဏနားနေလေ၏။ မိုးသီးသည် ဦးသိန်းတန်ကို စကားမပြောစေလိုသော်လည်း ၎င်း၏နောက်ဆုံးအချိန် နီးကပ်နေသဖြင့် မတားဖြစ်တော့ပေ။ ဦးသိန်းတန်က ခဏမျှအမောဖြေပြီး

" လောကမှာ လူဟာ အသိဉာဏ်အရှိဆုံးသတ္တဝါဖြစ်သလို သစ္စာအမဲ့ဆုံး၊ အဖောက်ပြန်ဆုံးသတ္တဝါလဲ ဖြစ်တယ်ကွ၊ လူတွေဟာ မကောင်းပါဘူးကွာ၊ ကျေးဇူးရှင်ကိုလဲ ကျေးစွပ်တတ်တယ်၊ ယုတ်မာရက်စက်တတ်တယ်၊ ဒါကြောင့် ရွာထဲကလူတွေနဲ့ မပေါင်းဘဲ ခပ်ကင်းကင်းနေတာကွ၊ ငါ့ဘဝမှာ လူတွေရဲ့ယုတ်မာ ကောက်ကျစ်မှုအမျိုးမျိုးကို ခံခဲ့ရတယ်၊ ငါ့အပေါ်မှာ ကောင်းတဲ့သူဆိုလို့ မင်းတစ်ယောက်တည်းတွေ့ဖူးသေးတယ် "

ဟုပြောရင်း ချောင်းဆိုးနေပြန်၏။ သွေးများကိုလည်း ထွေးထုတ်လိုက်၏။ ပြီးမှ လေသံတိုးတိုးဖြင့်

" ငါတို့ ငယ်ငယ်တုန်းက မိဘတွေဟာ ချမ်းသာကြတယ်၊ စစ်ကိုင်းဘက်မှာ ဆိစက်၊ ဆန်စက်တွေရှိတယ်၊ ငါ့အဖေစီးတဲ့ ဒေါက်ကပ်မြင်းရထားကြီးဟာ စစ်ကိုင်းမြို့မှာ အလှပဆုံးပဲ၊ ငါ့အဖေဟာ ဘာသာတရားကို ကိုင်းရှိုင်းပြီး ရိုးအေးတဲ့လူတစ်ယောက်ပဲ၊ တစ်နေ့တော့ အဖေဟာ ဒုက္ခရောက်နေတဲ့ သူငယ်ချင်းတစ်ယောက်ကို အိမ်ပေါ်ခေါ်တင်ပြီး ကူညီထားခဲ့တယ်၊ ဒီလူရဲ့နာမည်က အုန်းမောင်တဲ့၊ အုန်းမောင်ဟာ လိမ်လည်မှုနဲ့ထောင်ကျဖူးတဲ့ကောင်၊ ဒါပေမယ့် သူက





အဖေ့ကို မတရားအမှုဆင်ခံရလို့ ထောင်ကျတယ်လို့ အသိပေးထားတယ်၊ အုန်းမောင်ဟာ အပြောကောင်း ဟိတ်ဟန်ကောင်းတဲ့သူဆိုတော့ ငါ့အဖေနဲ့အမေဟာ ယုံကြည်ခဲ့တယ်၊ အဖေဟာ အုန်းမောင်ကို သနားပြီး ဆန်စက်မှာမန်နေဂျာအလုပ်ကို ခန့်လိုက်တယ်၊ ဒီအချိန်ကစပြီး ပျော်ရွှင်ကြည်နူးဖို့ကောင်းတဲ့ ငါတို့ မိသားစုလေးဟာ ပျက်ဆီးတော့တာပါပဲ၊ အုန်းမောင်ဟာ ဆန်စက်မှာ မန်နေဂျာအလုပ်ကိုလုပ်ရင်း ငါတို့မိသားစုရဲ့ ချမ်းသာကြွယ်ဝမှုကို ရိပ်စားသွားခဲ့တယ်၊ သူဟာ ဒီအချိန်ကစပြီး မကောင်းတဲ့ အကောက်ဉာဏ်ကိုသုံးဖို့ ကြံရွယ်တော့တာပါပဲ၊ သူဟာ ရိုးသားတဲ့အဖေ့ကို မိန်းမလည် မိန်းမရှုပ်တစ်ယောက်နဲ့ ပေါင်းပြီး ဘဝပျက်အောင်လုပ်ခဲ့တယ်၊ အဖေဟာ စစ်ကိုင်းဘက်က ဆီစက်ကို တစ်လမှာ နှစ်ရက်သုံးရက် သွားနေလေ့ရှိတယ်၊ ဆီစက်အနီးမှာ အဖေနေတဲ့အိမ်ကလေးတစ်လုံးရှိတယ်၊ အဲဒီအိမ်ကို မိန်းမလည်သန်းမေဆိုတဲ့ မိန်းမဟာ ဆီစက်လုပ်ငန်းကို လေ့လာလိုတဲ့အကြောင်းပြချက်နဲ့ မကြာခဏလာတယ်၊ တစ်နေ့မှာ အဖေ့ကို မှုလည်အုန်းမောင်က အရက်တွေအမူးသောက်ခိုင်းပြီး အခန်းတစ်ခန်းထဲမှာ မိန်းမလည်သန်းမေနဲ့လွှတ်ပေးခဲ့တယ်၊ အဖေဟာ အရက်တစ်ခါမှ သောက်မူးတဲ့သူမဟုတ်ဘူး၊ ဒါကြောင့် အမူးလွန်ပြီး မိန်းမလည်ရဲ့ သောင်ချောက်ထဲမှာ မိခဲ့တယ်၊ ဒီတော့မှ မိန်းမလည်သန်းမေဟာ သူ့ကိုလက်ထပ်ယူဖို့ အဖေ့ကို အကျပ်ကိုင်တော့တာပဲ၊ အဖေဟာ သောက်ကျိုးကောင်းတစ်ယောက်ဆိုတော့ မိန်းကလေး တစ်ယောက်ကို



www.burmeseclassic.com

ကျူးလွန်မိတဲ့အတွက် သူ့အပြစ်ကို သူတာဝန်ယူဖို့ စဉ်းစားရတော့တာပေါ့၊ ဒီလိုနဲ့ မိန်းမလည်သန်းမေရဲ့ကျောကွင်းထဲမှာ ရုန်းမထွက်နိုင်အောင် ဖြစ်ခဲ့ရတယ်၊ အုန်း မောင်ဟာ အဲဒီတော်ယုတ်မာတဲ့ကောင်ကြ သူဟာ ဒီလောကနဲ့ မကျေနပ်နိုင်သေးဘူး၊ တစ်နေ့တော့ငါ့အမေကို စစ်ကိုင်းကဆီစက်ကိုခေါ်လာပြီး မိန်းမလည်ရဲ့ကျောကွင်းထဲမှာ ရုန်းမထွက်နိုင်တဲ့ အဖေ့အဖြစ်ကိုပြခဲ့တယ်၊ အမေဟာ အဖေ့ရဲ့အဖြစ်ကို မြင်တော့ စိတ်ထိခိုက်လွန်းလို့ အိမ်ထဲကထွက်ပြေးသွားခဲ့တယ်၊ အဖေလဲ အမေ့မျက်နှာကိုမကြည့်ဝံ့တာနဲ့ အိမ်ကိုနှစ်လသုံးလ ပြန်မလာဘူး၊ အမေဟာ စိတ်ထိခိုက်ကြေကွဲစွာနဲ့ အိမ်မှာတစ်ယောက်တည်း ကျန်ခဲ့တယ်၊ အဲဒီတုန်းက ငါ့အသက်ဟာ ၈ နှစ်လောက်ပဲ ရှိဦးမယ်၊ အမေဟာ ဆီစက်ဆန်စက်လုပ်ငန်းကို လူယုတ်မာအုန်းမောင်နဲ့ပဲ လွှဲထားရတာပေါ့ ဒီလိုနဲ့အုန်းမောင်ဟာ ညတစ်ညမှာ အမေ့ကို စာရင်းတွေပြမယ်လို့ ... အကြောင်းပြချက်နဲ့ အိမ်ကိုလာခဲ့တယ်၊ အရမအခန်းထဲဝင်ပြီး စာရင်းတွေ ရှာနေတုန်းမှာ လူယုတ်မာဟာ အခန်းထဲလိုက်ဝင်သွားပြီး ငါ့အမေကိုအဓမ္မကျင့်ခဲ့တယ်၊ အမေဟာ ရုန်းကန်ဖို့ကြိုးစားပေမဲ့ ခွန်အားမမျှတာနဲ့ လူယုတ်မာရဲ့စော်ကားမှုကို ခံခဲ့ရတယ်၊ ဒီလိုနဲ့အမေဟာ အုန်းမောင်ရဲ့ ကြိုးဆွဲခြင်းကို ခံရတော့တယ်၊ ငါတို့အိမ်ကို ပြန်မလာဝံ့တဲ့အဖေဟာလဲ မိန်းမလည်သန်းမေအတွက်ကြောင့် ဆီစက်ထဲကလူတစ်ယောက်ကိုသတ်မိပြီး တစ်သက်တစ်ကျွန်းအပြစ်ဒဏ်ကျခဲ့တယ်၊ အဲဒီအချိန်မှာ အမေဟာ အုန်းမောင်ရဲ့နှိပ်စက်မှုကြောင့် ဒုက္ခ





အကျယ် စိတ်ဒုက္ခရောက်နေပြီ၊ အုန်းမောင်ဟာ မယားငယ်တွေ တစ်ယောက်ပြီးတစ်ယောက် ယူတယ်၊ သူဟာ အမေ့ရှေ့မှာပဲ မယားငယ်တွေနဲ့ ပျော်ပါးပြတယ်၊ အမေဟာ ရှက်စိတ်၊ နာကြည်းစိတ်တွေနဲ့ ဖိစီးခံရပြီး သေရှာတာပါပဲ ''

ဦးသိန်းတန်သည် ပြောရင်း မောလျလာဟန်ဖြင့် ခဏနားလေ၏။ ချောင်းလည်းတဟွတ်ဟွတ်ဆိုးပြန်၏။

မိုးသီးသည် ဦးသိန်းတန်သောက်ရန် ရေတစ်ခွက်ငှဲ့ပေးလေ၏။ သဲသဲမည်းမည်းရွာသွန်းဖြိုးနေသော မိုးကြီးသည် တခဏမျှ ရပ်စဲသွားလေ၏။ မိုးစက်မိုးပေါက်များ ကျဆင်းနေဆဲဖြစ်၏။

မိုးသီးသည် ဦးသိန်းတန်၏ခန္ဓာကိုယ်ကို စောင်တစ်ထည်ဖြင့် လွှမ်းခြုံပေးလေ၏။ ဦးသိန်းတန်က လေသံတိုးလျှစွာဖြင့်

'' ဝါ ငယ်စဉ်ကတည်းက စာကောင်းကောင်းမသင်ရှာဘူး၊ လူယုတ်မာကြီးက အမေဆုံးပြီးတာနဲ့ ငါ့ကို အိမ်ပေါ်က မောင်းချခဲ့တယ်၊ ငါဟာ အမျိုးနီးစပ်တော်တဲ့ အဖွားကြီးတစ်ယောက်ရဲ့မွေးစားခြင်းကိုခံရတယ်၊ အဖွားကြီးကလဲ ငါ့ကိုခေါ်ထားရင် ငွေကြေးရမယ်ထင်လို့ ခေါ်ထားတာပဲ၊ ငွေမရမှန်းလဲသိရော ငါ့ကို အိမ်ပေါ်က မောင်းချခဲ့တယ်၊ လူတွေဟာ ဘယ်လောက်မုန်းတီးနာကြည်းဖို့ကောင်းတယ်ဆိုတာ ငါငယ်ငယ်ကတည်းက ခံစားခဲ့ရတယ်၊ ငါဟာ လမ်းပေါ်မှာကြီးရ ကျပန်းအလုပ်လုပ်ပြီး ဘဝရပ်တည်ရေးအတွက် ကြိုးစားရုန်းကန်ရတယ်၊ ဒီလိုနဲ့ ငါဟာ မြို့တစ် မြို့မှာ ထမင်းဆိုင်တစ်ဆိုင်ရဲ့ အောက်ခြေသိမ်း

www.burmeseclassic.com



အလုပ်သမားဖြစ် ခဲ့ရတယ်၊ လူပျိုပေါက်အရွယ်ရောက်တော့ ထမင်းဆိုင် ပိုင်ရှင်သားရဲ့ အနိုင်ကျင့်စော်ကားမှုကို ခံခဲ့ရပြန်တယ်၊ ဒါကြောင့် ထမင်းဆိုင်ကထွက်ပြီး မြို့စွန်တစ်နေရာမှာ ဆန်ပြုတ်ဆိုင် လေးဖွင့်ပြီး အသက်မွေးခဲ့ရတယ်၊ ငါ့ရဲ့သက်သတ်လွတ်ဆန်ပြုတ်ဆိုင်လေးဟာ လက်ရာကောင်းလို့ လူပြောသူပြောများပြီး အတော်အသင့် စီးပွားရေး ပြေလည်ခဲ့တယ်၊ ဆန်ပြုတ်ဆိုင်ဖွင့်ရင်း ညတစ်ညမှာ ငါ့ဘဝရဲ့ထူးခြားတဲ့ အလှည့်အပြောင်းတစ်ခုကို ကြုံတွေ့ခဲ့တယ် ''

ဦးသိန်းတန်သည် ပြောရင်း မောလျလာဟန်ဖြင့် အသက်ကို ကြိုးစား၍ ရှူလေ၏။ မိုးသီးသည် ဦးသိန်းတန်၏ ဖြစ်ရပ်ကို မကြည့်ဝံ့ ဟန်ဖြင့် မျက်နှာလွှဲလိုက်လေ၏။ ဦးသိန်းတန်က ခဏနားပြီး သူ၏ စကားကို ဆက်ပြန်၏။

'' ငါ့ရဲ့ဆိုင်ကို အသက် ၆၀ လောက်ရှိတဲ့ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေနဲ့ လူကြီးတစ်ယောက်ရောက်လာတယ်၊ လူကြီး ဟာ ဆိုင်ထဲကို ယိုင်ထိုးယိုင်ထိုးနဲ့ ဝင်ရောက်လာတယ်၊ သူ့ကို ကြည့်ရတာ ကျန်းမာရေးအတော်ဆိုးဝါးနေပုံပဲ၊ ငါဟာ သူ့ကို တွဲပြီး ဆိုင်ခုံမှာ ထိုင်နိုင်းလိုက်တယ်၊ လူကြီးအမောပြေလောက်တဲ့အချိန်ရောက်မှ ဆန်ပြုတ်ပူပူလေးကို တိုက်ခဲ့တယ်၊ လူကြီးဟာ အားအင်ချိနဲ့နေပြီး ကျန်းမာရေးချို့တဲ့နေတဲ့အတွက် ဆန်ပြုတ်တစ်ပွဲလုံးတောင်မသောက် နိုင်ပါဘူး။ ဒါကြောင့် လူကြီးကို တဲအိမ်လေးကိုတွဲခေါ်သွားပြီး ကွပ်ပျစ် ပေါ်မှာ အိပ်နိုင်းထားရတယ်၊ နောက်ပြီး ဆေးဆရာတစ်ယောက်ကို





ခေါ်ပြီး လူကြီးရဲ့ဝေဒနာကို ကုသဖို့ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ ဆေးဆရာ က လူကြီးရဲ့ ဝေဒနာကျွမ်းနေလို့ ကုသလို့မရတော့ဘူးလို့ ပြောပါတယ်၊ ဒါကြောင့် လူကြီးကို ငါ့ရဲ့တဲအိမ်ကလေးမှာပဲ နားနေခိုင်းပြီး နှစ်ရက်သုံး ရက် ဆေးကုပေးခဲ့တယ်၊ လူကြီးဟာ သုံးရက်မြောက်တဲ့နေ့မှာ နည်း နည်းအားအင်ရှိသလိုဖြစ်လာတယ်ကွ၊ သူဟာ ဆွေမျိုးတွေလဲ ရှိပုံ မရဘူး၊ နောက်တော့ ငါရဲ့စိတ်ကောင်းရှိပုံကိုသဘောကျပြီး သူ့ဘဝအမှန် ကို ဖွင့်ပြောပြခဲ့တယ်၊ ဒီတော့မှ လူကြီးဟာ ဓားပြကြီးတစ်ယောက် ဖြစ်တာကို သိခဲ့ရတယ်၊ ဒါပေမဲ့ လူကြီးဟာ ဓားပြအလုပ်ကို မလုပ် တော့ဘဲ အလွန်ထူးဆန်းလျှို့ဝှက်တဲ့ ရတနာသိုက်တစ်ခုကို ရှာနေတယ် လို့ပြောတယ်၊ ရတနာသိုက်ရဲ့နာမည်က မိုးမခရတနာသိုက်တဲ့ ''

ဟုပြောရင်း ဦးသိန်းတန်သည် ချောင်းဆိုးရင်း သွေးများကို အန် ထုတ်လိုက်ပြန်၏။ မိုးသီးက စိတ်ဝင်စားနေသော်လည်း ဦးသိန်းတန်၏ ရောဂါအခြေအနေမကောင်းလှသဖြင့်

'' မောရင် ခဏနားလိုက်ပါဦး ''

ဟုပြောလေရာ ဦးသိန်းတန်သည် မျက်လုံးမှိတ်၍ ခဏနား ပြန်၏။

မိုးများလည်း တဖြည်းဖြည်းရွာလာပြန်၏။ ဦးသိန်းတန်က တဲ ၏အပြင်ဘက်သို့ လှမ်းမျှော်ကြည့်၍

'' ဒီနေ့ စကားပြောရတာသိပ်မောတာပဲ၊ ငါသေဖို့အချိန်နီးနေပြီ နဲ့တူတယ်၊ ဘာပဲဖြစ်ဖြစ် ငါ့အကြောင်းတွေကိုတော့ မင်းသိအောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောရဦးမယ်၊ မိုးမခရတနာသိုက်နဲ့ ပတ်သက်တဲ့ သဲလွန်စကို ရှမ်းပြည်နယ်ဘက်က စော်ဘွားရဲ့အနွယ်တော်တစ်ယောက်အိမ်ကို ဓားပြတိုက်ရင်းရခဲ့တာကွ၊ ဓားပြခေါင်းဆောင်လူကြီးဟာ ပျက်စီးနေတဲ့ ပေစာတစ်ပိုင်းတစကိုရခဲ့တယ်၊ ပေစာမှာရေးသားထားတဲ့ အကြောင်းအရာတွေက ၁၈၇၈ လောက်မှာ စတင်တယ်လို့သိရတယ်၊ အင်္ဂလိပ်တွေ အောက်မြန်မာနိုင်ငံကို သိမ်းပိုက်အပြီးမှာ သာယာဝတီနယ်က ဗိုလ်ခေါင်းကြီး၊ ဗိုလ်ခေါင်းလေးတို့ဟာ အင်္ဂလိပ်ကိုတော်လှန်ခဲ့တယ်၊ ဒီလိုပဲ ဗိုလ်သာပုံ၊ ဗိုလ်သာဦး၊ ဗိုလ်ကျော်ဇံလှ၊ ဗိုလ်မြတ်ထွန်းတို့ဟာလဲ ကိုယ့်နည်း ကိုယ့်ဟန်နဲ့ တော်လှန်ခဲ့တယ်၊ ရှမ်းပြည်နယ်ဘက်က စော်ဘွားတွေကလဲ အင်္ဂလိပ်ကို အမျိုးမျိုးခုခံပေးခဲ့တယ်၊ တစ်နေ့တော့ မိုးကုတ်ဘက်က ရှမ်းစော်ဘွားအနွယ်ဝင် မိုးမခမင်းသားရဲ့ စည်းစိမ်ဥစ္စာတွေကို အကုန်လုံးသေတ္တာတစ်လုံးတည်းမှာထည့်ပြီး ဒီရိုလှည်းနှစ်စီးနဲ့ ယူဆောင်လာခဲ့တယ်၊ မိုးမခမင်းသားဟာ မျိုးချစ်စိတ်ဓာတ်ရှိလို့ သူ့ရဲ့ စည်းစိမ်ဥစ္စာတွေကို တော်လှန်ရေးအတွက် လှူဒါန်းဖို့ ရည်ရွယ်ထားခဲ့တယ်၊ ဒီအချိန်မှာ မဟာနေမျိုးနဲ့ ရှမ်းစော်ဘွားတွေဟာ ဝက်ထီးကန်အရပ်မှာ အင်္ဂလိပ်တွေကို အပြင်းအထန် ထိုးစစ်ဆင်နေကြတယ်၊ ဒီသတင်းကိုကြားတဲ့ မိုးမခမင်းသားဟာ ဝက်ထီးကန်အရပ်ကို ဒီရိုလှည်းနှစ်စီးနဲ့လာခဲ့တယ်၊ လမ်းခရီးမှာ တောပုန်းဓားပြအမျိုးမျိုးနဲ့တွေ့ပြီး ဒီရိုလှည်းနှစ်စီးကို စောင့်ကြပ်လိုက်ပါလာတဲ့ အစောင့်တွေတစ်ယောက်ပြီးတစ်ယောက် ကျဆုံးခဲ့တယ်၊ မိုးမခမင်းသားနဲ့အဖွဲ့ဟာ တိုက်ပွဲဖြစ်နေတဲ့





ဝက်ထီးကန်ကိုမရောက်မီ မြေထဲနဲ့ ပြလို အကြားကိုရောက်တဲ့အခါ ရှေ့ကိုဆက်သွားလို့မဖြစ်နိုင်တော့တာ တွေ့ရတယ်၊ ရှမ်းစော်ဘွားနဲ့ မဟာနေမျိုးတို့ မျိုးချစ်အဖွဲ့တွေကို အင်္ဂလိပ်စစ်တပ်က အပြင်းအထန် ထိုးစစ်ဆင်နွှဲလို့ တစ်ကွဲတစ်ပြားဖြစ်နေတယ်၊ တော်လှန်ရေးအဖွဲ့သားတွေနဲ့ ရုတ်တရက် ဆက်သွယ်ဖို့ ခက်ခဲနေတဲ့အပြင် တောပုန်းဓားပြတွေရဲ့ရန်ကလဲရှိနေတယ်၊ ဒါကြောင့် ပြလိုအနီး ရောဝတီမြစ်ကမ်းပါးမှာ ရတနာသေတ္တာကို မြှုပ်နှံခဲ့တယ် ''

ဟုပြောလေရာ မိုးသီးက တဖဲ့တဖြဖြင့် ဦးသိန်းတန်ကို ကြည့်၍

'' ဟင်... ဒါဆိုရင် မိုးမခမင်းသားရဲ့ ရတနာသိုက်ဟာ ဒီနယ်ထဲဒီတော့မှာရှိတာပေါ့ ''

ဟု ရေရွတ်လေ၏။

ဦးသိန်းတန်က မောလျှနေသည့်ကြားမှ ခေါင်းညိတ်၍

'' ဟုတ်တာပေါ့ကွာ၊ ဒါကြောင့် ဓားပြခေါင်းဆောင်လူကြီးဟာ ပြလိုဝန်းကျင် ရွာလေးတွေမှာ တစ်ရွာပြီးတစ်ရွာလှည့်သွားပြီး မိုးမခရတနာသိုက်ရဲ့ သဲလွန်စကို ရှာဖွေခဲ့တယ်လို့ ပြောတယ်၊ နောက်ဆုံးမှာ သူဟာ ရောဂါဝေဒနာဖြစ်လာပြီး ရတနာသိုက်ရှာပုံတော်ကိစ္စကို သက်လျှော့ပြီး မြို့ပေါ်ပြန်တက်လာရာက ငါ့ရဲ့ဆိုင်ကလေးကို ရောက်လာတာကွ၊ ဒီလူကြီးဟာ ငါ့လက်ပေါ်မှာပဲ သေဆုံးသွားလို့ ငါပဲ သင်္ဂြိုဟ်ခဲ့ရတယ်၊ အဲဒီအချိန်ကစပြီး မိုးမခရတနာသိုက်ကို ငါကြားဖူးနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မသေချာ မရေရာတဲ့ကိစ္စမို့ ငါ စိတ်မဝင်စားခဲ့ပါဘူး ''

ဦးသိန်းတန်သည် ပြောရင်း ခဏနားနေပြန်၏။ ပြီးမှသူ၏ စကားကိုဆက်၍

'' ငါ့ရဲ့ဆန်ပြုတ်ဆိုင်ကလေးက ရောင်းကောင်းကောင်းနဲ့ တရုတ်ခေါက်ဆွဲဆိုင်လေးအထိ ဖွင့်ခဲ့တယ်၊ ဒီလိုနဲ့ ခေါက်ဆွဲဆိုင်ဖွင့်ပြီး သုံးနှစ်လောက်အကြာမှာ ငါ့ဆိုင်မှာလာပြီး မိုက်ကြေးခွဲတဲ့ လူမိုက်တစ်ယောက်ကို မခံနိုင်လို့ တိုက်ခိုက်မိရာကစပြီး လူသတ်မှုဖြစ်ခဲ့တယ်၊ ဗိုလ်က အဖမ်းမခံချင်လို့ တောထဲကိုတိမ်းရှောင်ရင်း ဝရမ်းပြေးဘဝနဲ့ ဓားပြတွေနဲ့ပေါင်းသင်းမိပြီး ဓားပြဖြစ်ခဲ့ပြန်တယ် ''

ဟုပြောလေရာ မိုးသီးက ဦးသိန်းတန်ကိုကြည့်၍

'' ဒီလူကြီးက ဓားပြဖြစ်ခဲ့ဖူးတာကိုး ''

ဟု တွေးလိုက်လေ၏။

'' ငါဟာ မကောင်းမှုဒုစရိုက်နယ်ပယ်ထဲရောက်မှ အကျိုးပေးတယ်လို့ ဆိုရမလားမသိဘူး၊ မကြာမီ ဓားပြခေါင်းဆောင်ဖြစ် ပြီး အင်္ဂလိပ်အစိုးရကတောင် ဆုငွေထုတ်ရတဲ့အထိပဲ၊ ဒီ[illegible]မှာပြည် အရပ်ရပ်က ဒေသတွေကို လှည့်လည်ပြီး ဓားပြတိုက်ခဲ့တာ လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်အထိပဲ၊ ငါ့ဘဝရဲ့နောက်ဆုံးတိုက်ခဲ့တဲ့ ဓားပြမှုဟာ အတော်ထူးဆန်းပါတယ်၊ ငါတို့ဟာ ရွှေဘိုဘက်က ရွာကြီးတစ်ရွာက စက်သူဌေးတစ်ဦးရဲ့အိမ်ကို ဓားပြတိုက်ခဲ့တယ်၊ စက်သူဌေးမိသားစုတွေကို အိမ်ကြီးရဲ့ဧည့်ခန်းထဲမှာ စုထေးနိုင်ပြီး ငါတပည့်တွေက သေတ္တာ





တွေ၊ ဗီရိုတွေထဲမှာ မွှေနှောက်ရှာဖွေခဲ့တယ်၊ ဒီအချိန်မှာပဲ အိမ်ကြီးရဲ့ အပေါ်ထပ်အခန်းက မိန်းမပျိုတစ်ဦးရဲ့အသံကိုကြားရတယ်၊ 'ရှင်တို့ ဓားပြတိုက်တာကိုရပ်လိုက်ပါ' တဲ့၊ ငါက မိန်းမပျိုတစ်ယောက်ရဲ့အမိန့် ပေးသံကြောင့် ရယ်မောလိုက်ပြီး 'ငါ့ကိုအမိန့်ပေးနိုင်တဲ့သူ မမွေး သေးဘူး၊ မင်းကဘာမို့လို့ ငါ့ကိုအမိန့်ပေးရတာလဲ' လို့ပြောပြီး အခန်း ထဲကို ဖွတ်အတင်း\ဝင်သွားတယ်၊ ငါဝင်သွားတဲ့အခန်းက မိန်းမပျို တစ်ယောက်ရဲ့အိပ်ခန်းပဲ၊ အိပ်ခန်းထဲက ရှေးဆန်တဲ့ကုလားထိုင်ကြီး တစ်လုံးပေါ်မှာ အလွန်လှပတဲ့ မိန်းမပျိုတစ်ယောက်ထိုင်နေတယ်၊ မိန်းကလေးဟာ ချောလွန်းလို့ တော်ရုံတန်ရုံဓားပြဆိုရင်တော့ မတော် မတရားပြုကျင့်ဖို့ ကြိုးစားမှာသေချာတယ် ''

ဟု ပြောရင်း ချောင်းဆိုးနေပြန်၏။ သွေးများလည်း များစွာ အန်ထုတ်လိုက်လေ၏။ ဦးသိန်းတန်၏ နောက်ဆုံးခရီးသည် နီးသထက် နီးလာမှန်း ရိပ်စားမိလိုက်၏။ ဦးသိန်းတန်ကလည်း သူ၏အခြေအနေ ကိုသူသိ၍ ကြိုးစားပမ်းစားပြောပြနေခြင်း ဖြစ်တန်ရာ၏။

၎င်းတစ်ကြိမ်တွင် ဦးသိန်းတန်သည် သူ၏စကားကို အတန် ကြာသည်အထိ မဆက်နိုင်သေးဘဲ တိုင်ကိုမှီ၍ အနားယူနေပြန်၏။

ခဏကြာသောအခါမှ

'' ဒီတစ်ခါ စကားပြောရတာ သိပ်မောတယ်ကွ၊ အသက် ရှူလို့လဲမဝတော့ဘူး၊ ဒါပေမဲ့ နောက်ဆုံးအချိန်မှာ အားယူပြီးပြော ရမှာပဲကွ၊ ငါဟာ မိန်းမပျိုလေးကိုကြည့်ပြီး တအံ့တသြဖြစ်သွားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ခါးပြတိုက်ခံရတာကို ကြောက်တဲ့အမူအရာမရှိဘူး၊ သတ္တိရှိပြီး ရဲဝံ့ပုံရတယ်၊ ငါ ခါးပြတိုက်တဲ့သက်တမ်းတစ်လျှောက်မှာ သူတစ်ပါး သမီးမျိုးတွေကို စော်ကားတဲ့ မုဒိန်းသမားအလုပ်ကို ဘယ်တော့မှ မလုပ်ခဲ့ဘူး၊ ဒါကြောင့်လဲ ငါ့ရဲ့ခါးပြသက်တမ်းရှည်တာထင်ပါရဲ့၊ ငါက မိန်းကလေးကိုကြည့်ပြီး 'မိန်းကလေး၊ မင်းအတင့်ရဲလှချည်လား၊ ခါးပြတိုက်ခံရတဲ့ မိသားစုနဲ့ ဘယ်လိုပတ်သက်သလဲ' လို့ မေးလိုက်တော့ မိန်းကလေးက လေသံအေးအေးလေးနဲ့ပဲ 'ခါးပြတိုက်ခံရတဲ့ စက်သူဌေးဦးရွှေမှန်ဟာ ကျွန်မရဲ့အဖေပါ၊ ကျွန်မက မြို့က အဒေါ်တွေဆီမှာနေပြီး ကောလိပ်ကျောင်းတက်နေလို့ ကျွန်မကိုမသိတဲ့သူတွေများပါတယ်' လို့ပြောတယ်၊ ဒီတော့ ငါက 'မင်းက ငါတို့ကိုခါးပြတိုက်တာ ရပ်တန်းကရပ်ခိုင်းတယ်၊ ဘာဖြစ်လို့လဲ' လို့ မေးလိုက်တယ်၊ ဒီတော့ မိန်းမပျိုက 'ရှင်တို့ခါးပြတိုက်လို့ရတဲ့ငွေထက် အဆပေါင်း များစွာရနိုင်တဲ့နည်းလမ်းတစ်ခုကို ပြောချင်လို့ပါ' လို့ပြောတယ်၊ ဒီတော့ ငါက စိတ်ဝင်စားသွားပြီး 'ဘာပြောမှာလဲ' လို့ မေးလိုက်တယ်၊ ဒီတော့ မိန်းမပျိုကရယ်မောပြီး 'ဒီအတိုင်းတော့ ဘယ်ပြောပါ့မလဲရှင်၊ ရှင်နဲ့ကျွန်မ အပေးအယူတစ်ခုတော့ လုပ်ရမယ်' လို့ ပြောပြန်တယ်၊ နောက်ဆုံးတော့ မိန်းမပျိုက 'အဲဒီလျှို့ဝှက်ချက်ကို ပြောပြရင် သူတို့မိသားစုကို ငါခါးပြ မတိုက်ရဘူးလို့ ကတိတောင်းတယ်၊ ဒီတော့ သူ့ရဲ့စကားကို စိတ်ဝင်စားတာနဲ့ ခါးပြမတိုက်ဖို့ ကတိပေးလိုက်တယ်၊ မိန်းမပျိုက ဘာဆက်ပြောလဲဆိုတော့ 'ကျွန်မ မိဘတွေဟာ အသက်ကြီးပြီ၊ အိမ်မှာရှိတဲ့





ညီးစိမ်ဥစ္စာနဲ့ ရွှေရှည်တွေကိုထုခွဲပြီး ဒီနှစ်ထဲမှာ အလှူအတန်းတွေ အကြီးအကျယ်လုပ်ဖို့ရှိတယ်၊ ဒါကြောင့် သူတို့ဘဝရဲ့ နောက်ဆုံးဆန္ဒလေး မပျက်စေချင်လို့ ရှင့်ကို ဒီလျှို့ဝှက်ချက်ကိုပြောပြရတာပါ၊ ရှင် မိုးမခမင်းသားရဲ့ ရတနာသိုက်ဆိုတာ ကြားဖူးသလား' လို့ မေးတယ်၊ ဒီတော့ ငါက မိန်းမပျိုလေးကိုကြည့်ပြီး 'မိန်းကလေး မိုးမခရတနာသိုက်အကြောင်းကို ပြောမယ်ဆိုရင်တော့ ရပ်တန်းက ရပ်ပေတော့၊ ဒီအကြောင်းတွေကို ကျုပ်အကုန်လုံးကြားဖူးနားဝရှိနေတယ်၊ မိုးမခမင်းသားနဲ့ပတ်သက်တဲ့ ပေစာတွေကို တစ်ဝက်တစ်ပျက်ဖတ်ဖူးတဲ့ ခါးပြခေါင်းဆောင်ကြီးတစ်ယောက်ကို ငါက ပြုစုယုယပေးလို့ ဒီအကြောင်းတွေပြောပြသွားဖူးတယ်' လို့ ပြောလိုက်တယ်၊ တကယ်တော့ ဒီအချိန်မှာ မိုးမခရတနာသိုက်အကြောင်းကို ကြားဖူးနားဝရှိတဲ့သူ အတော်များနေပြီ၊ မိုးမခမင်းသားရဲ့ ရတနာတွေဟာ မြေထဲနဲ့ ပြလိုအကြားမှာ မြှုပ်နှံထားတယ်ဆိုတာ လူပြောသူပြော အတော်များနေတယ်၊ မိန်းကလေးက 'မိုးမခရတနာသိုက်ကို လူတိုင်းသိနေတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ လူတွေသိတယ်ဆိုတာက မြေထဲနဲ့ပြလိုအကြားက ဧရာဝတီမြစ်ကမ်းပါးမှာဆိုတာလောက်ပဲရှိတယ်၊ ဘယ်နေရာဆိုတာ အတိအကျသိတာမဟုတ်ဘူး၊ ဒါပေမဲ့ ကျွန်မကတော့ နေရာအတိအကျ ပြောနိုင်တယ်ရှင့်' လို့ပြောတော့ ငါက စိတ်လှုပ်ရှားစွာနဲ့ 'ဘယ်နေရာမှာလဲ' လို့ မေးလိုက်တယ်၊ ဒီတော့မှ မိန်းမပျိုက 'ပြလိုအနီးက ပေဟာ တုန်းရွာလေးရဲ့ ရွာပြင်မြစ်ကမ်းနဖူးမှာ' လို့ပြောတယ် ''



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ မိုးသီးက မျက်လုံးပြူးမျက်ဆန်ပြူးနှင့်

" တင်... ပေတောကုန်းရွာဆိုတော့ ကျုပ်တို့ရွာပဲ၊ ကျုပ်တို့ရွာရဲ့ မြစ်ကမ်းနဖူးမှာဆိုတော့ မိုးမခရတနာသိုက်က ဒီနေရာမှာရှိတာပေါ့ "

ဟု မေးမြန်းလေ၏။ ဦးသိန်းတန်က ချောင်းများတဟွတ်ဟွတ်ဆိုးပြန်ပြီး

" ဟုတ်တယ်၊ ဒါကြောင့် မင်းတို့ရွာပြင်မြစ်ကမ်းနဖူးမှာ ငါတစ်ယောက်တည်းလာနေတာပေါ့ကွာ၊ တကယ်တော့ မိုးမခ ရတနာသိုက်အကြောင်းကိုပြောပြတဲ့မိန်းမချောလေးဟာ မိုးမခမင်းသားရဲ့အဆက်အနွယ်ထဲကတစ်ယောက်ပဲ၊ ဒါကြောင့် ရတနာသိုက်ရဲ့ အနီးဆုံးနေရာကို ခန့်မှန်းပြီးပြောနိုင်တာကွ၊ ဒီအချိန်ကစပြီး ငါဟာ ဓားပြအဖွဲ့ကိုဖျက်သိမ်းပြီး ပေတောကုန်းရွာကို ထွက်ခဲ့တာပဲ၊ ငါ့တပည့် မင်းအင်ဆိုတဲ့ကောင်ကတော့ ဓားပြအင်အားကိုပြန်စုစည်းပြီး ဓားပြဆက်လုပ်နေတယ်လို့ကြားရတယ်၊ ငါဟာ ပေတောကုန်းရွာကိုလဲရောက်ရော၊ ရွာပြင်မြစ်ကမ်းနဖူးကို လျှောက်ကြည့်ပြီး အတော်စိတ်ဓာတ်ကျသွားတယ်၊ ရွာပြင်က မြစ်ကမ်းဝန်းကျင်ဟာ အကျယ်ကြီးပဲ ဒီလောက်ကျယ်ဝန်းတဲ့ မြေဧရိယာတွေကို လိုက်ပြီးတူးဖော်ဖို့အတွက်ဆိုရင် လူအင်အားအများကြီးလိုတယ်၊ ဒီလောက်လူတွေအများကြီးရအောင် ငါ ဘယ်လိုလုပ်ရှာလို့ရမလဲ၊ ငါဟာ မြစ်ကမ်းနဖူးဝန်းကျင်မှာ တဲ တစ်လုံးဆောက်ပြီး တစ်နှစ်ပတ်လုံး ထင်ရာမြင်ရာနေရာတွေကို တူးဆွကြည့်





သေးတယ်၊ ဒါပေမဲ့ ရတနာနဲ့တူတာဆိုလို့ ကျောက်ခဲ တစ်စေ့တောင်မရပါဘူး၊ မသိတဲ့လူတွေကတော့ ငါ့ကိုအရူးတစ်ယောက်လို ထင်ကြတယ် "

ဦးသိန်းတန်သည်မြွေရင်း ခဏမျှအမောဖြေနေပြန်၏။ အမော်ပြေသောအခါ စကားကိုဆက်ပြန်၏။

" ဒီရွာပတ်ဝန်းကျင်မှာ တစ်နှစ်လောက်နေရင်းနဲ့ ဒီဒေသမှာ ရောဝတီမြစ်ရေတိုက်စားပြီး ကမ်းပါးပြိုတာကို သတိထားမိတယ်၊ ငါဟာ ကမ်းပါးပြိုတာကိုသွားကြည့်ရင်းရတနာရနိုင်မဲ့ သဘာဝနည်းလမ်းကို မမျှော်လင့်ဘဲသွားတွေ့တယ်၊ ကမ်းပါးပြိုတဲ့အခါတိုင်း စောင့်ကြည့်နေရင် ရတနာတွေမြှုပ်ထားတဲ့သံသေတ္တာကြီးကိုမြင်နိုင်တယ်ဆိုတဲ့အတွေးပဲ၊ ဒီရည်ရွယ်ချက်ကြောင့် ကမ်းပါးပြိုတဲ့နေရာတိုင်းမှာ အမြဲစောင့်ကြည့်ပြီး ငါနေခဲ့တာပဲ၊ ရွာသူရွာသားတွေကတော့ ငါ့အကြောင်းကိုမသိဘဲ ငါ့ကို လူထူးလူဆန်းကြီးလို့ ထင်မြင်ခဲ့တယ် "

ဟုပြောလေရာ မိုးသီးက စိတ်ဝင်တစားနားထောင်၍

" ဦးသိန်းတန်ရဲ့မြေအိုးထဲက ရွှေဒင်္ဂါးပြားတွေကရော ဘယ်လိုလုပ်ရတာလဲ၊ ကမ်းပါးပြိုလို့ရတာလား "

ဟု မေးမြန်းလေ၏။ ဦးသိန်းတန်က ခေါင်းခါ၍

" အဲဒါတော့ ငါ့ရဲ့ကံပဲကွ၊ ကမ်းပါးပြိုတာနဲ့မဆိုင်ဘူး၊ ငါဟာ မြေပြင်ကို လျှောက်တူးပြီး ရတနာတွေရှိမယ့်နေရာကို ရှာဖွေခဲ့တယ်၊ ဒါပေမဲ့ တစ်နှစ်လုံးတူးတာတောင် ဘာမှမတွေ့ပါဘူးကွာ၊ ဒါပေမဲ့



www.burmeseclassic.com

စိုက်ပျိုးရေးလုပ်ဖို့ မြေတွေကိုရှင်းလင်းရင်းနဲ့ ရွှေဒင်္ဂါးတွေ ထည့်ထား တဲ့အိုးကိုရခဲ့တယ်၊ ရွှေဒင်္ဂါးတွေရခဲ့တဲ့အတွက် မိုးမခရတနာသိုက် ဒီနေရာ မှာရှိတာ သေချာသွားတာပေါ့ ''

ဟုပြောလေ၏။ မိုးသီးက စိတ်ဝင်စားစွာဖြင့်

'' ရွှေဒင်္ဂါးရတဲ့နေရာမှာ ရတနာသိုက်ရှိမှာပေါ့၊ အဲဒီနေရာကို တူးကြည့်သေးလား ''

ဟု မေးမြန်းလေ၏။ ဦးသိန်းတန်က

'' တူးတာပေါ့ကွာ၊ တူးတာမှ လနဲ့ချီပြီးတူးတာ၊ ဒါပေမဲ့ ရတနာတွေကို မတွေ့ပါဘူးကွာ၊ ငါ့အထင်တော့ မိုးမခမင်းသားဟာ ရွှေအိုးကိုမြှုပ်နှံပြီး ဒီနေရာဟာ မလုံခြုံဘူးလို့စိတ်ကူးပြောင်းသွား ပုံရတယ်၊ ဒါမှမဟုတ် မိုးမခရတနာသိုက်ကိုလိုက်တဲ့သူတွေကို လမ်းလွှဲ ချင်တဲ့ဆန္ဒကြောင့် ဒီလိုလုပ်တာဖြစ်လိမ့်မယ်ကွ ''

ဟုပြောရင်း ချောင်းများဆိုးပြန်၏။ သွေးများကိုလည်း ပွက် ခနဲ အန်လိုက်ပြန်၏။

'' ငါဟာ မိုးမခရတနာသိုက်ကို (၁၀)နှစ်တိတိ ဒုက္ခခံ ပြီး ရှာဖွေခဲ့တယ်၊ ရတနာသိုက်နဲ့ပတ်သက်ပြီး ငါ့ဘဝတစ်ခုလုံးကို မြှုပ်နှံ ခဲ့ရတယ်၊ ဒါပေမဲ့ ရတနာသိုက်ကို အရိပ်အယောင် မတွေ့ရပါဘူးကွာ၊ ဒါကြောင့် မိုးမခရတနာသိုက်အကြောင်းကို ကြားဖူးတဲ့မင်းကိုလဲ ငါ့လိုအဖြစ်မျိုးနဲ့ ဘဝမဆုံးစေချင်ဘူး၊ ငါကတော့ လောဘကို မထိန်း နိုင်ဘဲ ရတနာသိုက်ကို သဲကြီးမဲကြီးရှာဖွေခဲ့တယ် ''





ဟုပြောရင်း အမောဖြေနေပြန်ရာ မိုးသီးက ခေါင်းညိတ်၍

'' စိတ်ချပါ ဦးသိန်းတန်၊ ကျွန်တော် ရတနာသိုက်ကို စိတ် မဝင်စားပါဘူး၊ ဦးသိန်းတန်မရှိတော့ဘူးဆိုရင် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ပြီး အေးအေးဆေးဆေး အသက်မွေးဝမ်းကျောင်းမှာပါ ''

ဟု ပြောလိုက်ရာ ဦးသိန်းတန်သည် မိုးသီး၏စကားကို သဘော ကျဟန်ဖြင့်ကြည့်၍ မည်သည့်စကားမျှမဆိုတော့ဘဲ ချောင်းဆိုးလိုက်၊ သွေးအန်လိုက်ဖြစ်နေသဖြင့် ဖျာစုတ်လေးပေါ်တွင် လဲလျောင်းနေရ လေ၏။

ဆေးဆရာကိုယ်တိုင်လက်လျှော့ထားသော လူမမာဖြစ်သဖြင့် မိုးသီးလည်း မည်သို့မျှ မတတ်နိုင်တော့ချေ။

ထိုနေ့ည၌ မိုးကြီးလေကြီးများ ကျလာပြန်၏။ ဦးသိန်းတန်သည် ညအမှောင်ထဲသို့ ငေးမောကြည့်၍ သူ၏မျှော်လင့်ချက်များကို အသက် သွင်းရန် ကြိုးစားနေပုံရ၏။

သို့သော် သည်တစ်ကြိမ်တွင်တော့ ငုတ်တုတ်ထိုင်ရန် အား ပင်မရှိတော့သဖြင့် ဖျာကလေးပေါ်တွင် လှဲနေလေ၏။

မိုးသီးသည် သူ၏အနီးတွင်ထိုင်၍ အကဲခတ်နေစဉ် ဦးသိန်း တန်က လေသံတိုးတိုးဖြင့် 'မိုးသီး' ဟု ခေါ်သဖြင့်

'' ကျွန်တော်အနားမှာရှိပါတယ်၊ ဘာလိုချင်လို့လဲ ''

ဟု မေးမြန်းလေ၏။ ဦးသိန်းတန်က လေသံယဲ့ယဲ့ဖြင့်

'' ငါသေရင် ငါ့ရဲ့အလောင်းကို ရွာသင်္ချိုင်းမှာ မြှုပ်ပါနဲ့ကွာ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီ လူတွေနဲ့အတူမနေချင်လို့ပါ၊ တောစပ်မှာ ငါ့ကိုတစ်ယောက်တည်း သီးသန့်မြှုပ်ပေးပါ ''

ဟု တောင်းဆိုလေ၏။ လူထူးလူဆန်းကြီးသည် သေသည် အထိ လူတွေကို စိတ်နာသွားပုံရ၏။ မိုးသီးက စိတ်မကောင်းစွာဖြင့်

'' စိတ်ချပါ ဦးသိန်းတန်၊ ပြောတဲ့အတိုင်း ကျွန်တော် လုပ်ပေး ပါမယ် ''

ဟုပြောလေ၏။ ဦးသိန်းတန်သည် ထိုညတွင်ပင် လူ့လောကမှ ထွက်ခွာသွားလေ၏။ မိုးသီးသည် နောက်တစ်နေ့နံနက် မိုးတိတ်သည် နှင့် ဦးသိန်းတန်၏ အလောင်းကိုထမ်း၍ တောစပ်သို့ ယူဆောင်သွား လေ၏။ ဦးသိန်းတန်၏ဆန္ဒအတိုင်း တောစပ်၌ မြှုပ်နှံပြီးသောအခါ မိုးများပြန်လည်ရွာသွန်းလာ၏။

မိုးမခရတနာသိုက်နှင့်အတူ ဆယ်နှစ်တိတိ ဘဝတစ်ခုလုံးကို မြှုပ်နှံခဲ့သော လူထူးလူဆန်းကြီး၏ဘဝ တစ်ခန်းရပ်သွားလေ၏။

မိုးသီးသည် ဦးသိန်းတန်၏မြေပုံကို မိုးရေထဲ၌ တစ်မနက်လုံး ငေးကြည့်နေမိ၏။

ထိုအခိုက်မှာပင် သူ၏အနောက်မှ ကမ်းပါးပြိုသောအသံကို ကြားလိုက်ရလေ၏။ မိုးသီးသည် ယခုအချိန် ကမ်းပါးပြိုသောအသံ ကျယ်လောင်လှသဖြင့် ၎င်း၏တဲအိမ်ကလေးရှိရာသို့ အပြေးပြန်ခဲ့ လေ၏။

မြစ်ကမ်းပါးသို့ရောက်သောအခါ ကမ်းပါးများ တဝုန်းဝုန်း



ပြိုကျနေသည်ကိုမြင်ရလေ၏။

ပြိုကျနေသော မြေသားများကို ရေဝဲတိမြင့်က တိုက်စား သယ် ဆောင်သွားလေ၏။ ကမ်းပါးပြိုသောနှုန်းမြန်ဆန်လှသဖြင့် ထိုနေရာသို့ သွားရောက် ကြည့်ရှုချိန်မင် မရတော့ချေ။

မိုးသီး၏တဲအိမ်ကလေးသို့ ကမ်းပါးပြိုသော အန္တရာယ် နီးကပ် စွာရှိနေသဖြင့် တဲအိမ်ထဲရှိ အသုံးအဆောင်အချို့ကိုယူ၍ လျှင်မြန်စွာ ပြေးသွားလေ၏။

သို့သော် ယခုအချိန်တွင် ကမ်းပါးပြိုသောနှုန်းသည် မကြုံဖူး အောင် မြန်ဆန်နေ၏။

မိုးသီးသည် အင်အားရှိသမျှပြေးလွှား၍ တဲအိမ်ကလေးရှေ့ သို့ရောက်သောအခါ တဲအနီးရှိ မြေသားများပင် ပြိုကျနေလေပြီ။

သူသည် တဲအိမ်ပေါ်သို့ခုန်တက်၍ ညနေစာချက်ရန် ဆန်အိတ် နှင့် အိုးခွက်များကို ဂုန်နီအိတ်တစ်လုံးထဲသို့ ထိုးထည့်လေ၏။ အဝတ် အစားအချို့ကိုလည်း လွယ်အိတ်ကြီးထဲသို့ ထိုးထည့်ပြန်၏။

ထိုအချိန်တွင် ကမ်းပါးပြိုသောနှုန်းသည် ပိုမိုမြန်ဆန်လာပြီး မိုးသီးအိမ်ထဲတွင်ရှိနေစဉ် အိမ်တိုင်အချို့လှုပ်ခါသွားပြီးတဲမှာ ပြိုကျသွား လေ၏။

မိုးသီးသည် တဲအိမ်၏ကဲလားတံခါးကိုခုန်တက်၍ ပြတင်း ပေါက်မှ ခုန်ဆင်းလိုက်၏။ မိုးသီး မြေပေါ်သို့ရောက်သောအခါ တဲ ကလေးသည် မြေသားများနှင့်အတူ ပြိုကျသွားလေ၏။

www.burmeseclassic.com

မိုးသီးသည် ကံကောင်းထောက်မစွာဖြင့် လက်မတင်လေး လွတ်မြောက်သွားခြင်းဖြစ်၏။

သူသည် ဂုန်နီအိတ်ကြီးတစ်ဖက်၊ လွယ်အိတ်ကြီးတစ်ဖက်နှင့် မြေပေါ်မှ ကုန်းရုန်းထ၍ လွတ်ရာကျွတ်ရာသို့ ပြေးလွှားခဲ့၏။

သို့သော် ကမ်းပါးပြိုခြင်းသည် သူ၏တဲအိမ်ကလေးနေရာတွင် ရပ်တန့်သွားလေ၏။

မိုးသီးသည် မြေပြိုခြင်းရပ်တန့်သွားသဖြင့် ဂုန်နီအိတ်ကြီးကိုအနီးတွင်ချထားလိုက်ပြီး မြေပေါ်တွင် ပက်လက်လှန်၍ အမော ဖြေနေမိ၏။

မိုးများလည်း တဖွဲဖွဲသာ ရွာသွန်းဖြိုးနေ၏။

ဦးသိန်းတန်နောက်ဆုံးဆောက်ခဲ့သော တဲအိမ်ကလေးသည် ဦးသိန်းတန်နှင့်အတူ ပျက်စီးသွားချေပြီ။

မိုးသီးသည် ကမ်းပါးပြိုသောအနီးသို့ တဖြည်းဖြည်း လျှော [illegible] သွားခဲ့၏။

ကမ်းပါးအစပ်သို့ရောက်သောအခါ ဖောက်ထိုးမိုးမျှော်ဖြစ် [illegible] သော တဲကလေးကိုတွေ့ရ၏။

တဲအတွင်းရှိ ပစ္စည်းအချို့မှာ မြစ်ရေထဲသို့ မျောပါသွားလေပြီ။ သူသည် တဲကလေးကို အမိပွါယ်မဲ့ငေးကြည့်နေစဉ် တဲ၏ အ [illegible] တစ်ဖက်သည် တိမ်းစောင်းသွားပြီး ရေစီးနှင့်အတူ မျောပါသွားလေ [illegible]

မိုးသီးသည် မြေသားများကိုကြည့်ရှုရင်း တစ်နေရာသို့ ရောက် [illegible]



သောအခါ သူ၏မျက်လုံးများ ပြူးကျယ်သွားလေ၏။

ပြိုကျသွားသော မြေသားများတွင် တစ်စွန်းတစ်စထိုးထွက်နေသော သံသေတ္တာတစ်လုံး၏ ပုံသဏ္ဌာန်ကို တွေ့လိုက်ရလေ၏။ ထိုသံသေတ္တာသည် မိုးမခမင်းသား၏ရတနာသိုက်ပင်ဖြစ်လေသလား ဟု အံ့ဩစွာ တွေးလိုက်မိ၏။

မိုးသီးသည် စိတ်လှုပ်ရှားစွာဖြင့် မြေသားများကိုတွယ်ကာ ဆင်းလိုက်၏။

အောက်ခြေသို့ရောက်သောအခါ တစ်စွန်းတစ်စထွက်နေသည့် သံသေတ္တာပေါ်ရှိ မြေသားများကို ယက်ဖယ်ထုတ်လေ၏။

မြေသားများ နဘေးသို့ရောက်သွားသောအခါ သံသေ [illegible] ၏အဖုံးကိုဖွင့်ရန် ကြိုးစားကြည့်သော်လည်း သံချေးများ အထပ်ထပ် တက်နေသဖြင့် ဖွင့်ရန် ခက်ခဲနေ၏။

သံသေတ္တာမှာ အလျား ၃ပေ၊ အနံ ၂ပေ၊ အမြင့် ၁ပေခွဲ ခန့်ရှိ၏။ သံသေတ္တာ၏အဖုံးတွင်ရှိသောကနုတ်ပန်းများ၏ ပုံသဏ္ဌာန် အရ နိုင်ငံခြားတိုင်းပြည်တစ်ခုမှဖြစ်ပုံရ၏။

မိုးသီးသည် စိတ်လှုပ်ရှားစွာဖြင့် မြေပေါ်သို့ ပြန်တက်ကာ စိုက်ခင်းရှိရာသို့ပြေး၍ သံတူရွင်းကိုရှာဖွေကာ သံသေတ္တာရှိရာသို့ ပြန်လာခဲ့၏။ ထို့နောက် သံတူရွင်းဖြင့်ကလန့်ပြီး တဖြည်းဖြည်း ဆွဲ ကော်ဖွင့်လိုက်ရာ သေတ္တာပွင့်သွားလေ၏။

သေတ္တာပွင့်သောအခါ အတွင်းထဲရှိ မြင်ကွင်းကိုကြည့်၍

www.burmeseclassic.com

www.burmeseclassic.com



မိုးသီးသည် ပါးစပ်အဟောင်းသားဖြစ်သွားလေ၏။

သေတ္တာထဲတွင် အဖိုးတန်ကျောက်မျက်ရတနာများမရှိဘဲ သဲများအပြည့်ရှိနေသည်ကိုတွေ့ရလေ၏။

မိုးသီးသည် သဲများကိုကြည့်၍ ကြောင်အမ်းအမ်းဖြစ်သွားပြီး တဟားဟားရယ်မောလိုက်လေ၏။

" ဟား ဟား ဟား… မိုးမခရတနာသိုက်၊ မိုးမခ ရတနာသိုက် ရယ်သွေကြီးခဲ့တယ်၊ အခုတော့ ဘာရတနာမှ မရှိဘဲ သဲတွေအပြည့် ဘနာသိုက်ကြီးပါလား "

ကိုအာ့ တစ်ကိုယ်တည်း ရေရွတ်လိုက်လေ၏။ မိုးမခ ရတနာသိုက် ဇာတ်များကို ဦးသိန်းတန်အား ပြချင်လှ၏။

ဦးသိန်းတန်ခမြာ နှစ်ပေါင်းများစွာ ဘဝတစ်ခုလုံးမြှုပ်နှံ၍ ကမ်းပါးပြိုသောအရပ်တွင် အိမ်များတစ်လုံးပြီးတစ်လုံး ဆောက်ကာ ဆင်းရဲပင်ပန်းစွာနေထိုင်ခဲ့ရ၏။

ယခု သူ့အသက်ကိုပင် ပေးသွားရရှာ၏။

ဦးသိန်းတန်သေသောနေ့တွင် ထူးထူးခြားခြား ရတနာသိုက်ကို တွေ့ရှိရ၏။

ဦးသိန်းတန်သည် တစ်ရက်ခန့် အသက်ရှည်ဦးမည်ဆိုလျှင် ပင် ရတနာသိုက်အကြောင်းကို သိသွားနိုင်၏။

ထို့အပြင် ဦးသိန်းတန် ဆယ်နှစ်တိတိ ပင်ပန်းကြီးစွာရှာဖွေခဲ့သော ရတနာသိုက်သည် ဦးသိန်းတန်၏ တဲအောက်တွင်သာ ရှိနေခဲ့၏။





မိုးသီးသည် သဲသေတ္တာကြီးအနီးတွင် ခြေပစ်လက်ပစ် လှဲချလိုက်ရင်း ရတနာသိုက်အကြောင်းကို စဉ်းစားနေမိ၏။

ရတနာသိုက်အကြောင်းကို စဉ်းစားရင်း ၁၈၇၈ ခုနှစ် ကာလများကို ပြန်လည်တွေးဆမိ၏။

အင်္ဂလိပ်အစိုးရက အောက်မြန်မာပြည်ကို သိမ်းပိုက်ပြီးနေချိန် သူ့ကျွန်မခံလိုသော မြန်မာမျိုးချစ်တော်လှန်ရေးသမားများသည် မြန်မာပြည်အနှံ့တွင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တော်လှန်နေကြ၏။

သာယာဝတီနယ်တွင် ဗိုလ်ခေါင်းကြီး၊ ဗိုလ်ခေါင်းလေးတို့သည် အင်္ဂလိပ်အားများစွာဒုက္ခပေးခဲ့၏။

ထို့အပြင် ဗိုလ်သာပု၊ ဗိုလ်သာဉီး၊ ဗိုလ်ကျောက်ဖုလု၊ ဗိုလ်မြတ်ထွန်းတို့သည်လည်း အင်္ဂလိပ်ကို တွန်းလှန်ခဲ့၏။

မဟာနေမျိုးနှင့် ရှမ်းစော်ဘွားများကလည်း အင်္ဂလိပ်တို့ တော်လှန်ခဲ့၏။

မိုးမခရတနာသိုက် ဖြစ်ပေါ်လာချိန်မှာ မဟာနေမျိုးနှင့် ရှမ်းစော်ဘွားအချို့ ဝက်ထီးကန်အရပ်တွင် အင်္ဂလိပ်နှင့် ရင်ဆိုင် တိုက်ပွဲဖြစ်ပွားနေချိန်ပင်ဖြစ်လိမ့်မည်။

ထိုအစာင်းကိုကြားသော ရှမ်းစော်ဘွားအနွယ်ဝင် မိုးမခ မင်းသားသည် မျိုးချစ်စိတ်များ တဖွားဖွားဖြစ်ပေါ်လာနိုင်၏။

ထိုမျိုးချစ်စိတ်၏ လှုံ့ဆော်မှုကြောင့် မိမိပိုင် စည်းစိမ်ဥစ္စာများကို သဲသေတ္တာထဲတွင်ထည့်၍ ဗိုရိုလှည်းနှစ်စီးဖြင့် ရှမ်းပြည်နယ်ထက်မှ



www.burmeseclassic.com

www.burmeseclassic.com



ဝက်ထီးကန်အရပ်သို့ ဆင်းခဲ့၏။

ဝက်ထီးကန်အရပ်သို့မရောက်မီ တောင်တွင်းကြီး၊ ညောင်ပင်သာ စသော အရပ်များသို့ ဖြတ်သန်း၍လာရပေမည်။

ထိုအချိန်တွင် တိုင်းပြည်မငြိမ်မသက်ဖြစ်နေချိန်ဖြစ်၍တောပုန်းခားပြများ၏ ရန်ကလည်းရှိသေး၏။

တောပုန်းခားပြများသည် ဗိုလ်ကျည်းနှစ်စီးဖြင့် ခရီးသွားနေသော မိုးမခမင်းသားနှင့် အစောင့်အကြပ်များကို လုယက် တိုက်ခိုက်နိုင်၏။

မိုးမခမင်းသားနှင့်အဖွဲ့သည် ထိုရန်အန္တရာယ်များကို ကျော်ဖြတ်ပြီး ရောဝတီမြစ်ကြောင်းအနီးမှ ခက်ခဲစွာ ခရီးလှည့်လာကြ၏။ မြေထဲကို ကျော်လွန်ပြီး ပြလိုအနီးသို့ရောက်သောအခါ ဝက်ထီးကန်ဘက်တွင် တိုက်ပွဲပြင်းထန်သောကြောင့် ရှမ်းစော်ဘွားအချို့ တစ်ကွဲတစ်ပြားစီဖြစ်နေ၍ အဆက်အသွယ်ပြု၍ မရတော့။

ရှေ့သို့ခရီးဆက်ရန်လည်း အင်္ဂလိပ်စစ်တပ်၏ ရန်အန္တရာယ်က ရှိနေ၏။ နောက်သို့ပြန်ဆုတ်လျှင်လည်း တောပုန်းခားပြများ၏ ရန်ကို တွန်းလှန်ရခက်မည်။ ထို့အပြင် မိုးမခမင်းသား၌ နောက်လိုက်နောက်ပါများ ကျဆုံးကုန်လေ၏။

ထို့ကြောင့် ဓမ္မတောကုန်းရွာ၏ ရွာပြင်တောစပ်တစ်နေရာ တွင် ရတနာများကို မြှုပ်နှံခဲ့ခြင်းဖြစ်နိုင်သည်။

မင်းသားနှင့် နောက်လိုက်နောက်ပါများသည် ဤမျှဝေးကွာသောအရပ်သို့ သဲများအပြည့်တည့်ထားသော သေတ္တာကြီးကို အဘယ်





ကြောင့် ယူဆောင်လာသနည်း။ တောပုန်းခားပြများ၏ရန်ကြောင့် ရတနာများကို သိုဝှက်ထားခြင်းပင်လော။

ဤသို့ဆိုလျှင် သဲများအောက်တွင် ရတနာများ ရှိနေမည်လားမသိ။

မိုးသီးသည် ထိုအတွေးကြောင့် လှဲနေရာမှ ဝုန်းခနဲထ၍ သံ သေတ္တာအတွင်းရှိ သဲများကို ဖယ်ထုတ်လေ၏။

သဲများကို တဖြည်းဖြည်း ယက်ထုတ်ပြီးသောအခါ သဲများ ၏ အောက်တွင် အရောင်တဝင်းဝင်းလက်နေသော အရာတစ်ခု တစ်စွန်း တစ်စပေါ်လာ၏။ မိုးသီးသည် ထိုအရာကို ဆွဲထုတ်လိုက်သောအခါ အရောင်တဖိတ်ဖိတ်လက်နေသော ငှက်ရုပ်တစ်ရုပ်ကို တွေ့ရလေ၏။

ငှက်ရုပ်သည် တစ်ထွာကျော်ကျော်ခန့်မြင့်ပြီး ကိုယ်ထည်၏ ပတ်ပတ်လည်တွင် အဖြူရောင်ကျောက်များ စီခြယ်ထား၏။

ငှက်ရုပ်၏မျက်လုံးနေရာတွင် အနီရောင်ကျောက်နှစ်လုံးရှိ၏။

မိုးသီးသည် ငှက်ရုပ်ကို ပုဆိုးဖြင့် ပွတ်လိုက်သောအခါ အရောင် များ ပိုမိုတောက်ပလာပြီး သဲများကိုသွန်မှောက်၍ ထပ်မံရှာဖွေလေရာ မည်သည့်အရာကိုမျှ မတွေ့တော့ပေ။

မိုးသီးသည် ငှက်ရုပ်တွင်ကပ်ထားသော အဖြူရောင် ကျောက် များသည် စိန်များပင်ဖြစ်လေသလားဟု ထင်မြင်မိလေ၏။

ငှက်ရုပ်သည် သေချာစွာကြည့်သောအခါမှပင် ချိုးငှက်နှင့် သဏ္ဌာန်တူကြောင်းတွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



စိန်များစီခြယ်ထားသော ငှက်၏အရွယ်အစားသည်ပင်လျှင် ပကတိချိုးငှက်၏ အရွယ်အစားပင်ဖြစ်၏။

ထိုအခိုက်မှာပင် မြေပြိုသောတွင်း၏အပေါက်ဝမှ

" ဟာ... မြေကြီးထဲက သေတ္တာကြီးထွက်လာပြီ၊ ရတနာတွေ၊ ရတနာတွေ၊ ဥစ္စာစောင့်သိုက်ဖွင့်ပြီ၊ ဥစ္စာစောင့်သိုက်ဖွင့်ပြီ "

ဟု ကျယ်လောင်သောအသံကြီးကိုကြားသဖြင့် မိုးသီးသည် ရင်ထဲတွင် ထိတ်ခနဲဖြစ်ပြီး မော့ကြည့်လိုက်ရာ အရူးမကြီး မစိန်ဥကို တွေ့ရလေ၏။

မိုးမခရတနာသိုက်ကို မမျှော်လင့်ဘဲ အရူးမကြီး သိသွားချေပြီ၊ မိုးသီးသည် မစိန်ဥကြောင့် ရွာသူရွာသားများထံသို့ မိုးမခရတနာသိုက်အကြောင်း ပေါက်ကြားသွားလျှင် မလိုလားအပ်သော ရန်အန္တရာယ်များကို စိုးရိမ်ရသောကြောင့် အရူးမကြီးအား

" မစိန်ဥ... သွား... သွား ဘာတွေလာအော်နေတာလဲ "

ဟု ငေါက်ငမ်းထုတ်လေ၏။ ထိုအခါမှပင် မစိန်ဥသည် ပိုမို ဆိုးထန်သွားပြီး

" ဟောဒီမှာ မိုးသီး ဥစ္စာစောင့်သိုက်တူးနေတယ်၊ ဥစ္စာစောင့်သိုက်တူးနေတယ် "

ဟု ကျယ်လောင်စွာ အော်ဟစ်လေ၏။ မိုးသီးသည် ကြံရာမရဖြစ်သွားပြီး မစိန်ဥအား မြေစိုင်ခဲများဖြင့် ပစ်ပေါက်၍ ခြောက် လှန့်ရာ၏ မစိန်ဥသည် မြေစိုက်ခဲများကို ခုန်လွှား၍ ရှောင်တိမ်းပြီးနောက်





" မိုးသီး ဥစ္စာစောင့်သိုက်တူးနေတယ်၊ မိုးသီး ဥစ္စာစောင့်သိုက်တူးနေတယ် "

ဟု မရပ်မနားအော်ဟစ်၍ ရွာဘက်သို့ ပြေးလွှားသွားလေ၏။ ထိုမြင်ကွင်းကိုကြည့်၍ မိုးသီးသည် ကြံရာမရဖြစ်သွားပြီး မိုးမခ ရတနာသိုက်၏ သဲလွန်စများကို ဖျောက်ဖျက်ပစ်ရန် ကမန်းကတန်း အကြံထုတ်ရလေ၏။

ထို့နောက်တွင်မူ သံသေတ္တာကြီးကို မြေပေါ်သို့ ဆွဲတင်၍ ရေဝတီမြစ်ထဲသို့ မျှောလိုက်ရန် ကြံရွယ်လေ၏။

သူ့အသည် ကမ်းပါးအစပ်သို့ သေတ္တာကိုထမ်း၍ လျှောက်သွားပြီး ရေထဲသို့ ဝုန်းခနဲပစ်ချလိုက်ရာ သေတ္တာကြီးသည် ရေပေါ်တွင် ပေါ်လောပေါ်၍ ရေစီးနှင့်အာတူ ပါသွားလေ၏။

ပြီးနောက်တွင်မူ ချိုးငှက်ရုပ်ကလေးကို ယူ၍ စိုက်ခင်းရှိရာသို့ သွားပြီး မြေကျင်းတူးကာ မြှုပ်နှံလိုက်လေ၏။ မြေသားများကိုလည်း သူတစ်ပါးမရိပ်မိစေရန် ခြေရာလက်ရာမပျက် ဖုံးဖိရလေ၏။

ထိုအခိုက်မှာပင် အရူးမ မစိန်ဥနောက်သို့လိုက်လာသော သူကြီးနှင့် ရွာသူရွာသားများကို အဝေးမှတွေ့ရလေ၏။

မိုးသီးသည် စိတ်အေးအေးထား၍ သူကြီးနှင့်အဖွဲ့ကို စောင့်ကြိုနေလေ၏။ ရွာသူရွာသားများ၏ အမေးကိုဖြေရန်အတွက်လည်း ကြိုတင်စဉ်းစားထားရ၏။ အရူးမစိန်ဥသည် မိုးသီးကိုမြင်သည်နှင့် လက်ညှိုးငေါက်ငေါက်ထိုးကာ



www.burmeseclassic.com

www.burmeseclassic.com



" ဥစ္စာစောင့်သိုက်တူးနေတယ်၊ ရွှေတွေအများကြီးရတယ်၊ သေတ္တာကြီးတစ်လုံးနဲ့အပြည့်ပဲ "

ဟု အော်ဟစ်လေ၏။ သူကြီးနှင့် ရွာသားများအနီးသို့ ရောက်သောအခါ သူကြီးက ကမ်းပါးပြိုသောနေရာကိုကြည့်၍

" ကမ်းပါးတွေအတော်ပြိုသွားတာပဲ၊ ဦးသိန်းတန်ရဲ့ တဲကလေးလဲ ပါသွားပြီ၊ မိုးသီး ဦးသိန်းတန်ဘယ်မှာလဲ "

ဟု မေးမြန်းလေ၏။ ရွာသူရွာသားအချို့သည် ကမ်းပါးပြိုသောဘက်သို့ အပြေးအလွှားသွားကြည့်ပြီး တစ်ယောက်တစ် ပေါက် ထင်ရာမြင်ရာပြောဆိုကြ၏။ မိုးသီးက မျက်နှာညှိုးငယ်စွာဖြင့်

" ဦးသိန်းတန် မနေ့ကပဲ ချောင်းဆိုးသွေးပါရောဂါနဲ့ ဆုံးသွားရှာပြီ၊ ဒီနှစ်ကမ်းပါးပြိုတာ အတော်ကြမ်းတယ်၊ မြေပြိုတာလဲ အတော်မြန်တယ်၊ ကျွန်တော် ဦးသိန်းတန်အလောင်းကို တောစပ်မှာ သွားမြှုပ်နေတုန်းတဲကလေးပါသွားတာပဲ၊ ကျွန်တော်တောင် ကံကောင်းလို့ လွတ်သွားတာ "

ဟုပြောလေရာ သူကြီးက မိုးသီးကို မျက်မှောင်ကြုတ်ကြည့်၍

" နေပါဦး ဦးသိန်းတန်သေတာကို ဘာလို့ ရွာသချိုင်းမှာ မမြှုပ်တာလဲ၊ ငါ့ကိုလဲ အကြောင်းမကြားဘူး "

ဟု အပြစ်တင်လေရာမိုးသီးသည် ဖြေဆိုရခက်သွားလေ၏။

ဦးသိန်းတန်သည် လူအများကို မုန်းတီးနေသူဖြစ်၍ တောစပ်၌ အေးချမ်းစွာနေထိုင်လိုကြောင်း သူကြီးကို ရှင်းပြရန် ခက်ခဲလှ၏။

သူကြီးက ဆက်၍

" အခုလဲ ရွာထဲမှာ ဆူညံပွက်အောင် အရူးမ မစိန်ဥလှည့်အော်နေတယ်၊ မိုးသီး ဥစ္စာစောင့်သိုက်တူးနေတယ်၊ ရတနာတွေ တွေ့တယ်တဲ့၊ အဲဒါဘာကြောင့်လဲ "

ဟု မေးမြန်းလေ၏။ မိုးသီးက သူကြီး၏အမေးကို ရယ်စရာတစ်ရပ်အနေဖြင့် သဘောထားကာ

" ဟား ဟား ဟား... အဲဒါ ဒီလိုဗျ၊ ကမ်းပါးပြိုတဲ့နေရာကို ကျွန်တော်ဆင်းကြည့်ပြီး မြေကြီးတွေကို စူးစမ်းကြည့်နေတာ၊ အဲဒီမှာ အရူးမကြီး မစိန်ဥရောက်လာပြီး မိုးသီး ဥစ္စာစောင့်သိုက်တူးနေပြီ၊ ရတနာတွေတွေ့ပြီဆိုပြီး အော်ဟစ်တော့တာပါပဲဗျာ၊ သူက စိတ်မနှံ့တဲ့သူဆိုတော့ ကမ်းပါးပြိုတာကို ရုတ်တရက်တွေ့ပြီး စိတ်ဖောက်ပြန်သွားတယ်ထင်ပါရဲ့ "

ဟု ပြောလေရာ သူကြီးမင်းသည် မိုးသီး၏စကားကို ယုံကြည်ဟန်ဖြင့် စကားမတုန့်ပြန်တော့ဘဲ ကမ်းပါးပြိုသောဘက်သို့ လျှောက်ခဲ့၏။

ကမ်းပါးပြိုသောနေရာတွင် ရွာသူရွာသားများစုမိနေပြီး အရူးမ မစိန်ဥကို

" ရတနာတွေ ဘယ်မှာလဲ "

ဟု မေးမြန်းလေ၏။ မစိန်ဥသည် မြေပြိုသောကျင်းအောက်ထိ







www.burmeseclassic.com

www.burmeseclassic.com



ဆင်းသွားပြီး သံသေတ္တာမြှုပ်ထားသော မြေသားနေရာကို လက်ညှိုး ညွှန်ပြ၍

" ဟောဒီမှာ ဥစ္စာစောင့် သေတ္တာကြီးရှိတယ်၊ ရတနာတွေ ရှိတယ်၊ စိန်တွေရွှေတွေရှိတယ် "

ဟု အော်ဟစ်လေရာ မိုးသီးသည် မျက်လုံးပြူးသွားလေ၏။ မြေသားများ၏အတွင်းဘက်သည် သေတ္တာတစ်လုံး မြှုပ်နှံထားသော အနေအထားမျိုးရှိနေလေ၏။

ရွာသူရွာသားများနှင့် သူကြီးမင်းသည် ရိပ်မိဟန်မရှိသော်လည်း မှုခင်းလုပ်ငန်းဖြင့် အသက်မွေးသော ဘဖံဆိုသူက မျက်မှောင်ကြုတ်၍

" ဒီနေရာက မြေသားတွေကိုကြည့်ရတာကတော့ သေတ္တာ တစ်လုံးကို မြှုပ်နှံထားတဲ့ပုံစံပဲ "

ဟုပြောလေရာ မိုးသီးသည် မျက်နှာကွက်ခနဲပျက်သွားပြီး ရယ်မော၍

" ဟား ဟား ဟား... ကိုဘဖံကလဲဗျာ၊ အရူးမကြီးပြောတာနဲ့ ပေါက်ကရတွေ လျှောက်တွေးနေတယ်၊ မြေမြို့ပြီး ကျုပ် အရင်ဆုံး ရောက်ခဲ့တာပဲ၊ ဘာသေတ္တာမှ မရှိပါဘူးဗျာ၊ စိတ်ထင်လို့ပါ "

ဟုပြောလေ၏။

မိုးသီးကဆက်လက်၍ တဟဲဟဲရယ်မောကာ

" အရူးမကြီး မစိန်ဥဟာ တိုးအရှိင်တုန်းကလဲ မဂျမ်းဘုံ မြေမျိုလို့ဆိုပြီး တစ်ရွာလုံးကြားအောင် လျှောက်အော်နေတာ မှတ်မိ တယ်မဟုတ်လား "

ဟုပြောလေရာ သူကြီးက မှတ်မိဟန်ဖြင့်

" အေး... မှတ်မိတယ်၊ မှတ်မိတယ်၊ မစိန်ဥက စိတ်ရူးပေါက် ရင် အော်ချင်ရာအော်တတ်တာပဲ "

ဟု မှတ်ချက်ချလေရာ မိုးသီးက ရင်ထဲတွင်ကြိတ်၍ သက်မ ချ လိုက်လေ၏။

သူသည် လွန်ခဲ့သောသုံးနှစ်ခန့်က မဂျမ်းဘုံ မြေမျိုခြင်း အကြောင်းကို မြန်မြန်သည်းသတိရနေမိ၏။

မဂျမ်းဘုံသည် ရွာထိပ်တွင်နေထိုင်သူဖြစ်ပြီး အရက်ချက် ရောင်းသော ချက်ကြီးနှင့်အတူ ပေါင်းသင်းနေထိုင်သူဖြစ်၏။

သူမသည် စရိုက်လက္ခဏာ အလွန်ကြမ်းတမ်းပြီး အသက် အရွယ်ကြီးရင့်သော မိဘနှစ်ပါးကို ရိုက်ပုတ်ဆဲဆိုရသည်ဟု အကြောင်း ပြကာ မကြာခဏ ဆူညံဆောင့်တတ်၏။

မိဘများကို စိတ်ဆင်းရဲအောင် အမြဲပြုကျင့်တတ်သဖြင့် သူမ အား တစ်နေ့တွင် မြေမျိုခံရလိမ့်မည်ဟု သက်ကြီးဝါကြီးများက နိမိတ် ဖတ်လေ့ရှိ၏။

မဂျမ်းဘုံ၏ မကောင်းသောအကျင့်စရိုက်ကြောင့် ရွာဦး ကျောင်း ဆရာတော်ကြီးကပင် ကျောင်းသို့ခေါ်၍ ဆုံးမကြိမ်းမောင်းရ၏။

သို့သော် မဂျမ်းဘုံသည် ခွေးမြီးကောက် ကျည်တောက်စွပ် စင်ဖြစ်သဖြင့် ဆုံးမ၍မရပေ။







www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ အရှေ့မ မစိန်ဥသည် မဂျမ်းဘုံနေထိုင်သော ရွာထိပ်မှ ကမ္ဘားရှူးထိုးပြေးလာပြီး

" မဂျမ်းဘုံ မြေမျိုနေပြီ၊ မြေမျိုနေပြီ "

ဟု တစ်ရွာလုံးကြားအောင် အော်ဟစ်လေရာ ရွာသူရွာသား များသည် အထိတ်တလန့်ဖြစ်သွားလေ၏။

လူကြီးသူမများ၏စကား မှန်ကန်နေပြီဟု တွေးထင်ကြ၏။ ဘုရားနှင့်တစ်ဂိုဏ်းတည်းထားအပ်သော မိဘကို စော်ကားမော်ကား ပြုသူ၏ မရှုမလှအဖြစ်ဆိုးကိုကြည့်ရှုရန်အတွက် ရွာထိပ်သို့ သူ့ထက်ငါ အပြေးအလွှားသွားရောက်ကြ၏။

မြေမျိုသော အဖြစ်သည် ဘုရားလက်ထက်ကသာ ဖြစ်ပွား ခဲ့သဖြင့် ယနေ့ခေတ်တွင် မြင်ရခဲသောရှုခင်းဖြစ်၏။

ရွာထိပ်သို့ လူစုလူဝေးကြီးရောက်ရှိသွားသောအခါ မဂျမ်းဘုံ၏ တဲအိမ်ကလေးသည် ပကတိအတိုင်း တွေ့ရလေ၏။

စိတ်မြန်လက်မြန်ရှိသော ကာလသားများက ခြံတွင်းသို့ သတိ ကြီးစွာထား၍ ဝင်ရောက်သွားကြ၏။

ခြံထဲမှာလည်းမြေမျိုခံရသည့် အရိပ်အယောင်ကို မတွေ့ရ သဖြင့် ဇဝေဇဝါဖြစ်သွားလေ၏။

ထို့ကြောင့်

" မဂျမ်းဘုံ၊ မဂျမ်းဘုံ "

ဟု အသံပြု၍ တဲအတွင်းသို့ဝင်သွားသောအခါ အေးဆေးစွာ





ထိုင်နေသော မဂျမ်းဘုံကိုတွေ့ရသဖြင့် ပါးစပ်အဟောင်းသားဖြစ်သွား ကြ၏။ မဂျမ်းဘုံကလည်း သူ၏အိမ်သို့ မမျှော်လင့်ဘဲ ရောက်လာသော လူစုလူဝေးကြီးကိုကြည့်၍ အံ့ဩသွားပြီး

" နေစမ်းပါဦး၊ ရှင်တို့က ကျွန်မအိမ်ကို ဘာကိစ္စ ရောက် လာတာလဲ "

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ လွန်စွာစပ်စုတတ်သော ကာလသားခေါင်း ဥာဏ်ပိုင် ဆိုသူက အထစ်ထစ်အငေါ့ငေါ့ဖြင့်

" ဟို... ဟို... အရှေ့မ မစိန်ဥက မဂျမ်းဘုံမြေမျိုလို့ဆိုပြီး တစ်ရွာလုံးကြားအောင် လျှောက်အော်နေလို့ပါ "

ဟု ပြောလေရာ မဂျမ်းဘုံက သဘောပေါက်သွားပြီး ဒေါသ တကြီးဖြင့်

" ဩော်... ရှင်တို့က ကျွန်မကို အတော်မြေမျိုခံစေချင်တယ် ပေါ့ "

ဟု အော်ဟစ်လိုက်လေ၏။ ကာလသားခေါင်းဥာဏ်ပိုင်က အထိတ်တကြိတ်အလန့်လန့်ဖြင့်

" မဟုတ်ပါဘူးဗျာ၊ အထင်မလွဲပါနဲ့ "

ဟု တောင်းပန်ရလေ၏။ မဂျမ်းဘုံက ဒေါသတကြီးဖြင့်

" ဒါဆိုရင် ကျွန်မအိမ်ကို တစ်ရွာလုံး ဘာဖြစ်လို့ ဝမ်းသာ အားရလာကြည့်တာလဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေ၏။ ရွာထဲရှိ အဘိုးကြီးတစ်ဦးက

'' ဝမ်းသာလို့မဟုတ်ပါဘူး မဂျမ်းဘုံရယ်၊ မြေမျိုတာ မမြင်ဘူးလို့ လာကြည့်ကြတာပါ၊ နို့ နေပါဦး၊ အရှူးမ မစိန်ဥက မြေမျိုတယ်လို့ ဘာဖြစ်လို့ အော်ရတာတုန်း ''

ဟု မေးမြန်းလေ၏။ မဂျမ်းဘုံက မျက်နှာကိုရှုံ့မဲ့၍

'' ဒီမှာ ကျွန်မဗိုက်ထဲမှာ ကိုယ်ဝန်ဆောင်နေတာမြင်တယ် မဟုတ်လား၊ ဒါကြောင့် ဘာစားစား အရသာမရှိဘူး၊ ဒီနေ့တော့ စိတ်ထဲက မြေကြီးကို စားချင်တယ်ဆိုပြီး ချဉ်ချင်းတက်တာနဲ့ မြေကြီးခဲ နည်းနည်းကိုယူပြီးမျိုတယ်၊ အဲဒါဘာဖြစ်သလဲ၊ တကတည်းတော်၊ ကိုယ့်ဘာသာမြေကြီးစားချင်တာနဲ့ နည်းနည်းလေး ယူပြီး မျိုတာကို မြေမျိုတယ်ဆိုပြီး တစ်ရွာလုံး ဝမ်းသာအားရ လာကြည့်ကြတယ်၊ ရှင်တို့ဟာ သူတပါးဒုက္ခရောက်မှ ဝမ်းသာရတဲ့လူတွေလား၊ သွားကြ သွားကြ ကျွန်မအိမ်က အားလုံးထွက်သွား ''

ဟု အော်ဟစ်လေရာ အထူးအဆန်းကိုကြည့်ချင်သော ရွာသူရွာသားများသည် စိတ်ပျက်လက်ပျက်ဖြင့်

'' တောက် မကြည့်ရတာနာတာပဲ၊ တကယ်မြေမျိုတာ မဟုတ်ဘူး ''

ဟု ရေရွတ်၍ မဂျမ်းဘုံ၏အိမ်မှ ပြန်လည်ထွက်ခွာသွားကြလေတော့၏။

ထိုအဖြစ်အပျက်ကြောင့် မိုးသီးတို့ရွာသားများသည် အရူးမ





မစိန်ဥ၏စကားကို ယုံကြည်ရန်ခက်ခဲလှ၏။

ရွာသူရွာသားများသည် အရူးမ၏စကားကို စိတ်မဝင်စား တော့ အဲ ကမ်းပါးပြိုသောနေရာများကို လှည့်ပတ်ကြည့်သော်လည်း မုန်ရိုးဘဲ့သည့် သေတ္တာမြှုပ်နှံထားသော မြေသားနေရာကို အတန်ကြာ အောင် ကြည့်ရှုလေ၏။

သူသည် မိုးသီးသေတ္တာထဲမှ ယက်ထုတ်ထားသော သဲများကိုလည်း နားမလည်နိုင်ဟန်ဖြင့် ကြည့်ရှုလေ၏။

နောက်ပိုင်းတွင် တွေး၍ ဉာဏ်မမီတော့ဟန်ဖြင့် ခေါင်းကို ရမ်း၍ ထိုနေရာမှ ထွက်သွားလေ၏။

ရွာသူရွာသားများသည် ကမ်းပါးပြိုသောနေရာသို့ စိတ်ဝင်စားစွာ ကြည့်ရှုနေ၍ တော်ပေသေးသည်ဟု တွေးမိ၏။

သူကြီးက မိုးသီးအက်သို့လှည့်၍

'' ဦးသိန်းတန်လဲ သေသွားပြီ၊ မင်းတို့နေတဲ့ တဲလည်း မရှိတော့ဘူး၊ ဒါကြောင့် ရွာထဲမှာပြန်နေမယ် ''

ဟု ပြောလေရာ မိုးသီးက သက်ပြင်းချ၍

'' ရွာထဲမှာနေရင် ကျွန်တော့်ကို ဘယ်သူက ခေါ်ထားမှာလဲ ''

ဟု ရေရွတ်လေ၏။ မိုးသီး၏စကားကြောင့် သူကြီးက သူ၏ နှုတ်ခမ်းမွေးများကိုလက်ဖြင့်သပ်၍

'' လောလောဆယ်တော့ ငါ့အိမ်မှာနေပေါ့၊ ငါ့အိမ်မှာ မနေချင် ဘူးဆိုရင်လဲ ဆရာတော်ဘုရားကျောင်းမှာနေဖို့ ငါလျှောက်ပေးလို့ရ



www.burmeseclassic.com

ပါယ် ''

ဟုပြောလေ၏။ မိုးသီးသည် သူကြီး၏စကားကြောင့် ရွာထဲတွင် ပြန်နေရန်စဉ်းစားကြည့်၏။ သို့သော် သူသည် ရွာပြင်စိုက်ခင်းတွင် နေထိုင်ရသော လွတ်လပ်မှုကို နှစ်သက်နေပြီဖြစ်၍ ရွာထဲတွင် လူအများ၏အခိုင်းခံအဖြစ် နေထိုင်ရသည်နှင့်စာလျှင် ရွာပြင်မှာ လွတ်လွတ်လပ်လပ်နေချင်၏။

သူသည် ဦးသိန်းတန်နှင့်အတူ လုပ်ကိုင်ခဲ့သော စိုက်ခင်းစိတ်လေးကို သံယောဇဉ်တွယ်နေပြီဖြစ်၏။

ထို့ကြောင့်သက်ပြင်းချ၍

'' ကျေးဇူးတင်ပါတယ် သူကြီး။ ကျွန်တော် ရွာပြင်စိုက်ခင်းမှာပဲ နေပါတော့မယ်၊ စိုက်ခင်းကလည်း လူစောင့်မရှိလို့မဖြစ်ဘူး။ စိုက်ခင်းမှာ လောလောဆယ် ကျွန်တော်နေဖို့ လယ်စောင့်တဲလို တဲလေးရှိပါတယ်၊ နောက်တော့လဲ လယ်စောင့်တဲကလေးကို နည်းနည်း ပြန်ချဲ့ပြီး ကျွန်တော်နေလို့ရပါတယ် ''

ဟုပြောလေ၏။ ထိုအခါ ရွာသားတစ်ဦးဖြစ်သော ဦးငွေစန်းဆိုသူက

'' ရွာပြင်မှာ မင်းတစ်ယောက်တည်းနေလို့ဖြစ်ပါ့မလား၊ အန္တရာယ်များပါတယ်ကွာ ''

ဟု တားဆီးလေ၏။ မိုးသီးက ခေါင်းခါ၍

'' ရပါတယ် ဦးလေးရယ်၊ ဦးသိန်းတန်ကြီးတောင် တစ်ယောက်တည်းနေခဲ့သေးတာပဲ ''

ဟု ပြောလေ၏။

ထိုအခါ မိုးသီးနှင့် ရွယ်တူလူငယ်များဖြစ်သော ပေသီးက

'' ရွာပြင်မှာတစ်ယောက်တည်းနေဖို့တာအဲ့ပါရဲ့ကွာ၊ မင်းကို ဦးသိန်းတန်ကြီး သရဲခြောက်ရင် ဘယ်လိုလုပ်မလဲ ''

ဟု ပြောလေ၏။ လှတိုးကလည်း

'' ဖုတ်တယ်ကွ၊ ငါတော့ ကြောက်ပါရဲ့ကွာ ''

ဟု ပြောလေ၏။ မိုးသီးက ၎င်းတို့၏စကားကြောင့် ရယ်မော၍

'' ရွာပြင်မှာ ငါတစ်ယောက်တည်းနေရတာ မျှင်းဖို့ကောင်းတယ်ကွ၊ မင်းတို့ပြောသလို ဦးသိန်းတန်ကြီး တစ္ဆေအဖြစ်လာနေမယ်ဆိုရင် သိပ်ကောင်းတာပေါ့ကွာ၊ ဦးသိန်းတန်ကြီးက အများနဲ့ ပေါင်းသင်းတတ်တဲ့လူကြီးမဟုတ်ဘူးကွ၊ ဒါကြောင့် သူတစ္ဆေဖြစ်ရင်တောင် တစ္ဆေဘဝမှာ အပေါင်းအသင်းရှိမှာမဟုတ်ဘူး၊ ဒါကြောင့် သူလဲ အပျင်းပြေ၊ ငါလဲ အပျင်းပြေ သိပ်ကောင်းတဲ့ကိစ္စပဲ ''

ဟုပြောလေရာ ပေသီးနှင့်လှတိုးသည် ကြက်သီးထမော်ဖြင့် ကိုယ်ကို ကျုံ့လိုက်ပြီး ပေသီးက

'' အမလေး ပြောရင်းနဲ့တောင် ကြက်သီးထလာပြီ၊ ငါတို့ ရွာထဲကို ပြေးတော့မယ်ဟေ့ ''

ဟုဆိုကာ ရွာသူရွာသားများ အနောက်သို့ လိုက်သွား လေ၏။

ရွာသူရွာသားများသည် မိုးသီးကို တစ်ယောက်တည်းပေါက်





www.burmeseclassic.com

www.burmeseclassic.com



ပြောချင်ရာပြောပြီးနောက် ကျေနပ်သွားဟန်ဖြင့် ရွာထဲသို့ ပြန်လည်ထွက်ခွာသွားလေ၏။

မိုးသီးသည် ရွာပြင်မှာ တစ်ယောက်ထဲကျန်ရစ်သောအခါ စိမ်းစိမ်းစိုစိုဖြစ်နေသော ဝိုက်ခင်းကိုကြည့်၍

" ဒီနေ့ကစပြီး ရွာပြင်မှာ မိုးသီးတစ်ယောက်တည်းရှိတယ် "

ဟုကြွေးကြော်ရင်း တဟားဟား ရယ်မောလိုက်လေ၏။

ဤအချိန်မှစ၍ လောကကြီးတွင် နေထိုင်ရခြင်းသည် လွတ်လပ်ပေါ့ပါးသွားသယောင် ခံစားရလေ၏။

* * * * * * * *



မိုးသီးသည် ထိုနေ့ညအဖို့ လောလောဆယ်အနေဖြင့် လယ်စောင့်တဲလေး၌သာ အိပ်စက်ရန် ပြင်ဆင်ရလေ၏။ တဲကလေးသည် သေးငယ်သော်လည်း သူ့တစ်ယောက်အတွက် ကောင်းစွာ နေထိုင်နိုင်သော၏။

ဖျာစုတ်ကလေးပေါ်တွင်လှဲရင်း ရှေ့ဆက်ရမည့်ဘဝခရီးလမ်းကို တွေးတောနေမိ၏။ သူသည် တစ်ကိုယ်ရေတစ်ကာယသမားဖြစ်၍ ဝိုက်ခင်းကလေးရှိလျှင်ပင် စားဝတ်နေရေးအတွက် ပူပင်စရာမလိုချေ။ သို့အပြင် ဦးသိန်းတန်ထံမှ အမွေအဖြစ်ရရှိလိုက်သော ရွှေထည်များကို

www.burmeseclassic.com



ဗိုးချလျှင်ပင် လူချမ်းသာတစ်ယောက်အဖြစ် တင့်တင့်တယ်တယ် နိုင်ပြီဖြစ်၏။

စီမံ၊ စီမံ၊ သည် ရွှေဒင်္ဂါးများအကြောင်းကို စဉ်းစားရင်း မိုးမခ ရတနာ ဥဒ္ဒါင်းကို သတိရပြန်၏။

မခမင်းသား၏ ရတနာသိုက်သည် လူအများထင်မှတ် ကျောက်မျက်ရတနာများရှိမနေဘဲ အဖြူရောင်ကျောက်များ လယ်ထားသော ချိုးငှက်ရုပ်ကလေးသာဖြစ်နေ၏။

မိုးမခမင်းသားသည် အဖိုးတန်ရတနာများမပါဘဲ ဤအရပ်သို့ မည်သည့်အကြောင်းနှင့်ရောက်ခဲ့သနည်း။ ချိုးရုပ်ကလေးကပင်လျှင် အဖိုးတန်နေသည်လားမသိ။ ချိုးငှက်ရုပ်ကလေးတွင် စီခြယ်ထားသော အဖြူရောင်ကျောက်များသည် စိန်တုံးကလေးများဖြစ်နိုင်၏။

မျက်လုံးနေရာတွင်ရှိသော အနီရောင်ကျောက်များသည်လည်း ပတ္တမြားများဖြစ်နိုင်၏။ သူသည် မနက်ဖြန် အိပ်ရာထလျှင် မြေတွင် မြှုပ်ထားသော ချိုးငှက်ကလေးကို ပြန်ဖော်၍ စစ်ဆေးကြည့်ရှုရန် ဆုံးဖြတ်လိုက်၏။ မိုးသီးသည် ညနက်လာသဖြင့် အိပ်စက်ရန် ကြိုး စားမိ၏။

ထိုအခိုက်မှာပင် ဦးသိန်းတန်၏မျက်နှာကို မြင်ယောင်မိ၏။ ဦးသိန်းတန်သည် ပေသီးတို့ပြောသကဲ့သို့ သရဲတစ္ဆေဖြစ်နေလျှင် ယနေ့ ညတွင် သူ၏အနီး၌ရှိနေနိုင်၏။

ဤသို့တွေးတောရင်း စိုက်ခင်းထဲသို့ လှမ်းကြည့်လိုက်ရာ အပင်



များကြားတွင် လူရိပ်လိုလိုတွေ့ရ၏။ မိုးသီးသည် နာနာဘာဝများကို ကြောက်တတ်သူမဟုတ်သော်လည်း ရွာပြင်တွင် မိမိတစ်ယောက် တည်းဖြစ်သဖြင့် ကျောချမ်းသလိုဖြစ်သွား၏။

ဦးသိန်းတန်သည် ဘုရားတရားအလုပ်ကို တစ်သက်လုံး လုပ်ခဲ့ သူမဟုတ်။ ထို့အပြင် မိုးမခရတနာသိုက်ကို အစွဲကြီးစွဲပြီးသေဆုံးခဲ့သဖြင့် ကျွတ်လွတ်မည်မထင်။

စိုက်ခင်းထဲရှိ လူရိပ်သဏ္ဌာန်သည် ဦးသိန်းတန် ခြောက်လှန့် ခြင်းပင်ဖြစ်တန်ရာ၏။

ညနေက သူ၏သူငယ်ချင်းများဖြစ်ကြသော ပေသီးနှင့်လှတိုး တို့အား ပြောခဲ့သောစကားများကို ပြန်လည်ကြားယောင်လာ၏။ ၎င်းတို့ရှေ့တွင် ဦးသိန်းတန်ကြီး သရဲခြောက်လျှင် ‘သူလဲ အပျင်းပြေ ငါလဲအပျင်းပြေ သိပ်ကောင်းတဲ့အစီအစဉ်ပဲ’ ဟု ပြောခဲ့ဖူး၏။

မိုးသီးသည် ရောက်တတ်ရာရာတွေးရင်း ကြက်သီးထသလို ဖြစ်လာ၏။ ထိတ်လန့်စိတ်လည်းဖြစ်ပေါ်လာ၏။ သူသည် စောင်ကို တင်းတင်းဆွဲခြုံလိုက်ရင်း ကြောက်စိတ်ကို ပျောက်ရန် ကြိုးစားမိ၏။ ထိုသို့ကြိုးစားရင်း တစ်မျိုးစဉ်းစားမိပြန်၏။ ဦးသိန်းတန်သည် မိမိ ကိုချစ်ခင်သူဖြစ်၏။ ချစ်ခင်၍လည်း သူပိုင်ရွှေဒင်္ဂါးများကို အမွေအဖြစ် ပေးအပ်သွားခြင်းဖြစ်၏။

ထို့ကြောင့် မိမိကို အန္တရာယ်ပြုလိမ့်မည်မဟုတ်ဟု တွေးမိပြန်၏။ ထိုအခါ ရဲစိတ်ရဲမာန်များ ဝင်ရောက်လာပြီး တဖြည်းဖြည်း

www.burmeseclassic.com

www.burmeseclassic.com



ရယ်မောလိုက်ကာ

" ဗျို့... ဦးသိန်းတန်၊ အမှောင်ထဲမှာ ရပ်မနေပါနဲ့ဗျာ၊ ကျုပ်တို့ဆီကိုလာခဲ့ပါ၊ ဘာလဲ ခင်ဗျားက ဘဝခြားသွားလို့ ကျုပ်ဆီကို မလာချင်တော့ဘူးလား "

ဟု အော်ဟစ်လိုက်လေ၏။ ဤသို့ အော်ဟစ်သော်လည်း အမှောင်ထဲရှိ လူရိပ်သဏ္ဍာန်က အနည်းငယ်လှုပ်ရှားမှုများပြုရုံသာ လှုပ်ရှားခြင်း မပြုလာပေ။

မိုးသီးက ဆက်လက်၍

" ဦးသိန်းတန် လာခဲ့ပါဗျာ "

ဟုအော်ဟစ်လိုက်ပြန်၏။ သို့သော် လူရိပ်သဏ္ဍာန်က လှုပ်ရှားမှုရပ်သွားပြီး အနီးရှိ မှန်အိမ်၏ မီးရောင်ကိုမြင်တော့မှ ရုပ်မှာ လူရိပ်သဏ္ဍာန်ရှိရာသို့ လျှောက်ခဲ့လေ၏။

စိုက်ခင်းအတွင်း တရွေ့ရွေ့လှမ်းခဲ့ပြီး ထိုနေရာသို့ရောက်သောအခါ အရိပ်သဏ္ဍာန်သည် မိုးသီးကို ရင်မဆိုင်ချင်ဟန်ဖြင့် အနောက်သို့ တဖြည်းဖြည်း ဆုတ်ခွာသွားကြောင်း လရောင်ဖြင့်မြင်ရ၏။

မိုးသီးက ရှေ့တိုးလေ ထိုသဏ္ဍာန်က အမှောင်ထဲသို့ တိုးဝင်လေဖြစ်ပြီး နောက်ဆုံးတွင်ပျောက်ကွယ်သွားလေ၏။ မိုးသီးအဖို့ ဦးသိန်းတန် မှာသရဲတစ္ဆေဖြစ်နေပြီဟု တွေးတောမိလေ၏။

ဦးသိန်းတန်သည် ဘာသာတရားကိုင်းရှိုင်းသူတစ်ဦး မဟုတ်သော မိစ္ဆာဒိဋ္ဌိကြီးတစ်ဦးဖြစ်၏။ ထို့အပြင် မိုးမခရတနာသိုက်ကို နှစ်ပေါင်း





များစွာစွဲလမ်းပြီး သေဆုံးရခြင်းဖြစ်၏။ ထို့ကြောင့်မကျွတ်မလွတ်ဘဲ ရှိနေဟန်တူ၏။

သူသည် ရက်လည်သောနေ့တွင် ဦးသိန်းတန်အတွက် ဘုန်းကြီးများပင့်ဖိတ်၍ ဆွမ်းသွပ်ရန် စဉ်းစားမိလေ၏။

ပန်းနုဝါ ပြန်နှင့် မြူပြာ

[illegible]



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးသည် နောက်တစ်နေ့နံနက် မိုးလင်းသောအခါ ရိုး
ခင်းထဲတွင် လုပ်စရာရှိသည်များကို လုပ်ကိုင်ပြီးနောက် လူသူ အခ
အခြေည်ကို ကြည့်ရှုပြီးနောက် ချိုးရုပ်ကလေးကို မြှုပ်နှံထားသောနေရာ
သို့သွားကာ အရုပ်ကလေးကို ပြန်ဖော်လေ၏။

အရုပ်ကလေးတွင် ပေကျံနေသော မြေသားများကို ပုဆိုးဖြ
သုတ်၍ တဲထဲသို့ ယူဆောင်ခဲ့လေ၏။ တဲပေါ်သို့ရောက်သောအခါ ချိုး
ရုပ်ကလေးကို သေချာစွာကြည့်လေ၏။

ချိုးအရုပ်၏ကိုယ်ထည်သည် ရွှေအစစ်ဖြင့် ပြုလုပ်ထားပုံ ရှ
ချိုးရုပ်၏ကိုယ်ထည်တွင် တပ်ဆင်ထားသော စိန်တုံးများ၏ အရော





သည် တဖျတ်ဖျတ်တောက်ပနေ၏။

သူသည် အမှတ်မထင် ချိုးငှက်၏အောက်ခြေတည့်တည့်သို့
ကြည့်မိသောအခါ ချိုးငှက်နှင့်ပတ်သက်သော မှတ်တမ်းကိုတွေ့ရ
လေ၏။

၁၈၀၃ ခုနှစ် အိန္ဒိယပြည် ဘုံဘေမြို့မှ ရတနာကုန်သည် ကြီး
မစ္စတာဆင်းဂျ တာဝန်ယူပြုလုပ်ပေးသည်။ ချိုးရုပ်တွင် ရွှေ
သားစစ်စစ်နှစ်ပိဿာနှင့် တန်ဖိုး မဖြတ်နိုင်သော စိန်လုံးရေ
(၇၅) လုံးတိတိပါဝင်သည်။ ချိုးရုပ်၏မျက်လုံး အစုံတွင် ကျပ်
၅၀၀၀၀ တန် ပတ္တမြားကြီးနှစ်လုံးကိုတပ်ဆင်ထားသည်။

မိုးသီးသည် ချိုးရုပ်၏မှတ်တမ်းကိုဖတ်ရှု၍ မျက်လုံးပြူးသွား
လေ၏။

ချိုးရုပ်သည် သူထင်သည်ထက် များစွာအဖိုးထိုက်တန်နေ
လေ၏။ သူသည် မိုးမခမင်းသား၏ရည်ရွယ်ချက်ကိုလည်း ရိပ်စားမိ
သလိုရှိသွား၏။

မိုးခမင်းသား၏ အဖိုးတန်ရတနာများဆိုသည်မှာ ရတနာများ
စွာကိုသေတ္တာထဲတွင် အပြည့်အသိပ်ထည့်ထားခြင်းမဟုတ်။ လွန်စွာ
အဖိုးထိုက်တန်သော ချိုးရုပ်ကလေးတစ်ရုပ်တည်းပင်ဖြစ်၏။

မိုးမခမင်းသားသည် ကျောက်မျက်ရတနာများကို သယ်ဆောင်
လာခြင်းမဟုတ်ဘဲ ချိုးငှက်ကလေးကိုသာ ယူဆောင်ခြင်းဖြစ်ပုံရ၏။
မိုးသီးသည် ချိုးရုပ်ကလေးကို ဖင်ပြန် ခေါင်းပြန်ကြည့်ရင်း ဦးသိန်းတန်ကို



www.burmeseclassic.com

www.burmeseclassic.com



သတိရလေ၏။

ကံကြမ္မာဟူသည် ထူးဆန်းလှပေစွ။ ချိုးရုပ်ကလေးအတွက် နှစ်ပေါင်းများစွာဘဝကို ရင်နှီးခဲ့သော ဦးသိန်းတန်က အကျိုးမခံစားရဘဲ ရွှာပြင်သို့ မကြာသေးမီက ရောက်ခဲ့သော မိုးသီးသည် ချိုးရုပ်ကို ရရှိနေလေပြီ။ သို့သော် ထူးဆန်းသည်မှာ ချိုးရုပ်ကလေးကို လိုချင်တပ်မက်စိတ်မရှိဘဲ တန်ခိုးကြီးဘုရားတစ်ဆူတွင်သော လှူဒါန်းလိုစိတ်များဖြစ်ပေါ်လာ၏။

ဤသို့ ပြုလုပ်ခဲ့လျှင် သေလွန်ခဲ့ပြီဖြစ်သော မိုးမခမင်းသားလည်း တမလွန်ဘဝမှ ကျေနပ်နေမည်ထင်၏။ မြေကြီးထဲတွင် အိုးဖြင့်မြှုပ်နှံထားသော ရွှေဒင်္ဂါးများကိုလည်း ထုခွဲရောင်းချ၍ အများကောင်းကျိုးအတွက် ကုသိုလ်ကောင်းမှုပြုမည်ဟု ဆုံးဖြတ်ထားလေ၏။

မိုးသီးသည် ရွှေဒင်္ဂါးများကို တောထဲမှတူးယူ၍ သင့်တော်ရာနေရာတွင် ဖွက်ထားရန် ဆုံးဖြတ်လိုက်၏။ ထိုအခိုက်မှာပင် စိုက်ခင်းအနီးမှ လူရိပ်လိုလိုမြင်သဖြင့် ချိုးရုပ်ကလေးကို အနီးရှိစောင်ဖြင့်ကမန်းကတန်းဖုံးအုပ်လိုက်၏။

မိုးသီးသည် အချိန်မီကလေးပင်ဖြစ်၏။ ချိုးရုပ်ကလေးကို ဖုံးအုပ်လိုက်သည်နှင့် အနီးသို့ မုဆိုးဘဇံရောက်လာ၏။ မုဆိုးဘဇံက အမူအရာပျက်နေသော မိုးသီးကိုကြည့်၍

" ငါ့ကိုမြင်တာနဲ့ ဘယ်လိုဖြစ်သွားတာလဲကွ၊ အလန့်တကြားဖြစ်နေလိုက်တာကွာ "





ဟုပြောရင်း စောင်ဖြင့်ဖုံးအုပ်ထားသောနေရာကို လှမ်းကြည့်လေ၏။ မိုးသီးက ရယ်မော၍

" ကျုပ်က အိပ်ရာထဲမှာလှဲပြီး ဦးသိန်းတန်ကြီးအကြောင်းကို စဉ်းစားနေတာဗျ။ ခင်ဗျားက ရုတ်တရက်ရောက်လာတော့ သရဲခြောက်သလိုဖြစ်ပြီး ထိတ်ခနဲဖြစ်သွားတာပေါ့၊ ခင်ဗျားကလဲ အသံမပေးဘာမပေးနဲ့ "

ဟုပြောလေရာ မုဆိုးဘဇံက နှစ်လုံးပြူသေနတ်ကိုထောင်၍

' ဒီနေ့တော့လည်းထွက်မလိုက်ကွ၊ ရွာပြင်ကိုရောက်တော့ ညတစ်ယောက်တည်းအိပ်လို့မှပျော်ရဲလားလို့ လာမေးတာပါကွာ၊ ကဲ... ငါ့အတွက် ဘာစားစရာရှိသလဲ၊ စိုက်ခင်းထဲက ငှက်ပျောသီးဖြစ်ဖြစ်သွားခူးကွာ "

ဟုပြောလေ၏။ မိုးသီးသည် မုဆိုးဘဇံကို တဲအိမ်ကလေးတွင်တစ်ယောက်တည်းမထားခဲ့ချင်သောကြောင့် အခက်တွေ့သွားလေ၏။ သူသည် ချိုးရုပ်ကလေးကို စောင်ဖြင့်အုပ်ထားသော်လည်း မုဆိုးဘဇံသတိထား၍ လှပ်ကြည့်လိုက်လျှင် အခက်တွေ့သွားနိုင်၏။ ထိုအခိုက်မှာပင် ခေါင်းရင်းတွင်ရှိသော ငှက်ပျောသီးတစ်ဖီးကို သတိရ၍ လှမ်းယူလိုက်ပြီး

" ငှက်ပျောသီးက ခူးပြီးသားရှိပါတယ်၊ တော့ဒီမှာ ကြိုက်သလောက်စား "

ဟုဆိုလိုက်ရာ မုဆိုးဘဇံက



www.burmeseclassic.com

www.burmeseclassic.com



" ဗိုက်ဆာနေတာနဲ့ အတော်ပဲ "

ဟုဆိုကာ ငှက်ပျောသီးများကို ဖြုတ်ယူစားသောက်လေ၏။

မုဆိုးဘစံသည် ငှက်ပျောသီးစားပြီး ဗိုက်ပြည့်သွားသော အခါ မိုးသီးကိုနှုတ်ဆက်၍ တောထဲသို့ ထွက်ခွာသွားလေ၏။ မိုးသီးသည် ထိုအခါမှပင် သက်မကို ချနိုင်လေ၏။

ယနေ့ မုဆိုးဘစံတောလည်မည်ဆိုသဖြင့် တောတွင်းရှိ ရွှေဒင်္ဂါး များကို တူးဖော်ရန်ရက်ကို ရွှေ့ဆိုင်းလိုက်လေ၏။ မိုးသီးသည် မုဆိုး ဘစံတောထဲသို့ ရောက်သွားသောအခါ ချိုးရုပ်ကလေးကို ဖွက်ရန် နေရာကို စဉ်းစားရလေ၏။

သူသည် စိုက်ခင်းထဲရှိ မြေကြီးများကိုတူးဆွ၍ ချိုးရုပ်ကို ဖွက် ရန်မစဉ်းစားတော့ပေ။

အတန်ကြာအောင် ရှာဖွေပြီးနောက် ချိုးရုပ်ကလေးကို ဖွက်ရန် အလွန်ရိုးစင်း၍ အလွန်လုံခြုံသော နေရာတစ်ခုကို သွားတွေ့လေ၏။

ထို့ကြောင့် စိုက်ခင်းထဲတွင်ရှိသော စာခြောက်ရုပ်အနီးသို့ တိုးကပ်၍ စာခြောက်ရုပ်ခေါင်းတွင်စွပ်ထားသော အနက်ရောင်အိုးကို မထုတ်လိုက်၏။

ပြီးနောက် အိုးအတွင်းသို့ ကောက်ရိုးများနှင့် ချိုးရုပ်ကို ထည့် သွင်းကာ စာခြောက်ရုပ်၌ပြန်တပ်ထားလိုက်၏။

သူ၏ခြံသို့ ဝင်ရောက်လာသော သူခိုးသူဝှက်များသည် စာ ခြောက်ရုပ်အတွင်း၌ အဖိုးတန်ပစ္စည်းများရှိမည်ဟု ထင်မည် မဟုတ်ပေ။





မိုးသီးသည် ချိုးရုပ်ကိုဖွက်ပြီးနောက် ရင်ထဲတွင် အနည်းငယ် ပေါ့ပါးသွားလေ၏။

သူသည် အခါအခွင့်သင့်လျှင် ရှမ်းပြည်နယ်ရှိ တန်ခိုးကြီး ဘုရားတစ်ဆူသို့သွား၍ ချိုးရုပ်ကလေးကို လှူဒါန်းမည်ဟု ဆုံးဖြတ် ထားသည်။

မိုးသီးသည် နောက်တစ်နေ့တွင် တောထဲသို့ထွက်၍ လူသူ အရိပ်အခြည်ကိုကြည့်ကာ ဗိမာန်နောက်ဆိုင် အပင် ၃ ပင်ကြားတွင် ရှိသော ရွှေဒင်္ဂါးအိုးကြီးကို တူးဖော်ယူခဲ့လေ၏။

စိုက်ခင်းရှိ သူ၏တဲသို့ ပြန်ရောက်သောအခါ ဆန်အိုးထဲရှိ ဆန်များဖယ်ထုတ်၍ ရွှေဒင်္ဂါးများကို ထည့်လေ၏။

ထို့နောက် ရွှေဒင်္ဂါးများကိုဆန်များဖြင့် ဖုံးအုပ်ထားလိုက်လေ၏။

သူသည် ချိုးရုပ်ကလေးနှင့် ရွှေဒင်္ဂါးများကို လုံခြုံစွာ ဝှက် ပြီးသောအခါ စိတ်ထဲတွင် အနည်းငယ်အေးသွားလေ၏။

ထို့နောက်တွင်မူ မိုးသီးသည် ဦးသိန်းတန်အတွက် ရက်လည် ဆွမ်းကိစ္စကို စီစဉ်ရလေ၏။

ရက်လည်ဆွမ်းသွပ်မည့်နေ့တွင် ရွာတွင်းရှိ သဘောကောင်း သော မိန်းမပျိုများကို သူ၏စိုက်ခင်းသို့ ဖိတ်ခေါ်၍ မုန့်ဟင်းခါးချက် ခိုင်းရလေ၏။

သူကြီးနှင့် ရွာသူရွာသားအချို့ကိုလည်း ဖိတ်ကြားရလေ၏။ မိုးသီးသည် သူ၏စိုက်ခင်းထဲတွင် စေတနာဖြင့် လာရောက်ချက်



www.burmeseclassic.com

www.burmeseclassic.com



မြတ်ပေးသော ရွာသူများကိုကြည့်၍ ပန်းနုကို သတိရ၏။

ပန်းနုသာအနီးမှာရှိလျှင် မည်မျှ ကောင်းမည်နည်းဟု တွေးတောမိလေ၏။

သူသည် ပန်းနုအကြောင်းကိုစဉ်းစားရင်း ပန်းနု၏အစ်ကိုကသူ့နှင့် အဆင့်အတန်းမတူကြောင်းပြောဆိုပုံကို ပြန်လည်မြင် ယောင်၏။

ထိုသို့တွေးရင်း ဆန်အိုးထဲတွင် မြှုပ်နှံထားသော ရွှေဒင်္ဂါးများကိုသတိရ၏။

ထိုရွှေဒင်္ဂါးများကို ထုခွဲရောင်းချပြီး လူကုံထံတစ်ဦးကဲ့သို့ ဟန်ကျပန်ကျနေထိုင်နိုင်၏။

ထိုအခါ သူ့အား မကြည်ဖြူသူတို့သည် စိတ်သဘောထားပြောင်းလဲလာမှာသေချာ၏။

မိန်းမပျိုများ၏ ဝိုင်းဝန်းကူညီမှုကြောင့် ရက်လည်ဆွမ်းသွတ်သောကိစ္စသည် ကောင်းစွာပြီးဆုံးသွားခဲ့လေ၏။ ဆွမ်းသွတ်သောနေ့တွင် သူကြီးနှင့် ရွာလူကြီးအချို့ လာရောက်ကြ၏။

ရွာလူကြီးများက ရွာပြင်တွင်တစ်ဦးတည်းမနေရန် စေတနာကောင်းဖြင့် အကြံပြုကြသော်လည်း မိုးသီးက ငြင်းဆန်ခဲ့၏။

သူသည် ရွာပြင်တွင် လွတ်လပ်ပေါ့ပါးစွာနေထိုင်ရသော ဘဝကိုနှစ်သက်နေပြီဖြစ်၏။

* * * * * * * *





ဤသို့ဖြင့်မိုးသီးသည် ဦးသိန်းတန်မရှိသည့်နောက်ပိုင်းတွင် စိုက်ခင်းကလေးကို ကြိုးကြိုးစားစား လုပ်ကိုင်၍ နေထိုင်ခဲ့လေ၏။

ရွာသူရွာသားများသည် စိမ်းစိုလန်းဆန်းသော စိုက်ခင်းဆီ သို့ လာရောက်၍ သီးအပ်သည်များကို ဝယ်ယူလေ၏။

မိုးသီးသည် ၎င်းတို့အား ဦးသိန်းတန်ရှိတုန်းကကဲ့သို့ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချလေ၏။

မိုးသီး၏စိုက်ခင်းသည် ဧရာဝတီမြစ်ကမ်းအနီးတွင်ရှိ၍ ရေသွင်း စိုက်ပျိုးသောကြောင့် သီးနှံများသည် ကောင်းစွာဖြစ်ထွန်း၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးသည် ၎င်းအတွက်လိုအပ်သောပစ္စည်းများရှိလျှင် ရွာတွင်းရှိ ကုန်စုံဆိုင်သို့သွားရောက် ဝယ်ယူလေ့ရှိ၏။

သူသည် ရွာတွင်းသို့ရောက်သည့်အခါတိုင်း ပန်းနုနှင့်တွေ့ဆုံခွင့်ရရန် ကြိုးပမ်းခဲ့၏။

ပန်းနုသည် မိဘများမသိအောင် မိုးသီးနှင့် တွေ့ဆုံခွင့်ရ၏။ ဖွေးတုတ်တို့မိသားစုသည် မိုးသီးကို ကရုဏာသက်သူဖြစ်သောကြောင့် ပန်းနုနှင့်တွေ့ဆုံခြင်းကို ကောင်းစွာခွင့်ပြုလေ၏။

တစ်နေ့သ၌ မိုးသီးထံသို့ ပေသီးနှင့် လှတိုးရောက်ရှိလာ သဖြင့် မိုးသီးက ဝမ်းသာအားရ နှုတ်ဆက်လေ၏။

" ဟေ့ကောင် နှစ်ကောင် လာကြ လာကြ၊ မင်းတို့နှစ် ယောက် ပျောက်နေတာကြာပြီ "

ဟု ဆီးကြိုနှုတ်ဆက်လေ၏။ လှတိုးက မိုးသီးအနီးတွင် ဝင်ထိုင်၍

" ငါတို့ရွာထဲမှာ ထူးခြားမှုတွေဖြစ်နေပြီကွ၊ ဒါကြောင့် မင်းကို လာပြောတာ "

ဟုပြောလေရာ မိုးသီးက မျက်မှောင်ကြုတ်၍

" ဘာတွေဖြစ်တာလဲ၊ ပြောစမ်းပါဦး "

ဟု မေးမြန်းလေ၏။ ပေသီးက ဝင်၍

" ဒီလိုကွ ရွာတောင်ပိုင်းက အိမ်နီကြီးကို နေမဲ့သူတွေပေါ်လာပြီ "





ဟုပြောလေရာ မိုးသီးသည် အံ့ဩသွားလေ၏။ ထို့ကြောင့် သက်ပြင်းချ၍

" အိမ်နီကြီးမှာ နေဖို့လို့လား၊ သူတို့ကဘယ်ကလဲ၊ တို့ရွာ အနီးကလား "

ဟု မေးမြန်းလေ၏။ ထိုအခါ လှတိုးကဝင်၍

" အနီးအနားရွာကမဟုတ်ဘူးကွ၊ မြို့ပေါ်ကလို့ ပြောတာပဲ၊ အိမ်ကြီးကို လက်ရှိနေမယ့်လူတွေတော့ မရောက်သေးဘူး၊ ဒါပေမဲ့ ရှမ်းဘောင်းဘီဝတ် လူကြီးတစ်ယောက်ရောက်လာပြီး ဒီအိမ်ကြီးကို သူတို့ဝယ်လိုက်ကြောင်းပြောတယ်၊ ဒါကြောင့် အိမ်ကြီး ဝတ်ဝန်းကျင်က ချုံနွယ်ပိတ်ပေါင်းတွေကို ရှင်းလင်းဖို့ ရွာသားတွေကို လာငှားတယ်၊ ဒါပေမဲ့ သိတဲ့အတိုင်း အိမ်နီကြီးကို ဘယ်ရွာသားတွေ သွားလုပ်ဝံ့မှာလဲ၊ ရှမ်းဘောင်းဘီဝတ်လူကြီးက တစ်နေ့ကို တစ်မတ်ပေးမယ်ဆိုတော့မှ လုပ်ဝံ့တဲ့သူတွေပေါ်လာတယ်၊ ဒါတောင် ညနေစောင်းတာနဲ့ အလုပ် သိမ်းမယ်ဆိုပြီး ကြိုပြောထားကြတယ် "

ဟုပြောလေရာ မိုးသီးက မျက်မှောင်ကြုတ်၍

" ချုံနွယ်တွေ ရှင်းလင်းဖို့ကိစ္စကို တစ်နေ့ကို တစ်မတ် တောင် ပေးတယ်ဆိုတော့ ဒီလူတွေ ပိုက်ဆံအတော်ရှိတဲ့သူတွေပဲ၊ မင်းတို့ သွား မလုပ်ဘူးလား "

ဟု မေးမြန်းလေ၏။ ထိုအခါ ပေသီးက

" အမလေး၊ အိမ်နီကြီးမှာတော့ တစ်နေ့ကို တစ်ကျပ်ရရင်



www.burmeseclassic.com

www.burmeseclassic.com



တောင် မလုပ်ဝံ့ပါဘူးကွာ၊ ကြောက်လွန်းလို့ ''

ဟု ပြောလေ၏။ မိုးသီးတို့ရွာတွင် အိမ်နီကြီးအကြောင်းကို ကြားသည်နှင့် ရွာသူရွာသားတိုင်း ကျောစိမ့်သွားတတ်၏။

အိမ်နီကြီး၏ပိုင်ရှင်မှာ ဦးရွှေအိုးဆိုသူဖြစ်၏။ သူသည် ရွာသူရွာသားများနှင့် မပေါင်းချင်ဟုဆိုကာ ၎င်း၏အိမ်ကြီးကို ရွာတောင်ပိုင်း ကုန်းမြင့်ကြီးတွင် သီးခြားဆောက်လုပ်ထား၏။

ဦးရွှေအိုးသည် အမဲလိုက်ရန် ဝါသနာထုံသောကြောင့် သူ၏ ထဲတွင် နှစ်လုံးပြူးသေနတ်နှင့် အခြားသောလက်နက်များရှိ၏။

ရွာသူရွာသားများက သူခိုးဓားပြများရန်ကို စိုးရိမ်ရကြောင်း သတိပေးသည့်အခါတိုင်း သူ၏လက်နက်များအားကိုးဖြင့် မည်သည့် သူခိုးဓားပြကိုမဆို ကြောက်ရွံ့ရန် မလိုကြောင်းပြောလေ၏။

ဦးရွှေအိုးတွင် နတ်သမီးကဲ့သို့ချောမောလှပသော ဖြူပြာ၊ မှုယာ၊ သူဇာတို့သည့် သမီး ၃ ယောက်ရှိလေ၏။

ထိုမိန်းကလေးသုံးယောက်သည် ကာလသားများ၏ စိတ်ကူးယဉ်အိပ်မက်ထဲတွင် အမြဲပါသော နတ်သမီးများပင်ဖြစ်၏။

သို့သော် လူ့ငွစာကြီးဦးရွှေအိုး၏ နှစ်လုံးပြူးသေနတ်ကို ကြောက်ရသဖြင့် သူ၏သမီးများအား မည်သူမျှမကြံဝံ့ပေ။

ဦးရွှေအိုးသည် သမီး ၃ ယောက်ကို ချစ်မြတ်နိုးသော်လည်း ယောက်ျားများနှင့် ပတ်သက်၍ လွန်စွာတင်းကျပ်သောစည်းကမ်း ထုတ်ထား၏။





ထိုစည်းကမ်းမှာ သမီး ၃ ယောက်စလုံး ယောကျ်ားမယူရဟူသော စည်းကမ်းပင်ဖြစ်၏။ သူ၏အကြောင်းပြချက်မှာ မိန်းမသားတို့၏ ဘဝသည် အိမ်ထောင်ရက်သားကျသည်နှင့် ယောကျ်ားတို့၏ အလုပ်အကျွေးသာဖြစ်သည်။

မိန်းမများသည် ယောကျ်ားတို့၏အရေးပေးခြင်းကို အပျိုဘဝအထိသာခံစားရပြီး အိမ်ထောင်သည်ဖြစ်သည့်အချိန်မှစ၍ ယောကျ်ားတို့၏ နိုင်ထက်စီးနင်းပြုကျင့်ခြင်းကိုခံရ၏။ ၎င်းတို့ အလိုကျ လုပ်ကျွေးပြုစုရ၏။

ဖက်ပေါ်ဆူးကျလည်းဖက်ပေါက်၊ ဆူးပေါ်ဖက်ကျလဲ ဖက်ပေါက်သည့်ဘဝဖြစ်၍ သမီး ၃ ယောက်ကို ယောကျ်ားမယူရန် စည်းကမ်းထုတ်လေ၏။

သို့သော် နတ်သမီးတမျှ ချောမောလှပသော သမီး ၃ ယောက်လုံးသည် သွေးနှင့်ကိုယ် သားနှင့်ကိုယ်ဖြစ်သဖြင့် ဦးရွှေအိုး၏ တစ်ဖက်သတ်အမိန့်ကို လိုက်နာရန်ခက်ခဲလှ၏။

ဦးရွှေအိုးသည် ဤသို့သဘာဝတရားကို ဆန့်ကျင်သော စိတ်ဓာတ်ရှိသလို ရက်စက်ကြမ်းကြုတ်သော စိတ်ဓာတ်ရှိသူဖြစ်၏။

အိမ်ကြီး၏အနောက်တွင် ဘဲများကို ခြံကြီးတစ်ခြံဖြင့် မွေးထား၏။ ဘဲခြံအနီးတွင် ရေကန်ကြီးရှိသဖြင့် ဘဲများကို လွယ်ကူစွာ မွေးမြူနိုင်၏။ ဦးရွှေအိုးတောလိုက်မထွက်သောနေ့တွင် ဘဲများအတွက် ကံဆိုးသောနေ့ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေအိုးသည် ဘဲခြံအရှေ့တွင် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ပြီး အဆူဖြိုးဆုံး ဘဲတစ်ကောင်ကို ရွေးထုတ်၏။

ထို့နောက် ဘဲကိုအရှင်လတ်လတ် ကောက်ရိုးပုံထဲသို့ထည့်၍ မီးဖြင့် မြိုက်လေ၏။

ပြီးနောက် နိုင်ငံခြားအရက်အကောင်းစားဖြင့် မြည်းလေတော့၏။ ထိုစဉ်က အနီးအနားရွာမှ ရွာသူရွာသားများသည် မြေအရှင်များကို ဖမ်းဆီးရမိလျှင် ဦးရွှေအိုးထံသို့ ရောင်းချကြ၏။

ဦးရွှေအိုးသည် မြွေအရှင်ကို စျေးကောင်းပေး၍ ဝယ်ယူပြီးနောက် မြွေသားကို စွတ်ပြုတ်လုပ်သောက်၏။ မြွေသွေးကို အရက်ဖြင့်ရော၍ အားတိုးဆေးအနေဖြင့် သောက်၏။

တစ်ခါတစ်ရံတွင် ဦးရွှေအိုးကို အိမ်အနောက်ဘက် ရေကန်အနီးတွင် ငါးများနေသည်ကိုတွေ့ရ၏။

ငါးမျှားပြီးတွင် ငါးရသည်နှင့် ငါးကို ရွံ့ဖြင့်သေချာစွာမံ၍ အနီးတွင်အသင့်ပြုလုပ်ထားသော မီးပုံ၌ မီးဖုတ်လေ့ရှိ၏။

မီးဖုတ်ထားသောငါးကို ကျက်လုနီးနီးအချိန်တွင်ထုတ်၍ ရွှံ့များကိုခွာ၍ အရက်ဖြင့်မြည်းလေ၏။

ဦးရွှေအိုး၏အိမ်သို့ မျက်စိလည်လမ်းမှား၍ ရောက်သွားသော ရွာတွင်းရှိကြောင်များ၊ ခွေးများကိုပင် ချမ်းသာပေးလေ့မရှိပေ။ ဦးရွှေအိုးက ရက်စက်ကြမ်းကြုတ်သဖြောက် သူ၏သမီးသုံးယောက်မှာ နုံးညီသိမ်မွေ့၏။



ရုပ်ရည်ရူပကာမှာလည်း ဦးရွှေအိုးက ဘီလူးကြီးကဲ့သို့ ရုပ်ဆိုးသလောက် သမီးသုံးယောက်မှာ နတ်သမီးကဲ့သို့ ချောမောလှပ၏။

သူမတို့သည် ယဉ်ရှယ်နူးညံ့ပြီး ချောမောလှပသူများဖြစ်သဖြင့် ဆန့်ကျင်ဘက်လိင်ကို တောင့်တစိတ်ဖြစ်ပေါ်ကြ၏။

အချစ်စိတ်ဟူသည် ရဲရဲသောသတ္တိကိုဖြစ်ပေါ်စေသည်ဟူသော စကားနှင့်အညီ ဦးရွှေအိုးမည်မျှပင် တားဆီးထားစေကာမူ ၎င်း၏သမီးသုံးယောက်သည် ချစ်သူကိုယ်စီရှိခဲ့ကြ၏။

သူမတို့၏ချစ်သူများမှာ မောင်မြဖေ၊ မောင်လှဖေ၊ မောင်တင်ရွှေဟူ ဆိုသော ညီအစ်ကိုသုံးယောက်ပင်ဖြစ်၏။

ထိုညီအစ်ကိုသုံးယောက်သည် သူမတို့အိမ်ကြီး၏မနီးမဝေးတွင် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြ၏။ သူမတို့၏ချစ်သူများသည် ဦးရွှေအိုးကြီး အပဲလိုက်ထွက်သောနေ့များတွင် အိမ်ကြီး၌ တိတ်တဆိတ်တွေ့ဆုံကြ၏။

ချစ်သူတို့ဘာသာဘာဝ ပျော်ရွှင်ကြည်နူးခဲ့ကြ၏။ တေးသီချင်းများ သီဆိုကြ၏။

ချစ်သည့်အကြောင်းကို မမောနိုင်မပန်းနိုင် ပြောဆိုခဲ့ကြ၏။

တစ်နေ့သ၌ ဦးရွှေအိုးကြီးသည် အပဲလိုက်ရန် ကျည်ဆံနှင့် သေနတ်ဝယ်ယူရန် မြို့သို့ထွက်ခွာသွားလေ၏။

မြို့သို့သွားကာနီးတွင် သမီးသုံးယောက်ကို စိတ်မချသဖြင့် ရွာထဲသို့မထွက်ရန် ရွာသူရွာသားများနှင့်အဆက်အဆံမပြုရန် အကြိမ်ကြိမ်

www.burmeseclassic.com

www.burmeseclassic.com



အဖန်ဖန် မှာကြားခဲ့၏။

သမီးသုံးယောက်ကလည်း ဖခင်ကို ကတိအတန်တန်ပေးကြ၏။

ဆိုသော် ဦးရွှေအိုးခရီးထွက်သောညတွင်ပင် မောင်မြဖေ၊ မောင်လှဖေ၊ မောင်တင်ရွှေတို့ ညီအစ်ကိုသုံးယောက်သည် အိမ်ကြီးပေါ်သို့တက်၍ ညီအစ်မသုံးယောက်နှင့်အတူ ပျော်ရွှင်စွာသီချင်းများသီဆိုကြ၏။

စားသောက်ဖွယ်ရာအမျိုးမျိုးကိုချက်ပြုတ်၍ စားသောက်ကြ၏။ ညအတော်နက်သောအခါ ညီအစ်ကိုသုံးယောက်သည် အပျော်လွန်ပြီး ညီအစ်မသုံးယောက်၏ အခန်းအသီး သီးသို့ဝင်၍ အိပ်စက်လိုက်ကြ၏။

ညီအစ်မသုံးယောက်သည် တစ်သက်လုံး တင်းကြပ်သော စည်းကမ်းအောက်တွင် နေထိုင်ခဲ့ရသဖြင့် ဤသို့လွတ်လပ်သောအခါ မိမိကိုယ်မိမိ မစောင့်ထိန်းနိုင်တော့ချေ။

ထိုညက အပျော်ကြီးပျော်ခဲ့ပြီး နောက်တစ်နေ့နံနက်တွင် နေမြင့်သည်အထိ အိပ်ရာမနိုးခဲ့ပေ။ ထိုအချိန်တွင် ဦးရွှေအိုးသည် မြို့ပေါ်တွင် လက်နက်အရောင်းအဝယ်မဖြစ်သောကြောင့် မကျေမနပ်ဖြင့် အိမ်ပြန်လာလေ၏။

သူသည် အိမ်ကြီးသို့ရောက်သောအခါ အခန်းအသီးသီးတွင် အိပ်ပျော်နေသော စုံတွဲများကိုကြည့်၍ ဒေါသအထွက်အထိပ်သို့ ရောက်သွားပြီး စိတ်မထိန်းနိုင်တော့ဘဲ သမီးသုံးယောက်နှင့် ညီအစ်ကိုများကို သေနတ်ဖြင့် ရက်ရက်စက်စက် ပစ်သတ်လိုက်လေ၏။





ဦးရွှေအိုးသည် သွေးအိုင်ထဲတွင် လဲကျသေဆုံးနေသော သမီးသုံးယောက်ကိုကြည့်၍ တဟားဟားရယ်မောလိုက်ပြီး

" သေကြ၊ သေကြ၊ ငါ့စကားကိုနားမထောင်ဘဲ ငါ့ကိုစော်ကားတဲ့ကောင်မတွေ၊ နင်တို့လင်တွေနဲ့အတူသေကြ "

ဟု အော်ဟစ်လိုက်လေ၏။ ထို့နောက် ခြောက်လုံးပြူးသေနတ်ကို သူ၏ပါးစပ်တွင်တေ့၍ ၎င်းကိုယ်တိုင်လည်း မိမိကိုယ်မိမိ အဆုံးစီရင်လိုက်လေ၏။

သေနတ်သံများကိုကြားသောကြောင့် သူကြီးနှင့် ရွာသူရွာသားများ ရောက်ရှိသွားသောအခါ ခုနစ်လောင်းပြိုင်သေဆုံးနေသောအဖြစ်ကို တွေ့ရလေ၏။

ထိုအချိန်မှစ၍ ဦးရွှေအိုး၏နေအိမ်ကြီးတွင် လွန်စွာသရဲခြောက်ကြောင်း ရွာသူရွာသားများပြောဆိုကြလေ၏။

ညအချိန် ထိုအိမ်ကြီး၏မနီးမဝေးမှ လှည်းများဖြတ်သန်း ကြလျှင် အိမ်ကြီးထဲမှ သီချင်းသံများ ရယ်မောသံများကို ကြားရလေ့ရှိသည်ဆို၏။

ထိုအသံများသည် ညီအစ်မသုံးယောက်နှင့် ညီအစ်ကိုများ၏ အသံပင်ဖြစ်မည်ဟု ထင်ကြေးပေးကြ၏။

တစ်ခါတစ်ရံ ကြောက်မက်ဖွယ်ရယ်မောသံကြီးကိုကြားရပြီး ရိုက်သံပုတ်သံ အော်သံဟစ်သံများကိုလည်း ကြားရလေ့ရှိသည်ဆိုကြ၏။ ထိုအိမ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ရန် မနီးမဝေးတွင်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေအိုး၏ ဆွေမျိုးများကို ရွာလူကြီးများက စာဖြင့်ဆက်သွယ်လေရာ အိမ်ကြီးတွင် မည်သူမျှမနေခဲ့ကြောင်း အကြောင်းပြန်လေ၏။

********

ဝေယန်စာ၊ ဘာကြံ့ပေးစာများ ရေးသားလိုပါလျှင်

**မင်းမြတ်သူရ**

အမှတ် (၇)၊ အသောကလမ်း၊ ကျောက်မြောင်း၊

ရန်ကုန်သို့ လိပ်မူ၍ ရေးသားနိုင်ပါသည်။





တစ်နေ့သ၌ မိုးသီးသည် စိုက်ခင်းထဲတွင် တုတ်ရှည်တစ်ချောင်းဖြင့် သိုင်းလေ့ကျင့်နေစဉ် သူ၏နောက်မှ အရှုးမမစိန်ဦး ရောက်ရှိလာပြီးလျှင်

" တုတ်ကြီးနဲ့အရှုး၊ တုတ်ကြီးနဲ့အရှုး လူတွေကို တုတ်နဲ့ရိုက်တော့မလား "

ဟု အော်ဟစ်လေ၏။ မိုးသီးက မျက်မှောင်ကြုတ်၍

" မစိန်ဦးထိုင်စမ်းပါဦး၊ ဟောဒီမှာ ငှက်ပျောသီးစား ဘာဖြစ်ချင်လို့လဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေ၏။

မစိန်ဦက ဝင်းမှည့်နေသော ဗီးကြမ်းငှက်ပျောသီးများကို ကြည့်၍ သွားရည်ကျသွားပြီး ငှက်ပျောသီးများကို တစ်လုံးပြီး တစ်လုံးဖြုတ်၍ စားသောက်လေ၏။

ဗိုက်ပြည့်သောအခါမှပင် သူ၏အကျီအိတ်ထဲမှ စာတစ်စောင်ကိုထုတ်၍ ပတ်ဝန်းကျင်ကိုကြည့်ရှုကာ

" ဟောဒီမှာ သခင်မလေးပေးခိုင်းလိုက်တဲ့ စာချွန်တော်၊ သခင်လေးကို ဒီနေ့မနက်ရောက်အောင် ဆက်သရမယ်လို့ အမှာတော်ရှိလိုက်တယ်၊ ဒါကြောင့် မစိန်ဦက ပွဲတော်မတည်သေးဘဲ စာချွန်တော်ကို ရောက်အောင်လာဆက်တာ၊ ဗိုက်ထဲမှာ သိပ်ဆာနေတယ် "

ဟု ပြောရင်း မိုးသီးလက်ထဲသို့ ထည့်လေ၏။ မိုးသီးက အုံ့ဩဟန်ဖြင့်စာကိုကြည့်လိုက်ရာ ပန်းနုထံမှဖြစ်သဖြင့် ဝမ်းသာအားရ ကောက်ဖတ်လေ၏။

မိုးသီး

*ညကျရင်ငါတို့ခြံထဲကို တိတ်တဆိတ်ရောက်အောင် လာခဲ့ပါ၊ နင်နဲ့ငါ မတွေ့ရတာကြာပြီ၊ နင့်ကိုငါ သိပ်တွေ့ချင်လို့ ဆက်ဆက်လာခဲ့ပါနော်။ ငါမျှော်နေမယ်၊*

**ပန်းနု**

ပန်းနုနှင့် ရွာထဲရှိ ဗွေးတုတ်တို့အိမ်တွင် တစ်ကြိမ်နှစ်ကြိမ်





တွေ့ဆုံသော်လည်း နောက်ပိုင်းတွင် ပန်းနု၏မိဘများ ရိပ်စားမိသဖြင့် မတွေ့ရသည်မှာ တစ်လခန့်ကြာချေပြီ။

မိုးသီးသည် ပန်းနု၏စာကိုဖတ်၍ ရင်ခုန်နှုန်းများမြန်ဆန်နေမိ၏။

ပန်းနုနှင့်သူသည် တစ်ဦးနှင့်တစ်ဦး သံယောဇဉ်ရှိကြသည်မှာ နှစ်ဦးသားနားလည်ကြသော်လည်း တိတိလင်းလင်း ချစ်သူများ မဖြစ်ကြသေး။ ယခု ပန်းနုရေးလိုက်သောစာမှာ ချစ်သူနှစ်ဦး ချိန်းဆိုသကဲ့သို့ ရှိ၏။

ဤစာကို ရွာထဲရှိ နောက်တတ်ပြောင်တတ်သော ကာလသားများက ရေးလိုက်လေသလားမသိ။

ပန်းနု၏လက်ရေးကိုလည်း မိမိအနေဖြင့် သိရှိခြင်းမရှိသဖြင့် အခက်တွေ့နေလေ၏။ ထို့ကြောင့် မိုးသီးက မယုံမရဲဖြင့် အရူးမ မစိန်ဦဘက်သို့လှည့်၍

" ဒီစာကို ပန်းနုပေးလိုက်တာ သေချာလား "

ဟု မေးမြန်းလေရာ မစိန်ဦက

" သခင်မလေးပေးလိုက်တာပါဆို၊ ဘာတွေမေးနေတာလဲ၊ သခင်မလေးက ငှယ်ကျွန်တော်ကြီးကို နေ့စဉ် ပွဲတော်တည်ဖို့ကျွေးနေကျပဲဥစ္စာ "

ဟုပြောလေ၏။ ထိုအခါ အရူးမ မစိန်ဦအား ပန်းနုတို့အိမ်မှ နေ့စဉ် ထမင်းကျွေးလေ့ရှိကြောင်း အမှတ်ရလေ၏။

အရူးမ မစိန်ဦသည် မုသာဝါဒပြောခြင်းမဖြစ်တန်ရာ။ ဤစာကို



www.burmeseclassic.com

www.burmeseclassic.com



ပန်းနုရေးလိုက်ခြင်းဖြစ်မည်ဟု ယူဆလိုက်လေ၏။

သူသည် အရှုံးမ မစိန်ဥပြန်သွားသောအခါ စိုက်ခင်းတွင် အလုပ်များကိုပင် မလုပ်နိုင်တော့ဘဲ ပန်းနု၏လှပသောမျက်နှာကို သာ မြင်ယောင်နေမိ၏။

ပန်းနုသည် ရွာကွမ်းတောင်ကိုင်တစ်ဦးပီပီ အချောဆုံး အလှဆုံး ဖြစ်၏။ သူမ၏အရပ်မှာ ရှည်သွယ်ပြီး ကိုယ်လုံးကိုယ်ပေါက်တောင့် တင်း၏။

ရွာလယ်လမ်းမကြီးအတိုင်း သူမလမ်းလျှောက်သွားလျှင် ကာလသားများသာမက အဘိုးကြီးများပင် လုပ်လက်စအလုပ်များကို ရပ်၍ သူမ၏ စွင့်ကားသောတင်ကို ငေးမောကြည့်ရှု၏။

ရွာရှိကာလသားများ၏ စိတ်ကူးယဉ်အိပ်မက်ထဲတွင် ပန်းနု အမြဲတန်းပါ၏။

ဤမျှချောမောလှပ၍ ဆွဲဆောင်အားကောင်းသော မိန်းမနှင့် ယနေ့ညသန်းခေါင်ယံတွင် တွေ့ရပေတော့မည်။

မိုးသီးသည် တွေးရင်းတွေးရင်း စိတ်ကူးထဲတွင် ထွေပြားလာပြီး ပန်းနုက ယနေ့ညတွင်ပင် သူမကို ခိုးလှည့်ပါဟု ပြောလျှင် သူ မည်သို့ မည်ပုံ ပြင်းဆန်ရမည်နည်း။

မိမိထံတွင် ဦးသိန်းတန်ထံမှ အမွေရရှိထားသော ရွှေဒင်္ဂါးများ ရှိနေသဖြင့် ထိုရွှေဒင်္ဂါးများကိုပင် ထုခွဲရောင်းချ၍ သူမနှင့် ပေါင်းသင်း ရမည်ဟု စိတ်ကူးယဉ်မိပြန်၏။





တစ်ဖန် ထိုရွှေဒင်္ဂါးများသည် အများအကျိုးအတွက် ရည်ရွယ် ထားသဖြင့် ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုရန် မသင့်တော်ဟု တွေးမိပြန်၏။

မိုးသီးသည် ညသို့ရောက်သောအခါ အနက်ရောင်ဘောင်းဘီ နှင့် အင်္ကျီကိုဝတ်ဆင်ကာ လွယ်အိတ်ကိုစလွယ်သိုင်း၍ ရွာဘက်သို့ ထွက်ခဲ့လေ၏။ သူ၏လွယ်အိတ်ထဲတွင် လေးငွတစ်လက်ဖြင့် ကျောက်စာ လုံးများပါ၏။

တိုင်းရေးပြည်ရေးမငြိမ်သက်သော အချိန်မို့ ရွာကင်းသမား များသည် ညအချိန်ရွာကင်းကို မပြတ်စောင့်ကြည့်နေကြ၏။

ထိုအချိန်မျိုးတွင် ရွာထဲသို့ဝင်ရန် အလွန်အန္တရာယ်များလှ၏။

ကင်းသမားများ ဖမ်းဆီးမိလျှင် တစ်ရွာသားချင်းမို့ ပြဿနာ မဖြစ်နိုင်သော်လည်း ညအချိန် ရွာတွင်းသို့ တိတ်တဆိတ်ဝင်သည့်ကိစ္စ ကို ရှင်းပြရခက်၏။

သူသည် ရွာအနီးသို့ရောက်သောအခါ ကင်းအဖွဲ့ရှိရာ ရွာ စည်း ရိုးသို့ လှမ်းကြည့်လေ၏။

သူတို့ရွာ၏ အရှေ့ဘက်စည်းရိုးကို လုံခြုံစွာကာရံထားပြီး ရွာတံခါးဝတွင်ထိုင်၍ မီးပုံကြီးဖိုပြီး ဖဲရိုက်နေသော ရွာကင်းအဖွဲ့ကို တွေ့ရလေ၏။

မိုးသီးသည် ကင်းအဖွဲ့၏အနေအထားကိုကြည့်၍ စိတ်မျက် လက်ပျက်ဖြစ်သွားလေ၏။ ရွာစည်းရိုးကိုကျော်တက်မှ ဖြစ်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာအဝင်တံခါးမကြီးထိပ်တွင် ကင်းအဖွဲ့ရှိနေသရွေ့ ရွာထဲသို့ မဝင်နိုင်ပေ။

ထိုအခိုက်မှာပင် ဖဲကစားနေသော ကင်းသမားတစ်ယောက်က ထိုင်ရာမှထ၍ မျက်နှာကိုရှုံ့မဲ့လိုက်ပြီး

" ဗိုက်နာလိုက်တာကွာ၊ နေ့လယ်က ပဲဟင်းတွေစားတာများ သွားပြီနဲ့တူတယ် "

ဟု ရေရွတ်လေ၏။ ဖဲဝိုင်းတွင် ထိုင်နေသူတစ်ဦးကမော့ကြည့်၍

" မင်းကတော့ ဝိုင်းကောင်းပြီဆိုရင် လုပ်ပြီကွာ၊ ဗိုက်နာရင်လဲ အမြန်ဆုံးကိုယ်ကိစ္စကိုယ် သွားရှင်းပေတော့ "

ဟုပြောလေရာ ဗိုက်နာသောကင်းသမားသည် မိုးသီးရှိရာ မြောင်ရိုးဘက်သို့ ထွက်ခဲ့လေ၏။

မိုးသီးသည် သူပုန်းအောင်းနေရာ ချုံကြီးအနီးသို့ ဦးတည်၍ ကင်းသမား လျှောက်လှမ်းလာသဖြင့် ဘုရားတလိုက်လေ၏။

ကင်းသမားသည် ချုံအတွင်းသို့တိုးဝင်လာလေရာ မိုးသီးနှင့် လက်တစ်လှမ်းအကွာသို့ပင် ရောက်ရှိခဲ့လေ၏။

မိုးသီးသည် အသက်ကိုပင် ရဲရဲမရှူဝံ့ဘဲ ကင်းသမား၏ အရိပ်အမြည်ကို စောင့်ကြည့်လေ၏။

ကင်းသမားသည် သူ၏ခေါင်းတွင်ဆောင်းထားသော မြက်ဦးထုပ်ကြီးကို ဦးစွာချွတ်၍ ချုံအပေါ်သို့လှမ်းတင်၏။

ပြီးနောက် ခါး၌ဝတ်ဆင်ထားသော ပုဆိုးကိုပင် ကွင်းလုံးချွတ်၍ ချုံပေါ်သို့လွှားတင်ကာ အားရပါးရ ဝမ်းသွားလေတော့၏။

မိုးသီးသည် ကင်းသမား၏အမူအကျင့်ကိုကြည့်၍ ခေါင်းထဲသို့ အကြံတစ်ခုလက်ခနဲဝင်လာ၏။

ထို့ကြောင့် ၎င်း၏မြက်ဦးထုပ်နှင့် ပုဆိုးကိုယူလိုက်ပြီး အနီးမှ အသံမကြားရအောင် ထွက်ခဲ့လေ၏။

ပြီးနောက် မြက်ဦးထုပ်ကိုဆောင်း၍ ပုဆိုးကိုဝတ်ကာ ကင်းသမားများ၏ ဖဲဝိုင်းအနီးသို့ လှည့်ကြည့်၍

" မြန်လှချည်လား ဥက္ကာပိုင်၊ သေသေချာချာမှ သန့်စင်ခဲ့ရဲ့လား။ တော်ကြာဝိုင်းထဲမှာ အနံ့အသက်မကောင်းဘဲ ဖြစ်နေဦးမယ် "

ဟု ပြောလေရာ မိုးသီးက ၎င်း၏စကားကို မတုံ့ပြန်ဘဲ ခေါင်းမလှည့်ဖြင့် ရွာထဲသို့ တိုးဝင်ခဲ့လေ၏။

ချုံတောထဲတွင် ဗလာကျင်း၍ ကျန်ရစ်ခဲ့သော ဥက္ကာပိုင် ဆိုသူသည် မည်သို့ဖြစ်ကျန်ခဲ့မည်မသိပေ။

မိုးသီးသည် ရွာတောင်ဘက်သို့ ထွက်ခဲ့လေ၏။ ရွာ၏အရှေ့ နေရာများတွင် ခွေးများက ဟောင်သဖြင့် ခြောက်လှန့်ရလေ၏။

ရွာသူရွာသားများသည် ခွေးဟောင်သံကြားသော်လည်း ကင်းသမားများထင်၍ လှည့်ကြည့်ခြင်းမရှိပေ။

ပန်းနုတို့အိမ်ရှေ့သို့ရောက်သောအခါ ခြံစည်းရိုးကို အသာကျော်၍ အိမ်ဝိုင်းထဲသို့ ဝင်ခဲ့လေ၏။

အိမ်ဝိုင်းထဲသို့ရောက်သောအခါ ပန်းနု၏အရိပ်အယောင်ကို





www.burmeseclassic.com

www.burmeseclassic.com



မမြင်ရပေ။

သူသည် ဝဲလင်းဆောင်ဘက်တွင် ပန်းနုရှိနိုင်မည်ဟု တွေးမိသဖြင့် ထွက်ခဲ့ပြန်၏။

ဝဲလင်းဆောင်၏လှေကားထစ်ပေါ်တွင်ထိုင်နေသော အမျိုးသမီးတစ်ဦး၏ သဏ္ဌာန်ကိုမြင်ရ၏။

အနီးသို့ရောက်သောအခါ ထိုသဏ္ဌာန်သည် ပန်းနုဖြစ်၏။ သူမက လေသံတိုးတိုးဖြင့်

" မိုးသီးလား "

ဟု မေးမြန်းလေ၏။ မိုးသီးက

" ဟုတ်တယ်ပန်းနု "

ဟု ပြန်လည်၍ အသံပြုလိုက်လေ၏။ ပန်းနုသည် မိုးသီးကို မြင်သောကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး

" နင်ရောက်အောင်လာတယ်နော်၊ ဝမ်းသာလိုက်တာဟယ်၊ ငါက စာရေးပြီးမှာသာမှာရတာယ်၊ ကင်းသမားတွေရှိလို့ နင်လာမှ လာပါ့မလားလို့ "

ဟု ပြောလေ၏။ မိုးသီးက ပန်းနု၏စကားကြောင့် ချုပ်ထဲတွင် ပုဆိုးမပါ ဗလာကျင်းလျက်ကျန်ရစ်ခဲ့သော ဥက္ကာပိုင်ဆိုသူကို မြင်ယောင်လာပြီး တိုးတိုးရယ်မောလေ၏။

ထိုအခါ ပန်းနုက ထိတ်လန့်တကြားဖြင့်

" မဲ့... တိုးတိုးရယ်ပါဟဲ့၊ ဘာဖြစ်လို့ ဒီလောက်ရယ်နေတာ





လဲ "

ဟု မေးမြန်းလေ၏။ မိုးသီးက ၎င်း၏ကိုယ်ပေါ်တွင် ဝတ်ဆင်လာသော မုဆိုးနှင့်မြက်ဦးထုပ်ကိုပြ၍ ဥက္ကာပိုင်ဆိုသူ၏ အကြောင်းကို ပြောပြလေ၏။

ထိုအခါ ပန်းနုကလည်း မိုးသီးနည်းတူ ရယ်မောလေတော့ ၏။ ပြီးနောက် သူမက

" အဲဒီဥက္ကာပိုင်ဆိုတာ ရွာတောင်ပိုင်းကလေ၊ သူ့အစ်ကိုက မောင်မောင်နွေအေးလေ၊ ရွာက အပျိုတွေဆိုရင် သူနောက်မပိုးဘူးတဲ့သူ တစ်ယောက်မှမရှိဘူး။ နင် ဒီလိုလုပ်တာ သိပ်ကောင်းတယ် "

ဟု ကောင်းချီးသြဘာပေးလေ၏။ ပြီးနောက် ပန်းနုက

" မိုးသီး ငါ့အနားမှာထိုင်လေ "

ဟုဖိတ်ခေါ်သဖြင့် မိုးသီးက အနီးမှာတိုးကပ်ထိုင်လေ၏။ ထိုအခါ သူမ၏ထွေးအိသော ကိုယ်ခန္ဓာနှင့်ထိစပ်နေပြီး သင်းပျံ့သော ကိုယ်သင်းနံ့ကြောင့် မိုးသီး၏ရင်ထဲတွင် တဒိတ်ဒိတ်ခုန်နေလေ၏။ ပန်းနုက မိုးသီးဘက်သို့ ပိုမိုတိုးကပ်လိုက်ရင်း

" မိုးသီး နင့်ကိုငါဘာဖြစ်လို့ခေါ်ရတာလဲ သိလား "

ဟုတိုးတိုးမေးလေ၏။ မိုးသီးက သက်ပြင်းချ၍

" ဘယ်သိပါ့မလဲဟာ "

ဟုပြောလေ၏။ ပန်းနုက

" နင်ငါ့ကိုတွေ့ချင်စိတ်မှရှိရဲ့လား "



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးမြန်း၏။ မိုးသီးက သက်ပြင်းချမြန်ပြီး–

" တွေ့ချင်ပါတယ်ဟယ်၊ တွေ့ချင်လို့ပဲ ကင်းသမားတွေ အများကြီးကြားက လာခဲ့ရတာပဲ "

ဟုပြောလေ၏။ ပန်းနုက

" ငါ့ကို အမေတို့က လယ်ပိုင်ရှင်သားတင်ဖေနဲ့ ပေးစားတော့မယ်၊ ဒါကြောင့် နင့်ကိုငါ တိုင်ပင်ချင်လို့ခေါ်လိုက်တာ၊ ငါ သိပ်စိတ်ညစ်တာပဲမိုးသီးရယ်၊ တင်ဖေကို ငါမယူချင်ဘူး၊ ငါဘယ်လိုလုပ်ရမလဲ မိုးသီးရယ် "

မိုးသီးသည် သူမ၏စကားကြောင့် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားလေ၏။

ပန်းနုကို လယ်ပိုင်ရှင်သားတင်ဖေ၏လက်သို့ မထည့်လိုက်ချင်ပေ။ တင်ဖေလို လူယုတ်မာတစ်ယောက်နှင့်ပန်းနုကို မထိုက်တန်ဟု ထင်မြင်နေမိလေ၏။

ပန်းနုကို သူချစ်နေသည်မဟုတ်ပါလား။ ထို့ကြောင့် တစ်စုံတစ်ရာကို ပြတ်ပြတ်သားသားဆုံးဖြတ်ရန် စဉ်းစားလိုက်ပြီး

" ပန်းနုရယ် အရင်တုန်းကဆိုရင် ဒီစကားကို တော်ရုံနဲ့ ပြောဖြစ်မယ်မထင်ဘူး၊ အခုတော့ ငါအရဲစွန့်ပြီး ပြောလိုက်ပါမယ်၊ နင့်ကိုငါချစ်တယ် ပန်းနု "

ဟုပြောလေရာ အမှောင်ထဲတွင် ပန်းနု၏မျက်နှာဝင်းလက်သွားသည်ဟု ထင်မြင်မိလေ၏။ ပန်းနုက မိုးသီးဘက်သို့လှည့်၍





" ဒါလဲ နင့်လိုပါပဲဟယ်၊ လယ်ပိုင်ရှင်သားကို ငါလုံးဝမယူချင်ဘူး၊ ငါတို့နှစ်ယောက်ထွက်ပြေးရအောင်နော် "

ဟုပြောလေ၏။ မိုးသီးက ခေါင်းခါ၍

" အခုနေထွက်ပြေးလို့ ဘယ်ဖြစ်မလဲပန်းနုရယ်၊ ငါတို့မှာ ပြစ်ဆင်ဖို့အချိန်တွေရှိပါသေးတယ်၊ လယ်ပိုင်ရှင်သားလက်က လွတ်အောင်ပြေးနိုင်မှာပါ၊ ငါရွာထဲကသတင်းတွေကို အမြဲနားစွင့်နေပါမယ်၊ ငါ့သူငယ်ချင်းပေသီးက လယ်ပိုင်ရှင်သားအိမ်မှာ အလုပ်လုပ်တာပဲ၊ ဒီကောင့်ဆီက သတင်းတွေအများကြီးရနိုင်ပါတယ် "

ဟုပြောလေ၏။ ပန်းနုက မိုးသီးဘက်သို့ တိုးကပ်၍

" ဒီကိစ္စကို ပေသီးတို့ မသိနိုင်ဘူးဟဲ့၊ သူတို့မိသားစုက ဘယ်သူ့ကိုမှ အသိမပေးဘဲ လျှို့ဝှက်ပြီး ဒီကိစ္စကို စီစဉ်တာ "

ဟုပြောလေ၏။ မိုးသီးက မျက်မှောင်ကြုတ်၍

" မိန်းမ ယူတာပဲ ဘာလျှို့ဝှက်စရာရှိလို့လဲ ပန်းနုရယ် "

ဟုပြောလေ၏။ ပန်းနုကခေါင်းခါ၍

" ဒါတော့ ငါမသိဘူး "

ဟုပြောကာ မိုးသီး၏ရင်ခွင်ထဲသို့ တိုးဝင်၍ သူ၏မျက်နှာကို ရှိုက်ရှုမ်းစားစားကြည့်၏။ လရောင်ကြောင့် သူမ၏မျက်လုံးများ အရောင်တဖျတ်ဖျတ်တောက်ပနေကြောင်းတွေ့ရ၏။

မိုးသီးသည် ရင်ခုန်နှုန်းများမြန်ဆန်လာပြီး ကြာလျှင်ဒီစိတ်ကိုယ်မိမိ မထိန်းနိုင်မှာစိုးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



" ငါပြန်တော့မယ်ပန်းနုရယ် "

ဟုတီးတိုးပြောလေ၏။ ပန်းနုက ရှိုက်မော၍သောအသံဖြင့် ရင်ခွင်ထဲသို့တိုးဝင်ကာ

" မပြန်ပါနဲ့ဦး မိုးသီးရယ်၊ ငါတို့နှစ်ယောက်အခုလို လွတ်လွတ်လပ်လပ်မတွေ့ရတာကြာပြီလေ၊ နောက်ပြီး ဒီပတ်ဝန်းကျင်မှာ နင်နဲ့ငါနှစ်ယောက်တည်းရှိတယ်၊ ဘယ်လိုအနှောင့်အယှက်မှမရှိဘူး၊ လူတွေအိမ်မှာစိုးရင် ငါတို့နှစ်ယောက် ဝဲလင်းဆောင်ထဲကိုသွားမယ်လေ၊ အဲဒီမှာဆို ဘယ်သူမှမမြင်နိုင်ဘူး "

ဟုပြောလေရာ မိုးသီးက ပို၍ တုန်လှုပ်ချောက်ချားသွားပြီး

" အို… မဖြစ်ပါဘူးဟာ၊ ငါပြန်တော့မယ်၊ ကင်းသမားတွေ မိသွားရင်ခက်လိမ့်မယ် "

ဟုပြောလေ၏။ ပန်းနုက မကျေမနပ်ဖြင့် နှုတ်ခမ်းစူ၍

" နင်ဟာလေ ယောကျ်ားလေးဖြစ်ပြီး မိန်းမလောက် တောင် သတ္တိမရှိဘူး၊ ဒီပုံစံအတိုင်းဆိုရင် ငါသာမယူရင် နင့်ကို ယူမယ့်သူ ရှိမှာမဟုတ်ဘူး၊ ကဲ သွားချင်ရင်လဲသွားတော့၊ နောက် အပတ်စနေနေ့ညမှာ တွေ့ကြဦးမယ်၊ အဲဒီကျရင် သတ္တိတွေမွေးလာခဲ့ "

ဟုပြောရင်း မကျေမနပ်ဖြင့် ထွက်ခွာသွားလေ၏။ မိုးသီးသည် ခေါင်းကိုခါရမ်း၍ သူမကိုနားမလည်စွာကြည့်၍ ကျန်ရစ်ခဲ့၏။

ရှေးယခင်က ပန်းနုသည် ဣန္ဒြေသိက္ခာနှင့် အရှက်တရားကို ထိန်းသိမ်းတတ်သူဖြစ်၏။





ယခုတော့ ပန်းနု၏အမူအရာသည် ရဲတင်းလွန်းသည်ဟု ထင်မြင်မိလေ၏။

မိန်းမပျိုများသည် ချစ်သူဘဝသို့ရောက်လျှင် ထိုသို့ရင်းရင်းနှီးနှီး နေထိုင်တတ်လေသလားဟု တွေးတောမိလေ၏။

ပန်းနု၏ ဖိတ်ခေါ်သော အမူအရာများကို ပြန်လည်မြင်ယောင်ရင်း မိုးသီးသည် ရင်ခုန်နှုန်းများမြန်ဆန်နေမိ၏။

ထိုအခိုက်မှာပင် လက်နှိပ်ဓာတ်မီးတဝင်းဝင်းဖြင့် ဆူညံစွာ ပြောဆိုလာသော ကင်းသမားများ၏အသံကိုကြားသဖြင့် သစ်ကိုင်းတစ်ခုကို နိုဆွဲ၍ ပုန်းအောင်းလိုက်မိ၏။ ထိုကင်းသမားများသည် မိုးသီးဖြတ်ကျော်လာသော ကင်းသမားအုပ်စုဖြစ်၏။

ကင်းသမားတစ်ယောက်က

" ဒီကိစ္စကို ငါ လုံးဝမကျေနပ်ဘူးကွာ၊ ငါတို့ရွာသားတွေဟာ အချင်းချင်း ဒီလောက်မှမယုံရရင် ဘယ်လိုလုပ်ရပါ့မလဲ၊ ရွာသားတွေ ဒီလောက်တောင် အကျင့်စာရိတ္တပျက်ပြားနေပြီလား၊ ချုံပုတ်ထဲမှာ ခဏလေးတောင်ထိုင်ပါတယ်၊ ဦးထုပ်နဲ့ ပုဆိုးကိုခိုးသွားတယ်၊ ငါ့ခမြာ ချုံထဲမှာ ခြင်ကိုက်ခံပြီးအကြာကြီးထိုင်လိုက်ရတယ် "

ဟုပြောလေရာ ကျန်သော ကင်းသမားများကလည်း

" မင်းကလဲ လွန်လွန်းပါတယ်၊ ဉာဏ်ပိုင်ရယ်၊ အခုင်းသွားတာပဲ ပုဆိုးကွင်းလုံးချွတ်ပြီးသွားရတယ်လို့ သူခိုးက မင်းကိုအမြဲကတတ်လို့ ခိုးသွားတာဖြစ်မယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ မိုးသီးသည် သစ်ပင်ပေါ်တွင်ထိုင်ရင်း မရယ်မိစေရန် အတော်ပင်စိတ်ထိန်းလိုက်ရ၏။

မိုးသီးသည် ထိုညက ရွာပြင်တွင်ရှိသော သူ၏တဲအိမ် ကလေးသို့ ဘေးကင်းစွာပြန်လည်ရောက်ရှိလေ၏။

ထိုညကတစ်ညလုံး အိပ်မပျော်ဘဲ ပန်းနုနှင့် နှစ်ကိုယ်ကြား တွေ့ဆုံခဲ့စဉ်က သူမ၏အပြုအမူအပြောအဆိုလေးများကို မြင်ယောင်ရင်း ရင်ထဲတွင် လှိုက်ဖိုနေလေ၏။

ပန်းနု၏ ဖိတ်ခေါ်မှုများကို ငြင်းဆန်ခဲ့သဖြင့် မိမိကိုယ်မိမိ မှားယွင်းနေပြီလားဟု တွေးမိပြန်၏။

သို့သော် ယောကျ်ားကောင်းယောကျ်ားမြတ်ဟူသည် ဣန္ဒြေသိက္ခာကို ထိန်းသိမ်းနိုင်ရမည်ဟု ဆရာတော်ကြီးဟောခဲ့ပုံကို အမှတ်ရပြန်၏။

မည်သို့ပင်ဖြစ်စေ မိုးသီးသည် နုနယ်ပျိုမြစ်သော လူရွယ်လေးပင်ဖြစ်သဖြင့် ထိုညသည် အိပ်မရသော ညဖြစ်ခဲ့၏။

* * * * * * *





မိုးသီးသည် နောက်တစ်နေ့တွင် ရွာထဲရှိကုန်စုံဆိုင်တွင် လိုအပ်သောပစ္စည်းများကို ဝယ်ယူရင်း ပေသီးနှင့် တွေ့ဆုံလေ၏။

ထိုနောက် ပေသီး၏ ရွာပြင်သို့ခေါ်ဆောင်၍ ပန်းနုနှင့် မိမိ ချစ်သူများဘဝသို့ ကူးပြောင်းသွားကြောင်း ပြောဆိုလေရာ ပေသီးက ဝမ်းသာအားရဖြင့်

" ဟား ဟား ဟား... ဒါဆိုရင်မင်းက ကွမ်းတောင်ကိုင်ကို ရအောင်ကြံနိုင်ပြီပေါ့၊ ဝမ်းသာလိုက်တာ မိုးသီးရယ်၊ ပန်းနုဆိုတာ ဒါတို့ရွာမှာတော့ နယ်နယ်ရရမဟုတ်ဘူးကွ၊ ကာလသားအားလုံးက



www.burmeseclassic.com

www.burmeseclassic.com



ကြိုစည်နေကြတာ၊ နောက်ပြီးတော့ ပန်းနုက အနီးအနားရွာတွေက ကွမ်းတောင်ကိုင်တွေထက် ပိုချော ပိုတောင့်တယ်၊ မင်းတော့ ပွတာပဲ ''

ဟုပြောလေ၏။ မိုးသီးက ခေါင်းညိတ်၍

'' ပွတာက အရေးမကြီးဘူးကွ၊ လယ်ပိုင်ရှင်သားတင်ဖေက ပန်းနုကိုတောင်းရမ်းဖို့ ကြိုးစားနေသယ်ကြားတယ်၊ ပန်းနုတို့ ဘက်ကလဲ တင်ဖေနဲ့သဘောတူနေတယ်၊ ဒါကြောင့် ဒီကောင့် အရိပ်အခြည်ကိုကြည့်ပြီး မင်း ငါ့ကိုသတင်းပို့ပေးပါ၊ မင်းက သူ့ အိမ်မှာ စာရင်းငှားလုပ်တယ်ဆိုတော့ ဒီကောင်ရဲ့အတွင်းရေးကို သိနိုင်တယ်၊ ငါကတော့ ရွာပြင်မှာနေတော့ ရွာထဲကကိစ္စတွေကို သိပ်သိတာမဟုတ်ဘူး ''

ဟုပြောလေရာ ပေသီးက မယုံကြည်နိုင်ဟန်ဖြင့် သက်ပြင်းချ၍

'' လယ်ပိုင်ရှင်သားတင်ဖေက ပန်းနုကိုအရင်က အသေရရှုး အရှင်ရရ ပိုးပန်းနေတာတော့မှန်တယ်၊ ဒါပေမဲ့ အခုတော့ တင်ဖေဟာ တစ်ဖက်ရွာက မမိုးမြင့်ဆိုတဲ့ မိန်းကလေးကို ပိုးပန်းနေတာကွ၊ မမိုးမြင့်ရဲ့မိဘတွေကလဲ လယ်ပိုင်ရှင်တွေပဲ၊ သူတို့လူကြီးချင်းတောင် စကားပြောပြီးပြီ၊ တင်ဖေဟာ မင်းနဲ့တစ်ကြိမ် ပြဿနာတက်ပြီးကတည်းက ပန်းနုကို စိတ်ကုန်သွားပုံရတယ် ''

ဟုပြောလေ၏။ မိုးသီးသည် ပေသီး၏စကားကိုနားထောင်၍ ဇဝေဇဝါဖြစ်သွားလေ၏။ ပန်းနု၏အပြောအရ လယ်ပိုင်ရှင်သား တင်ဖေသည် သူမနှင့် လက်ထပ်ခွင့်ရရန် ကြိုးစားနေသည်ဆို၏။ ထို့ကြောင့် မိုးသီးက မျက်မှောင်ကြုတ်၍





'' ဟုတ်ရဲ့လား ပေသီးရယ်၊ ပန်းနုကပြောတော့ တင်ဖေက သူ့ကိုမကြာမီလက်ထပ်တော့မယ်တဲ့ ''

ဟုပြောလေရာ ပေသီးက

'' မဖြစ်နိုင်တာကွ၊ တင်ဖေဟာ မမိုးမြင့်နဲ့ လူကြီးချင်းတောင် စကားပြောပြီးပြီ၊ ဒါကြောင့် တင်ဖေကို ဒီရက်ပိုင်းမှာ ငါတို့ရွာမှာတောင် သိပ်မတွေ့ရဘူး၊ တင်ဖေဟာ တစ်ဖက်ရွာမှာပဲ အချိန်ကုန်နေတာ များတယ်၊ ငါ့အထင်တော့ ပန်းနုက မင်းနဲ့အမြန်ဆုံးနီးစပ်ချင်တာနဲ့ မုသား ပြောလိုက်တယ်ထင်တယ်၊ တင်ဖေက ပန်းနုကိုလက်ထပ်ဖို့ မကြိုးစားတာတော့ သေချာနေပြီ ''

ဟုပြောလေရာ မိုးသီးက ညက ပြုမူပြောဆိုခဲ့သော ပန်းနု၏ အမူအရာကို သတိရပြီး တွေးရခက်ကြီးဖြစ်သွားလေ၏။

ထို့ကြောင့် သက်ပြင်းချ၍

'' ပန်းနုက ငါ့ကို ဘာလို့ အမြန်ဆုံးနီးစပ်ချင်တာလဲ ''

ဟု ရေရွတ်လေ၏။ ပေသီးက တဟဲဟဲရယ်မော၍

'' ဟဲ ဟဲ… ဒါတော့ ငါတယ်သိပ်ပါ့မလဲကွာ၊ ပန်းနုအသိဆုံး ဖြစ်မှာပေါ့၊ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ်၊ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်တဲ့ဆန္ဒကို ဘယ်သူ မျိုသိပ်ထားချင်မှာလဲ၊ ဒီတော့ မင်းတလဲ ပန်းနုကိုချစ်နေတာပဲ၊ အမြန်ဆုံး ခိုးဖို့သာ ကြိုးစားပေတော့ ''

ဟု မြှောက်ပင့်ပေးလေ၏။ မိုးသီးသည် ပေသီး၏စကားကို နားမယောင်ဘဲ ချိုးရုပ်ကလေးအကြောင်းကိုသာ စဉ်းစားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအရုပ်ကလေးအား တန်ခိုးကြီးဘုရားတစ်ဆူသို့ လှူဒါန်းပြီးမှသာလျှင် ပန်းနုနှင့် နှစ်ကိုယ်နီးအောင် ကြိုးစားမည်ဟု ဆုံးဖြတ်၏။

ပန်းနုနှင့် အတူနေပြီးကာမှ ချိုးရုပ်ကလေးကို လှူဒါန်းဖို့ ကြိုးစားလျှင် မိန်းမသားတို့၏ နမြောတွန့်တိုတတ်သော စိတ်ကြောင့် မိမိ၏ အကြံအစည်ကို ထိပါးနိုင်၏။

ဤသို့ဖြင့် မိုးသီးသည် ပန်းနုနှင့် ချိန်းဆိုသည့်ညများတွင် သူမနှင့် သွားရောက်တွေ့ဆုံခဲ့၏။

ပန်းနုသည် မိုးသီးနှင့်တွေ့ဆုံသည့်ညတိုင်း ရင်ခုန်လှိုက်မောဖွယ်အပြုအမူများကို ပြုလုပ်လေ့ရှိပြီး နှစ်ကိုယ်တူနီးရန် ကြံစည်လေ့ရှိသဖြင့် မိုးသီးသည် ထိတ်လန့်အုံသြရလေ၏။ တစ်ညသ၌ ပန်းနုက

“ တို့နှစ်ယောက် ဘယ်တော့အတူနေမှာလဲ မိုးသီး၊ မိန်းမသားတန်မဲ့ ဒီစကားကိုပြောရတာ ရှက်ဖို့ကောင်းလိုက်တာ၊ ဘာလဲ နင်က ငါ့ကို တင်မေလှကျထဲကို အပါခံနိုင်တယ်ပေါ့ ”

ဟု စကားနာထိုးလေ၏။ မိုးသီးက ခေါင်းခါ၍

“ ငါကြိုးစားနေပါတယ် ပန်းနုရယ်၊ ငါ့မှာ အလွန်အရေးကြီးတဲ့ ကိစ္စတစ်ခုရှိသေးလို့ပါ၊ ဒီကိစ္စပြီးရင် နင်နဲ့ငါ အတူနေကြမှာပါ ”

ဟုပြောလေ၏။ ပန်းနုက သူ၏ရင်ခွင်ထဲသို့ တိုးဝင်၍

“ အဲဒီကိစ္စက ဘာလဲဟင် ငါ့ကိုပြောပြပါလား ”

ဟု မေးမြန်းလေ၏။ မိုးသီးသည် ချိုးရုပ်ကလေး အကြောင်းကို သူမကိုပြောသင့်မပြောသင့် ချိန်ဆနေလေ၏။





ပြီးမှသက်ပြင်းချ၍

“ အချိန်တန်ရင် နင်သိရမှာပေါ့ဟာ၊ ငါပြန်တော့မယ် ”

ဟုပြောလေရာ ပန်းနုက မကျေမနပ်ဖြင့် နှုတ်ခမ်းစူ၍

“ ချစ်သူဖြစ်နေတာတောင် သိပ်ပြီး လျှို့ဝှက်ချင်တာပဲ ”

ဟု စကားနာထိုး၍ ကျန်ရစ်ခဲ့လေ၏။

* * * * * * * *



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ မိုးသီး၏စိုက်ခင်းရှိရာသို့ လှတိုးရောက်ရှိလာပြီး မြေကြီးပေါ်တွင် ပိုးလိုးပက်လက်ပစ်လှဲလိုက်လေ၏။

မိုးသီးက ၎င်း၏အမူအရာကိုကြည့်၍

'' ဘယ်လိုဖြစ်တာလဲ လှတိုး ''

ဟု မေးမြန်းလေ၏။ လှတိုးက သက်ပြင်းချ၍

'' အိမ်မှာ ငါ့အဒေါ်ကြီးနဲ့ ပြဿနာဖြစ်လာတယ်မိုးသီး။ အဒေါ်ကငါ့ကို အိမ်ပေါ်က နှင်ချလိုက်ပြီ ဒါကြောင့် မင်းဆီမှာငါနေလို့ရမလား ''

ဟု မေးမြန်းလေ၏။ မိုးသီးကရယ်မော၍

'' ငါ့ဆီမှာ မင်းတင်မကဘူး။ ပေသီးလာနေလဲ နေလို့ရတယ်၊ မင်းတို့ဖာသာ ငါ့လုပ်ငန်းတွေလဲအကူအညီရတယ်၊ သိုင်း လေ့ကျင့်ဖော်လဲ ရတာပေါ့ကွာ၊ အဖော်မရှိလို့ မကျင့်ရတာကြာပြီကွာ ''

မိုးသီးနှင့် လှတိုးတို့သည် ရွာဦးကျောင်းဆရာတော်၏ ကျောင်းတွင်နေထိုင်စဉ်က ဇန်တိုဇန်ရှည်သိုင်းလေ့ကျင့်ဖော်များဖြစ်၏။

လှတိုးသည် မိုးသီး၏စကားကြောင့် ပျော်ရွှင်သွားပြီး

'' ငါ မင်းလို လွတ်လွတ်လပ်လပ်နေချင်တာကြာပြီကွာ။ ဒေါ်ကြီးတို့အိမ်မှာနေရတာ နေ့စဉ် အဆူအကြိမ်းဘယ်တော့မှ မလွတ်ဘူး ''

ဟုပြောလေ၏။ လှတိုးသည် မိဘများမရှိသောကြောင့် သူ၏အဒေါ်နှင့်နေထိုင်သူဖြစ်၏။

ဤသို့ဖြင့် လှတိုးသည် မိုးသီး၏ခြံတွင် ပျော်ရွှင်စွာနေထိုင်လေ၏။

မိုးသီးသည် နောင်တစ်ချိန်တွင် လှတိုးအား ဖွင့်ပြောရန် ရည်ရွယ်ချက်ရှိသော်လည်း ၎င်းရောက်သည့်နေ့မှစ၍ ဆန်အိုးထဲရှိ ရွှေခဲများကို မြေကြီးထဲတွင်ပြောင်း၍ မြှုပ်နှံခဲ့လေ၏။

ညနေစောင်းသောအခါ ရှမ်းဘောင်းဘီကိုဝတ်ဆင်၍ ဇန်တိုဇန်ရှည်သိုင်းကို လေ့ကျင့်ကြလေ၏။

မိုးသီးသည် ကိုယ်ခံပညာကို ဝါသနာထုံသူဖြစ်၍ နေ့စဉ် လေ့ကျင့်သော်လည်း ပေသီးနှင့်လှတိုးမှာ မိုးသီးကဲ့သို့ မလေ့ကျင့် ဖြစ်ပေ။ လှတိုးက မိုးသီး၏ရိုက်ချက်ကြောင့် လွင့်စင်သွားသော သူ၏ တုတ်ရှည်ကိုကောက်၍







www.burmeseclassic.com

" မင်းရဲ့ရိုက်ချက်တွေ သိပ်ပြင်းတယ်၊ ငါတို့က မလေ့ကျင့်တာ အတော်ကြာလို့ လက်မျက်နေပြီ "

ဟု ချီးမွမ်းလေ၏။ မိုးသီးနှင့် လှတိုးသည် ချောင်းတွင်းမှ ရေသွင်းထားသောနေရာသို့သွား၍ သစ်သားစည်ကြီးမှရေကိုချိုးလေ၏။ ရေချိုးပြီးသောအခါ ထမင်းစားလေ၏။

မိုးသီးသည် လှတိုးအိပ်ပျော်သွားသောအခါ ပန်းနုနှင့်ချိန်းဆိုထားသဖြင့် ရွာထဲသို့ တိတ်တဆိတ်ထွက်ခဲ့လေ၏။

ရွာအနီးသို့ရောက်သောအခါ ရွာတံခါးမကြီးတွင် လူအများစုရုံးနေကြောင်းတွေ့ရသဖြင့် မျက်လုံးပြူးသွားလေ၏။

ဤမျှများပြားသော လူ့အုပ်ကြီးကိုဖြတ်၍ ရွာထဲသို့ဝင်ရန်မှာ မြေလျှိုးမိုးပျံသော အတတ်ရှိမှဖြစ်ပေလိမ့်မည်။

မိုးသီးသည် လူ့အုပ်ကြီးနှင့် မနီးမဝေးတွင်ရှိသော ချုံကြီး အနီးသို့ တိုးဝင်၍ နားစွင့်ကြည့်ရာ ယနေ့ည ရွာသို့ ဓားပြတိုက် မည်ဆိုသဖြင့် စောင့်ဆိုင်းနေကြောင်း သိရလေ၏။

ရွာကင်းအဖွဲ့သည် ဤမျှ နီးနီးကြားကြားရှိနေလျှင် ရွာတွင်းသို့ ဝင်ရန်မဖြစ်နိုင်တော့ပေ။

ထို့ကြောင့် ပန်းနုနှင့်တွေ့မည့်အစီအစဉ်ကိုဖျက်၍ သူ၏စိုက်ခင်းသို့ ပြန်ခဲ့လေ၏။

သူသည် အမှောင်ထဲတွင် တစ်ဦးတည်းလမ်းလျှောက်ရင်း အိမ်နီကြီးအနီးသို့ ရောက်ခဲ့လေရာ အိမ်ကြီးအတွင်းမှ မီးရောင်ကို မြင်ရသဖြင့်





အံ့ဩသွားလေ၏။

နှစ်ပေါင်းများစွာ လူသူမရှိသော အိမ်ကြီးအတွင်းမှ မီးရောင်ကိုမြင်ရသဖြင့် ထိတ်လန့်အံ့ဩသွားလေ၏။

အိမ်ကြီးနှင့် နီးလာသောအခါ မီးရောင်နှင့်အတူ သီချင်းသံ သဲ့သဲ့ကိုပါ ကြားရသဖြင့် ပိုမိုအံ့ဩသွားလေ၏။

အိမ်နီကြီးအနီး ဖြတ်သန်းသွားလာသော ရွာသူရွာသားများသည် ဤကဲ့သို့ သီချင်းဆိုသံ တီးသံမှုတ်သံများဖြင့် ခြောက်လှန့်ခြင်း ခံရတတ်၏။

မိမိအား နာနာဘာဝ သရဲတစ္ဆေများ ခြောက်လှန့်ခြင်းပေလော။ သို့တည်းမဟုတ် အိမ်နီကြီးသို့ ပြောင်းရွှေ့လာသူများ၏ သီချင်းဆိုသံ ပင်ဖြစ်လေဒဟုတွေးတောကာ အိမ်ကြီးအနီးသို့ တိုးကပ်ခဲ့လေ၏။

အိမ်ကြီးနှင့် နီးကပ်လေ၊ သီချင်းဆိုသံကို ပိုမိုကျယ်လောင်စွာ ကြားရလေ၏။

သီချင်း၏အသံရှင်မှာ ချိုသာပြီး ဆွဲဆောင်အားကောင်းသော အမျိုးသမီးအသံဖြစ်၏။ သီချင်းမှာမူ မိုးသီးနားလည်ခြင်းမရှိသော ရှေးသီချင်းတစ်ပုဒ်ပင်ဖြစ်၏။

မိုးသီးသည် စိတ်လှုပ်ရှားစွာဖြင့် ခြံတံခါးကြီးကို တွန်းဖွင့် လိုက်ပြီး ခြံဝင်းထဲသို့ဝင်ခဲ့လေ၏။

သူသည် အိမ်ကြီး၏ပြတင်းပေါက်မှ မီးရောင်ကိုမြင်ရသဖြင့် ပြတင်းပေါက်ရှိရာသို့ တိုးကပ်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်သည် အနည်းငယ်မြင့်သဖြင့် ခိုတွယ်ပြီး အတွင်းသို့ကြည့်လိုက်ရာ မြင်ရသောရှုခင်းကြောင့် မျက်လုံးပြူးသွားလေ၏။

အိမ်ကြီးထဲတွင် ချောမောလှပသော မိန်းမတစ်ယောက်သည် စန္ဒရားကို ကိုယ်တိုင်တီး၍ သီချင်းဆိုနေလေ၏။

သူမ၏မျက်လုံးများကို မှိတ်ထားပြီး ရှည်လျားသောဆံပင်များကို ဖားလျားချထားလေ၏။

သူမသည် လွန်စွာပါးလျားသော အဖြူရောင်ဂါဝန်ရှည်ကြီးကို ဝတ်ဆင်ထားပြီး လည်ပင်းတွင် အနက်ရောင်ပုတီးကြီးကို ဆွဲ ထား၏။

သူမ၏သီချင်းသံကို နားထောင်နေသူများမှာ လူသားများမဟုတ်ကြဘဲ လွန်စွာထွားကျိုင်းသော ခွေးနက်ကြီးသုံးကောင် ဖြစ်၏။

ခွေးနက်ကြီးများသည် သူမ၏ခြေရင်းတွင် ဝပ်ဆင်း၍ထိုင်နေကြပြီး သီချင်းသံကို အရသာခံ၍ နားထောင်နေသကဲ့သို့ရှိလေ၏။

အိမ်ကြီး၏နေရာအနှံ့တွင် ဆီမီးခွက်များထွန်းညှိထား၍ ရှေ့အလားလင်းထိန်နေလေ၏။

မိုးသီးသည် သရဲခြောက်သည်ဟု အလွန်သတင်းကြီးသော အိမ်နီကြီး၏ ထူးဆန်းသော မြင်ကွင်းကြောင့် လွန်စွာအံ့ဩနေမိ၏။

ထိုမိန်းမသည် လူသားစင်စစ် ဟောက်ဖြစ်ပါရဲ့လားဟု တွေးမိကာ ကြက်သီးများတဖြန်းဖြန်းထလာလေ၏။

ထိုအခိုက်မှာပင် ခွေးနက်ကြီးတစ်ကောင်သည် လျှာကြီးကို တန်းလန်းထုတ်၍ ပြတင်းပေါက်ကို လှမ်းကြည့်လိုက်ရာ မိုးသီးကို မြင်





တွေ့သွားပြီး ကျယ်လောင်စွာဟောင်၍ အိမ်ကြီးအတွင်းမှ ပြေးထွက်ခဲ့လေ၏။

မိုးသီးသည် ခွေးကြီးများ၏အန္တရာယ်ကို ရိပ်စားမိသွားပြီး ပြတင်းပေါက်မှ ခုန်ချလိုက်လေ၏။

သို့သော် မြေပြင်ပေါ်သို့ရောက်သည်နှင့် ခွေးကြီးများမှာ အနီးသို့ရောက်လာသဖြင့် ခြံပြင်သို့ထွက်ပြေးရန် မဖြစ်နိုင်တော့သဖြင့် အနီးရှိ သရက်ပင်ကြီးရှိရာသို့ ပြေးခဲ့လေ၏။

သူသည် သရက်ကိုင်းကို လျှင်မြန်စွာခိုဆွဲ၍ တက်လိုက်ရာ ခြေထောက်ကိုလှမ်းဟပ်လိုက်သော ခွေးကြီးတစ်ကောင်၏ပါးစပ်မှ ကံကောင်းထောက်မ၍ လွတ်မြောက်သွားလေ၏။

ခွေးနက်ကြီးသုံးကောင်သည် သစ်ပင်အောက်မှနေ၍ ဒေါသတကြီး ဟောင်နေလေ၏။

ထိုအခိုက်မှာပင် ချောမောလှပသော မိန်းမသည် အပင်ခြေရင်းသို့ ရောက်ရှိလာပြီး

" ရှင်ဘယ်သူလဲ၊ ဘာကြောင့် ကျွန်မတို့အိမ်ကိုချောင်းရတာလဲ "

ဟု မေးမြန်းလေ၏။ မိုးသီးက

" ကျွန်တော်က မြစ်ကမ်းဘက်က စိုက်ခင်းမှာနေပါတယ်၊ ဒီနေ့ညရွာထဲကပြန်လာရင်း အိမ်ကြီးရှေ့ကိုရောက်တော့ သီချင်းသံကြားတာနဲ့ အနားကိုတိုးကပ်ကြည့်ပါတယ်၊ ပြီးတော့ "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ မိုးသီးသည် ရှေ့ဆက်၍ ပြောဆိုရန်ခက်နေသဖြင့် အထစ်ထစ်အငေါ့ငေါ့ဖြစ်နေစဉ် မိန်းမချောက

" ဒါဆိုရင် ကျွန်မသိပြီ၊ သရဲခြောက်တယ်ဆိုတဲ့အိမ်နီကြီးမှာ မီးရောင်တွေမြင်ရတယ်၊ သီချင်းဆိုသံကိုလည်း ကြားရတယ်ဆိုတော့ စူးစမ်းချင်စိတ်နဲ့ အိမ်ထဲကိုဝင်လာတယ်ဆိုပါတော့၊ သတ္တိကိုတော့ ကျိုက်သွားပြီ "

ဟု ချီးမွမ်းလေ၏။ မိုးသီးက ရယ်မော၍

" ကျုပ်က သရဲတစ္ဆေဆိုတာကို အယုံအကြည်မရှိပါဘူးဗျာ၊ ကြောက်လဲမကြောက်ပါဘူး။ ဟဲ ဟဲ... ဒါပေမဲ့ အောက်ကကောင်ကြီးတွေကိုတော့ ကြောက်တယ် "

ဟုပြောလေ၏။ ခွေးနက်ကြီး သုံးကောင်သည် မူလက အပင်ပေါ်သို့ကြည့်၍ ဒေါသတကြီးဟောင်နေသော်လည်း ၎င်းတို့၏ သခင်မ ရောက်ရှိလာသောအခါ တိတ်ဆိတ်ငြိမ်သက်သွားကြောင်း တွေ့ရလေ၏။

သို့သော် မိုးသီး၏အရိပ်အခြည်ကို မျက်ခြေမပြတ်စောင့်ကြည့်နေပြီး ထွက်ပြေးလျှင် အသေလိုက်ကိုက်မည့် အမူအရာရှိ၏။

ထိုစဉ် မိန်းမချောက လေ[illegible]အသံပြုလိုက်ရာ ခွေးကြီး သုံးကောင်သည် သူမ၏အနောက်ခြေ[illegible]လှမ်းသို့ ဆုတ်ခွာသွားပြီး ငြိမ်သက်စွာထိုင်လေ၏။ ခွေးကြီးများသည် ကောင်းမွန်စွာ လေ့ကျင့်ထားသော ခွေးလိမ္မာကြီးများဖြစ်ပုံရ၏။ သူမက





" ရှင် အောက်ကိုဆင်းနိုင်ပါပြီ "

ဟုပြောလေရာ မိုးသီးက လူနှစ်ရပ်ကျော်ကျော်ခန့်မြင့်မားသော သစ်ကိုင်းပေါ်မှ တစ်ပတ်ကျွမ်းပစ်၍ မြေပေါ်သို့လှပစွာ ခုန်ဆင်းလိုက်လေ၏။

သူမက မိုးသီး၏လျှင်မြန်ဖျတ်လတ်ပုံကိုကြည့်၍ သဘောကျဟန်ဖြင့်

" ရှင့်ပုံစံကြည့်ရတာ သိပ်ပြီးသွက်လက်တာပဲ၊ ကိုယ်ခံ ပညာ တစ်ရပ်ရပ်ကို ကျွမ်းကျင်ပုံရတယ် "

ဟု မှတ်ချက်ချလေ၏။ မိုးသီးက ခေါင်းညိတ်၍

" ကျုပ်က ဗန်တိုဗန်ရှည်ပညာကို သိမ်ဝါသနာပါတယ်၊ သိုင်းတစ်နေ့ မလေ့ကျင့်ရင် ထမင်းစားမမြိန်သလိုပဲ၊ ဒါနဲ့ခင်ဗျားက အိမ်နီကြီးမှာတစ်ယောက်တည်းနေတာလား၊ အဖော်တွေဘာတွေ မရှိဘူးလား၊ အိမ်နီကြီးဟာ ရွာပြင်မှာဖြစ်နေတော့ နားနားဘာဝတွေ ဘာတွေ အယုံအကြည်မရှိရင်တောင် လူဆိုးဓားပြတွေရဲ့ရန်ကစိုးရိမ်ရတယ် "

ဟု သတိပေးလေ၏။ သူမက မိုးသီး၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်၍

" အခုလို သတိပေးတာတော့ ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မ အတွက် မပူပါနဲ့၊ ကျွန်မမှာ ခွေးသုံးကောင်အပြင် အားကိုးရတဲ့ အစောင့် တွေရှိပါသေးတယ် "

ဟု တိုးတိုးပြောလိုက်လေ၏။ မိုးသီးက ပတ်ဝန်းကျင်ကို လှည့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်ကြည့်၍

'' ဘယ်မှာလဲ ''

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ သူမက လှပသော ခန္ဓာကိုယ်တွင် လွှမ်းခြုံထားသော ပဝါကိုဖယ်ရှားလိုက်ရာ ပဝါအောက်တွင် သူ၏ရင်ဘတ်အား တည့်မတ်စွာချိန်ထားသော ခြောက်လုံးပြူးတစ်လက်ကို တွေ့ရလေ၏။ မိုးသီးက သေနတ်ကိုကြည့်၍ ပခုံးတွန့်လိုက်ပြီး

'' ဗြော်... သေနတ်နဲ့ချိန်ထားတာကိုး၊ ဒါပေမဲ့ သူခိုးဓားပြတွေကို ခင်ဗျားရဲ့သေနတ်တစ်လက်နဲ့ ရင်ဆိုင်လို့ရပါ့မလား ''

ဟု မေးမြန်းပြန်လေရာ သူမသည် မိုးသီးကို စကားမတုန့်ပြန်တော့ဘဲ လက်ခုပ်တီးလိုက်ရာ အမှောင်ထဲမှ ထွက်လာသော အရာများကိုကြည့်၍ မျက်လုံးပြူးသွားလေ၏။

အမှောင်ထဲတွင် ထွက်လာသူနှစ်ဦးမှာ နှစ်လုံးပြူးသေနတ်ကိုယ်စီကိုင်ထားသော လူပုလေးနှစ်ဦးဖြစ်၏။

လူပုလေးများသည် ကာကီအကျႌနှင့်ဘောင်းဘီကို အင်္ဂလိပ်စစ်တပ်မှ စစ်သားများကဲ့သို့ ဝတ်ဆင်ထားသဖြင့် ရယ်ရွှင်ဖွယ် ကောင်းလှ၏။ ၎င်းတို့၏နောက်ကျောတွင် လွန်စွာကြီးမားသော ကျောပိုးအိတ်ကိုယ်စီလွယ်ထားသဖြင့် စစ်မြေပြင်မှ စစ်သားများကဲ့သို့ရှိလေ၏။ မိုးသီးက ၎င်းတို့၏အမူအရာကိုကြည့်၍ ရယ်မောကာ

'' ခင်ဗျားရဲ့ကိုယ်ရံတော်တွေက အင်္ဂလိပ်စစ်တပ်က စစ်သားတွေကျနေတာပဲ ''

ဟုရိုးမွမ်းလေရာ သူမက

'' သူတို့နှစ်ယောက်ဟာ အမြွာညီအစ်ကိုတွေရှင့်၊ ရုပ်ချင်းခွဲမရအောင်တူလို့ ကျွန်မတောင် မကြာခဏမှားလေ့ရှိတယ်၊ နာမည်က ယက္ခနဲ့ဂုမ္ဘာန်တဲ့ ''

ဟုပြောလေရာ မိုးသီးက လူနှင့်နာမည်မလိုက်ဘက်သောကြောင့် ရယ်မောနေမိပြန်၏။ မိုးသီး၏အမူအရာကြောင့် လူပုလေးနှစ်ဦးသည် ရှုတင်းတင်းနှင့်ကြည့်၍

'' ဟေ့လူ... ခင်ဗျားကျုပ်တို့ကို မြင်ကတည်းက သွားဖြဲဖြီးတဟီးဟီးရယ်နေတယ်၊ ဘာလဲ ကျုပ်တို့ကိုလှောင်ပြောင်တဲ့ သဘောလား ''

ဟုကြိမ်းမောင်းလေရာ မိုးသီးက လက်ကာပြ၍

'' လှောင်ပြောင်တာမဟုတ်ပါဘူး၊ ခင်ဗျားတို့ပုံစံက ရယ်စရာကောင်းလို့ ရယ်မိတာပါ ''

ဟုပြောလေ၏။ မိုးသီး၏စကားကြောင့် အမြွာညီနောင် လူပုလေးနှစ်ဦးသည် ဒေါသကို မထိန်းနိုင်တော့ဘဲ နှစ်လုံးပြူးသေနတ်ကို မြေပေါ်သို့ပစ်ချလိုက်ပြီး ကျောပိုးအိတ်ထဲမှ တုတ်တိုလေးများကိုထုတ်ကာ မိုးသီးအား ဝင်ရောက်ရိုက်နှက်လေတော့၏။ မိုးသီးသည် ဘုတ်သိုင်းကို အထူးကျွမ်းကျင်သူတစ်ဦးဖြစ်သဖြင့် လူပုလေးများကို အထင်မကြီးဘဲ အေးဆေးစွာရှိလေ၏။







www.burmeseclassic.com

www.burmeseclassic.com



သို့သော် လူပုလေးနှစ်ဦး၏ နှစ်ယောက်ပေါင်းတိုက်ခိုက်မှုသည် အကွက်စေ့လှသဖြင့် မျက်လုံးပြူးသွားလေ၏။ သူသည် ၎င်းတို့အလယ်တွင် ညှပ်ပူးညှပ်ပိတ်ဖြစ်နေသဖြင့် အနီးရှိသစ်ကိုင်းကိုဆွဲ၍ ခုန်ထွက်ရလေ၏။

လူပုလေးများသည် မိုးသီးကို လက်မတင်လေးလွတ်သွား၍ မကျေမချမ်းဖြင့် တိုက်ခိုက်ကြပြန်၏။ မိုးသီးသည် မြေကွက်လပ်တွင်လှည့်ပတ်၍ ရှောင်တိမ်းရင်း

" ဟေ့လူတွေ တော်ပြီနော်၊ ခင်ဗျားတို့လွန်လာပြီ၊ ရပ်တန်းက မရပ်ရင် ကျုပ်ကိုအဆိုးမဆိုနဲ့နော် "

ဟု သတိပေးလေ၏။ လူပုလေးနှစ်ဦးသည် မိုးသီး၏စကားကို နားမထောင်ဘဲ တုတ်ရှည်ဖြင့် တရကြမ်းတိုက်ခိုက်လေ၏။

မိန်းမချောကမူ မိုးသီးတို့တိုက်ပွဲကို လက်ပိုက်၍ကြည့်ရှုနေ၏။

မိုးသီးသည် ကြာလျှင်သူ့ကိုထိခိုက်တော့မည်ကိုသိ၍ လူပုလေးတစ်ဦး၏တုတ်ကိုင်လက်ကို ချုပ်ကိုင်လိုက်ပြီး ၎င်းအားကိုင်ပေါက်လိုက်ရာ မြေပေါ်သို့ ဒလိမ့်ခေါက်ကွေးကျသွားလေ၏။ မိုးသီး၏ လက်ထဲသို့ တုတ်တိုလေးတစ်ချောင်းရရှိလာသဖြင့် ကျန်လူပုလေး တစ်ဦးနှင့် တုတ်ချင်းယှဉ်၍ တိုက်ခိုက်ပြန်ရာ မိုးသီး၏ပြင်းထန်သော တုတ်ချက်များကို မယှဉ်နိုင်ဘဲ လူပုလေး၏တုတ်လွင့်ထွက်သွားလေ၏။

လူပုနှစ်ဦးသည် လက်နက်မဲ့သွားသောအခါ မိုးသီးအား ကြောင်ငေးငေးကြည့်နေရှာ၏။ ပြီးမှ နှစ်လုံးပြူးသေနတ်များရှိရာသို့ ပြိုင်တူပြေး





သွား၍ သေနတ်ဖြင့်ပစ်ရန်ကြံလေရာ မိန်းမချောလေးက

" ရပ်လိုက်၊ တစ်ယောက်နဲ့တစ်ယောက် ကျီစားတာကို အသေလုပ်ဖို့မဟုတ်ဘူး ယက္ခနဲ့ဂုမ္ဘာန် နားလည်လား "

ဟုအမိန့်ပေးလိုက်၏။ လူပုလေးနှစ်ဦးသည် မိန်းမချောလေး၏ စကားကိုနားထောင်၍ ငြိမ်သက်စွာရပ်နေရှာ၏။

သူမက မိုးသီးကိုအံ့ဩဟန်ဖြင့်ကြည့်၍

" ရှင့်ရဲ့ကိုယ်ခံပညာအတော်ကောင်းတာပဲ၊ ယက္ခနဲ့ဂုမ္ဘာန် ဟာတုတ်သိုင်းမှာအတော်ကျွမ်းကျင်ကြတယ်၊ သူတို့နှစ်ယောက် ပေါင်းတိုက်ရင် တော်ရုံလူမခံနိုင်ဘူး၊ ရှင်တတော့ သူတို့ကိုအေးအေး ဆေးဆေးတိုက်ခိုက်သွားနိုင်တယ်၊ တကယ်တော့ တစ်ယောက်နဲ့ တစ်ယောက် ရန်သူတွေမှမဟုတ်တာ၊ အသေတိုက်ခိုက်ဖို့မလိုပါဘူး။ ယက္ခနဲ့ဂုမ္ဘာန်ရဲ့အားနည်းချက်က သူတို့အရပ်မောင်းကို လှောင်ပြောင်ရင် အင်မတန်စိတ်ဆိုးတယ်၊ သည်းမခံနိုင်ဘူး၊ ဒါကြောင့် ရန်ဖြစ်ရတာ "

ဟုရှင်းလင်းပြလေ၏။ မိုးသီးက ခေါင်းညိတ်၍ လူပုလေး နှစ်ယောက်ဘက်သို့လှည့်ကာ

" ကျုပ်က ခင်မင်စရာကောင်းလို့ ရင်းရင်းနှီးနှီးပြောမိတာပါ စိတ်ဆိုးတယ်ဆိုရင်လဲ ခွင့်လွှတ်ပါဗျာ "

ဟုတောင်းပန်လိုက်လေရာ လူပုလေးနှစ်ဦးသည် အနည်းငယ် [illegible] စိတ်ပြေသွားဟန်ဖြင့် သေနတ်များကိုချ၍ အိမ်ကြီးထဲသို့ ဝင်သွားလေ၏။ မိန်းမချောလေးက မိုးသီးကိုကြည့်၍ နှစ်လို ဖွယ်ပြုံးကာ



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်မတို့အေးအေးဆေးဆေးစကားပြောရအောင်၊ ရှင့်ရဲ့စိုက်ခင်းတို လာလည်ချင်တာ ရမလား "

ဟုမေးမြန်းလေရာ မိုးသီးကခေါင်းညိတ်၍

" ရပါတယ်ဗျာ၊ အချိန်မရွေးလာဝခဲ့ပါ၊ ဒီညတော့ ညနက်နေလို့ ကျိုပ်သွားတော့မယ်နော် "

ဟုနှုတ်ဆက်ကာ ထွက်ခွာလာခဲ့လေ၏။ မိုးသီးသည် စိုက်ခင်းသို့ပြန်ရောက်သောအခါ မိန်းမချောလေးနှင့်လူပုလေးနှစ်ဦး၊ ခွေးနက်ကြီး ၃ ကောင်အကြောင်းကိုစဉ်းစားနေလေ၏။

၎င်းတို့သည် အိမ်နိုကြီးကိုဝယ်ယူ၍ နေထိုင်ခြင်းသည် ထူးဆန်းလှ၏။ မိန်းမချောလေး၏ပုံသဏ္ဌာန်သည် ထူးခြားသောလျို့ဝှက်မှုတစ်ခုရှိမည်ထင်ရ၏။ မိန်းမချောလေးနှင့် လူပုလေးများထံတွင် လက်နက်ကိုယ်စီရှိပြီး အန္တရာယ်တစ်ခုကို အသင့်ရင်ဆိုင်မည့် အနေအထားမျိုးကိုတွေ့ရ၏။

* * * * *





တစ်နေ့သ၌ ပြလိုမြို့နှင့်မနီးမဝေးတွင်ရှိသော ပေတောကုန်းရွာသို့သွားမည့် လှည်းလမ်းပေါ်တွင် ချောမောလှပသော မိန်းမပျိုတစ်ဦးသည် လှည်းကြုံလိုက်ရန် စောင့်မျှော်နေလေ၏။

မိန်းမပျိုသည် အရိပ်ကောင်းစွာရရှိသော ညောင်ပင်ကြီးအောက်တွင်ထိုင်ရင်း လှည်းကြုံရောက်မလာသေးသဖြင့် သူမ၌ ပါလာသော ထမင်းထုပ်လေးကိုဖြည်၍ စားသောက်လေ၏။

သူမသည် ထမင်းထုပ်ထဲတွင်ပါဝင်သော ဝက်သားဆီပြန်ဟင်းနှင့် သရက်သီးသနပ်ကို နယ်ဖတ်၍ မြိန်ရှက်စွာစားသောက်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ စားသောက်ပြီးနောက် သူမ၏အနီးရှိ လွန်စွာသေးငယ်သော ထန်းခေါက်ဖာလေးနှစ်လုံးကိုကြည့်၍ စိတ်မသက်သာဟန်ဖြင့်

'' ငါကတော့စားပြီးပြီ၊ သူတို့အတွက်ဘယ်လိုစီစဉ်ရမလဲ၊ အင်းလေ ပေတောကုန်းကိုရောက်မှ ကြည့်စီစဉ်ကြတာပေါ့၊ ပေတောကုန်းကိုသွားမယ့်လှည်းကြုံ ဒီနေ့ရှိမှရှိပါ့မလား၊ ခဏစောင့်ကြည့်ပြီး လှည်းကြုံမရှိရင်တော့ ငါဘာသာပဲ လမ်းလျှောက်ရမှာပဲ ''

ဟုရေရွတ်လေ၏။ အတန်ကြာအောင်လှည်းကြုံစောင့်နေပြီးနောက် မြို့လိုမြို့ရှိ ဖဲဝိုင်းတစ်ခုမှပြန်လာသော ဖဲသမားလေးယောက်၏ လှည်းသည် သူမစောင့်နေသော ညောင်ပင်အနီးသို့ တရွေ့ရွေ့ မောင်းလာလေ၏။

ဖဲသမားများအနက် ညွန့်ခင်နှင့်ချစ်စန်းတို့သည် တဏှာရူးများဖြစ်သဖြင့် လှည်းကြုံစောင့်နေသော မိန်းမပျိုလေးကို အဝေးမှ လှမ်းကြည့်၍

'' ဟိုက်... ညောင်ပင်အောက်မှာ မဒီလေးတစ်ယောက် လှည်းကြုံစောင့်နေပါလား၊ တောင့်လိုက်ဖြောင့်လိုက်တာ၊ တအားပါပဲလားကွ၊ စားရကံကြုံလို့ မုတ်ဆိတ်ပျားစွဲတာပဲ၊ လှည်းရပ်ပေးလိုက်ဟေ့ ''

ဟုပြောလေရာ လှည်းပေါ်တွင်ပါလာသော ကျန်လှည်းသမားတစ်ယောက်က

'' ဟေ့ကောင်တွေ၊ ကြည့်လဲလုပ်ဦးနော်၊ တော်ကြာ မင်းပေါက်စိုးပေါက်ထဲကဆိုရင် ဒုက္ခဖြစ်နေဦးမယ် ''





ဟုသတိပေးရင်း လှည်းကိုရပ်ပေးလိုက်လေ၏။ တဏှာရူး ညွန့်ခင်က မိန်းမပျို၏ခန္ဓာကိုယ်အောက်ပိုင်းကို ရှိုင်းစိုင်းစွာကြည့်၍

'' ဟဲဟဲ၊ ညီမလေး လှည်းကြုံလိုက်ချင်လို့နဲ့တူတယ်၊ လိုက်ပါ... လိုက်ပါ ''

ဟုဖိတ်ခေါ်လေရာ မိန်းမပျိုသည် ဖဲသမားများ၏အမူအရာကို မနှစ်မြို့သော်လည်း လှည်းကြုံမရှိလျှင် အခက်ကြုံမည် စိုးသဖြင့်

'' ပေတောကုန်းရွာကိုသွားချင်လို့ပါ၊ အစ်ကိုတို့လှည်းက လမ်းကြုံမလားမသိဘူး ''

ဟုပြောလေ၏။ ထိုအခါ ချစ်စန်းဆိုသော ဖဲသမားက

'' ဟိဟိ... ကြုံပါ့ဗျာ၊ အစ်ကိုတို့လှည်းက ပေတောကုန်းကိုကျော်ပြီး ခရီးဆက်ရဦးမှာ၊ ဒါထက် ဟောဟိုက ထန်းခေါက်ဖာ နှစ်လုံးက ညီမပစ္စည်းတွေလား၊ အစ်ကိုတို့သယ်ပေးမယ်လေ ''

ဟုပြောဆိုလေ၏။ ထိုအခါ မိန်းမပျိုက ကမန်းကတန်းလက်ကာ၍

'' အမလေး၊ မသယ်ပါနဲ့ရှင်၊ ညီမရဲ့အဝတ်အစားတွေပါ၊ အစ်ကိုတို့ ဘုန်းနိမ့်ကုန်ပါမယ် ''

ဟုပြောဆိုကာ ထန်းခေါက်ဖာလေးနှစ်လုံးကို လှည်းပေါ် သို့တင်၍ သူမကိုယ်တိုင်လည်း လှည်းပေါ်သို့တက်လေ၏။ ထိုအခါ တဏှာရူး ညွန့်ခင်နှင့်ချစ်စန်းသည် မိန်းမပျိုအား တက်ညီလက်ညီဖြင့် လှည်းပေါ်သို့ ဆွဲတင်ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖဲသမားများသည် မိန်းမပျိုအား အလယ်တွင်ထား၍ တစ်ယောက်တစ်မျိုးစီအသားယူရင်း ခရီးဆက်လာလေ၏။ မိန်းမပျိုသည် ယောက်ျားလေးယောက်၏အလယ်တွင် သတိကြီးစွာထား၍ လိုက်ပါလာလေ၏။

လှည်းလမ်းသည် ကြမ်းတမ်းသဖြင့် တဈာရှူးများအတွက် အကြိုက်တွေ့နေပြီး လှည်းဆောင့်၍ ယိမ်းယိုင်ဟန်ဖြင့် မိန်းမပျို၏ရင်ခွင်ထဲသို့ တိုးဝင်ရန် ကြိုးစားကြ၏။

တဈာရှူးညွန့်ခင်မှာ အဆိုးဆုံးဖြစ်ပြီး မိန်းမပျို၏မဖွယ်မရာနေရာများအား အကြိမ်ကြိမ်စော်ကားမော်ကားပြုနေလေ၏။ မိန်းမပျိုသည် ရှက်ရှက်နှင့် မျက်နှာရဲရဲနီကာ ကြိတ်မှိတ်သည်းခံပြီး လိုက်ပါလာလေ၏။

လမ်းခရီးတွင် တဈာရှူးညွန့်ခင်က စကားမရှိ စကားရှာ၍ မိန်းမပျိုကို ရီသွဲ့သွဲ့ပြောဆိုနေလေ၏။

သူမ၏အပြောအရ မိန်းမပျိုသည် ပေတောကုန်းရွာရှိ အဒေါ်တစ်ဦးနှင့်နေထိုင်ရန် မွန်ပြည်နယ်ဘက်မှ ပြောင်းရွှေ့လာကြောင်း သိရလေ၏။

တဈာရှူးများသည် မိန်းမပျိုလေး၏အဆင်းသဏ္ဌာန်ကို ကြည့်၍စွဲမက်ဖွယ်အလွန်ကောင်းသဖြင့် ယုတ်မာသောစိတ်များ တဖွားဖွားပေါ်လာလေ၏။

ထို့ကြောင့် ၎င်းတို့အချင်းချင်း လက်ကုတ်၍ တောထိုင်ရန်ဟု





အကြောင်းပြကာ မိန်းမပျိုအား တစ်ယောက်တည်း လှည်းပေါ်တွင်ထား၍ လှည်းလမ်းမှ ဆင်းခဲ့၏။ တစ်နေရာသို့ရောက်သောအခါ တဈာရှူးညွန့်ခင်က

“ ကောင်မလေးက သိပ်လှတယ်ကွာ၊ ငါတော့ စိတ်မထိန်းနိုင်တော့ဘူး၊ အရကြံမယ်လို့ ဆုံးဖြတ်လိုက်ပြီ ”

ဟုယုတ်မာသောအကြံကို ပြောလေရာ တဈာရှူး ချစ်စန်းဆိုသူကလည်း

“ ငါလဲ ဒါကိုပဲပြောမလို့ကွ၊ ပေတောကုန်းရွာဆိုတာ ငါတို့ရွာနဲ့ အဝေးကြီးပဲ၊ တစ်ခုခုပြဿနာဖြစ်ရင် ငါတို့မှန်းဘယ်လိုမှ သိမှာ မဟုတ်ဘူး၊ ပေတောကုန်းမရောက်ခင် လှည်းကိုဖြည်းဖြည်းမောင်းရင် နေဝင်ကာနီးဖြစ်သွားပြီ၊ ဒါဟာ ငါတို့အတွက် အခွင့်အရေးပဲ၊ ဟော့ကောင်နှစ်ကောင်၊ မင်းတို့နှစ်ယောက်ရော သဘောတူလား ”

ဟု ကျန်နှစ်ယောက်ကို မေးမြန်းလေရာ ကျန်သောနှစ်ယောက်ကလည်း

“ ဟဲဟဲ... ကောင်မလေးက သိပ်လှတော့ ငါတို့နှစ်ယောက်တောင် ပါချင်သလိုဖြစ်သွားပြီ ”

ဟုပြောလေ၏။ အနည်းငယ်သတ္တိကြောင်သော လှည်းမောင်းသူက တွန့်ဆုတ်ဆုတ်ဖြင့်

“ ပြဿနာတော့ မဖြစ်နိုင်ပါဘူးနော် ”

ဟုရေရွတ်လေရာ တဈာရှူးညွန့်ခင်က



www.burmeseclassic.com

www.burmeseclassic.com



" နည်းနည်းတော့ စွန့်စားရမှာပေါ့ကွာ၊ ကောင်မလေးကို အရကြံပြီးရင် လှည်းလမ်းပေါ်မှာ ပစ်ထားခဲ့ရုံပဲ၊ ပေတောကုန်းနဲ့ ငါတို့ရွာက အဝေးကြီးပဲဥစ္စာ၊ ငါတို့လက်ချက်မှန်း ဘယ်သူက သိမှာလဲ၊ သူဘယ်သူ့ကိုသွားတိုင်မလဲ၊ နောက်ပြီး မသေမချင်း မှတ်ထား၊ ဒါမျိုးအမှုမှာ (၁၀) မှုမှာ (၅) မှုလောက်က ပြဿနာ မတက်ဘူး၊ ကာယကံရှင်မိန်းကလေးဘက်က အရှက်ကွဲမှာစိုးလို့ ဘယ်သူ့မှ မတိုင်ဘဲ ကြိတ်ခံနေတာများတယ် "

ဟုပြောလေရာ ကျန်သောတဏှာရူးများသည် ပိုမိုစိတ်အားတက်ကြွလာပြီး မိန်းမပျိုအား စော်ကားရန်အစီအစဉ်များကို အားတက်သရော ပြောကြလေ၏။ တဏှာရူးညွှန့်ခင်သည် ထိုကိစ္စ မျိုးနှင့်ပတ်သက်၍ အစီအမံကောင်းသူဖြစ်သဖြင့်

" ဒါဆိုရင် ထန်းသုံးပင်ရောက်မှ ကောင်မလေးကိုအရကြံမယ်၊ ဒီအချိန်ဆို ညနေစောင်းလောက်ပြီ၊ ပြီးရင်တော့ လှည်းလမ်းပေါ်မှာ ပစ်ထားခဲ့ရုံပဲ၊ ကျန်တာတွေကိုတော့ ငါဆက်ပြီး စီစဉ်မယ် "

ဟုပြောလေရာ တဏှာရူးများသည် စိတ်အားတက်ကြွစွာဖြင့် ညွှန့်ခင်အား ဆရာတင်၍ လှည်းဆီသို့ပြန်လာခဲ့ကြ၏။

၎င်းတို့သည် လှည်းပေါ်သို့ရောက်သောအခါ မိန်းမပျိုကို စားမတတ် ဝါးမတတ် ရူးစိုက်ကြည့်ရင်း ခရီးဆက်ကြလေ၏။ ညနေစောင်းအချိန်သို့ရောက်သောအခါ လှည်းသည် ထန်းသုံးပင်သို့ရောက်လေ၏။ ထိုအခါ တဏှာရူးညွှန့်ခင်က





" ထန်းသုံးပင်ရောက်ပြီ၊ နွားတွေလဲပန်းလှပြီ၊ ရှေ့စမ်းချောင်းလေးမှာ ခဏနားပြီး ရေလေးဘာလေးတိုက်ပါဦး "

ဟုဆိုကာ ၎င်းတို့လေးယောက်သည် လှည်းပေါ်မှဆင်းကြ၏။ မိန်းမပျိုကိုလည်း

" ညီမလေး၊ လှည်းပေါ်ကခဏဆင်းပေးပါဦး၊ နွားတွေကို ရေတိုက်ချင်လို့ "

ဟုဆိုသဖြင့် မိန်းမပျိုသည် လှည်းပေါ်မှဆင်း၍ လှည်းလမ်းနဘေးရှိ သစ်ပင်အောက်တွင် တစ်ကိုယ်တည်းသွားထိုင်လေ၏။

ကျောခိုင်း၍ ထိုင်နေသောမိန်းမပျို၏ဖွံ့ထွားသောတင်သားများကိုကြည့်၍ ပေါက်စဆိုသူက ဟင်းခနဲသက်ပြင်းချ၍

" ဘယ်လိုကြံကြမှာတုန်း "

ဟုတီးတိုးမေးလေ၏။ တဏှာရူးညွှန့်ခင်က လက်ကာပြ၍

" စိတ်အေးအေးထားစမ်းပါ ပေါက်စရာ၊ ဒီကိစ္စမျိုးမှာ ငါ ကျွမ်းကျင်ပါတယ်၊ မင်းတို့ခဏလေးရှောင်နေလိုက်၊ မင်းတို့ရှိရင် ကောင်မလေးရှက်ပြီး ရှန်းလားကန်လားလုပ်နေဦးမယ် "

ဟုဆိုသဖြင့် တဏှာရူး ၃ ယောက်သည် မချင့်မရဲဖြင့် လှည်းလမ်းတစ်နေရာသို့ ထွက်သွားလေ၏။

ထိုအခါမှပင် တဏှာရူးညွှန့်ခင်က မိန်းမပျိုအနီးသို့ တိုးကပ်သွားပြီး

" ညီမလေး မျင်းနေပြီလား "



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးမြန်းလေ၏။ မိန်းမပျိုက တဏှာရူး၏အရိပ်အကဲကို ကြည့်၍

" မပျင်းပါဘူး၊ ကဲ… ကျွန်မတို့လှည်းဆက်ထွက်မှာလား "

ဟုမေးမြန်းလေ၏။ ညွန့်ခင်က

" အေးအေးဆေးဆေးပေါ့ညီမရယ်၊ နွားတွေရေသောက်ပါစေဦး၊ ညီမလဲ အပန်းလေးဘာလေး ပြေသွားအောင် အစ်ကိုက ပြုစုပါရစေ "

ဟုပြောလေရာ မိန်းမပျိုက နားမလည်ဟန်ဖြင့် မျက်မှောင်ကြုတ်၍

" ဘယ်လိုပြုစုမှာလဲ "

ဟုရေရွတ်လေ၏။

ညွန့်ခင်က တဟီးဟီးရယ်မော၍ ရှေ့သို့ တိုးကာ မိန်းမပျိုကို ပွေ့ဖက်ရန်ကြိုးစားလေ၏။ မိန်းမပျိုက ခေါင်းကိုအနောက်သို့ တိမ်းရှောင်လိုက်ပြီး

" ခွေးကြီး၊ လွှတ်လွှတ်နော်၊ မယုတ်မာနဲ့ "

ဟုအော်ဟစ်လေ၏။ တဏှာရူးညွန့်ခင်က တဟဲဟဲရယ်မော၍

" ရှက်မနေပါနဲ့ကွာ၊ ဒါရှက်စရာမဟုတ်ပါဘူး "

ဟုပြောဆိုကာ မိန်းမပျိုအား လှည်းလမ်းအောက်သို့ အတင်းဆွဲခေါ်လေ၏။

မိန်းမပျိုသည် ခွန်အားချင်းမမျှသောကြောင့် တဏှာရူး၏ ခေါ်





ဆောင်ရာနောက်သို့ ပါလာရလေ၏။

လှည်းလမ်းနဘေး မြေကွက်လပ်သို့ရောက်သောအခါ ညွန့်ခင်က မိန်းမပျိုကို အံမမှုပြုကျင့်ရန် ကြိုးစားလေ၏။ မိန်းမပျိုက ရုန်းကန်၍ တဏှာရူး၏ပေါင်ကြားကို ဒူးဖြင့်တိုက်လိုက်လေရာ ညွန့်ခင်သည် အားခနဲအော်၍ ခုန်ဆွခုန်ဆွဖြစ်သွားပြီး

" ကောင်မ၊ နင်က ငါ့ကိုလုပ်တယ်ပေါ့၊ ငါ့အကြောင်းသိစေရမယ် "

ဟုဆိုကာ ရှေ့သို့တိုးရန် ကြိုးစားလေ၏။ မိန်းမပျိုသည် ညွန့်ခင်ကို အံကြိတ်၍ ကြည့်နေရာမှ တစ်စုံတစ်ရာကို ဆုံးဖြတ် လိုက်ဟန်ဖြင့် သူမ၏အင်္ကျီကြယ်သီးနှစ်လုံးကိုဖြုတ်လေ၏။

ထိုအခါ ညွန့်ခင်က သူ၏အလိုကို မိန်းမပျိုလိုက်လျောတော့မည်ထင်သဖြင့် မျက်နှာဝင်းထိန်သွားပြီး

" ဟီးဟီး… ဒီလိုလိမ္မာစမ်းပါကွာ "

ဟုရေရွတ်၍ သူမကို ပွေ့ဖက်ရန်ကြိုးစားလေ၏။

ထိုအခိုက်မှာပင် မိန်းမပျိုသည် သူမ၏ရင်ဘတ်အတွင်းမှ အလွန်သေးငယ်သော အနက်ရောင်ကြိုးလေးတစ်စကို ထုတ်လိုက်လေ၏။ ညွန့်ရွှေသည် အနက်ရောင်ကြိုးကို တအံ့တသြကြည့်နေစဉ် ကြိုးသည် အသက်ရှိသကဲ့သို့ လွန့်လူးနေသဖြင့် မျက်လုံးပြူး မျက်ဆန်ပြူးဖြင့်

" မြွေ… မြွေ "

ဟု ထိတ်လန့်တကြား အော်ဟစ်လိုက်လေ၏။ မိန်းမပျိုက



www.burmeseclassic.com

www.burmeseclassic.com



တဟားဟားရယ်မော၍

" ဟားဟားဟား... ဒီမြွေက ကျွန်မရဲ့ သက်တော်စောင့်ပဲ၊ သူကိုက်ရင် ဆေးမမီဘူး၊ မြွေပွေးထက်အဆိပ်ပြင်းတယ်၊ တဏှာရူးကြီး သေပေတော့ "

ဟုဆိုကာ မြွေဖြင့်ခြောက်လှန့်လိုက်ရာ ညွန့်ရွှေသည် ထိတ်လန့်တကြားအော်ဟစ်၍ လှည်းလမ်းပေါ်သို့ ပြန်တက်ပြေးလေ၏။

ထိုအခါမှပင် မိန်းမပျိုသည် သူမ၏ရင်ဘတ်ထဲသို့ သေးငယ်သောမြွေကလေးကို ပြန်ထည့်၍ လှည်းဆီသို့ ဣန္ဒြေရရလျှောက်သွားလေ၏။ ထို့နောက်လှည်းပေါ်သို့တက်ကာ နွားလှည်းကို ကျွမ်းကျင်စွာမောင်းနှင်ရင်း

" ရှင်တို့လှည်းကို လိုချင်ရင်တော့ ပေတောကုန်းရွာပြင်မှာ လာယူပေတော့၊ ကျွန်မသွားပြီ၊ အသက်ချမ်းသာပေးတာ ကျေးဇူးတင်ပေတော့ "

ဟုကြုံးဝါးကာ လှည်းကို မောင်းထွက်သွားလေတော့၏။

ထိုအခါ တဏှာရူးပေါက်စဆိုသူက အရဲစွန့်၍

" ဟေ့၊ ဒီလိုလုပ်လို့ ဘယ်ရမလဲ၊ လှည်းကိုထားခဲ့၊ ထားခဲ့ "

ဟု အော်ဟစ်ကာ လှည်းနောက်သို့လိုက်ရန်ကြိုးစားလေ၏။

မိန်းမပျိုက လှည်းကိုရပ်လိုက်ပြီး အေးဆေးစွာလှည့်၍ သူမ၏ထန်းခေါက်ဖာလေးများကို ဖွင့်လိုက်ရာ မြွေဟောက်ကြီးတစ်ကောင်သည် ဖာထဲမှ ပေါက်တော့မည့်ဟန်ဖြင့် ပါးပြင်ထောင်လာလေ၏။





တဏှာရူးများသည် မြွေဟောက်ကြီးများကိုကြည့်၍

" အမလေး "

ဟုအော်ဟစ်ကာ လှည်းလမ်းပေါ်တွင် ဆက်မလိုက်ရဲဘဲ ကျန်ရစ်ခဲ့လေတော့၏။

✲✲✲✲✲✲✲

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်

**မင်းမြတ်သူရ**

အမှတ် (၇)၊ အသောကလမ်း။ ကျောက်မြောင်း

ရန်ကုန်သို့ လိပ်မူ၍ ရေးသားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးသည် သူ၏စိုက်ခင်းအတွက် ရေသွယ်ထားသော နေရာတွင် အမှိုက်များပိတ်ဆို့နေ၍ ရှင်းလင်းနေစဉ် ထန်းခေါက် ဖာသုံးလုံးကို မနိုင်မနင်းသယ်မ၍ လမ်းလျှောက်လာသော မျက်နှာစိမ်း မိန်းမပျို တစ်ယောက်ကို သတိပြုမိ၏။

မိန်းမပျို၏ရုပ်ရည်ရူပကာသည် ချောမောလှပပြီး ရုပ်ဝေးမှ ရောက်ရှိ ဆက်လာပုံရ၏။ မိုးသီးသည် မိန်းမပျို၏အမူအရာကိုကြည့်၍ အကူအညီပေးရန်အလို့ငှာ အနီးသို့လျှောက်သွားလေ၏။

၎င်း၏အနီးသို့ရောက်သောအခါ သူမ၏အရပ်မှာ ရှည်သွယ်မြင့်မားပြီး ကိုယ်လုံးကိုယ်ပေါက်မှာ ဆွဲဆောင်အားကောင်းလှကြောင်း





သတိပြုမိ၏။

မိုးသီးက

" ဘယ်ကိုသွားမလို့လဲ မိန်းကလေး။ ထန်းခေါက်ဖာကြီးတွေနဲ့ မနိုင်မနင်းဖြစ်နေလို့ သယ်ပေးမလို့ပါ "

ဟုမေးလေရာ မိန်းမပျိုက မိုးသီးကို မယုံသင်္ကာဟန်ဖြင့် ကြည့်ကာ

" မလိုပါဘူး ရပါတယ်။ ရှေ့ကရွာက ပေတောကုန်းရွာ မဟုတ်လား "

ဟုမေးမြန်းလေ၏။ မိုးသီးက ခေါင်းညိတ်၍

" ဟုတ်ပါတယ်၊ ပေတောကုန်းရွာပါ။ ကျုပ်က ပေတောကုန်းရွာသားပါ၊ ဘယ်သူ့အိမ်ကိုသွားချင်လို့လဲ "

ဟုမေးမြန်းလေ၏။ မိန်းမပျိုက ထန်းခေါက်ဖာသုံးလုံးကို မြေပေါ်တွင်ခဏချ၍ နဖူးပေါ်သို့စီးကျလာသော ချွေးစက်ကလေးများကို သုတ်လေ၏။ ပြီးမှ

" အရီးအေးမြအိမ်ကို သွားချင်လို့ပါ "

ဟုပြောလေ၏။ မိုးသီးသည် သူမ၏စကားကြောင့် မျက်လုံးပြူး သွားလေ၏။ အရီးအေးမြဆိုသော အဖွားကြီးသည်လွန်ခဲ့သော ၆ လ ခန့်က ဆုံးပါးသွားခဲ့ပြီဖြစ်၏။

အရီးအေးမြသည် ဆွေမျိုးရင်းခြာမရှိသည့်အတွက် သူ၏ တဲအိမ်ကလေးကိုပင် ရွာသားများက ကြည့်ရှုစောင့်ရှောက်ပေးကြ

www.burmeseclassic.com

www.burmeseclassic.com



မိုးသီးက မိန်းမပျိုကို စိတ်မကောင်းဟန်ဖြင့်ကြည့်၍

" အရီးအေးမြ ဆုံးတာ ၆ လလောက်ရှိပြီ "

ဟုပြောလေရာ မိန်းမပျိုသည် ပါးစပ်အဟောင်းသားဖြစ်သွားပြီး

" ဟင်... အရီးအေးမြ ဆုံးပြီဟုတ်လား။ ဖြစ်မှဖြစ်ရလေ အရီးရယ်၊ ဒါကြောင့် ဒီရက်ပိုင်းမှာ အရီးအေးမြကို ညတိုင်းအိပ်မက်မက်နေတာကိုး။ အရီးအေးမြက ကျွန်မကို အိပ်မက်ထဲကနေ အမြဲပြောတယ်၊ သူ့ရဲ့အိမ်ကလေးမှာ နေမဲ့လူမရှိလို့ ကျွန်မကို လာနေပေးပါတဲ့၊ ဒါကြောင့် ဒီရွာကလေးမှာ ခဏနေဖို့ လာခဲ့တာပဲ "

မိုးသီးက သူမကို စိတ်မကောင်းဟန်ဖြင့်ကြည့်၍

" အရီးအေးမြနဲ့ဘာတော်လဲ "

ဟုမေးမြန်းလေ၏။ မိန်းမပျိုက

" အရီးအေးမြနဲ့ ရပ်ဆွေရပ်မျိုးတွေပါ၊ အရီးအေးမြ ငယ်ငယ်တုန်းက ကျွန်မတို့မိဘတွေနဲ့ အတူနေဖူးပါတယ်၊ ဒါကြောင့် သမီးအရင်းလိုချစ်နေတာပါ။ အခုတော့ အရီးအေးမြဆုံးပြီဆိုတော့ ကျွန်မ ဒီရွာကို လာတာ အရီးနဲ့မတွေ့နိုင်တော့ဘူးပေါ့ရှင် "

ဟုပြောကာ မျက်ရည်များစီးကျလာလေ၏။ ထိုအခါ မိုးသီးက သက်ပြင်းချ၍

" ကဲ... မငိုနဲ့တော့ဗျာ၊ ခင်ဗျားကို သူကြီးအိမ်လိုက်ပို့ပေးပါမယ်၊ ရွာကိုရောက်မှ မထူးတော့ပါဘူး။ အရီးအေးမြအိမ်မှာပဲ အေးအေးဆေးဆေးအနားယူပြီး နေထိုင်ပါ၊ စားဖို့သောက်ဖို့ကိစ္စအတွက် ဘာမှ





မပူပါနဲ့၊ ရွာကလူတွေ တစ်လှည့်စီကျွေးမွေးကြမှာပါ "

ဟုပြောလေ၏။ မိန်းမပျိုသည် သူ၏ထန်းခေါက်ဖာလေးများကို ကောက်ယူ၍ ရွာထဲသို့ထွက်ခွာရန် ပြင်ဆင်လေ၏။ မိုးသီးသည် ထန်းခေါက်ဖာများကို ကူညီသယ်ပို့ပေးရန် ပြောလေရာ သူမက

" အို ရှင်မသယ်ပါနဲ့၊ ကျွန်မဘာသာသယ်မယ်၊ သူကြီးအိမ်ကိုသာ လိုက်ပို့ပေးပါ၊ ရှင်ဘုန်းနိမ့်မှာစိုးလို့ပါ "

ဟုပြောသဖြင့် မိုးသီးသည် သူမအား သူကြီး၏နေအိမ်သို့ လိုက်လံပို့ဆောင်ပေးလေ၏။

ပေတောကုန်းရွာသားများသည် ချောမောလှပ၍ ကိုယ်လုံးကိုယ်ပေါက်လှပသော မိန်းမပျိုကို အငမ်းမရကြည့်ကြလေ၏။ ကာလသားအချို့သည် မိုးသီး၏အနီးသို့ကပ်၍ မိန်းမပျို အကြောင်းကိုမေးမြန်းလေ၏။

အချို့သော စပ်စုလိုသူများသည် သူကြီးအိမ်သို့ တသီတတန်းကြီး လိုက်ပါလာလေ၏။ မိုးသီးသည် မိန်းမပျိုအား သူကြီးအိမ်သို့ပို့ပြီးသည်အထိ ကာလသားများ၏အမေးကို အာပေါက်မတတ် ဖြေနေရ၏။

နောက်တစ်နေ့တွင် လှတိုးသည် ငှက်ပျောခြံထဲတွင် ရှားရှားပါးပါး စိုက်ပျိုးထားသော နံ့သာပု ငှက်ပျောပင်ကြီးရှေ့တွင်ရပ်၍

" မွှေးလိုက်တဲ့ငှက်ပျောကွာ၊ ပတ်ဝန်းကျင်တစ်ခုလုံး ငှက်ပျောနံ့ သင်းနေတာပဲ "

ဟု မှတ်ချက်ချလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးသည် သူ၏ သီးမွှေးခြံထဲတွင် နံ့သာပုပ္ပာ ငှက်ပျောတစ်ပင်နှင့် ရွှေငှက်ပျောတစ်ပင်ကို စိုက်ပျိုးထား၏။

ထိုအပင်နှစ်ပင်စလုံးသည် မျိုးကောင်းမျိုးသန့်များ ဖြစ်သဖြင့် အရသာအလွန်ကောင်းပြီး မွှေးကြိုင်လှ၏။

မိုးသီးသည် အပင်ခြေရင်းတွင်ရပ်၍ ကြည့်ရှုပြီး

" ဒီအချိန်ခုတ်ရင် အနေတော်ပဲကွ၊ ခုတ်ကြရအောင်ဟေ့ "

ဟုဆိုကာ လှတိုးနှင့်အတူ ငှက်ပျောခိုင်များကို တက်ညီ လက်ညီ ခုတ်လေ၏။ နံ့သာပုပ္ပာ ငှက်ပျောကို ရောင်းဖို့မဟုတ်ဘဲ ရွာထဲရှိ လူကြီးသူမများကို လှူဒါန်းရန်အလို့ငှာ စိုက်ပျိုးထားခြင်း ဖြစ်၏။

ငှက်ပျောသီးများကို အဖိုးလိုက်ဖြစ်အောင် ခုတ်ထွင်ပြီး နောက်

" ရွာထဲကို ခဏသွားလိုက်ဦးမယ်ဟေ့၊ နံ့သာပုပ္ပာ ငှက်ပျောသီးကို ဘကြီးဘဖေက သိပ်ကြိုက်တာကွ၊ သူ့ကို နံ့သာပုပ္ပာ ငှက်ပျောရရင် ပေးမယ်ပြောထားတယ် "

ဟုပြောကာ ငှက်ပျောခိုင်များကို တောင်းတစ်လုံးထဲတွင် ထည့်၍ ပခုံးပေါ်တွင်ထမ်းကာ ရွာဘက်သို့ထွက်ခဲ့လေ၏။

ဘကြီးဘဖေ၏ခြံဝသို့ ရောက်သောအခါ ခြံထဲတွင် တကုတ်ကုတ်နှင့် အလုပ်ရှုပ်နေသော ဘကြီးဘဖေကိုတွေ့ရ၏။

မိုးသီးကိုမြင်သောအခါ

" လာဟေ့၊ မိုးသီး မင်းလာတာနဲ့အတော်ပဲကွာ၊ မင်းကို ဝါ ပေးစရာရှိလို့ကွ "





ဟုပြောလေ၏။ မိုးသီးက ဘကြီးဘဖေအနီးတွင် ဝင်ထိုင်၍

" ကျွန်တော်ကလဲ နံ့သာပုပ္ပာ ငှက်ပျောသီးရလို့ လာပို့ပေးတာပါ၊ ဘကြီးဘဖေက ဘာပေးချင်လို့လဲ "

ဟု မေးမြန်းလေ၏။ ဘကြီးဘဖေသည် မိုးသီး၏အမေးကို မဖြေသေးဘဲ တောင်းထဲရှိ နံ့သာပုပ္ပာ ငှက်ပျောသီးများကိုကြည့်၍ ဝမ်းသာအားရဖြင့်

" မွှေးလိုက်တဲ့ နံ့သာမှုတွေကွာ၊ မင်းခြံထဲကနံ့သာပုက ဘယ်ခြံကနံ့သာပုနဲ့မှ မတူဘူးကွ၊ မွှေးပြီးအရသာအလွန်ရှိတာပဲ၊ နတ်သုဒ္ဓါလို့တောင် ဂုဏ်စားဖို့ကောင်းတယ်၊ ကျေးဇူးတယ်တယ်ကွာ၊ ဒီမှာမိုးသီး မင်းအတွက် ဝါ ဒူးလေးတစ်လက်လုပ်ထားတယ်၊ မင်းကိုဝါ ပေးစရာရှိတယ်ဆိုတာ ဒူးလေးကိုပြောတာကွ၊ မင်းစာ ဒူးလေးပစ်တဲ့နေရာမှာ လက်အတော်ဖြောင့်လို့ ဝါလုပ်ထားတဲ့ ဒူးလေးနဲ့ဆိုရင် သိပ်လိုက်ဖက်မှာပဲ "

ဟုပြောလေရာ မိုးသီးက ခေါင်းညိတ်၍

" ဒုက္ခရှာလို့ ဘကြီးရယ်၊ ကျွန်တော့်မှာ ဒူးလေးအဟောင်းတစ်လက်ရှိပါတယ် "

ဟုပြောလေ၏။ ဘကြီးဘဖေသည် ငယ်စဉ်ကနာမည်ကျော် မုဆိုးကြီးတစ်ယောက်ဖြစ်ပြီး ထိုနယ်တကြောတွင် မုဆိုးကြီးဘဖေ ဆိုလျှင် မသိသူရှားလှ၏။

မည်မျှပင် ဆိုးသွမ်းသော တောကောင်ကြီးဖြစ်စေကာမူ မုဆိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



တပေနှင့်တွေ့လျှင် ဟင်းစားဖြစ်မြဲဖြစ်၏။

ယခု မိုးသီးအတွက် ဒူးလေးတစ်လက်ကို ဘကြီးဘဖေကိုယ်တိုင် အပင်ပန်းခံ၍ ပြုလုပ်ထားပုံရ၏။

ဘကြီးဘဖေသည် ဒူးလေးလုပ်ရာတွင် လက်ရာအလွန်ကောင်းသောကြောင့် ငယ်စဉ်ကပင် ကျော်ကြား၏။

ဘကြီးဘဖေလုပ်သော ဒူးလေးများသည် ပစ်မှတ်ကို တိကျစွာထိမှန်နိုင်ပြီး ထိချက်လည်းအလွန်ပြင်း၏။

ထို့ကြောင့် အခြားနယ်မှ မုဆိုးအကျော်အမော်များပင်လျှင် ဘကြီးဘဖေအား တောင်းပန်၍ ဒူးလေးလုပ်ခိုင်းတတ်၏။

ဘကြီးဘဖေသည် ထိုင်ရာမှထ၍ သူ၏တဲအိမ်ထဲသို့ ဝင်သွားလေ၏။ ခဏအကြာတွင် ဒူးလေးတစ်လက်ကို ကိုင်၍ ပြန်ရောက်လာ၏။ ဘကြီးဘဖေက သက်ပြင်းချ၍

" ဒီမှာမိုးသီး၊ ငါ့ကို ဒူးလေးလုပ်ဖို့ လာတောင်းပန်တဲ့သူတွေ အများကြီးရှိတယ်၊ ဒါပေမဲ့ ငါမလုပ်တာ နှစ်နှစ်ဆယ်ရှိပြီ၊ ဒူးလေးတစ်လက်နဲ့ မြားအစင်းတစ်ရာလုပ်ပေးရင် ရွှေငါးကျပ်သားပေးမယ်လို့ ကမ်းလှမ်းတဲ့သူရှိတယ်၊ အခု မင်းအတွက် ငါ လုပ်ပေးတဲ့ ဒူးလေးဟာ ငါ့ရဲ့အကောင်းဆုံးလက်ရာပဲ၊ ဒါဟာ ငါ့ဘဝရဲ့နောက်ဆုံးလုပ်တဲ့ ဒူးလေးပါပဲ "

ဟု ပြောရင်း အနီးရှိ မြားတစ်စင်းကိုယူ၍ ဒူးလေးပေါ်တွင် တင်ကာ ခပ်လှမ်းလှမ်းရှိသစ်ပင်ကို လှမ်းပစ်ပြလေ၏။





မြားတံသည် အရှိန်ပြင်းထန်စွာဖြင့် ပြေးထွက်သွားပြီး သစ်ပင်တွင် စူးနစ်ဝင်သွားလေ၏။ မိုးသီးက နှစ်သက်စွာဖြင့်

" သိပ်ကောင်းတဲ့ ဒူးလေးပါလား "

ဟု ရေရွတ်လေ၏။ ဘကြီးဘဖေက သက်ပြင်းချ၍

" ဒူးလေးကို ပစ်လို့ရအောင်တော့ လူတိုင်းလုပ်တတ်ပါတယ်၊ ဒါပေမဲ့ ဒီလိုကောင်းတဲ့ ဒူးလေးမျိုးကိုတော့ လုပ်တတ်တဲ့သူ မရှိသလောက်ရှားတယ်ကွဲ၊ ဒါဟာ မင်းအတွက်လက်ဆောင်ပါပဲ၊ အခု ငါလုပ်နေတာက မြားတံတွေကွ၊ မြားအစင်းပေါင်း တစ်ရာပြည့်အောင် လုပ်ပေးမယ် "

ဟု ပြောလေရာ မိုးသီးက ဘကြီးဘဖေအလုပ်ရှုပ်နေပုံကို ကြည့်၍

" ဘကြီး ပင်ပန်းပါတယ်ဗျာ၊ မြားကတော့ ကျွန်တော့်ဘာသာလုပ်ပါမယ် "

ဟု ပြောလေရာ ဘကြီးဘဖေက ခေါင်းခါ၍

" ငါ့ရဲ့ဒူးလေးနဲ့ တွဲသုံးဖို့မြားကို ငါကိုယ်တိုင် စိတ်ကြိုက်လုပ်ပေးတာ ပိုကောင်းတယ်ကွဲ၊ ငါလုပ်တဲ့ ဒူးလေးတွေ ကောင်းတယ်ဆိုတာ မြားတွေကောင်းတာလဲ အဓိကအချက်တစ်ခုပဲ၊ မြားကောင်းရင် ပစ်မှတ်ကို တိတိကျကျထိမှန်နိုင်ပြီး အရှိန်အဟုန်လဲ ပိုပြင်းတယ် "

ဟုပြောလေ၏။ ထိုအခါ မိုးသီးက

" ဘကြီးလုပ်ထားတဲ့ မြားတွေကို ဘယ်တော့ပြန်ကိုမှ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် ပစ်ရက်မှာမဟုတ်ဘူး ''

ဟုပြောလေ၏။ ဘကြီးဘဖေက သက်ပြင်းချ၍

'' ငါ့ရဲ့ဒူးလေးဟာ မင်းကိုအမဲလိုက်ဖို့ပေးတာမဟုတ်ဘူးကွ၊ အန္တရာယ်ကို ကာကွယ်ဖို့ပေးတာ၊ ငါတို့တိုင်းပြည် မငြိမ်မသက်ဖြစ်နေတဲ့အချိန်မှာ တောကြောင်တွေ သောင်းကျန်းနေတာ မင်းသိတယ်မဟုတ်လား၊ ပြည်ဘက်က ရွာလေးတွေမှာ ဓားပြတွေ သိပ်သောင်းကျန်းနေတယ်လို့ကြားတယ်၊ အခုတလော ဓားပြတွေဟာ ငါတို့ ရွာတွေဘက်ကို တဖြည်းဖြည်းနီးနီးလာပြီ၊ မင်းကရွာပြင်မှာနေတယ် ဆိုတော့ ဒူးလေးကောင်းကောင်းတစ်လက်တော့ ရှိကိုရှိသင့်တယ်ကွ၊ မင်းမှာအဖိုဖြစ်သွားတဲ့ဒူးလေးကို လှတိုးဆိုတဲ့ကောင်ကို ပေးလိုက်ကွာ ''

ဟုပြောလေ၏။ မိုးသီးသည် ဘကြီးဘဖေပေးသော ဒူးလေးကိုကြည့်၍ လွန်စွာသဘောကျနေလေတော့၏။

မိုးသီးသည် ဘကြီးဘဖေ၏ ဒူးလေးရရှိသည့်နေ့မှစ၍ စိုက်ခင်းအတွင်းရှိ သစ်ပင်များတွင် ပစ်မှတ်များပြုလုပ်ကာ တစ်နေကုန် ဒူးလေးပစ်ခြင်းနှင့်သာ အချိန်ကုန်၏။ ၎င်း၏အမူအရာကို ကြည့်၍ လှတိုးက

'' မိုးသီး မင်းဘယ်လိုဖြစ်တာလဲ၊ စိုက်တဲ့ပျိုးတဲ့အလုပ်ကို မလုပ်တော့ဘဲ မုဆိုးပဲလုပ်တော့မလို့လား ''

ဟု မေးမြန်းလေ၏။ မိုးသီးကရယ်မော၍

'' ဟာ့ကောင် ဒူးလေးပစ်တိုင်း မုဆိုးလုပ်ရမှာလား၊ ငါဟာသတ္တဝါလေးတွေအပေါ်မှာ မေတ္တာထားတတ်တယ်ကွ၊ ဒီလိုလူမျိုးတာ





ဘယ်တော့မှ မုဆိုးဖြစ်မှာမဟုတ်ဘူး ''

ဟုပြောလေရာ လှတိုးက မျက်မှောင်ကြုတ်၍

'' ဒါဆိုရင် ဘာဖြစ်လို့ မင်းက ဒူးလေးကြီးတကိုင်ကိုင်လုပ်နေတာလဲ ''

ဟု မေးမြန်းလေ၏။ မိုးသီးက ဒူးလေးကို လက်ထဲတွင် ဆဲ၍

'' ဒီလိုကွ ငါအရင်ကတည်းက ဒူးလေးပစ်၊ မြားပစ်ဝါသနာပါတာ၊ မင်းတို့သိသားပဲ၊ အခု ငါ့လက်ထဲကို ဘကြီးဘဖေရဲ့ ဒူးလေးရောက်တော့ ဝါသနာပြန်ပါလာတာကွ၊ ဘကြီးဘဖေရဲ့ဒူးလေးက သိပ်ကောင်းတာပဲ ''

ဟု ချီးမွမ်းလေ၏။ လှတိုးကခေါင်းညိတ်၍

'' ဒါလဲ စမ်းပစ်ပြီးပါပြီကွာ၊ ဒူးလေးကောင်းတယ်ဆိုတာတော့ သိပါတယ်၊ ဒါပေမဲ့ မင်းပုံစံကြည့်ရတာ မုဆိုးအလုပ်ကိုလုပ်စားတော့မယ့်အတိုင်းပဲ စိုက်ခင်းအလုပ်တွေကို လှည့်တောင် မကြည့်တော့ဘူး ''

ဟုပြစ်တင်လေ၏။ မိုးသီးက

'' ဒီရက်ပိုင်းတော့ စိုက်ခင်းကို မင်းပဲလုပ်လိုက်ပါဦးသူငယ်ချင်းရယ်၊ ငါ ဒူးလေးပစ်လို့ မဝသေးလို့ပါ ''

ဟု ပြောရင်း သစ်ပင်တွင်ရှိသော ပစ်ကွင်းကို ဒူးလေးဖြင့် တစ်ချက်ပြီးတစ်ချက်ပစ်ရင်း ပျော်ရွှင်နေလေ၏။

သူသည် ဘကြီးဘဖေလုပ်ပေးသော မြားတံများကို မပစ်



www.burmeseclassic.com

www.burmeseclassic.com



ရက်သောကြောင့် သူ့၏လက်ဖြစ်မြားများဖြင့်သာ လေ့ကျင့်လေ၏။

သူသည် ကျဉ်တောက်ထဲတွင်ရှိသော မြားတံများကို ထုတ်၍ တစ်ချောင်းပြီးတစ်ချောင်း အားရပါးရ ပစ်ခတ်နေစဉ် သူ၏ ပစ်ကွင်းထဲသို့ တစ်စုံတစ်ယောက်ဝင်ရောက်လာသဖြင့် မြားပစ်ခြင်းကို ကမန်းကတန်း ရပ်တန့်လိုက်၏။

သူသည် ဒူးလေးကို အောက်သို့ချ၍ စိုက်ခင်းထဲသို့ ဝင်ရောက်လာသူကိုကြည့်လိုက်ရာ အိမ်နီးကြီးတွင်နေထိုင်သူ မိန်းမချောဖြစ်နေလေ၏။

သူမသည် မြားတံများကိုကြည့်၍ မျက်လုံးပြူးသွားပြီး

" အမလေး ကံသီလို့ပါလား "

ဟု ရေရွတ်လေ၏။ မိုးသီးက စိုက်ခင်းထဲသို့ မဖိတ်ခေါ်ဘဲ ရောက်လာသော မိန်းမချော၏အနောက်ကို အလန့်တကြားကြည့်၍

" ခင်ဗျားရဲ့ခွေးကြီးတွေ မပါပါဘူးနော် "

ဟု မေးမြန်းလေရာ မိန်းမချောက တခစ်ခစ်ရယ်မောလိုက် ပြီး

" ရှင့်ကျွန်မခွေးကြီးတွေကို အတော်လန့်သွားတယ်ထင် တယ်၊ ဗိုကောင်ကြီးတွေကို ခေါ်လာလို့ ဘယ်ဖြစ်ပါ့မလဲ၊ ကျွန်မ ရှင့်ခြံကို လာလည်လို့ရပါတယ်နော် "

ဟု ပြောလေရာ မိုးသီးက ခေါင်းညိတ်၍

" အချိန်မရွေး လာလည်ပါဗျာ၊ ကျွန်တော်က စိတ်မဆိုးတဲ့အပြင် နံ့သာပုဂ္ဂက်ပျောသီးနဲ့တောင် ဧည့်ခံမှာပါ "





ဟု ပြောဆိုပြီး သူမအား စိုက်ခင်းနှင့် မလှမ်းမကမ်းရှိတဲ့ အိမ်လေးရှိရာသို့ ခေါ်ဆောင်သွားလေ၏။ တဲကလေးသို့ ရောက်သောအခါ သူမအား ရေနွေးကြမ်း၊ ထန်းလျက်ဖြူဆုပ်၊ နံ့သာပုဂ္ဂက်ပျောသီး စသည်တို့ဖြင့် ဧည့်ခံလေ၏။ သူမသည် ငှက်ပျောသီးများကို နှစ်ခြိုက်စွာစားသောက်ပြီး ကောင်းမွန်ကြောင်း ချီးမွမ်းစကားပြောလေ၏။

မိုးသီးက သူမအပြန်တွင် ငှက်ပျောသီး လက်ဆောင်ပေးလိုက်မည်ဟု ပြောလေ၏။

ထို့နောက်တွင်မူ သူမသည် စိုက်ခင်းထဲရှိ လှည့်လည် ကြည့်ရှုလေ၏။ စိုက်ခင်းထဲတွင် လှည့်လည်ကြည့်ရှုရင်း လေအဝှေ့တွင် သူမ၏ဆံပင်များ လေထဲသို့ တလူလူလွင့်နေသဖြင့် မိုးနတ်သူဇာ တစ်ပါး လမ်းမှား၍ ရောက်လာသလားဟု ထင်မှတ်မှားရလေ၏။

မိုးသီးသည် သူမ၏အနောက်မှ မသိမသာခိုးကြည့်၍ သူ၏ ချစ်သူ မန်းနုနှင့် အလှချင်း နှိုင်းယှဉ်ကြည့်လေ၏။

မန်းနု၏အလှသည် နုနယ်ပျိုမြစ်ပြီး အရှေ့တိုင်းဆန်သော အလှ ဖြစ်၏။ ထိုမိန်းမ၏အလှမှာမူ ရင့်ကျက်တည်ငြိမ်ပြီး အနောက်တိုင်းဆန်သော မျက်နှာပေါက်ရှိ၏။ နှစ်ဦးစလုံး သူ့နည်းသူ့ဟန်ဖြင့် ချောမော ကြသူများဖြစ်၏။

ထိုအချိက်မှာပင် မိန်းမချောက ဆတ်ခနဲလှည့်ကြည့်လိုက်ရာ နောက်ပိုင်းမှကြည့်ရှုနေသော မိုးသီးကို ခိုးထုပ်ခိုးထည်နှင့် အမိခံရသကဲ့ သို့ ရှိသဖြင့် မိုးသီးက ကမန်းကတန်း မျက်လွှာချလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမက ပြုံးယောင်ယောင်ဖြင့်

" ရှင် ဘာတွေ ငေးနေတာလဲ "

ဟု မေးမြန်းလေရာ မိုးသီးက ကပျာကယာဖြင့်

" ဘာမှ မငေးပါဘူးဗျာ "

ဟု မလုံမလဲဖြေလေ၏။ သူမက တခစ်ခစ်ရယ်မော၍

" မရှက်ပါနဲ့ရှင်၊ ကျွန်မနဲ့တွေ့ရင် အခုလိုမကြည့်တဲ့ ယောကျ်ားဆိုတာ တစ်ယောက်မှမရှိဘူး၊ (၁၅) နှစ်သားကနေ အသက် (၈၀) အရွယ်အထိ ဒီလိုပဲဖြေဲဘာ သတိထားမိတယ်၊ ယောကျ်ားတွေအားလုံး အတူတူပါပဲ၊ ရှင်လဲ ယောကျ်ားထဲက ယောကျ်ားတစ်ယောက်ပါပဲ၊ ဘာသားနဲ့ထုထားတာမှတ်လို့၊ ကျွန်မ အိန္ဒိယမှာ ယူနီဗာစီတီကျောင်းတက်တုန်းက မဟာရာဇာရဲ့သားတွေ၊ မင်းစိုးရာဇာတွေကိုယ်တိုင် ချစ်ရေးဆိုတာ ခံရဖူးတယ် "

ဟုပြောလေရာ သူမသည် အထက်တန်းပညာကို ကောင်းမွန်စွာသင်ကြားဖူးသော မိန်းမတစ်ယောက်ဖြစ်မှန်း သိရ၏။

ပညာတတ်ရှားပါးသော ခေတ်အခါတွင် ဤမျှမြင့်မားသော ပညာများကို တတ်မြောက်ထားလျက်နှင့် ပေတောကုန်းကဲ့သို့ မထင်မရှား ရွာကလေးတွင် ဇာတ်မြှုပ်နေထိုင်သည်မှာ ထူးခြားလှ၏။

မိုးသီးက သူမကို အံ့သြဟန်ဖြင့်ကြည့်၍

" ခင်ဗျားက ဒီလောက်အထိ ပညာတွေသင်ထားပြီးမှ ပေတောကုန်းမှာ ဘာလို့လာနေတာလဲ "





ဟု မေးမြန်းလေ၏။ ထိုအခါ သူမက မေးခွန်းကို မဖြေသေးဘဲ အဝေးဆီသို့ လှမ်းကြည့်၍

" ကျွန်မဘဝဟာ သူတစ်ပါးနဲ့ မတူလို့ပေါ့ရှင်၊ ကျွန်မဟာ မြွေတွေရဲ့ရန်ကိုကြောက်လို့ ရှောင်ပုန်းနေသူပါ "

ဟု တိုးတိုးပြောလေ၏။ မိုးသီးက မျက်မှောင်ကြုတ်၍

" မြွေတွေကို ကြောက်တယ်ဟုတ်လား၊ မြွေကိုတော့ လူတိုင်းကြောက်တာပေါ့ဗျာ၊ ဒါပေမဲ့ မြွေက လူရှိတဲ့နေရာကို ဘယ် လိုလုပ်လာနိုင်မှာလဲ "

ဟု ရေရွတ်လေ၏။ မိုးသီး၏စကားကြောင့် သူမက ခေါင်းခါယမ်း၍

" ကျွန်မကြောက်တဲ့မြွေတွေက အိမ်ထဲထိရောက်အောင် လာနိုင်တယ်ရှင့်၊ အို… ကမ္ဘာမြေကြီးရဲ့ ဘယ်အရပ်ကိုပဲရောက်ရောက် မြွေတွေက လိုက်လာတာပါပဲရှင်၊ ကဲ…ကျွန်မ သွားတော့မယ်နော် "

ဟု နှုတ်ဆက်ရင်း မိုးသီးပေးသော လက်ဆောင်များကိုယူ၍ ထဲအိမ်မှ ထွက်ခွာရန်ပြင်ဆင်လေ၏။ မိုးသီးက သူမ၏နောက်ကျောကိုကြည့်၍

" နေပါဦးဗျာ၊ ခင်ဗျားရဲ့နာမည်ကို ပြောသွားပါဦး၊ ကျွန်တော့် နာမည်က မိုးသီးတဲ့ "

ဟုပြောလိုက်လေ၏။ သူမက ဆံပင်များကို ဆတ်ခနဲခါ၍ သမင်လည်ပြန်ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်မနာမည် မိုးဒေဝီ "

ဟု ရေရွတ်ကာ ကျောခိုင်းထွက်ခွာသွားလေ၏။ မိုးသီးက လေသံတိုးတိုးဖြင့်

" မိုးဒေဝီ၊ မိုးဒေဝီ သိပ်လှတဲ့နာမည်ပဲ၊ နာမည်နဲ့လူနဲ့ သိပ်လိုက်တာပဲ "

ဟု ရေရွတ်လေတော့၏။

မိုးသီးသည် ထိုရက်များအတွင်း လသာသောညများ၌ ပန်းနနှင့်ချိန်းဆို၍ တွေ့ဆုံမြဲဖြစ်၏။

ပန်းနသည် သူနှင့်တွေ့သည့်အချိန်တိုင်း နှစ်ကိုယ်တူနီးနီး နေချင်ပြီဖြစ်ကြောင်း ငြေ ဆိုတတ်၏။

မိုးသီးသည် ပန်းနကို ချစ်မြတ်နိုးသော်လည်း အရာရာပြည့်စုံအောင် မပြင်ဆင်ရသေးမီ လက်ထပ်မယူချင်သေးပေ။

ဦးသိမ်းတန်ထံမှ အမွေရရှိထားသော ရွှေဒင်္ဂါးများ ရှိသော်လည်း ထိုရွှေဒင်္ဂါးများသည် အများကောင်းကျိုးအတွက် အသုံးပြုရန် ရည်ရွယ်ထားသဖြင့် ကိုယ်ကျိုးအတွက်သုံးရန်မသင့်ပေ။

တစ်ညသ၌ ပန်းနသည် သူမ၏အလှအပကိုအသုံးချ၍ အချစ်နယ်ကျွံရန် မြူဆွယ်နေသဖြင့် မိုးသီးက ရင်ခွင်ထဲမှ ရုန်းကန်ထွက်၍

" ပန်းန ငါတို့နှစ်ယောက် ဒီအချိန်မှာ ဒီလောက်ရင်းနှီးသွားဖို့ မသင့်တော်ဘူး၊ ဒီအကြောင်းတွေကို ပန်းနကို အကြိမ်ကြိမ်ပြောဆိုခဲ့ပြီးပြီ၊ တို့နှစ်ယောက်ဘဝမှာ မပြည့်စုံသေးခင် ကိုယ့်ကိုယ်ကို ထိန်းကြ





မှသင့်မယ် "

ဟုပြောလေရာ ပန်းနသည် ရှက်စိတ်ဖြင့် ချုံးပွဲချငိုလေ၏။ မိုးသီးသည် သူမကို မချော့ဘဲ ခြံထဲမှထွက်ခဲ့လေ၏။

မိုးသီး ခြံထဲမှ ထွက်ခွာသွားသည်နှင့် ငိုပွဲဆင်နေသော ပန်းန၏အနီးသို့ တစ်စုံတစ်ယောက်ရောက်လာပြီး

" မငိုပါနဲ့ကွယ်၊ စိတ်မလျှော့ပါနဲ့၊ ဘယ်ကိစ္စမျိုးကိုမဆို အနှောင့်အယှက် အခက်အခဲတော့ ရှိနေတာပဲ "

ဟု ပြောလေရာ ပန်းနသည် ပိုမို၍ အရှက်သည်းတန်ဖြင့် ထအင့်အင့်ရှိုက်ငိုလေတော့၏။

* * * * * * *



www.burmeseclassic.com

တစ်နေ့သ၌ မိုးသီးသည် မြစ်ပြင်ထဲသို့ မှန်ဘီလူးတစ်လက်ဖြင့် ကြည့်ရှုနေလေရာ ရွက်လှေတစ်စီးသည် မြစ်ကမ်းနဖူးသို့ ဦးတည်လာကြောင်း တွေ့ရလေ၏။

ခဏအကြာတွင် ရွက်လှေသည် မြစ်ကမ်းနဖူးသို့ နီးကပ်လာပြီး လှေထိုးသားများသည် လှေကိုထိုးဝါးများဖြင့် ထိုး၍ ကမ်းဆီသို့ ရွေ့လျားလာ၏။ မိုးသီးသည် ထူးခြားသောရွက်လှေကို ငေးမော ကြည့်ရှုနေမိ၏။ လှေထိုးသားများသည် ကမ်းပေါ်သို့ ကုန်းဘောင်ထိုးလေ၏။ ပြီးနောက်တွင်မူ လှေပေါ်မှ လှေသူကြီး ဖြစ်ဟန်တူသူနှင့် လူများဆင်းသက်လာပြီး ကမ်းပေါ်သို့ အကဲခတ် ကြည့်ရှုလေ၏။





ပြီးနောက် ကုန်းမြင့်ပေါ်တွင်ရှိသော မိုးသီး၏စိုက်ခင်းကို မြင်ရ သွားပြီး စိုက်ခင်းရှိရာသို့ ရောက်လာလေ၏။

မိုးသီးသည် မှန်ဘီလူးကို ဖွက်ထားလိုက်ပြီး ၎င်းတို့လူစုကို စောင့်ကြိုနေလေ၏။

လှေသူကြီးနှင့် အပေါင်းအပါငါးဦးသည် စိုက်ခင်းထဲသို့ ရောက်သောအခါ မိုးသီးကိုမြင်တွေ့သွားပြီး လှေသူကြီးက

" ကျုပ်တို့လှေ ဒီကမ်းစပ်မှာကပ်ပြီး ပြင်ဆင်ချင်လို့၊ စိုက်ခင်းထဲမှာ စားစရာသောက်စရာ ဘာတွေရနိုင်မလဲ "

ဟု မေးမြန်းလေ၏။ မိုးသီးက

" ဟင်းသီးဟင်းရွက်တွေကတော့ မြင်တဲ့အတိုင်း စုံစုံလင်လင် ရနိုင်ပါတယ်၊ ဟောဒီဘက်မှာတော့ ငှက်ပျောခြံရှိပါတယ်၊ သရော်သီးလဲ ရနိုင်ပါတယ်၊ လိုအပ်ရင်တော့ ရွာထဲက ကုန်စုံဆိုင်ကိုသွားဝယ်ရင် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်ကအစ ဝယ်ချင်တာ ဝယ်လို့ရပါတယ် "

ဟုပြောလေရာ လှေသူကြီးဖြစ်ဟန်တူသူက ကျေနပ်သွားပြီး

" လောလောဆယ်တော့ ဒီခြံကပဲ ငှက်ပျောသီးလေးဘာလေးဝယ်သွားမယ်၊ ဒါထက် ဟောဒီရွာက ပေတောကုန်းနော် "

ဟု မေးမြန်းလေ၏။ မိုးသီးက ခေါင်းညိတ်၍

" ဟုတ်ပါတယ်၊ ကျွန်တော်ကလဲ ပေတောကုန်းရွာသားပါပဲ "

ဟုဖြေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်မူ လှေသူကြီးနှင့် လှေထိုးသားများသည် မိုးသီး၏ခြံမှ ငှက်ပျောသီး၊ သဘော်သီးနှင့် ဟင်းသီးဟင်းရွက်မျိုးစုံကို ဝယ်ယူသွားလေ၏။

၎င်းတို့လှေကို နှစ်ရက်၊ သုံးရက်ခန့် ပြင်ဆင်မည်ဟု သိရလေ၏။

မိုးသီးသည် ငှက်ပျောသီးများကို တောင်းကြီးများဖြင့် သယ်ပို့နေသော လှေထိုးသားများကိုကြည့်၍ တစ်စုံတစ်ရာကို သတိထားမိလေ၏။

လှေထိုးသားများ၏လက်မောင်းတွင် လွန်စွာသေးငယ်သော အနီရောင် မြွေရုပ်တစ်ရုပ် ရေးထိုးထားကြောင်းတွေ့ရလေ၏။

ရွာတမ်းနဖူးတွင် ဆိုက်ကပ်၍ လှေကြီးကိုပြင်ဆင်နေသူများသည် မမျှော်လင့်ဘဲ လှေထဲသို့ ရေယိုလာ၍ ကမ်းကပ်လိုက်ပုံရ၏။

၎င်းတို့သည် လှေကို တစ်နေကုန်ပြုပြင်သော်လည်း မပြီးသဖြင့် ကမ်းပေါ်တွင် ရှက်ဖျင်တဲထိုး၍ အိပ်စက်ရန်ပြင်လေ၏။

မိုးသီးသည် ထိုနေ့ညနေစောင်းအချိန်တွင် မိုးဒေဝီ၏ အိမ်နီကြီးသို့ သဘော်သီးမှည့်တစ်လုံး လက်ဆောင်သွားပို့ရန်ကြံစည်လေ၏။

ထိုအချင်းအရာကိုကြည့်၍ လှတိုးက ရယ်မော၍

“ ဟဲ ဟဲ... သဘော်သီးတွေ ဘာတွေ သွားပို့တဲ့အဆင့် ရောက်နေပြီလား။ ပန်းနုသိရင် သဝန်တိုနေဦးမယ်၊ ဘာလဲ မင်းက ထိုနှစ်ကောင်ဖမ်းနေတာလား ”

ဟု မေးမြန်းလေ၏။ မိုးသီးက ခေါင်းခါ၍





“ မဟုတ်ပါဘူးကွာ၊ သူက သဘော်သီး သိပ်ကြိုက်တယ်၊ ရရင် လာပို့ပေးပါလို့ ပြောဖူးလို့ပါ ”

ဟုပြောလေ၏။ မိုးဒေဝီ၏ အိမ်နီကြီးသို့ ရောက်သောအခါ မိုးသီးနှင့်ရန်ဖြစ်ဖူးသော လူပုလေးနှစ်ယောက်ကို တွေ့ရလေ၏။

မိုးသီးက ရယ်ရယ်မောမောဖြင့်

“ ခင်ဗျားတို့ သခင်မနဲ့ တွေ့ချင်လို့ပါ ”

ဟုပြောလေ၏။ လူပုလေးနှစ်ယောက်သည် မိုးသီးကို ရှေ့နောက်ညှပ်ပိတ်၍ အိမ်နီကြီးထဲသို့ ခေါ်ဆောင်သွားလေ၏။

အိမ်နီကြီးထဲတွင် စန္ဒရားတီးနေသော မိုးဒေဝီကိုတွေ့ရလေ၏။ သူမ၏ ခွေးကြီး (၃) ကောင်မှာ အနီးတွင်ဝပ်၍ မိုးသီးအား စောင့်ကြည့်နေလေ၏။ သူမက ပြုံးယောင်သန်း၍ကြည့်ကာ

“ သဘော်သီးလာပို့ပေးတာလား။ ထင်တော့ထင်သားပဲ၊ ရှင့်ရဲ့ ခြံထွက်ပစ္စည်းတစ်မျိုးမျိုးတော့ လာပို့ပေးမယ်လို့၊ ကျွန်မနဲ့ သိကျွမ်းတဲ့ယောကျ်ားတိုင်းဟာ လက်ဆောင်တစ်မျိုးမျိုးတော့ ရှင့်လိုပဲ ပို့လေ့ရှိတယ် ”

ဟုပြောလေရာ မိုးသီးက မျက်နှာရှုံ့မဲ့သွားပြီး

“ ဒီမှာ... ခင်ဗျားကို မရိုးသားတဲ့သဘောနဲ့ နောက်ပိုးပြီး လာပို့ပေးတာမဟုတ်ဘူး။ သဘော်သီးကို ခင်ဗျားကြိုက်တယ်၊ ရရင် စားချင်တယ်လို့ ပြောခဲ့တာမေ့နေပြီလား ”

ဟု ပြန်ပြောလေ၏။ သူမက တဟားဟားရယ်မော၍



www.burmeseclassic.com

www.burmeseclassic.com



" ထားပါတော့ရှင်၊ အချို့သောယောကျ်ားတွေဟာ ရှင့်လိုပဲ ရှက်ရမ်းရမ်းတတ်တယ် "

ဟု မထိတထိပြောဆိုပြန်၏။ မိုးသီးသည် စေတနာကို အစော်ကားခံရ၍ ဒေါသူပုန်ထသွားပြီး

" ဒီမှာ ခင်ဗျားဘာသာ ဘယ်လောက်လှလှ ကျုပ်စိတ်မဝင်စားဘူး၊ ကျုပ်မှာလဲ ချစ်သူရှိတယ်၊ နောင်နှစ်ကျရင် လက်ထပ်ကြမယ်၊ သိရဲ့လား "

ဟု ပြောဆိုလိုက်လေရာ မိုးဒေဝီက တခစ်ခစ်ရယ်မော၍

" ဟင်း ဟင်း ဟင်း... ရှင်က ကျွန်မတွေ့ဖူးတဲ့ ယောကျ်ားတွေထဲမှာ အရှက်အကြီးဆုံးပဲ၊ ကဲ... ဒါတွေထားပါတော့ရှင်၊ သဘောသီးလာပို့ပေးတဲ့အတွက် ရှင့်ကို ကျွန်မ ထမင်းကျွေးပါရစေ၊ ကျွန်မရဲ့ တပည့်ကျော် လူပုလေးတွေဟာ ထမင်းဟင်းချက်ပြုတ်တဲ့နေရာမှာ ပြိုင်စံရှားပါပဲ "

ဟု ပြောကာ ဖိတ်ခေါ်လေ၏။ မိုးသီးက မစားလိုကြောင်း ပြောဆိုပြီး သူမကိုနှုတ်ဆက်၍ ထွက်ခွာရန်ပြင်လေ၏။

သူမက တား၍မရသောအခါ ရယ်မော၍

" ဩော်... ရှင့်ကို မေးစရာရှိတယ်၊ ကမ်းနားမှာ ရပ်ထားတဲ့ ရွက်လှေကြီးက ရှင်တို့ရွာကလား "

ဟု မေးမြန်းလေ၏။ မိုးသီးက ခေါင်းခါ၍

" မဟုတ်ဘူး၊ ကျုပ်တို့ရွာနားရောက်ကာနီးမှ လှေပျက်၍





ဝင်ပြင်နေတာ "

ဟုပြောလေ၏။ သူမက စိတ်ဝင်စားဟန်ဖြင့်

" သူတို့လှေပေါ်မှာ ဘာကုန်တွေ တင်လာလဲ "

ဟု မေးမြန်းလေ၏။ မိုးသီးက ခေါင်းခါ၍

" မသိဘူးဗျ၊ ကျုပ်ခြံကိုတော့ ငှက်ပျောသီးနဲ့ အသီးအနှံတွေ လာဝယ်ပါတယ်၊ သူတို့ရွာထဲက ကုန်စုံဆိုင်ကိုလဲ သွားဝယ်ကြတယ်၊ ဒီလူတွေကိုကြည့်ရတာ တစ်မျိုးပဲ၊ လက်မောင်းမှာလဲ အနီရောင်မြွေရုပ်ကလေးတွေ ရေးထိုးထားတယ် "

ဟု ပြောလေရာ မိုးဒေဝီ၏ လှပသောမျက်နှာသည် ကွက်ခနဲ ပျက်သွားပြီး ◙

" ဘာ... လက်မောင်းမှာ မြွေရုပ်လေးတွေကို ရေးထိုးထားတယ် ဟုတ်လား၊ ဒါဆိုရင် မြွေတွေလိုက်လာပြီပေါ့၊ ကျွန်မတို့ကို ခြေရာခံမိသွားပြီ "

ဟု လူပုလေးနှစ်ယောက်ဘက်သို့ လှည့်၍ ပြောလိုက်လေ၏။ လူပုလေးနှစ်ယောက်လည်း လှုပ်လှုပ်ရှရှဖြစ်သွားပြီး စားပွဲခုံပေါ်ရှိ နှစ်လုံးပြူးသေနတ်နှစ်လက်ကို ကောက်ကိုင်လိုက်လေ၏။ မိုးသီးက ၎င်းတို့၏ အမူအရာကိုကြည့်၍ နားမလည်နိုင်ဟန်ဖြင့်

" ဘယ်က မြွေတွေလဲ၊ ခင်ဗျားတို့နဲ့ ဘယ်လိုရန်ငြိုးရန်စရှိလို့လဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ မိုးဒေဝီက စိတ်လှုပ်ရှားဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



" ဒီအကြောင်းတွေကို ရှင့်ကို အခုပြောပြပါမယ်၊ ရှင် ကျွန်မရဲ့ အိမ်မှာညအိပ်လိုက်ပါ၊ ရှင့်သူငယ်ချင်း စိတ်မပူအောင် ကျွန်မ အကြောင်းကြားပေးပါမယ် "

ဟုပြောလေရာ မိုးသီးက မျက်မှောင်ကြုတ်၍

" ညမအိပ်ဘဲ ပြောလို့မရဘူးလား "

ဟု မေးမြန်းလေ၏။ မိုးဒေဝီက ခေါင်းခါ၍

" အေးအေးဆေးဆေးပြောပြချင်လို့ပါ၊ ရှင် ကျွန်မ အိမ်မှာပဲ ညစာစားလိုက်ပါ၊ ညစာစားပြီးတာနဲ့ ဒီအကြောင်းကို ပြောပြပါမယ်၊ အကြောင်းစုံကိုသိရင် ရှင် ကျွန်မကို အကူအညီပေးပါ "

ဟု တောင်းပန်လေ၏။ မိုးသီးသည် သူမ၏ စိတ်မချမ်းမြေ့သော အမူအရာကိုကြည့်၍ မငြင်းရက်တော့ဘဲ ညအိပ်ရန် ဆုံးဖြတ်လိုက်လေ၏။

လှတိုးသည် တစ်ယောက်တည်းအိပ်လျှင် သရဲကြောက်တတ်သောကြောင့် မည်သို့အိပ်စက်မည်မသိပေ။

ထိုညက လူပုလေးနှစ်ဦး၏ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပေးသော ထမင်းဝိုင်းတွင် မိုးဒေဝီနှင့် ထမင်းလက်ဆုံစားခဲ့၏။

ထမင်းစားပြီးသောအခါ အိမ်ကြီး၏အပေါ်ထပ်၊ ဝရန်တာသို့တက်ကြ၏။

လူပုလေးနှစ်ယောက်နှင့် ခွေးကြီးသုံးကောင်သည် လုံခြုံရေးအတွက် စောင့်ကြပ်နေလေ၏။ သူမသည် လမင်းကြီးကို မော့ကြည့်





၍

" ကျွန်မ အိန္ဒိယမှာ ကျောင်းတက်ခဲ့တယ်လို့ ရှင့်ကို ပြောခဲ့တယ်နော်၊ အဲဒီတုန်းက မဟာရာဇာရဲ့သားတွေနဲ့ မင်းစိုးရာဇာတွေ တော်တော်များများက ကျွန်မကို ချစ်ရေးဆိုခဲ့တယ်၊ ကျွန်မကို သဲကြီးမဲကြီး ပိုးပန်းတဲ့သူတွေအထဲမှာ မြန်မာပြည်က မောင်မောင်ကြီး ဆိုသူဟာ အဆိုးဆုံးပေါ့၊ မောင်မောင်ကြီးဟာ နယ်နယ်ရရလူတော့ မဟုတ်ဘူး၊ မြင်းကွန်းမြင်းခုံတိုင်မင်းသားရဲ့ အဆက်အနွယ်တစ်ယောက်ပဲ၊ သူဟာ ဧည့်ခံပွဲတော်တော်များများမှာ စန္ဒရားအတီးကောင်းတဲ့အတွက် ထင်ရှားတဲ့လူတစ်ယောက်ပေါ့၊ သူနဲ့ကျွန်မဟာ ဧည့်ခံပွဲတစ်ခုမှာ ရင်းနှီးကျွမ်းဝင်ခဲ့တယ်၊ ဒီအချိန်ကစပြီး သူဟာ ကျွန်မကို သဲကြီးမဲကြီး ပိုးပန်းခဲ့တာပေါ့ "

မိုးဒေဝီသည် ပြောရင်း သူမ၏စကားကို ခေတ္တရပ်နားထားလေ၏၊ ထိန်ထိန်သာနေသော လမင်းကြီးကို မော့ကြည့်ပြီး သက်ပြင်းချကာ စကားကိုဆက်ပြန်၏။

" အဲဒီတုန်းက ကျွန်မဟာ ငယ်ရွယ်သူဆိုတော့ ပိုးပန်းတဲ့သူများတာကို ဂုဏ်ယူခဲ့တယ်၊ ပျော်လဲပျော်ရွှင်ခဲ့တယ်၊ ကျောင်းမှာ ကျွန်မနဲ့ခင်မင်တဲ့ မစ္စတာဆင်းဆိုတဲ့ ကျောင်းသား တစ်ယောက်လဲ ရှိတယ်၊ သူနဲ့ကျွန်မဟာ ကျောင်းမှာအတွဲဆုံးပေါ့၊ မောင်မောင်ကြီးဟာ မစ္စတာဆင်းနဲ့ ကျွန်မ ပေါင်းသင်းတာလုံးဝ မကြိုက်ဘူး၊ မစ္စတာဆင်းက ကျွန်မကို ချစ်နေတယ်လို့သူထင်တယ်၊ ဒါပေမဲ့ မစ္စတာဆင်းက ကျွန်မကို



www.burmeseclassic.com

www.burmeseclassic.com



ရှိုးရှိုးခင်တာပါ။ မောင်မောင်ကြီး ကျွန်မကို အကြိမ်ကြိမ်တားဆီးတဲ့ကြား က ကျွန်မဟာ ညှော်ခံပွဲတစ်ခုမှာ မစ္စတာဆင်းနဲ့တွဲပြီးကမိတယ်၊ အဲဒီည က မောင်မောင်ကြီးဒေါသတကြီးရောက်လာပြီး ကျွန်မကိုကြိမ်းမောင်း တယ်၊ ကျွန်မကလဲ ရှင်နဲ့ကျွန်မ ဘာမှမဆိုင်ဘူး၊ ဩဇာလာမပေးနဲ့ လို့ပြန်ပြီး ရန်တွေ့ခဲ့တယ်၊ ဒီအချိန်မှာ မောင်မောင်ကြီး ပါးစပ်က လွှတ် ကနဲ ထွက်သွားတယ်၊ မစ္စတာဆင်းကို မြွေကိုက်တော့မယ်တဲ့၊ နောက် တစ်ပတ်လောက်အကြာမှာ မစ္စတာဆင်းဟာ သူ့ရဲ့အခန်းမှာ သူ တစ်ပါးသတ်တာ ခံလိုက်ရတယ်၊ သတ်တဲ့သူကို လက်သည်မပေါ်ဘူး နောက်ဆုံးတော့ ပုလိပ်အဖွဲ့က တရားခံရှာမရတာနဲ့ အမှုပိတ်လိုက်ရ တယ်၊ မစ္စတာဆင်းသေဆုံးပြီးနောက် မောင်မောင်ကြီးနဲ့ ကျွန်မဟာ ပြဿနာတွေနဲ့ပဲ နပန်းလုံးတော့တာပါပဲ၊ ညှော်ခံပွဲတစ်ခုမှာ မောင်မောင် ကြီးဟာ ကျွန်မနဲ့တွဲကရင်း နမ်းရှုံ့ဖို့ကြိုးစားတာနဲ့ သူ့ရဲ့ပါးကို ကျွန်မရိုက် ခဲ့တယ်၊ မောင်မောင်ကြီးကလဲ ဒေါသတကြီးနဲ့ မင်းဟာ မြန်မာအမျိုး သားအချင်းချင်းကို မျက်နှာသာမပေးဘဲ တိုင်းတပါးသားကို အထင်ကြီး တဲ့မိန်းမလို့ စွပ်စွဲခဲ့တယ်၊ ပျော်ပွဲစားထွက်တဲ့ အဖွဲ့တစ်ဖွဲ့နဲ့ လိုက်ပါတုန်း ကလဲ မောင်မောင်ကြီးဟာ မရမကလိုက်ပါပြီး တောစပ်မှာ ကျွန်မကို စော်ကားဖို့ ကြိုးစားတယ်၊ ကျွန်မဟာ ကပွဲညကစပြီး မောင်မောင်ကြီးရဲ့ အန္တရာယ်ကို ကြိုတင်တွက်ဆမိလို့ ခြောက်လုံးပြူးသေနတ်ဆောင်ထား ခဲ့တယ်၊ ဒါကြောင့် သူ ကျွန်မကိုစော်ကားလို့မရခဲ့ဘူး။ မိုးပေါ်ကို သေနတ် ထောင်ပစ်ပြီး ခြိမ်းခြောက်ခဲ့တဲ့အတွက် ပျော်ပွဲစား ထွက်တဲ့ကျောင်း





ကျောင်းသားအားလုံး မောင်မောင်ကြီးရဲ့ အကျင့်ကိုသိသွားပြီး ဝိုင်းဝန်း ရှုတ်ချခဲ့တယ်၊ သူဟာအဲဒီညက အရက်ကြီးရက်ပြီး ကားကို ကမူးရှူး ထိုးမောင်းပြီးပြန်သွားရှာတယ်၊ ဒီလိုနဲ့ လမ်းမှာ ကားတိုက်မှုဖြစ်ပြီး သူ သေဆုံးသွားခဲ့တယ် ''

ဟုပြောရင်း သူမ၏စကားကိုရပ်နားလိုက်ပြန်၏။ မိုးသီးသည် မောင်မောင်ကြီးဆိုသူ၏ အချစ်ရူးသမားဘဝကို မြင်ယောင်ရင်း ကရု ဏာသက်မိလေ၏။

မောင်မောင်ကြီးသည် သူ၏ မိုက်ရူးရဲပြုလုပ်သော အကျင့် စရိုက်က သူ့ကို ဒဏ်ခတ်သွားခြင်းပင်ဖြစ်၏။

မိုးဒေဝီက သူမ၏စကားကိုဆက်ပြန်၏။

'' မောင်မောင်ကြီးသေဆုံးတော့လဲ ကျွန်မစိတ်မကောင်းပါဘူး၊ သူ့ရဲ့မကောင်းတဲ့အကျင့်က သူ့ကိုဒဏ်ခတ်သွားတာပါပဲ၊ ဒါပေမဲ့ သူ သေပြီး တစ်လလောက်အကြာမှာ ကျွန်မနာမည်နဲ့ စာတစ်စောင် ရောက်လာတယ်၊ မောင်မောင်ကြီးရဲ့ ဦးရီးတော်ဆိုသူက ရေးတဲ့ခြိမ်း ခြောက်စာပါ၊ စာထဲက ရေးထားတဲ့စကားလုံးတွေကတော့ အလွန် ကြောက်ဖို့ကောင်းပါတယ်၊ မောင်မောင်ကြီးကို ကျွန်မက မာယာနဲ့ မြူ ဆွယ်ပြီး အသက်ဆုံးအောင်လုပ်တဲ့အတွက် မြွေတွေရဲ့ကလဲ့စားချေခြင်း ကို ခံရလိမ့်မယ်လို့ ခြိမ်းခြောက်ပါတယ်၊ တကယ်တော့ မောင်မောင်ကြီး ရဲ့ ဦးရီးတော်ဆိုသူက မကောင်းမှု ဒုစရိုက်သမားတွေမှူးပြီး မြန်မာပြည် ( ရှေးဟောင်းပစ္စည်းတွေကို နိုင်ငံခြားကို ခိုးထုတ်နေသူပေါ့ပါ၊ သူတို့

www.burmeseclassic.com



အဖွဲ့ဟာ ကျွန်မကို အငြိုးအတေးထားပြီး ကလဲ့စားချေဖို့ ပြင်ဆင်ခဲ့ကြတယ်၊ ကျွန်မကျောင်းပြီးလို့ မြန်မာပြည်ပြန်ရောက်တဲ့ အချိန်ကစပြီး သူတို့ရဲ့ လက်စားချေခြင်းကို ခံရတော့တာပါပဲ၊ ပထမဦးဆုံး လက်စားချေခံရတာက ကျွန်မရဲ့ (၂၅) နှစ်မြောက်မွေးနေ့မှာပါ၊ သူတို့အဖွဲ့ဟာ အလှန်လှပတဲ့ မွေးနေ့လက်ဆောင်ဘူးကြီးတစ်ဘူး ပို့ပေးခဲ့တယ်၊ မွေးနေ့လက်ဆောင်ကို ကျွန်မရဲ့သူငယ်ချင်း တစ်ယောက်က အရင်ဆုံးဖောက်ကြည့်တော့ မွေးနေ့ဘူးထဲက မြွေဟောက်တစ်ကောင်ထွက်လာပြီး သူငယ်ချင်းကို ကိုက်ခဲ့တယ်၊ သူငယ်ချင်းဟာ မြွေဆိပ်တက်ပြီး သေဆုံးခဲ့ရတယ် ”

ဟုပြောလေရာ မိုးသီးက စိတ်မကောင်းဟန်ဖြင့်

“ ဒီလူတွေဟာ အတော်ရက်စက်တဲ့သူတွေပဲ ”

ဟု ရေရွတ်လေ၏။ သူမက ခေါင်းညိတ်၍

“ ရက်စက်တဲ့အပြင် အငြိုးအတေး အတော်ကြီးတယ်၊ ဒီတော့မှ ကျွန်မ သူငယ်ချင်း မစွတာဆင်းအိန္ဒိယမှာ အသတ်ခံရတာ သူတို့လက်ချက်ဆိုတာ ရိပ်စားမိခဲ့တယ်၊ နောက်ဆုံးတော့ မြွေအဖွဲ့ဟာ ကျွန်မကို နည်းအမျိုးမျိုးနဲ့လုပ်ကြတော့တာပါပဲ၊ ကျွန်မ မြန်မာပြည်ရောက်တော့ ကျောက်စာဌာနမှာ အလုပ်ဝင်ခဲ့တယ်၊ တစ်နေ့တော့ စထရင်းဟိုတယ်က မင်္ဂလာဆောင်တစ်ခုကိုအသွားမှာ ဟိုတယ်ရှေ့ကို အရှိန်ပြင်းပြင်းမောင်းလာတဲ့ ကားတစ်စီးက ကျွန်မကိုတိုက်ဖို့ကြိုးစားတာကြုံရတယ်၊ အဲဒီတုန်းက ကံကြီးလွန်းလို့ အသက်မသေခဲ့ဘူး၊





အင်းဝဘက်မှာ ကျောက်စာတွေ လေ့လာနေတုန်းကလဲ သေနတ်နဲ့ ချောင်းပစ်တာခံရတယ်၊ ဒါကြောင့် ကျွန်မလဲထိတ်လန့်ပြီး ပုလိပ်အဖွဲ့ကိုတိုင်ခဲ့တယ်၊ ခက်တာက ပုလိပ်တွေကလဲ ကျွန်မကို အချိန်ပြည့်တယ် စောင့်ကြည့်နိုင်ပါ့မလဲ၊ ရန်ကုန်မြို့ အင်းလျားလမ်းမှာရှိတဲ့ ကျွန်မရဲ့ အိမ်နဲ့ခြံလည်း မီးရှို့တာကိုခံလိုက်ရပါတယ်၊ အိမ်ကြီးမီးလောင်တဲ့စိတ်နဲ့ပဲ ကျွန်မရဲ့ဖခင်ကြီး အသက်ဆုံးခဲ့တယ်၊ ဒီအချိန်ကစပြီး ကျွန်မဟာ တစ်ကောင်ကြွက်ဖြစ်ခဲ့ရတယ်၊ ကျောက်စာဌာနကထွက်ပြီး မြွေတွေရဲ့ အန္တရာယ်ကလွတ်အောင် မြန်မာပြည်အနှံ့မှာပြောင်းရွှေ့ပြီး နေထိုင်ခဲ့တယ်၊ ဒါပေမဲ့ ဘယ်မြို့ကိုပဲရောက်ရောက် မြွေအဖွဲ့ကလိုက်ပြီး အန္တရာယ်ပေးတော့တာပဲ၊ လွန်ခဲ့တဲ့နှစ်က ရှမ်းပြည်နယ်ဘက်က မြို့တစ်မြို့မှာ သူတို့အဖွဲ့က ကျွန်မကို အသေသတ်ဖို့ ကြိုးစားခဲ့တယ်၊ ကျွန်မဟာ ကိုယ်မှာအသင့်ဆောင်ထားတဲ့ ခြောက်လုံးပြူး သေနတ်နဲ့ မြွေအဖွဲ့ကို ပြန်ခုခံခဲ့တယ်၊ ပြီးတော့ ကျွန်မငှားနေတဲ့အိမ်ကိုမြန်အပ်ပြီး ပြေးခဲ့ရပြန်တယ်၊ ကျွန်မရဲ့လက်ထဲမှာ ငွေကြေး ဥစ္စာရှိနေလို့ တော်သေးတာပေါ့၊ ဒီအချိန်ကစပြီး ကျွန်မဟာ သတ္တိကောင်းပြီး သစ္စာရှိတဲ့ လူပုလေး နှစ်ယောက်ကို ကျွန်မရဲ့ ကိုယ်ရံတော်အဖြစ် ငှားရမ်းခဲ့တယ်၊ ခွေးကြီး သုံးကောင်ကိုလဲ မုဆိုးကြီး တစ်ယောက်ဆီကဝယ်ပြီး လေ့ကျင့်ပေးခဲ့တယ်၊ မြို့တစ်မြို့ပြီးတစ်မြို့ လှည့်ပြေးရာကနေ ရှင်တို့ ပေတောကုန်းကို ရောက်ခဲ့ရတာပဲ ”

ဟုပြောလေရာ မိုးသီးက ခေါင်းတဆတ်ဆတ်ညိတ်၍



www.burmeseclassic.com

www.burmeseclassic.com



" ခင်ဗျားပြောသလိုဆို မြွေအဖွဲ့ဟာ အတော်ကြောက်စရာကောင်းတာပဲ၊ အငြိုးအတေးလဲ အတော်ကြီးတယ်၊ အခု ရွာပြင်ကမ်းနားဆိပ်မှာ ရွက်လှေကြီးနဲ့ရောက်နေတာ မြွေအဖွဲ့ပေါ့ "

ဟု မေးမြန်းလေ၏။ မိုးဒေဝီက စိတ်မသက်သာဟန်ဖြင့် ခေါင်းညိတ်၍

" သေချာတာပေါ့ရှင်၊ ဒီလူတွေ ဒီနေရာထိတောင်လိုက်ပြီး ကျွန်မကို ဒုက္ခပေးတော့မယ် "

ဟုပြောလေ၏။ မိုးသီးက လက်သီးဆုပ်၍

" ကျုပ်တို့ရွာမှာ ဒီလိုလာစော်ကားတာ၊ ဘယ်လက်ခံမလဲဗျာ၊ ဒီကိစ္စကို ကျုပ်တို့ ဝိုင်းကူညီမယ်၊ ဘာမှမပူနဲ့၊ ခင်ဗျားရဲ့အိမ်နီးကြီးကလဲ ရွာထဲမှာရှိတယ်ဆိုတော့၊ ဒီလူတွေ ရုတ်တရက် အန္တရာယ် ပေးဖို့မလွယ်ဘူး၊ ရွာက ကင်းအဖွဲ့ကလဲ ညစဉ်ကင်းလှည့်ပြီး စောင့်လှေ့ရှိတယ်၊ ဒီမြွေတွေရွာထဲကို ဝင်ဖို့မဖြစ်နိုင်ဘူး "

ဟုပြောလေ၏။ ထိုအခါ မိုးဒေဝီက

" မြွေအဖွဲ့ကို အထင်သေးလို့မရဘူး၊ သူတို့လက်ထဲမှာ လက်နက်အပြည့်အစုံရှိတယ်၊ ရွာကို စားပြတိုက်ဟန်ဆောင်ပြီး၊ ကျွန်မကို အန္တရာယ်ပြုနိုင်တယ် "။

ဟု စိုးရိမ်စွာပြောလေ၏။ မိုးသီးက မျက်မှောင်ကြုတ်၍

" ဒါဆိုရင် မြွေအဖွဲ့ရဲ့လှေကြီးရှိနေသရွေ့ ကျုပ် ခင်ဗျား အိမ်မှာနေပြီး စောင့်ရှောက်ပေးမယ် "





ဟုပြောလေရာ မိုးဒေဝီက ဝမ်းမြောက်ဝမ်းသာဟန်ဖြင့်

" ကျေးဇူးတင်လိုက်တာရှင်၊ ရှင်သာ ကျွန်မအနားမှာရှိနေရင် မြွေအဖွဲ့ကို ကျွန်မ သိပ်မကြောက်ပါဘူး၊ ဒီတစ်ခါတော့ သူတို့ အဖွဲ့နဲ့ သူသေကိုယ်သေတိုက်မယ်၊ မြန်မာပြည်အနှံ့လှည့်ပြေးနေတာ ပင်ပန်းလှပြီ၊ ကဲ... ညအတော်နက်နေပြီ၊ ရှင် အိပ်ဖို့အတွက် အခန်းတစ်ခန်း ကျွန်မ စီစဉ်ပေးမယ် "

ဟုပြောကာ မိုးသီးအား အိမ်ကြီး၏အပေါ်ထပ်ရှိ အခန်း တစ်ခန်းသို့ ခေါ်ဆောင်သွားလေ၏။

မိုးသီးသည် အိပ်ခန်းထဲသို့ရောက်သည်အထိ အိပ်စက်၍ မပျော်နိုင်သေးဘဲ မိုးဒေဝီပြောသော မြွေအဖွဲ့အကြောင်းကို စဉ်းစားနေလေ၏။

မြွေအဖွဲ့သည် ရန်ငြိုးရန်စ ကြီးလွန်းလှ၏။

အားနွဲ့သော မိန်းမတစ်ယောက်ကို ဤကဲ့သို့ အငြိုးကြီးစွာ လိုက်လံတိုက်ခိုက်နေခြင်းကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကာကွယ်ပေးမည်ဟု ဆုံးဖြတ်လိုက်လေ၏။

* * * * * * * *



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးသည် နောက်တစ်နေ့သို့ရောက်သောအခါ အိပ်ရာမှ စောစောနိုး၍ အိမ်ကြီးဝန်းကျင်ကို လှည့်လည်ကြည့်ရှုလေ၏။

ခြံစဉ်းတစ်နေရာသို့ရောက်သောအခါ ခွေးသုံးကောင်ကို အစာကျွေးနေသော လူပုလေးနှစ်ယောက်ကိုတွေ့ရလေ၏။

လူပုလေးနှစ်ယောက်သည် တစ်ညလုံးအိပ်စက်ဟန်မရှိသောကြောင့် မေးမြန်းကြည့်လေရာ ၎င်းတို့သည် တစ်ဦးကို သုံးနာရီကျ အိပ်စက်လေ့ရှိကြောင်း သိရလေ၏။

ထိုအခိုက်မှာပင် မိုးဒေဝီအိပ်ရာမှ နိုးလာပြီး စားသောက်ဖွယ်





ရာများကို စီစဉ်နေကြောင်း တွေ့ရလေ၏။

မြွေအဖွဲ့၏ လှေကြီးရောက်ရှိသည့်နေ့မှစ၍ အစားအသောက်ကိစ္စကို မိုးဒေဝီသာစီစဉ်၍ လူပုလေးများအား ရှုံမြို့ရေးတာဝန်ကို အချိန်ပြည့်ယူခိုင်းထားလေ၏။

မိုးဒေဝီ၏ အိမ်နီကြီးသည် ရွာစည်းရိုးထဲတွင်ရှိနေ၍ မြွေအဖွဲ့ အနေဖြင့် နေ့ဘက်တွင် အန္တရာယ်ဖြစ်ဖွယ်မည်မထင်ချေ။

ထို့ကြောင့် သူမကိုခေါ်၍ မိုးသီးက

"ကျွန်တော် စိုက်ခင်းကို ခဏပြန်ပြီး ဒူးလေးယူဦးမယ်၊ နေ့ဘက်ဆိုရင်တော့ ဒီလူတွေ အတင့်ရဲဝံ့မှာမဟုတ်ပါဘူး။ သူတို့ အဖွဲ့ရဲ့ အရိပ်အခြည်ကိုလဲ အကဲခတ်လိုက်ဦးမယ်"

ဟုပြောလေရာ သူမက ခေါင်းညိတ်၍

"ကျွန်မလဲ သိပ်မစိုးရိမ်ပါဘူး၊ ရှင်သာ အမြန်ဆုံးပြန်လာခဲ့ပါ၊ မြွေအဖွဲ့နဲ့ကျွန်မဟာ ဒီအချိန်ဟာ နောက်ဆုံးတိုက်ပွဲဖြစ်မှာ သေချာတယ်၊ ကျွန်မ မြန်မာပြည်အနှံ့ လှည့်ပြေးနေတာကြာပြီ၊ အခုတော့ ထွက်မပြေးချင်တော့ဘူး၊ သူတို့အဖွဲ့ကို သေသေကြေကြေ တိုက်ခိုက်တော့မယ်"

ဟု ကြွေးဝါးလေ၏။ မိုးသီးသည် ချောမောလှပသော သူမ၏ မျက်နှာကို ငေးမောကြည့်ရင်း သက်ပြင်းချလိုက်မိ၏။

ရုပ်ရည်နှင့်မမျှအောင် ရန်အန္တရာယ်များလွန်းသော သူမ၏ ဘဝကို သနားကရုဏာသက်သက်သို့ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးသည် စိုက်ခင်းသို့ ပြန်ရောက်သောအခါ လှတိုးကို စာခြောက်ရုပ်အနီးတွင်တွေ့ရသဖြင့် မျက်လုံးပြူးသွားလေ၏။

စာခြောက်ရုပ်ထဲတွင် ချိုးရုပ်ကလေးကို သူဖွက်ထား၏။ သူသည် ကမန်းကတန်းသွား၍

"လှတိုး ဘာလုပ်နေတာလဲ"

ဟု မေးမြန်းလေ၏။ လှတိုးက မိုးသီးကိုလှည့်ကြည့်၍

"စာခြောက်ရုပ်ကို နေရာရွှေ့မလားလို့"

ဟုဖြေလေရာ မိုးသီးက ကမန်းကတန်း လက်ကာ၍

"မပြောင်းပါနဲ့ကွာ၊ ဒီနေရာကောင်းပါတယ်၊ ညက ငါပြန်မအိပ်တော့ မင်းတစ်ယောက်တည်းအိပ်လို့အဆင်ပြေရဲ့လား"

ဟု မေးမြန်းလေ၏။ လှတိုးက မျက်နှာရှုံ့မဲ့၍

"ငါက တစ်ယောက်တည်း အိပ်ဝံ့တဲ့ကောင်မဟုတ်ဘူးကွ၊ လူပုလေး လာပြောတာနဲ့ ရွာထဲမှာသွားအိပ်တယ်၊ ဒါနဲ့နေပါဦး၊ မင်းက ဘာဖြစ်လို့ မိုးဒေဝီရဲ့အိမ်နီးကြီးမှာ သွားအိပ်ရတာလဲ"

ဟု မေးမြန်းလေ၏။ မိုးသီးက လှတိုး၏အနီးတွင်ထိုင်၍ မိုးဒေဝီနှင့် မြွေများ၏ ရန်ငြိုးရန်စကို ပြောပြလိုက်လေ၏။

မိုးသီး၏စကားဆုံးသောအခါ လှတိုးက မျက်လုံးပြူးသွားပြီး ကမ်းစပ်ဆီသို့ကြည့်ကာ

"ဟင်... ဒါဆိုရင် ဒီလူတွေဟာ လူဆိုးတွေပေါ့၊ ဒါဆိုရင် ငါတို့ ရွာအတွက် အန္တရာယ်ရှိတယ်၊ ဒီကောင်တွေမနက်စောစော





ရောက်လာ ပြီး ငှက်ပျောသီးလာဝယ်သွားသေးတယ်"

ဟုပြောလေ၏။ ထို့ကြောင့် မိုးသီးက

"ဒီမှာ လှတိုး၊ မင်းဒီနေ့ကစပြီး ဒီကောင်တွေလှေကြီး ရှိနေသရွေ့ စိုက်ခင်းမှာညမအိပ်နဲ့၊ ညနေစောင်းတာနဲ့ ရွာထဲကို ပြန်အိပ်ပေတော့၊ ရွာကင်းအဖွဲ့ကိုလဲ ဒီကောင်တွေလှေကြီးကို မသင်္ကာစရာ ကောင်းတယ်ဆိုတာ ကြိုသတင်းပေးထားပါ၊ ငါကတော့ မိုးဒေဝီ တို့နဲ့ သွားနေပြီး သူ့ကို အနီးကပ်စောင့်ရှောက်ပေးမယ်၊ ဒုက္ခရောက်ပြီး အားကိုးရာမဲ့ဖြစ်နေတဲ့ မိန်းကလေးကို အကူအညီပေးရမှာ ငါတို့ ယောကျ်ားတွေရဲ့ ဝတ္တရားပဲ"

ဟု ပြောလေ၏။ ထိုအခိုက်မှာပင် လှတိုး၏ခေါင်းပေါ်တွင် ပျံဝဲသွားသော ပျားတစ်ကောင်ကို မြင်တွေ့ရ၍ မိုးသီး၏မျက်လုံးများ ပြူးကျယ်သွားပြီး

"ဟင်... ပဒုတ်ကောင်ပါလား၊ တောထဲကို ဘယ်သူတွေ ဝင်သွားသေးလဲ"

ဟု မေးမြန်းလေရာ လှတိုးက စဉ်းစားဟန်ပြ၍

"ဟိုက်... စောစောက ရွာမှာ အလည်ရောက်နေတဲ့ မိန်းကလေးကို တောစပ်မှာတွေ့လိုက်တယ်၊ အရှီးအေးမြရဲ့ရပ်ခွေရပ်ပြီ ဆိုတာလေ"

ဟုပြောလေရာ မိုးသီးက မျက်လုံးပြူးသွားပြီး

"ဟင်... ဒါဆိုရင် ငါ အမြန်လိုက်သွားမှဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်ကာ ညာဘက်ခရီးသွားရာတွင် ထွန်းလေ့ရှိသော မီး တုတ်ကြီးနှစ်ခုကိုယူ၍ တောစပ်သို့ ပြေးလေ၏။ မိုးသီးတို့ ရွာပြင် တောစပ်တွင် သာမန်ပျားများထက် နှစ်ဆခန့်ကြီးသော ပဒုကောင်များ ရှိ၏။

ရွာသူရွာသားများသည် ပဒုအုံရှိသောနေရာကို ရှောင်ကွင်း၍ သွားလေ့ရှိ၏။ ပဒုများ၏ အတုတ်ခံရလျှင် လွန်စွာအဆိပ်ပြင်းထန်သဖြင့် အသက်အန္တရာယ်ကိုပင် ထိပါးနိုင်၏။

တောစပ်ရှိ ပဒုအုံသို့ မျက်စိလည်လမ်းမှား၍ ရောက်သွားသော မှဆိုးများနှင့် ထင်းခုတ်သူများ အသက်ဆုံးခဲ့ဖူး၏။

ရွာကိုအလည်အပတ် ရောက်လာသော မိန်းမချောလေးကို ကိုယ်တိုင် သူကြီးအိမ်သို့ လိုက်လံပို့ဆောင်ပေးဖူးသဖြင့် သူမအတွက် စိုးရိမ်ပူပန်နေမိ၏။

သူသည် တောစပ်သို့ ပြေးလွှားသွားရင်း ပဒုအုံများရှိရာနေရာ သို့ တဖြည်းဖြည်းနီးကပ်လာလေ၏။

ထိုအခိုက်မှာပင် သူ၏ ရှေ့ခပ်လှမ်းလှမ်းတွင် ပဒုကောင်များကို အကျီဖြင့် ရိုက်ပုတ်နေသော မိန်းမချောလေးကိုမြင်ရ၏။

မိန်းမချောလေးသည် တစ်ယောက်တည်း ချွေးတဒီးဒီးကျနေပြီး အနေးထည်ဖြင့် ပဒုများကို မောင်းထုတ်နေလေ၏။

ကြာလျှင် လက်အံသေပြီး ပဒုများ၏ကိုက်ခဲမှုကို ခံရတော့ မည့် အနေအထားကို တွေ့ရ၏။ မိုးသီးသည် အသင့်ပါလာသော မီးတုတ်နှစ်





ချောင်းကို မီးညှိလိုက်ပြီး မိန်းမချောလေးအနီးသို့ ပြေးသွားကာ မီးတုတ် ဖြင့် ပဒုများကို ခြောက်လှန့်ထုတ်ရ၏။

သူမ၏လက်ထဲသို့လည်း မီးတုတ်တစ်ချောင်းကို ထိုးထည့်ပေး ရ၏။

ပဒုများသည် မီးတုတ်မှ အခိုးအငွေ့များနှင့် မီးရှိန်ကြောင့် ရှေ့သို့ မတိုးဝံ့တော့ဘဲ နောက်သို့ ဆုတ်ခွာသွားလေ၏။

မိုးသီးသည် မီးတုတ်ကို ဝှေ့ရမ်း၍ ပဒုများကို ခြောက်လှန့် ထုတ် ရင်း မိန်းမချောလေးလက်ကိုဆွဲကာ ထိုနေရာမှ ပြေးထွက်ခဲ့လေ၏။

မိန်းမချောလေးသည် မိုးသီးဆွဲခေါ်ရာနောက်သို့ ပြေးလွှားရင်း လိုက်ပါလာ လေ၏။

ပဒုကောင်များ မရောက်နိုင်သောနေရာသို့ ရောက်သောအခါမှ ပင် မိန်းမချောလေးက

" ကျေးဇူးတင်ပါတယ်ရှင်၊ ရှင်သာမလာရင် ပျားတွေရဲ့ ကြား မှာ ကျွန်မတော့ဒုက္ခပါပဲ "

ဟု ရေရွတ်လေ၏။ မိုးသီးက

" ဒုက္ခမဟုတ်ဘူး၊ ခင်ဗျားအသက်သေမှာ၊ ပဒုတွေတုတ် ခံရရင် အသက်သေဆုံးနိုင်တယ်၊ ဒီကောင်တွေအဆိပ်က သိပ်ပြင်းတယ် အတုတ်ခံရသေးလား "

ဟု မေးမြန်းလေရာ သူမက လက်မောင်းနေရာကိုပြ၍

" နှစ်ကြိမ်လောက်တော့ အတုတ်ခံလိုက်ရတယ်၊ ဘာမှ မထော



www.burmeseclassic.com

ရင် ကျွန်မလက်ပန်းကျပြီး အများကြီးအံ့တုတ်ခံရမှာသေချာတယ် ''

ဟုပြောလေရာ မိုးသီးသည် ပဒုအတုတ်ခံရသည်ဆိုသော သူမ၏လက်မောင်းနေရာသို့ လှမ်းကြည့်လိုက်ရာ အနီစက်နှစ်စက်ကိုသာ မြင်ရပြီး နာကျင်စွာညည်းညူခြင်းမရှိသည့်အတွက် အံ့သြနေမိလေ၏။

ပဒုများ၏အဆိပ်မှာ ပြင်းထန်လှသဖြင့် ယောကျ်ားများပင်လျှင် ပဒုအကိုက်ခံရလျှင် နာကျင်စွာညည်းညူနေလေ့ရှိ၏။

ထိုအခိုက်မှာပင် သူမက အထိတ်တလန့်ဖြင့်

'' ဟင်... ရင်ဘတ်ထဲမှာ ဝင်နေတယ် ''

ဟုရေရွတ်ကာ အင်္ကျီထဲသို့နှိုက်၍ ပဒုကောင်ကို လျှင်မြန်စွာ ဆွဲထုတ်လေ၏။ သို့သော် ပဒုကောင်သည် အလွယ်တကူဖြင့် ဆွဲထုတ်မရသောကြောင့် အရက်ကို မငဲ့နိုင်တော့ဘဲ အင်္ကျီကြယ်သီးကို ဖြုတ်ကာ ပဒုကောင်ကို ရှာဖွေလေ၏။ မိုးသီးသည် မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် သူမ၏ရင်အစုံကို ယောင်ယမ်းပြီး ကြည့်နေလေ၏။

ထိုအခါမှပင် ရင်ဘတ်ပေါ်တွင် မီးရှိန်ထိ၍ မှုးဝေနေသော ပဒုကောင်ကိုတွေ့ကာ မြေပြင်သို့လွှတ်ပစ်လိုက်လေ၏။

မိုးသီးသည် ထိုမြင်ကွင်းကိုကြည့်နေခိုက်တွင် သူမ၏ အတွင်းခံအင်္ကျီအိတ်ထဲမှ ခေါင်းပြူထွက်လာသော အနက်ရောင် ကြိုးစလိုလို အရာကို သတိပြုမိလိုက်လေ၏။

ထိုအရာကို သေသေချာချာကြည့်လိုက်သောအခါ လွန်စွာသေးငယ်သော မြွေတစ်ကောင်ဖြစ်သဖြင့် အထိတ်တလန့်ဖြစ်ကာ





'' ဟိုက်၊ မြွေ မြွေ ခင်ဗျားရဲ့ရင်ဘတ်ထဲမှာမြွေဝင်နေတယ် ''

ဟု အော်ဟစ်လိုက်လေ၏။ သူမက ထိတ်လန့်ဟန်မရှိဘဲ အပေါ်အင်္ကျီကြယ်သီးများကို ပြန်တပ်လိုက်ပြီး

'' ရှင် မကြောက်ပါနဲ့၊ ဒီမြွေက ကျွန်မရဲ့ သက်စောင့်မြွေပါ ''

ဟု အေးဆေးစွာပြောလေ၏။ မိုးသီးက အံ့သြစွာဖြင့်

'' ဟင်... မြွေ... မြွေကို အင်္ကျီအိတ်ထဲမှာထည့်ထားတယ်၊ လူကိုမကိုက်ဘူးလား ''

ဟု မေးမြန်းလေ၏။ သူမက သက်ပြင်းချ၍

'' ကျွန်မရဲ့အလုပ်က မြွေဖမ်းတဲ့အလုပ်ပါ။ ဆပ်ကပ်မှာ မြွေအလမ္ပာယ်ပြတဲ့အလုပ်ကို လုပ်တာပါ။ ဒါကြောင့် ဒိုက်ထဲက မြွေအတွက် ရှင် လုံးဝမစိုးရိမ်ပါနဲ့၊ ကျွန်မအတွက် အန္တရာယ်လုံးဝ မရှိပါဘူး။ တောစပ်ကို ကျွန်မတစ်ယောက်တည်း ထွက်လာတာကလဲ မြွေ ရှိမရှိ သိချင်လို့ပါ ''

ဟုပြောလေရာ မိုးသီးသည် ပါးစပ်အဟောင်းသားဖြစ်သွားလေ၏။ ချောမောလှပသော မိန်းမပျိုသည် ကြောက်မက်ဖွယ်ကောင်းသော အသက်မွေးဝမ်းကျောင်းအလုပ်ကို လုပ်ကိုင်နေလေ၏။ မိုးသီးက သက်ပြင်းချ၍

'' ခင်ဗျားမှာ မြွေတွေရှိသေးလား ''

ဟု မေးမြန်းလေရာ မိန်းမပျိုက ခေါင်းညိတ်၍

'' ရွာက အိမ်ကလေးမှာ မြွေဟောက်သုံးကောင်ရှိသေးတယ်



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မစိုးရိမ်ပါနဲ့ရှင်၊ ကျွန်မရဲ့မြွေတွေကို လုံလုံခြုံခြုံ သိမ်းထားပါတယ်၊ ဒါနဲ့ ကျွန်မနာမည်က လှဥမ္မာလို့ခေါ်တယ်၊ ရှင့်နာမည်ကရော ဘယ်လိုခေါ်သလဲ ''

ဟု မေးမြန်းလေ၏။ မိုးသီးက သူ၏အမည်ကိုဖြေလေ၏။ သူမက တီးတိုးရေရွတ်၍

'' မိုးသီး… မိုးသီး ရိုးရိုးလေးနဲ့ သိပ်ဆန်းတဲ့အမည်ပဲ၊ အခုလို ကျွန်မကို ကယ်တင်ပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါကြောင့် ရှင်အားတဲ့တစ်နေ့မှာ ကျွန်မရဲ့အိမ်ကလေးကို လာလည်ပါ၊ ရှင့်ကို ကျွန်မ မြွေဟောက်သုံးကောင်နဲ့ ဖြေဖျော်ပါမယ် ''

ဟုပြောလေရာ မိုးသီးက လက်ကာပြ၍

'' မလုပ်ပါနဲ့ဗျာ၊ မြွေတွေကို ကျွန်တော် မကြည့်ချင်ပါဘူး၊ ကျွန်တော် ခင့်ဗျားကို သတိပေးချင်တာက အခုလို တစ်ယောက်တည်း တောစပ်ကို ဘယ်တော့မှမလာပါနဲ့၊ ဒီတောထဲမှာ မမြင်နိုင်တဲ့ အန္တရာယ်တွေ ရှိနေတဲ့အပြင် ရွာပြင်မှာလဲ လူဆိုးဓားပြတွေနဲ့တွေ့နိုင်တယ် ''

ဟု သတိပေးလေ၏။ မိုးသီး၏ စကားကြောင့် သူမက တခစ်ခစ်ရယ်မောလိုက်ပြီး

'' ရွာပြင်မှာ လူဆိုးဓားပြတွေနဲ့ တွေ့နိုင်တယ်ဆိုတော့ ရှင်က လူဆိုးဓားပြလား ''

ဟု နောက်ပြောင်လေ၏။ မိုးသီးက ခေါင်းကုတ်၍

'' ကျုပ်က စိုက်ခင်းအလုပ်ကိုပဲ လုပ်ကိုင်ပြီး ရိုးရိုးသားသား





အသက်မွေးတဲ့သူပါ ''

ဟုပြောလေရာ သူမကရယ်မော၍

'' အလကားနောက်တာပါရှင်၊ ရွာကို စရောက်တဲ့ နေ့ကတည်းက ရှင့်ကို စိုက်ခင်းလုပ်မှန်းသိပါတယ်၊ ရှင်ကိုယ်တိုင် စိုက်ခင်းထဲကထပြီး သူကြီးအိမ်ကို လိုက်ပို့ပေးခဲ့တာပဲ ''

ဟု ရယ်မောပြောဆိုလေ၏။ ထို့နောက်တွင်မူ မိုးသီးနှင့် လှဥမ္မာသည် စကားတပြောပြောဖြင့် တောစပ်မှ ပြန်ခဲ့လေ၏။

လှဥမ္မာသည် ရယ်စရာများကို ရှာကြံပြောဆိုတတ်ပြီးပျော်ပျော်နေတတ်သူဖြစ်သဖြင့် မိုးသီးနှင့် တခဏချင်းရင်းနှီးသွားလေ၏။

မိုးသီးသည် သူမနှင့်တွဲ၍ စိုက်ခင်းသို့ပြန်လာသောအခါ လှတိုးနှင့် မိတ်ဆက်ပေးပြီး သူမ စားသောက်ရန် ငှက်ပျောသီးနှင့် သခွားသီးများ လက်ဆောင်ပေးလိုက်လေ၏။

သူမက လက်ဆောင်ပစ္စည်းများကိုပိုက်၍

'' ရှင်ဟာ ခင်စရာကောင်းတဲ့လူတစ်ယောက်ပဲ၊ ရှေ့ဆက်ပြီး ခင်ခင်မင်မင် နေခွင့်ရရင် ဘယ်လောက်ကောင်းမလဲ၊ ဒါပေမဲ့ လူတွေရော မြွေတွေပါ ကံစီမံရာကို လိုက်ပါနေရတာမဟုတ်လား ''

ဟူသောစကားကို တီးတိုးရေရွတ်၍ ထွက်ခွာသွားလေ၏။

မိုးသီးလည်း သူမနှင့် တောစပ်တွင် အချိန်ကုန်သွားသဖြင့် မိုးဒေဝီ၏ အိမ်နီကြီးသို့ ညနေစောင်းအချိန်မှပင် ပြန်လည် [illegible] လေ၏။ မိုးဒေဝီက ဆီးကြို၍



www.burmeseclassic.com

www.burmeseclassic.com



" ရှင်ပြန်လာသေးတယ်နော်၊ ကျွန်မက ရှင် စိတ်ပြောင်းသွားပြီထင်နေတယ် "

ဟုပြောလေရာ မိုးသီးက ရယ်မော၍

" ဘာလဲ ကျွန်တော် ကြောက်လို့ ထွက်ပြေးသွားပြီထင်လို့လား။ တောစပ်မှာ မိန်းကလေးတစ်ယောက် ပဒူတွေရဲ့တိုက်ခိုက်တာခံနေရလို့ ကယ်တင်ပေးနေရလို့ပါ "

ဟု ပြောဆို၍ လှဥမ္မာနှင့်တွေ့ဆုံခြင်း အကြောင်းကို ပြန်လည်ပြောဆိုလေ၏။ မိုးသီး၏ စကားကြောင့် မိုးဒေဝီက ရင်ဘတ်ကိုလက်ဖြင့်ဖိ၍

" အမလေး၊ အဲဒီလှဥမ္မာဆိုတဲ့ မိန်းကလေးဟာ ကံကြီးပေလို့ပေါ့နော်၊ ရှင်သာမကယ်ရင် ပျားကောင်ကြီးတွေကိုက်တာကြောင့်အဆိပ်တက်ပြီး သေမှာပဲ၊ ဒါထက် အဲဒီကောင်မလေးက လှရဲ့လား "

ဟု မေးမြန်းလေ၏။ မိုးသီးက ခေါင်းညိတ်၍

" လှတယ်ဗျ၊ လှတဲ့မှ ခင်ဗျားနဲ့ နင်လားငါလားပဲ "

ဟုပြောလိုက်ရာ သူမကမခံချင်စိတ်ဖြင့်

" ဒီလိုလှတဲ့ မိန်းကလေးမျိုးကို ကျွန်မ တွေ့ချင်လိုက်တာ "

ဟု ရေရွတ်လေတော့၏။

မိုးသီးသည် မိန်းမများ၏ တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်လိုစိတ်ကို တွေးကာ ရယ်ချင်စိတ်များ ဖြစ်ပေါ်လာ၏။

သူမက မိုးသီးလက်ထဲရှိ ဒူးလေးနှင့် ကျောတွင် သိုင်းလွယ်





ထားသော မြားကျည်တောက်ကိုကြည့်၍

" ရှင်က ဒူးလေးပစ် အတော်ဖြောင့်တယ်နော်၊ ဒူးလေးပစ်ရို အမြဲလေ့ကျင့်နေပုံရတယ် "

ဟု မှတ်ချက်ချလေရာ မိုးသီးက ခေါင်းညွှတ်၍

" မြားကျည်တောက်အတွင်းမှ မြားနှစ်စင်းကိုထုတ်၍ အနီးရှိသစ်ပင်ပေါ်တွင် တွဲလောင်းကျနေသော သရက်သီးနှစ်လုံးကို တစ်ခေါက်တည်း ပစ်ပြလိုက်ရာ မိုးဒေဝီသည် မျက်လုံးပြူးသွားပြီး

" ရှင့်ရဲ့ ဒူးလေးပစ်ပုံက သိပ်မြန်ပြီး သိပ်တိကျတာပဲနော်၊ ပစ်မှတ်ကို ချိန်တာတောင် မမြင်လိုက်ရဘူး "

ဟု ပြောလေရာ မိုးသီးက ခေါင်းညိတ်၍

" ကျုပ်တို့ရွာက လူငယ်တွေအားလုံး ဒူးလေးပစ်တာ ဝါသနာပါကြတယ်၊ ဒါပေမဲ့ ကျုပ်ကတော့ လူငယ်အားလုံးထဲမှာ ဝါသနာအကြီးဆုံးပဲ၊ ကျုပ်လောက်လဲ ဘယ်သူမှ မြားပစ်မကောင်းဘူး။ ဒူးလေးကို ပစ်ကာနီးမှာ အသက်အောင့်ပြီး ပစ်မှတ်ကို ကြည့်ရတယ်၊ ပစ်မှတ်ကို ချိန်လို့အချိန်မပေးနိုင်ဘူး၊ အကြည့် တစ်ချက်ဟာ မြားတစ်စင်းပဲ "

ဟုပြောကာ ကျည်တောက်အတွင်းမှ မြားတစ်စင်းကိုထုတ်ကာ နောက်ဘက်သို့ဆတ်ခနဲလှည့်ကာ သရက်သီးတစ်လုံးကို ပစ်ပြလိုက်ပြန်၏။ မိုးဒေဝီသည် လွန်စွာအံ့သြဟန်ဖြင့်

" ကြည့်လို့သိပ်ကောင်းတာပဲ၊ ဆတ်ခနဲလှည့်ပြီး ပစ်သည့်လိုက်တယ်နော်၊ ချိန်တာကိုမမြင်ရဘူး၊ ရှင်ပြောသလို အကြည့်တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ဟာ ချိန်ခြင်းပဲ ''

ဟုချိုးမွမ်းစကားပြောလေ၏။ မိုးသီးက ဒူးလေးကို စေးပွဲခုံပေါ် သို့တင်၍

'' ဒီနေ့ညမှာ မြွေအဖွဲ့ကလူတွေက ခင်ဗျားကို အန္တရာယ်ပေးနိုင်တယ်၊ ဘာပဲဖြစ်ဖြစ် ရွာကင်းအဖွဲ့ကို ကျုပ်တို့သတင်းပေးပြီးပြီ ကင်းအဖွဲ့က သူတို့ကိုတားဆီးမှာသေချာတယ် ''

ဟုပြောလေ၏။ မိုးဒေဝီက သက်ပြင်းချ၍

'' မြွေအဖွဲ့မှာ လက်နက်အပြည့်အစုံရှိတယ်၊ သူတို့အဖွဲ့ကို ရွာကင်းအဖွဲ့က တားဆီးနိုင်မယ်မထင်ဘူး ''

ဟုရေရွတ်လေ၏။ မိုးသီးက ခေါင်းညိတ်၍

'' ဒါတော့ဟုတ်တယ်၊ မီးစင်ကြည့်ကရမှာပဲ ''

ဟုပြောလေ၏။ ညသို့ရောက်သောအခါ မိုးသီးနှင့်လူပုလေးနှစ်ယောက်သည် လက်နက်ကိုယ်စီဖြင့် ခြံဝင်းထဲတွင် လှည့်လည်နေလေ၏။ မိုးဒေဝီကိုယ်တိုင် ခြောက်လုံးပြူးသေနတ်ကိုကိုင်၍ ရန်သူကို ရင်ဆိုင်ရန် အသင့်အနေအထားရှိနေလေ၏။

ညသန်းခေါင်သို့ရောက်သောအခါ ရွာစည်းရိုးဘက်မှ ခွေးညံ့ညံ့အသံများကို ကြားရပြီး သေနတ်သံများကိုလည်း ကြားရလေ၏။ လူပုလေးနှစ်ယောက်က နှစ်လုံးပြူးသေနတ်ကို အသင့်ပြင်၍

'' မြွေတွေရောက်နေပြီ ''

ဟုရေရွတ်လေ၏။ မိုးသီးသည် မြားတံတစ်ချောင်းကို အသေ





ထုတ်၍ ဒူးလေးထဲတွင် ထည့်ထားလေ၏။

ခဏကြာလျှင် ရွာထဲရှိအသံများ ငြိမ်သက်သွားပြီး သေနတ်သံများလည်း တိတ်ဆိတ်သွားလေ၏။ မိုးသီးခန့်မှန်းသည့် အတိုင်း ရွာကင်းအဖွဲ့သည် လက်နက်အပြည့်အစုံရှိနေသော မြွေအဖွဲ့ကို ယှဉ်နိုင်ဟန်မရှိပေ။

မြွေအဖွဲ့သည် ရွာတောင်ပိုင်းကို မကြာမီရောက်လာပေတော့မည်။

မိုးသီးသည် ခြံစည်းရိုးအနီးရှိ အုတ်တံတိုင်းကို အကာအကွယ်ပြု၍ လူပုလေးနှစ်ဦးနှင့် မိုးဒေဝီကို ထိုနေရာ၌ပစ်ရန် နေရာယူခိုင်းလိုက်၏။

ခဏအကြာတွင် ခြံစည်းရိုးထိပ်တွင် ထွန်းညှိထားသော မီးတုတ်၏အလင်းရောင်ဖြင့် အိမ်ဘက်သို့ချဉ်းကပ်လာသော မြွေအဖွဲ့ကို တွေ့ရလေ၏။ မိုးသီးသည် မြွေအဖွဲ့၏ အစင့်ရဲသော ခေါင်းဆောင်ကို ကြည့်၍ လူပုလေးနှစ်ယောက်နှင့်မိုးဒေဝီအား သေနတ်ဖြင့်မပစ်ရန် တားဆီးလိုက်လေ၏။

ထို့နောက်တွင်မူ ရှေ့ဆုံးမှ ချီတက်လာသူ၏ ရင်ဘတ်ကို ဒူးလေးဖြင့်ပစ်လိုက်ရာ ထိုသူသည် အော်ငိုခန့်အော်၍ လဲကျသွားလေ၏။ မြွေအဖွဲ့ဝင်များသည် ၎င်းတို့အဖွဲ့မှ လူတစ်ယောက်ထိ မှန်သွားသဖြင့် အံ့ဩသွားပြီး လဲကျနေသူကို ကမန်းကတန်းကြည့်ရှုလေရာ မြားမှန်သွားကြောင်းသိရသဖြင့်

'' ဟိုက်... မြားနဲ့ပစ်နေပြီကွ၊ သတိထားကြ ''



www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ဟစ်လေ၏။

ထိုအချိက်မှာပင် မိုးသီးက ဒူးလေးဖြင့် တစ်ချက်ပြီးတစ်ချက် ပစ်လိုက်ရာ ရန်သူနှစ်ယောက်သုံးယောက် လဲကျသွားလေ၏။

ရန်သူများသည် အသံတိတ်မြားများ၏အန္တရာယ်ကို လွန်စွာကြောက်ရွံ့သွားပြီး မြေပေါ်တွင် ဝပ်သူကဝပ်၊ သစ်ပင်နောက်တွင် ပုန်းသူကပုန်းနှင့် အလုပ်ရှုပ်နေလေ၏။

၎င်းတို့သည် နေရာယူပြီးသောအခါ မိုးသီးတို့ရှိသော အုတ်တံတိုင်းနေရာသို့ သေနတ်များဖြင့် တဒိုင်းဒိုင်းပစ်လေ၏။

လူပုလေးနှစ်ယောက်က ပြန်လည်ပစ်ခတ်လေ၏။ မိုးဒေဝီကလည်း ခြောက်လုံးပြူးဖြင့် အပြန်အလှန်ပစ်ခတ်လေ၏။

ရန်သူအင်အားသည် အယောက် (၃၀) နီးပါးရှိပြီး လက်နက်မျိုးစုံဖြင့် အပြင်းအထန်ပစ်ခတ်နေသဖြင့် မိုးသီးတို့သည် ခေါင်းမထောင်နိုင်ဘဲရှိလေ၏။ လူပုလေးနှစ်ဦးသည် ခေါင်းငုံ့၍ ကျည်ဆန်များကိုဖြည့်တင်းပြီး တစ်ချက်တစ်ချက်ပြန်ပစ်လေ၏။

မိုးဒေဝီကလည်း ခြောက်လုံးပြူးထဲသို့ ကျည်ဆံများကိုဖြည့်၍ ပြန်ပစ်လေ၏။

မိုးသီးသည် ကမူးရှူးထိုးမပစ်ဘဲ သတိထားပြီးပစ်သဖြင့် မြားတစ်စင်းလွှတ်လျှင် တစ်ယောက်ကျလေ၏။

သို့သော် ရန်သူအင်အားများပြီး လက်နက်အင်အား ကောင်းလှသဖြင့် မိုးသီးတို့သည် တဖြည်းဖြည်းအရေးနိမ့်လာလေ၏။ အတန်ကြာ





သောအခါ လူပုလေးနှစ်ယောက်က တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ဟန်ဖြင့်

" ဒီမှာမိုးသီး၊ အစ်မလေးကိုခေါ်ပြီး ပြေးပါကွာ၊ ငါတို့နှစ်ယောက်ခုခံပြီး ပစ်ထားလိုက်မယ် "

ဟုပြောလေရာ မိုးသီးသည် လူပုလေးနှစ်ယောက်၏စိတ်ဓာတ်ကို လွန်စွာလေးစားသွားလေ၏။ ၎င်းတို့သည် မိုးဒေဝီအတွက် အခကြေးငွေယူ၍ သက်တော်စောင့်အလုပ်ကို လုပ်ကိုင်ကြသော်လည်း အန္တရာယ်နှင့်ကြုံလာသောအခါ အသက်ကိုပင် ၎င်းရန့်ကြိုးစားကြ၏။

မိုးသီးက ၎င်းတို့၏ပခုံးကိုပုတ်၍

" ခင်ဗျားတို့နှစ်ယောက်ရဲ့ စိတ်ဓာတ်ကို လေးစားပါတယ်၊ ခင်ဗျားတို့ပဲ မိုးဒေဝီကိုခေါ်ပြီး ပြေးကြပါ၊ ဒီကောင်တွေကို ကျုပ်ပဲ ခုခံထားလိုက်ပါမယ် "

ဟုပြောလေရာ လူပုလေးနှစ်ဦးနှင့် မိုးသီးသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ငြင်းခုန်ကြလေ၏။ မိုးဒေဝီသည် ၎င်းတို့ငြင်းခုန်နေပုံကို စိတ်မရှည်ဟန်ဖြင့် ကြည့်၍

" ရှင်တို့ ထိုင်ငြင်းမနေနဲ့၊ အချိန်မရှိတော့ဘူး၊ ပြေးမှဖြစ်မယ်ကဲ... ယက္ခနဲ့ ဂုမ္ဘာန်၊ ဒီမှာ ခုခံပြီးနေရစ်တော့ "

ဟုပြောကာ မိုးသီးဘက်သို့လှည့်၍

" ရှင်က ကျွန်မကိုခေါ်ပြီးပြေးပေတော့ "

ဟုပြောလေရာ မိုးသီးသည် မိုးဒေဝီ၏ တာဝန်မဲ့သောစကား



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အံ့ဩသွားလေ၏။

မိုးဒေဝီသည် သူမကိုအသက်ဖြင့်ရင်း၍ ကာကွယ်ပေးရန် ကြိုးစားသော လူပုလေးနှစ်ယောက်၏ သစ္စာရှိမှုကို အသိအမှတ် ပြုပုံမရချေ။

မိုးသီးသည် မိုးဒေဝီ၏စိတ်ဓာတ်ကို မနှစ်မြို့ချင်သလိုဖြစ်သွားလေ၏။ သို့သော် မြွေအဖွဲ့၏တိုက်ခိုက်မှုက ပြင်းထန်လာသဖြင့် သူမကိုခေါ်၍ အိမ်နီကြီး၏ အနောက်ဘက်ခြံစည်းရိုးမှ ပြေးထွက်ခဲ့လေ၏။

သူမသည် တောစီးဖိနပ်နှင့် ဘောင်းဘီရှည်ကို ဝတ်ဆင်ထားသဖြင့် ကောင်းစွာပြေးနိုင်လေ၏။

သူမသည် အမှောင်ထဲတွင် မိုးသီးအနောက်မှ စမ်းတဝါးဝါး လိုက်ရင်း

" ကျွန်မတို့ ဘယ်ကိုပြေးမှာလဲ "

ဟု မေးမြန်းလေ၏။ မိုးသီးက

" ကျုပ်တို့ရွာတွေဆီကို ပြေးလို့မဖြစ်ဘူး၊ ဒီလူတွေနောက်ယောင်ခံပြီး လိုက်လာမှာပဲ၊ ဒါဆိုရင် ရွာလဲနာမယ်၊ မြွေအဖွဲ့ကို ဒီနေရာမှာ အပြတ်ရှင်းမှ ဖြစ်တော့မယ်၊ နို့မို့ဆိုရင် ဒီကောင်တွေဟာ ခင်ဗျားကို တစ်သက်လုံး အန္တရာယ်ပေးလို့ ဆုံးမှာ မဟုတ်တော့ဘူး "

ဟုပြောလေရာ မိုးဒေဝီက မိုးသီး၏လက်မောင်းကို ဆုပ်ကိုင်၍

" အစတုန်းကတော့ ဒီလူတွေကို ကျွန်မလဲ အပြတ်ရှင်းပစ်မယ်လို့ ဆုံးဖြတ်ထားပြီးသားပါ၊ ဒါပေမဲ့ ဒီကောင်တွေက ဒီလောက်လူအင်အား လက်နက်အင်အား ကောင်းနေတာ၊ ကျွန်မတို့ ဘယ်လို





ရင်ဆိုင်ရမှာလဲ "

ဟု ပြောလေ၏။ မိုးသီးက ခေါင်းညိတ်၍

" ဒီအတွက် ဘာမှမပူနဲ့ ကျုပ်မှာ အကြံအစည်ရှိပြီးသားပါ၊ ကျုပ်တို့တောထဲကို ပြေးကြမယ် "

ဟုပြောလေရာ မိုးဒေဝီက ထိတ်လန့်ဟန်ဖြင့်

" တင်... တောထဲကိုပြေးရင် ကျွန်မတို့မှာ အန္တရာယ်တွေပိုများမလာဘူးလား "

ဟု မေးမြန်းလေ၏။ မိုးသီးက လက်ကာပြ၍

" ဒီတောဒီတောင်ဟာ ကျုပ်ကျွမ်းကျင်တဲ့နေရာပါ၊ [illegible] ငယ်စဉ်ကတည်းက သစ်ခုတ်တဲ့အလုပ်နဲ့ တောထဲကို အကြိမ်ပေါင်းများစွာ လိုက်သွားဖူးတယ်၊ ဒီတောထဲကို ရောက်တော့မှ မြွေအဖွဲ့က ကောင်တွေကို ပြောက်ကျားနည်းနဲ့ အပြုတ်နှံလို့ရမယ် ဒီမှာ... ခင်ဗျား ဘာမှမကြောက်နဲ့၊ ကျုပ်တို့ နည်းနည်းတော့ စွန့်စားရမှာပဲ "

ဟုပြောလေရာ မိုးဒေဝီသည် အံကြိတ်၍ [illegible] နောက်

" ကောင်းပြီ၊ ကျွန်မတို့ စွန့်စားကြတာပေါ့၊ မြွေတွေနဲ့ [illegible] ဝင်ပြီး သေသွားရင်လဲ ကျွန်မ ဂရုမစိုက်တော့ပါဘူး၊ ကျွန်မ တစ်သက်လုံး လျှောက်ပြေးနေတာထက်စာရင် ဒီကောင်တွေကို [illegible] ကောင်းသေးတယ် "

ဟု ပြောလေ၏။

www.burmeseclassic.com



" ရှင်ဟာ ကျွန်မနဲ့ ဘာမှမဆိုင်ဘဲနဲ့ မြွေအဖွဲ့ရဲ့ရန်ကို မကြောက်မရွံ့ ကာကွယ်ပေးတယ်နော်၊ ရှင့်ကျေးဇူးကို ကျွန်မ တစ်သက် မမေ့ပါဘူး "

ဟုပြောလေရာ မိုးသီးက လူပုလေးနှစ်ယောက်ကို သတိရ၍

" မြွေအဖွဲ့ရဲ့ရန်ကို ကာကွယ်ပေးတာ ကျုပ်တစ်ယောက်တည်းမဟုတ်ပါဘူး၊ လူပုလေးနှစ်ယောက်ကို ခင်ဗျားမေ့နေပြီလား၊ အခုလောက်ဆို လူပုလေးနှစ်ယောက်ဟာ မြွေအဖွဲ့ရဲ့လက်ချက်နဲ့ အသက်ဆုံးနေလောက်ပြီ "

ဟုပြောလေရာ မိုးဒေဝီက သက်ပြင်းချ၍

" ဘာပဲဖြစ်ဖြစ်၊ သူတို့နှစ်ယောက်ဟာ ကျွန်မ အခကြေးငွေပေးပြီး သက်တော်စောင့်အလုပ်ကို လုပ်ခိုင်းထားတဲ့ သူတွေရှင့်၊ ရှင်ကသာ ကျွန်မအတွက် မဆီမဆိုင် အသက်စွန့်ပေးလို့ ကျေးဇူးတင်ပါတယ် "

ဟုပြောလေ၏။ မိုးသီးက ခေါင်းခါ၍

" ဘာပဲဖြစ်ဖြစ် လူပုလေးနှစ်ယောက်ဟာ သစ္စာရှိတယ် ဆိုတာ သေချာပါတယ်၊ သူတို့နှစ်ယောက် သူရဲဘောကြောင်ပြီး ထွက်ပြေးရင်ရတာပဲ၊ သူတို့မပြောနဲ့ ခင်ဗျားရဲ့ခွေးကြီးတွေတောင် ကျေးဇူးတင်ထိုက်ပါတယ် "

ဟုပြောဆိုလေ၏။ မိုးဒေဝီက သက်ပြင်းချ၍

" ခွေးကြီး (၃) ကောင်ကိုတော့ အန္တရာယ်ဖြစ်မှာစိုးတဲ့ အတွက်





လွန်ရာကျွတ်ရာကို လွှတ်ပေးလိုက်ပြီ ကဲ... အိမ်နီးကြီးမှာ သေနတ်သံတွေတိတ်သွားပြီး လူပုလေးနှစ်ယောက်တော့ သေပြီထင်တယ်၊ ကျွန်မတို့ပြေးမှ ဖြစ်တော့မယ် "

ဟုပြောလေ၏။ မိုးသီးသည် တစ်ကိုယ်ကောင်းဆန်လှသော မိုးဒေဝီကို စိတ်ပျက်စပြုလာ၏။ ထို့ကြောင့် သက်ပြင်းချ၍

" ကျုပ်တို့ တောစပ်ရောက်နေပြီ၊ ခဏနေရင် ရွာဝင်နီလာပြီ၊ အလင်းရောင်ရတာနဲ့ တောထဲကိုဝင်ကြတာပေါ့၊ လူဆိုးတွေ ရုတ်တရက် ကျုပ်တို့ကို မမြင်နိုင်သေးပါဘူး "

ဟုပြောလေ၏။ ခဏအကြာတွင် အရှက်တကဲအချိန်သို့ ရောက်ပြီဖြစ်သဖြင့် အလင်းရောင်ပေါ်ထွက်လာ၏။ မိုးသီးနှင့်သူမသည် တောကြီးအတွင်းသို့ စတင်ဝင်ရောက်ခဲ့လေ၏။ နေ့လယ်ခင်းအချိန်သို့ ရောက်သောအခါ စမ်းချောင်းတစ်ခုအနီးသို့ရောက်သည်နှင့် မိုးသီးက

" ခင်ဗျား စမ်းချောင်းမှာ ကိုယ်လက်သန့်စင်ပါ၊ ကျွန်တော် အဝေးမှာ သွားနေပါမယ် "

ဟုပြောလေရာ သူမက ဝမ်းမြောက်ဝမ်းသာဟန်ဖြင့်

" ရေချိုးချင်တာနဲ့ အတော်ပဲ "

ဟုဆိုကာ စမ်းချောင်းအစပ်သို့ဆင်း၍ မျက်နှာသစ်ခြင်း၊ ကိုယ်လက်သန့်စင်ခြင်းများပြုလုပ်လေ၏။

မိုးသီးသည် သူမလွတ်လွတ်လပ်လပ်နေထိုင်နိုင်ရန် အဝေးသို့ သွား၍ ကျောပိုးအိတ်ထဲတွင် ယူဆောင်လာသော ငါးသေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ဘူးများကို မီးမွှေး၍ ပူနွေးအောင်လုပ်ပြီး ကောက်ညှင်းထုပ်များဖြင့် စားရန် စီစဉ်ထားလေ၏။

ခဏကြာလျှင် သူမရောက်လာပြီး

" ဗိုက်ဆာလိုက်တာ "

ဟု ညည်းညူရင်း မိုးသီး စီစဉ်ထားသော ငါးသေတ္တာနှင့် ကောက်ညှင်းထုပ်ကို မြိန်ရှက်စွာ စားသောက်လေ၏။ သူမစားသောက်နေစဉ် မိုးသီးသည် စမ်းချောင်းသို့ဆင်း၍ ကိုယ်လက်သန့်စင်လေ၏။

ပြီးသောအခါ သူမနှင့်အတူ ခရီးဆက်ကြပြန်၏။ သူမ ခရီးပန်းမည်စိုးသဖြင့် မိုးသီးသည် မကြာခဏရပ်နား၍ ခရီးဆက်လေ၏။ အတန်ကြာအောင် ခရီးဆက်ပြီးနောက် ကျောက်တုံးကြီးတစ်တုံးပေါ်တွင်ထိုင်၍ နားခိုကြပြန်၏။

မိုးဓေဝီသည် မိုးသီး၏ပခုံးကိုမှီ၍ အနားယူနေပြီးနောက်

" ကျွန်မအတွက် သက်စွန့်ဆံဖျား အကူအညီပေးတဲ့ အတွက် အန္တရာယ်ကလွတ်လာရင် ရှင့်ကို ကျွန်မဘက်က တစ်ခုပြန်ပေးဖို့ ဆုံးဖြတ်လိုက်ပြီ "

ဟုပြောလေ၏။ မိုးသီးက ရယ်မော၍

" ဘာမှ ပေးစရာမလိုပါဘူးဗျာ၊ မိန်းမသားတစ်ယောက်အခက်အခဲနဲ့ ရင်ဆိုင်နေရရင် ယောကျ်ားတစ်ယောက်အနေနဲ့ ကူညီရမယ့် ဝတ္တရားရှိပါတယ် "





ဟုပြောလေ၏။ သူမက လက်သင့်မခံဘဲ

" အို ဘာပဲဖြစ်ဖြစ်၊ ရှင့်ကို ကျွန်မဘက်က ပြန်ပေးဖို့ ဆုံးဖြတ်လိုက်ပြီ "

ဟုပြောလေရာ မိုးသီးက ရယ်မော၍

" ဟား ဟား ဟား... ခင်ဗျားက ဘာပေးမလို့လဲ "

ဟု မေးမြန်းလေ၏။ သူမက မိုးသီး၏မျက်နှာကို ဝှဲဝှဲစားစား ကြည့်၍

" ရှင်ဟာ ကျွန်မအတွက် အသက်ပေးပြီး ကူညီခဲ့တယ်၊ ဒါကြောင့် ရှင့်ကို ကျွန်မ လက်ထပ်ယူပြီးတစ်သက်လုံးပြုစုယုယမယ် "

ဟု ပြောလေရာ မိုးသီးသည် မျက်လုံးပြူးသွားပြီး အလန့်တကြားဖြင့်

" မဟုတ်တာဗျာ၊ ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ ကျုပ်မှာချစ်သူရှိတယ်၊ ကျုပ်က ချစ်သူကလွဲရင် ဘယ်မိန်းမကိုမှယူဖို့မစဉ်းစားဘူး "

ဟုပြောလေ၏။

မိုးသီး၏ စကားကြောင့် သူမက အံ့ဩသွားဟန်ဖြင့် မျက်လုံးပြူးသွားပြီး

" ကျွန်မက လက်ထပ်ယူမယ်ဆိုရင် ရှင့်လို ကျေးတောသားတစ်ယောက်မပြောနဲ့၊ ဘုရင်ခံရဲ့သားတောင် ငြင်းမယ်မထင်ဘူး၊ ဒါဆို ရှင့်ချစ်သူက ကျွန်မလောက်လှလို့လား "

ဟုမေးမြန်းလေ၏။ မိုးသီးက ခေါင်းခါ၍



www.burmeseclassic.com

www.burmeseclassic.com



" ဒီမှာ ကိုယ့်ချစ်သူဟာ လှသည်ဖြစ်စေ၊ မလှသည်ဖြစ်စေ၊ သူ့ကလွဲရင် ဘယ်သူကိုမှ မယူနိုင်ဘူး "

ဟုပြောလေ၏။ မိုးဒေဝီက သက်ပြင်းချ၍

" သစ္စာရှင်ကြီးပါလား၊ ရှင့်လိုလူမျိုးကတော့ လောကမှာ ရှားမှရှားဆိုတဲ့လူမျိုးပဲ၊ ဒါပေမဲ့ လူရိုးသချိုင်းကုန်းမှာပဲ ရှိတယ်ဆိုတဲ့စကားလဲရှိတယ်၊ ရှင် ကျွန်မနဲ့ တောထဲမှာ နှစ်ယောက်တည်းအတူနေပြီး ကြာလာရင်ရှင့်စိတ်တွေ မဖောက်ပြန်ဘူးလို့ ဘယ်သူပြောနိုင်မလဲ "

ဟုပြောလေရာ သူမအား သက်စွန့်ကြိုးပမ်းကယ်တင်လာသူအား ဤကဲ့သို့ စော်ကားမော်ကားပြောဆိုနေသဖြင့် မိုးသီးသည် လွန်စွာဒေါသထွက်သွား၏။ ထို့ကြောင့်

" ဒီမှာ ခင်ဗျားက ကျုပ်ကို တဏှာရူးလို့များ ထင်နေသလား၊ ခင်ဗျားဘာသာ နတ်သမီးလောက်လှနေပါစေ၊ ကျုပ်ကဂရုမစိုက်ဘူး "

ဟု အော်ဟစ်ပြောဆိုလေ၏။ ထိုအခါ သူမက တခစ်ခစ် ရယ်မော၍

" ဒေါသကြီးလှချည်လား၊ ကျွန်မကိုတောထဲမှာ တစ် ယောက်တည်းတော့ မထားခဲ့ပါနဲ့ရှင်၊ ခိုကိုးရာမဲ့ဖြစ်နေတဲ့ မိန်းမသားတစ်ယောက်ကို ရှင်ပစ်ခွာပြီး သွားရက်သလား "

ဟုပြောဆိုလေရာ မိုးသီးက ခေါင်းခါ၍

" ခင်ဗျားကိုထားခဲ့မယ်လို့ ဘယ်သူပြောလို့လဲ၊ ဒါပေမဲ့ ရှေ့ဆက်ပြီး ကျုပ်ကိုစော်ကားမော်ကားမပြောရင် ကောင်းမယ် "



ဟုပြောလေ၏။ သူမက တခစ်ခစ်ရယ်မော၍

" ကဲ... မပြောတော့ပါဘူးရှင်၊ ရှင်သာ ရှင့်စိတ်ကို ရှင်နိုင်အောင်ထိန်းပါ "

ဟုပြောလေ၏။ ညနေစောင်းသောအခါ မိုးသီးက

" ရှေ့နားမှာ လှိုဏ်လေးတစ်ခုရှိတယ်၊ အဲဒီလှိုဏ်လေးထဲမှာ ကျုပ်တို့ တစ်ညအိပ်ရမယ်၊ နောက်တစ်နေ့ဆိုရင်တော့ ဒီလူတွေ ကျုပ်တို့ကို အမီလိုက်လာနိုင်တယ်၊ ဒီတစ်ညတော့ ကောင်းကောင်း အနားယူရမယ်၊ သူတို့မှာ လူအင်အား အတော်လေးကျန်သေးတယ်၊ လက်နက် အပြည့်အစုံလဲရှိတယ် "

ဟု သတိပေးလိုက်လေ၏။ မိုးဒေဝီသည် သက်ပြင်းချလိုက်ပြီး

" သူ့တို့နဲ့တိုက်ခိုက်ပြီး သေရင်လဲ သေသွားပါစေ၊ ကျွန်မ ဂရုမစိုက်တော့ပါဘူး၊ မြန်မာပြည်အနှံ့လှည့်ပြေးရတဲ့ ဒုက္ခကို ကျွန်မ ရင်မဆိုင်ချင်တော့ဘူး "

ဟု ညည်းညူလေ၏။ မိုးသီးက သူမကိုကြည့်၍ တရှုးသက်သွားပြန်ပြီး

" ဒီအတွက် ဘာမှမပူနဲ့၊ ဒီကောင်တွေကို ကျုပ်တို့ရင်ဆိုင်နိုင်မှာပါ၊ ကျုပ်လောက်သူတို့တောမကျွမ်းဘူး၊ ကျုပ်အသက်ရှင်နေသရွေ့ ခင်ဗျားဘာမှ မဖြစ်စေရဘူး "

ဟု ပြောလေရာ သူမက စကားမတုန့်ပြန်တော့ဘဲ ငြိမ်သက်သွားလေ၏။ ခဏကြာလျှင် မိုးသီးပြောသော လှိုဏ်ကြီးထဲသို့ ရောက်

www.burmeseclassic.com



လေ၏။

မိုးသီးသည် လျှိုပတ်ဝန်းကျင်ကို မီးတုတ်ထွန်းညှိ၍ တောကောင်များရှိမရှိ အကဲခတ်လေ၏။

တောကောင်များမရှိသောအခါ သူ၏ကျောပိုးအိတ်ထဲမှ သားရေခင်းနှင့်စောင်များကိုထုတ်၍ သူမအိပ်စက်ရန်ပြင်ဆင်ပေးလေ၏။ ပြီးနောက်

" တောထဲမှာ နည်းနည်းသည်းခံပြီးအိပ်ပေတော့ ကျုပ်ကတော့ မြေပေါ်မှာလဲ အိပ်လို့ရပါတယ်၊ ဒီည စိတ်ချလက်ချ အိပ်နိုင်အောင် လျှိုထဲမှာ မီးနည်းနည်းဖိုထားရမယ် "

ဟုပြောလေ၏။ သူမက ပင်ပန်းနွမ်းနယ်ဟန်ဖြင့် မိုးသီး ခင်းပေးထားသော သားရေပေါ်တွင် လှဲအိပ်လိုက်လေ၏။ မိုးသီးသည် မိုးဒေဝီစားသောက်ထားသော ငါးသေတ္တာဘူးခွံနှစ်ခုကို ကြိုးဖြင့်ချည်၍ လျှို၏အဝတွင် ချထားလိုက်၏။

ရန်သူဝင်ရောက်လာလျှင် ကြိုးစကိုထိခိုက်မိပြီး ငါးသေတ္တာဘူးခွံများမှ အသံထွက်မည်ဖြစ်၏။ ပြီးနောက် လျှိုကြီး၏ထိပ်သို့သွား၍ အိပ်စက်ရန်ပြင်လေ၏။ ထိုအခါ သူမက

" ရှင်ဘယ်မှာ အိပ်မလို့လဲ "

ဟု မေးမြန်းလေ၏။ မိုးသီးက လျှိုထိပ်ကို လက်ညှိုးထိုးပြ၍

" လျှိုထိပ်မှာ သွားအိပ်မယ်လေ "

ဟု ပြောလေ၏။ သူမက





" ရှင် ကျွန်မ အနားမှာပဲအိပ်ပါ၊ ကျွန်မတစ်ယောက်တည်း မအိပ်ဝံ့ဘူး၊ တောကောင်တွေ ရောက်လာမှာကြောက်တယ် "

ဟုပြောလေရာ မိုးသီးသည် အခက်ကြုံသွားလေ၏။ နတ်သမီးကဲ့သို့ ချောမောလှပသော မိန်းမတစ်ယောက်နှင့်သူမည်သို့ အိပ်ရမည်နည်း။ မိုးသီးက ခေါင်းခါ၍

" လျှိုထိပ်မှာပဲ ကျုပ်စောင့်ပြီး အိပ်ပါမယ်၊ ဘယ်တော့ ကောင်မှ မလာစေရဘူး "

ဟုပြောလေရာ သူမက

" ဟင့်အင်း... ရှင် အနားမှာ လာအိပ်ရမယ်၊ ကျွန်မတစ်ယောက်တည်းဆို ကြောက်လို့ အိပ်မပျော်မှာမဟုတ်ဘူး "

ဟုပြောလေ၏။ မိုးသီးသည် ဆံပင်များကို ကပိုကယိုချထားသော သူမ၏အလှမျက်နှာကို ငေးမောကြည့်နေမိ၏။

ဤမျှချောမောလှပ၍ ဆွဲဆောင်အားကောင်းသောမိန်းမကို သူမမြင်ဘူးခဲ့ပေ။ သူမသည် သေသေချာချာကြည့်မှ သူ၏ချစ်သူ ပန်းနုထက် ချောမောလှပနေ၏။ သူမက ယောကျ်ားတစ်ယောက်တွင် တစ်ယောက် မငြင်းဆန်နိုင်သောအသံဖြင့်

" အနားမှာလာအိပ်ပါဆို၊ ရှင်ကဘာဖြစ်နေတာလဲ၊ ကျွန်မကရှင့်ကို ကိုက်စားမှာကျနေတာပဲ၊ တကယ်ဆိုရင် ကျွန်မတောကောင်တွေကိုကြောက်ရသေးမယ် "

ဟုချွဲနွဲ့နွဲ့ပြောလေရာ မိုးသီးက ခက်မြင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



" ကျုပ်ကလဲ တောကောင်တွေထက် ခင်ဗျားကို ပိုကြောက်တယ် "

ဟု ရေရွတ်ကာ သူမအနီးသို့လျှောက်၍ တစ်ကိုက်ခန့်အကွာရှိ မြေပြင်ပေါ်တွင် လှဲအိပ်လိုက်လေ၏။ သူမက မိုးသီး၏ အမူအရာကို ကြည့်ပြီး

" ရှင် ဒီအတိုင်း မြေပေါ်မှာအိပ်မှာလား၊ စောင်တစ်ထည် လောက်တော့ယူပါ "

ဟုဆိုကာ သူမကိုယ်ပေါ်မှစောင်ကို ပေးလေ၏။

မိုးသီးက ခေါင်းခါ၍

" ရတယ်၊ ကျုပ်တို့အမဲလိုက်တဲ့အခါ ဒီလိုပဲ ဖြစ်သလိုအိပ်တာပဲ၊ ကိုယ့်ဘာသာ အိပ်ပျော်အောင်အိပ်ပါ "

ဟု ပြောလေ၏။ သူမက လေသံတိုးတိုးဖြင့်

" ကျွန်မအိပ်လို့မပျော်ဘူး၊ ကျောခိုင်းမထားပါနဲ့၊ ဒီဘက်လှည့်ပါဦး၊ စကားလေးဘာလေးပြောရအောင် "

ဟုပြောကာ မိုးသီး၏ပခုံးကို လှမ်းကိုင်၍ သူမဘက်သို့ လှည့်ခိုင်းလေ၏။ မိုးသီးသည် သူမနှင့်မျက်လုံးချင်းဆုံသောအခါ ရင်ထဲတွင် တဒိတ်ဒိတ်ခုန်နေ၏။ သူမက ညို့ငင်အားကောင်းသော မျက်ဝန်းများဖြင့် မျက်တောင်မခတ်တမ်းကြည့်ကာ မိုးသီး၏ခန္ဓာကိုယ်အား လက်ဖြင့် တရွရွ ပွတ်သပ်နေ၏။

သူမက လေသံတိုးတိုးဖြင့်





" ရှင့်ချစ်သူနဲ့ ကျွန်မ ဘယ်သူက လှသလဲ "

ဟု မေးမြန်းလေ၏။ မိုးသီးက အသံတုန်တုန်ယင်ယင်ဖြင့်

" ခင်ဗျားက ပိုလှပါတယ် "

ဟုပြောလေ၏။ သူမက သဘောကျဟန်ဖြင့် ရယ်မော၍

" ဒါဆိုရင် ရှင့်သဘောထားတွေ ပြောင်းနိုင်ပြီပေါ့ "

ဟုမေးလေ၏။ မိုးသီးက အံကိုကြိတ်၍

" ဘာလို့ပြောင်းရမှာလဲ၊ ကျုပ်ချစ်သူကလွဲရင် ဘယ်သူ့မှ မချစ်ဘူး "

ဟုပြောလေ၏။ သူမက တိုးတိုးရယ်မော၍

" ဒါဆိုရင် ကျွန်မက ပိုလှတယ်ဆိုတာ ရှင်ညာတာပဲဖြစ်မယ်၊ ဘယ်သူပိုလှတယ်ဆိုတာ သေသေချာချာကြည့်ပါဦး "

သူမသည် ကိုယ်ပေါ်တွင် လွှမ်းခြုံထားသော စောင်ကိုဖယ်လိုက်ပြီး မိုးသီးကိုပြောလေ၏။ မိုးသီးက မကြည့်ဝံ့ဟန်ဖြင့် ကျောခိုင်းလိုက်ပြီး

" တော်ပါပြီဗျာ၊ မကြည့်ချင်တော့ဘူး၊ အိပ်တော့မယ် "

ဟုပြောလေ၏။

သူမက သဘောကျဟန်ဖြင့် တခစ်ခစ်ရယ်မော၍

" ရှင် မကြည့်ဝံ့လို့ အိပ်ရင်လဲ အိပ်ပါတော့၊ ကျွန်မလဲ မျက်လုံးတွေစင်းလာပြီ "

ဟုပြောလေ၏။ မိုးသီးသည် ချောမောလှပသော မိန်းမတစ်



www.burmeseclassic.com

www.burmeseclassic.com



ဦးနှင့် အနီးကပ်အိပ်စက်နေရသဖြင့် စိတ်တည်ငြိမ်ရန် ကြိုးစားနေရ၏။

အတန်ကြာသောအခါမှ စိတ်များပြန်လည်တည်ငြိမ်လာပြီး အိပ်ပျော်လုနီးအချိန်သို့ရောက်သွားလေ၏။

ထိုအခိုက်မှာပင် သူ၏အနောက်တွင် အိပ်စက်နေသော မိုးဒေဝီက

" အိုမြွေတွေ၊ မြွေတွေလာပြီ၊ ကြောက်တယ်၊ ကြောက်တယ် "

ဟု ကယောင်ကတန်း ရေရွတ်လိုက်လေရာ မိုးသီးသည် ရုတ်တရက်ထိတ်လန့်သွားပြီး သူမဘက်သို့လှည့်ကာ ကြည့်လိုက်လေ၏။

မိုးဒေဝီသည် အိပ်မက်မက်နေဟန်ရှိပြီး မိုးသီးရင်ခွင်ထဲသို့ တိုးဝင်၍

" မြွေတွေ၊ မြွေတွေ "

ဟု ရေရွတ်လေ၏။

မိုးသီးသည် မပီဝိုးတဝါးအလင်းရောင်ဖြင့် ချွေးသီးချွေးပေါက်များကျနေသော သူမမျက်နှာကိုကြည့်ကာ စိတ်မိုက်စိတ်ရိုင်းများဝင်လာပြီး နမ်းရှုံ့ရန်ပြင်လိုက်၏။

ထိုအခိုက်မှာပင် လှိုဏ်တွင် ၎င်းတို့ပစ်ချထားသော ငါးသေတ္တာဘူးများကို ထိမိတိုက်ကြားရသဖြင့် ကမန်းကတန်း လှည့်ကြည့်လိုက်ရာ တိတ်တဆိတ်ချဉ်းကပ်လာသော မြွေအဖွဲ့မှ လူတစ်ဦးကို မြင်ရသဖြင့် မိုးသီးသည် ကမန်းကတန်း ခုန်ထလိုက်ပြီး ထိုသူ၏အောက်ပိုင်းကို ခြေဖြင့် သိမ်းကျုံးလိုက်လေ၏။





ရန်သူသည် မိုးသီးတို့ကို အလစ်အငိုက်တိုက်ခိုက်ရန် ပြင်ပြီးမှ မမျှော်လင့်သောမြင်ကွင်းကြောင့် တိုက်ခိုက်ရန် တုံ့ဆိုင်းနေခြင်းဖြစ်၏။ မိုးသီးသည် မြေပေါ်သို့လဲကျသော ရန်သူ၏ရင်ဝကို ခြေဖြင့် တိုက်လိုက်ရာ ရန်သူသည် အင့်ခနဲအော်၍ မေ့မျောသွားလေ၏။

မိုးဒေဝီသည် အထိတ်တလန့်အော်ဟစ်ရန်ပြင်နေစဉ် မိုးသီးက သူမ၏ပါးစပ်ကို လက်ဖြင့် ပိတ်လိုက်လေ၏။ အဲဒီအချိန်မှာပဲ အသံကြောင့်ဆိုသော် လှိုဏ်အတွင်းသို့ မြွေအဖွဲ့မှ တစ်ဦးဆင်းသက်လာပြီး

" ဗေါက်စ၊ စိန်တိုး မင်းတို့ဘယ်မှာလဲ "

ဟု မေးမြန်းသံ တိုးတိုးကြားရလေ၏။ ထိုသူသည် လှိုဏ်ဝတွင် ဖိုထားသော မီးရောင်ဖြင့် ကပိုကယိုအိပ်စက်နေသော မိုးဒေဝီကို မြင်သဖြင့် မျက်လုံးပြူးသွားလေ၏။

မိုးဒေဝီက နှုတ်ခမ်းတွင် လက်ညှိုးဖြင့်ကပ်၍

" ရှူး... တိုး တိုး "

ဟုဆိုကာ အကျီကြယ်သီးတစ်လုံးကို ဖြုတ်ပြလိုက်၏။

ရန်သူသည် မိုးဒေဝီ၏အလှကြောင့် အန္တရာယ်ကိုပင် သတိမမူနိုင်တော့ဘဲ ကမူးရှူးထိုးရှေ့သို့ တိုးလာ၏။

ထိုအခါ မိုးသီးက ပုန်းကွယ်နေရာမှထွက်၍ ရန်သူ၏လည်ပင်းကို လက်ဝါးစောင်းဖြင့် ခုတ်လိုက်ရာ မြေပေါ်သို့ခွေခနဲ လဲကျသွားလေ၏။

မိုးသီးသည် လဲကျသွားသော ရန်သူကို ဝတ်ရုံဆွဲ၍ မှောင်ရိပ်ထဲသို့ သွင်းလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် လှိုဏ်အတွင်းသို့ ဆင်းလာသော ရန်သူတစ်ယောက်၏အသံကိုကြားရလေ၏။ ရန်သူက

" ပေါက်စနဲ့ ချစ်စမ်း မင်းတို့ လှိုဏ်ထဲမှာရှိသလား "

ဟု မေးမြန်းရင်း လှိုဏ်နှင့် တဖြည်းဖြည်းနီးလာလေ၏။ မိုးသီးသည် မိုးဒေဝီကို လက်ဟန်ခြေဟန်ဖြင့် အမူအရာပြ၍ မှောင်ရိပ်ထဲသို့ ပုန်းခိုနေလိုက်၏။ မိုးဒေဝီက ခန္ဓာကိုယ်ကိုပြုပြင်၍ မီးပုံအနီးတွင် ခွေခွေလေးလှဲနေလိုက်၏။

ရန်သူသည် လှိုဏ်အဝသို့ရောက်သောအခါ အကျီကြယ်သီးနှစ်လုံးကိုဖြုတ်၍ လဲလျောင်းနေသော မိုးဒေဝီကိုမြင်တွေ့သွားလေ၏။

မိုးဒေဝီက ရန်သူကို ညှို့ဝင်သောအပြုံးဖြင့် ဖိတ်ခေါ်လိုက်၏။ ရန်သူသည် မိုးဒေဝီကို မယုံမရဲဖြင့် ကြည့်လိုက်လေ၏။

မိုးဒေဝီက ယောကျ်ားတစ်ထောင်တွင် တစ်ယောက်မငြင်းနိုင်သောအသံဖြင့်

" ရှင် ဘာလုပ်နေတာလဲ၊ ရှေ့ကိုတိုးပြီးဝင်ခဲ့လေ၊ ဒီလှိုဏ်ထဲမှာ ကျွန်မတစ်ယောက်တည်းရှိတယ် "

ဟုဆိုလိုက်ရာ ထိုသူသည် ကမန်းကတန်းရှေ့သို့တိုးဝင်လာလေ၏။ မိုးသီးက မှောင်ရိပ်ထဲမှထွက်၍ လက်ဝါးစောင်းဖြင့် ခုတ်လိုက်ဖြင့်၏။ ရန်သူ မေ့လဲကျသွားသောအခါ မှောင်ရိပ်ထဲသို့သွင်း၍ မိုးဒေဝီဘက်သို့လှည့်ကာ

" ကျုပ်တို့ ဒီနေရာမှာနေလို့မဖြစ်တော့ဘူး။ ညတွင်းချင်း နေရာ





ရွှေ့မှဖြစ်မယ်၊ ရန်သူတွေကျုပ်တို့ကို ခြေရာခံမိသွား[illegible] ဒီလူတွေ တော ကျွမ်းတဲ့သူတွေမဟုတ်ဘူး၊ ဒီနေရာကို ဒီလောက် [illegible] ဘယ်လိုရောက်လာသလဲမသိဘူး။ ခင်ဗျား တရေး[illegible] အိပ်ပျော် ရတယ်မဟုတ်လား "

ဟုပြောလေရာ မိုးဒေဝီက မျက်နှာတွင်[illegible]

" မအိပ်ရပါဘူး။ အိပ်မက်ဆိုးတွေမက်နေတာ[illegible] "

ဟုပြောလေ၏။ မိုးသီးသည် သူ့မအာပေါ် တ[illegible] ဖြစ်ပေါ်လာခြင်းကို သတိရ၍ လွန်စွာထိတ်လန့်သွား[illegible]

သူသည် ကံကောင်းထောက်မလွန်းသဖြင့် သူ့[illegible] လွန်မိခြင်းဖြစ်၏။

လှိုဏ်ထဲသို့ ဆင်းလာသောရန်သူကိုပင် [illegible] ၏။ မိုးဒေဝီက ပစ္စည်းများကို သိမ်းဆည်း၍

" ဒီကောင်တွေကို ဒီအတိုင်းထားခဲ့မှာလား "

ဟုမေးမြန်းလေ၏။ မိုးသီးက မျက်မှောင်ကြုတ်၍ [illegible]

" သူတို့ဆီက လက်နက်တွေကိုသိမ်းပြီး [illegible] ထားလိုက်မယ်၊ ဒီကောင်တွေမှာ လက်နက်မရှိလို့ [illegible] လာပါစေ၊ ကျုပ်မမှုဘူး၊ ကျုပ်က ဇန်တိုဇန်ရှည်သို[illegible] တစ်ဆွဲလို ကျွမ်းကျင်တယ် "

ဟုပြောရင်း လူဆိုးများ၏လက်နက်များကို [illegible] ရှည်သေနတ်သုံးလက်နှင့် ဓားမြှောင်သုံးချောင်းကို[illegible]



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့၏။ တစ်နေရာသို့ရောက်သောအခါ ချုံပုတ်တစ်ခုထဲတွင် လက်နက်များကိုဖွက်ခဲ့လေ၏။

ရန်သူများ၏လက်ထဲတွင် လက်နက်မရှိလျှင် ၎င်းတို့ကို ဂရုစိုက်စရာမရှိချေ။

မိုးသီးတို့သည် လှိုဏ်ကြီးနှင့်ဝေးရာသို့ ညအမှောင်ထဲတွင် စမ်းတဝါးဝါးနှင့် ပြေးလွှားခဲ့လေ၏။ အတန်ကြာအောင် ပြေးလွှားပြီးမှ ခေတ္တအနားယူကြလေ၏။

မိုးသီးက အနားယူရင်း

"ကျုပ်တို့ရှိတဲ့နေရာကို ဒီကောင်တွေအမြန်ဆုံးလိုက်လာနိုင်တာ အံ့ဩဖို့ကောင်းတယ်၊ သူတို့အုပ်စုထဲမှာ ဒီတောနဲ့ပတ်သက်လို့ ကျွမ်းကျင်သူများပါလာသလား"

ဟု တီးတိုးရေရွတ်လေ၏။

မိုးဒေဝီက မောလျှယာန်ဖြင့် အနားယူရင်း

"ကျွန်မတို့ တောထဲကိုပြေးတာ များပြီနဲ့တူတယ်၊ တစ်ညလုံးမအိပ်ရသေးဘူး"

ဟု ညည်းညူလေ၏။ မိုးသီးက သူမကို ကရုဏာသက်ဟန်ဖြင့်ကြည့်၍

"တစ်နေ့ရာရောက်ရင် အားပြည့်အောင်အိပ်လိုက်ပါ၊ ဒီတစ်ခါတော့ ခင်ဗျားအိပ်လို့ရအောင် ကျုပ်ကင်းစောင့်ပေးပါမယ်"

ဟုပြောလေ၏။ သူမက သက်ပြင်းချ၍





"ရှင်ကရော မအိပ်ဘူးလား"

ဟု မေးမြန်းလေ၏။ မိုးသီးက

"ကျုပ်က တစ်ရက်နှစ်ရက် မအိပ်ရုံနဲ့ ပြဿနာမရှိပါဘူး"

ဟုပြောလေရာ သူမက စကားမတုံ့ပြန်တော့ပေ။

ခဏအကြာတွင် အရုဏ်တက်ချိန်ရောက်လာသဖြင့် ခရီးဆက်ခဲ့ပြန်၏။

တောနက်ထဲသို့ ရောက်နေသဖြင့် သားရဲတိရစ္ဆာန်ရိုင်းမျိုးစုံကိုတွေ့ရလေ၏၊ သူမသည် စပါးကြီးမြွေကြီးတစ်ကောင်ကို မြင်သောအခါ ထိတ်လန့် ဟန်ဖြင့် မိုးသီး၏ရင်ခွင်ထဲသို့ တိုးဝင်လေ၏။ မိုးသီးက သူမကို တွန်းဖယ်လိုက်ပြီး

"မကြောက်ပါနဲ့၊ သူလမ်းသူသွားတာ"

ဟု သတိပေးလိုက်လေ၏၊ သူမက ရင်ခွင်ထဲက မထွက်ဘဲ

"ဟင့်အင်း ကျွန်မကြောက်တယ်၊ တောထဲမှာမနေရဲတော့ဘူး၊ လူတွေရှိတဲ့နေရာကိုပဲ ပြန်ပြေးရအောင်"

ဟု တောင်းဆိုလေ၏။ မိုးသီးက သူမကိုဖက်၍

"ကျုပ်တို့က တောအလယ်မှာရောက်နေတာ ရွာတွေကိုရောက်အောင် ချက်ချင်းပြန်ပြေးလို့ ဘယ်ရဦးမှာလဲ"

ဟု ပြောလိုက်လေ၏။ သူမက မိုးသီးကို တင်းတင်းကြပ်ကြပ်ဖက်၍

"ဟင့်အင်း ကျွန်မမနေဝံ့တော့ဘူး၊ မြွေတွေရော၊ မျောက်



www.burmeseclassic.com

www.burmeseclassic.com



တွေရော စုံနေတာပဲ၊ ကြောက်စရာတွေချည်းပဲ ''

ဟုပြောလေ၏။ မိုးသီးသည် မိန်းမသားသဘာဝကို နားလည်စာနာမိသဖြင့် မည်သို့နှစ်သိမ့်ရမည်မသိပေ။ ထိုအခိုက်မှာပင် အနောက်မှ သစ်ရွက်ခြောက်များ နင်းခြေသံကိုကြား၍ သူမကို ဆတ်ခနဲ ဆောင့်တွန်း၍ မြေပေါ်သို့လိမ့်ချလိုက်ရာ ဒိုင်းဟူသော အသံနှင့်အတူ သေနတ်ကျည်ဆန်တစ်တောင့်သည် ၎င်းတို့ အနီးမှ ဖြတ်သန်းသွားလေ၏။

မိုးသီးသည် မြေပေါ်တွင်တစ်ပတ်လိမ့်၍ ဒူးထောက်ပြီး ရန်သူကို ဓားလေးဖြင့် ပြန်လည်ပစ်ခတ်လိုက်ရာ ထိုသူသည် အားခနဲအော်၍ လဲကျသွားလေ၏။ မိုးဒေဝီက ရင်ဘတ်ကိုလက်ဖြင့်ဖိ၍

'' ကံကြီးပေလို့ ''

ဟု ရေရွတ်လေ၏။ မိုးသီးက သူမကို မြေပေါ်မှဆွဲထူ၍

'' ကျုပ်တို့ ဒီနေရာက မြန်မြန်ရှောင်မှဖြစ်မယ်၊ သေနတ်သံ ကြောင့် မြွေအဖွဲ့ ကျုပ်တို့ရှိတဲ့နေရာကို ရိပ်စားမိသွားပြီ၊ ဒီအနားမှာ တစ်ယောက် နှစ်ယောက်တော့ ရှိနေဦးမယ်၊ ကျုပ်တို့ကို တောနင်းပြီး လိုက်ရှာနေပုံရတယ် ''

ဟုဆိုကာ ထိုနေရာမှ အမြန်ဆုံးထွက်ခွာခဲ့လေ၏။ တောင်ကုန်းကြီးတစ်ခုကို ကျော်ပြီးသောအခါ မိုးသီးက သူမ၏ပါးစပ်ကို ပိတ်၍ ချုံပုတ်ထဲသို့ ဆွဲလှဲလိုက်လေ၏။

သူမသည် ရုတ်တရက်ကြောင်အမ်းအမ်းဖြစ်ပြီး ရုန်းကန်နေလေရာ မိုးသီးက လေသံတိုးတိုးဖြင့်





'' ငြိမ်ငြိမ်နေစမ်းပါ၊ ခင်ဗျားကို မကောင်းကြံဖို့မဟုတ်ဘူး၊ မြွေ တစ်ကောင်ရှေ့မှာရောက်နေတယ် ''

ဟု ပြောလေရာ သူမသည် သဘောပေါက်ဟန်ဖြင့် ငြိမ်သက်သွားလေ၏။ မိုးသီးသည် ချုံပုတ်ထဲမှအသာထ၍ အနီးရှိ သစ်ပင်၏ သစ်ကိုင်းကို ခိုဆွဲပြီးတက်လိုက်လေ၏။ ထိုအခိုက်မှာပင် မြွေအဖွဲ့မှလူ တစ်ဦးသည် သေနတ်ကို အသင့်အနေအထားဖြင့် ဆင်၍ ရှေ့သို့တစ်လှမ်းချင်း တိုးကပ်လာ၏။

ထိုသူသည် သေနတ်သံထွက်ပေါ်ရာအရပ်သို့ သတိကြီးစွာထား၍ ချဉ်းကပ်လာခြင်းဖြစ်၏။

ရန်သူအောက်တည့်တည့်သို့ရောက်သောအခါ မိုးသီးက မြေပေါ်သို့ခုန်ချ၍ ကြောင်အမ်းအမ်းဖြစ်နေသော ရန်သူ၏ပေါင်ကြားကို ခြေဖြင့်ကန်လိုက်ရာ ရန်သူသည် အားခနဲအော်၍ ခုန်ဆွခုန်ဆွဖြစ်သွားလေ၏။

ထိုအခါမှပင် သူ၏နံရိုးအား ခြေဖမိုးဖြင့်လွှဲကန်လိုက်ရာ ရန်သူသည် မြေပေါ်သို့ ပျော့ခွေ၍ လဲကျသွားလေ၏။

မိုးဒေဝီသည် ချုံထဲမှထွက်၍ မိုးသီးတိုက်ခိုက်ပုံကို တအံ့တဩကြည့်ကာ

'' ရှင့်ရဲ့တိုက်ခိုက်ပုံဟာ သိပ်စံနစ်ကျတာပဲ၊ မြွေအဖွဲ့ကလူတွေ ရှင့်ကိုပြန်တောင်မတိုက်နိုင်ဘူးနော် ''

ဟု မှတ်ချက်ချလေ၏။ မိုးသီးသည် သူမကို စကားမတုံ့ပြန်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ ချုံကွယ်တစ်ခုအနီးတွင် ငြိမ်သက်စွာစောင့်နေလေ၏။

ခဏအကြာတွင် ရန်သူတစ်ဦးသည် အနီးမှဖြတ်သန်းသွားလေရာ မိုးသီးက ချုံအနောက်မှထွက်၍ ရန်သူ၏ကိုယ်ကို လည်ပင်းမှသိုင်းချုပ်၍ လှဲချလိုက်ပြီး မြေပေါ်သို့ရောက်သောအခါ ဒူးဖြင့် ဖိတိုက်လိုက်လေ၏။

ရန်သူသည် အင့်ခနဲအော်၍ မေ့မျောသွားလေ၏။ ထိုအခိုက်မှာပင် သူ၏အနောက်မှ တဟားဟားရယ်မောသံကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ သေနတ်ဖြင့်ချိန်ထားသော ရန်သူတစ်ယောက်ကို မြင်ရလေ၏။ မိုးသီးသည် အနည်းငယ်လောကြီးသွားသော မိမိအပြစ်ကို ခွင့်မလွှတ်နိုင်အောင်ဖြစ်ရလေ၏။ ထိုရန်သူက

" ဟား ဟား ဟား… စိုက်ခင်းကကောင်က လူစွမ်းကောင်းပါလား၊ ဘာပဲဖြစ်ဖြစ် ပရိယာယ်နဲ့အနိုင်ယူတော့လဲ ခံရတော့တာပဲ၊ မလှုပ်နဲ့နော်၊ ငြိမ်ငြိမ်လေးနေ၊ ဟိုကောင်မ ဘယ်မှာလဲ "

ဟု မေးမြန်းလေ၏၊ မိုးသီးက မဖြေဘဲ ငြိမ်သက်စွာကြည့်နေစဉ် အနောက်မှ မိုးဒေဝီထွက်လာပြီး

" ကျွန်မ ဒီမှာပါ "

ဟု အသံပြုလိုက်ရာ ရန်သူသည် ကမူးရှူးထိုးလှည့်ကြည့်လေ၏။ သို့သော် မိုးဒေဝီက ခြောက်လုံးပြူးဖြင့် ဒိုင်းခနဲမြည် အောင်ပစ်ချလိုက်သဖြင့် ရန်သူသည် ပြိုလဲကျသွားလေ၏။

မိုးသီးက မီးခိုးများလွင့်နေသော ခြောက်လုံးပြူးကိုကြည့်၍





" သေနတ်ပစ်သိပ်မြန်ပါလား "

ဟု ချီးမွမ်းလေ၏။ သူမက ရယ်မော၍

" ကျွန်မမှာ ရန်သူတွေဝိုင်းနေကတည်းက သေနတ်ပစ် လေ့ကျင့်ထားတဲ့ အကျိုးကျေးဇူးပါ "

ဟုပြောလေ၏။ မိုးသီးက ရန်သူ၏ခန္ဓာကိုယ်တွင် ရှာဖွေ၍ လက်နက်များကို သိမ်းဆည်းလိုက်ပြီး

" ဒီပုံအတိုင်းဆိုရင် ရန်သူတွေ အတော်လျော့သွားပြီး သုံးလေးယောက်လောက်ပဲ ကျန်မယ်ထင်တယ် "

ဟု ရေရွတ်လေ၏။

မိုးသီးတို့သည် ထိုနေ့တစ်နေ့လုံး မြေအဖွဲ့နှင့် မတွေ့ရသဖြင့် ရန်သူများ မလိုက်ဝံ့တော့ဘဲ နောက်ကြောင်းပြန်လှည့်လေသလားဟု တွေးမိလေ၏။ ထိုနေ့ညသို့ရောက်သောအခါ လိုဏ်ဂူငယ်လေး တစ်လုံးကိုသွား၍ အိပ်စက်ရန်ပြင်လေ၏။

သူမက မိုးသီးကို အနားသို့ခေါ်၍

" ကျွန်မတစ်ယောက်တည်း မအိပ်ဝံ့ဘူးနော် "

ဟုပြောလေ၏။ မိုးသီးက

" ကျုပ်မအိပ်ပါဘူး၊ အနားမှာ ထိုင်စောင့်နေပါမယ် "

ဟုပြောလေရာ သူမက ကရုဏာသက်ထမ်းဖြင့်

" ရှင် ညကလဲ မအိပ်ဘူး၊ ရန်သူနဲ့တွေ့ရင် တိုက်နိုင်လိမ့်မယ် ဖြစ်ပါ့မလား "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ မိုးသီးက ခေါင်းညိတ်၍

" ဖြစ်ပါတယ်၊ ကျုပ်အတွက်မပူပါနဲ့၊ ညမအိပ်ရတာ ကျုပ်အတွက်ရိုးနေပြီ၊ ခင်ဗျားသာအိပ်ပျော်အောင်အိပ်ပါ၊ မနက်ဖြန် ရွာကိုပြန်ဖို့ ကြိုးစားကြတာပေါ့ "

ဟု ပြောလေရာ သူမက မျက်မှောင်ကြုတ်၍

" ကျွန်မတို့ အေးဆေးသက်သာစွာနဲ့ ရွာကိုပြန်နိုင်ရင် သိပ်ကောင်းမှာပဲ "

ဟုပြောလေ၏။ မိုးသီးက သူမဘက်သို့လှည့်၍

" မြွေအဖွဲ့ကလူတွေမရှိရင် ကျုပ်တို့ရွာပြန်နိုင်ပြီပေါ့၊ ဘာစိုးရိမ်စရာရှိလို့လဲ "

ဟု မေးလေ၏။ သူမက လေသံတိုးတိုးဖြင့်

" မြွေတွေမရှိတော့ရင်လဲ မြွေတွေထက်ကြောက်စရာကောင်းတဲ့သူတွေနဲ့ ရှင်တွေ့နိုင်စရာရှိတယ် "

ဟု ရေရွတ်လေရာ မိုးသီးက

" မြွေထက်ကြောက်စရာကောင်းတဲ့သူ ဟုတ်လား၊ ဘယ်သူတွေလဲ "

ဟု မေးမြန်းလေ၏။ သူမက

" မကြာခင်သိရမှာပေါ့ရှင် "

ဟု ပဟေဠိဆန်သောစကားကိုပြော၍ စကားဖြတ်ကာ မိုးသီး၏မျက်နှာကို အဓိပ္ပာယ်ပါပါဖြင့်ကြည့်၍





" ဒီနေ့ညတော့ ကျွန်မတကယ်အိပ်ချင်နေပြီရှင်၊ အခုဆို တွေလို ကယောင်ကတန်းနဲ့ အိပ်မက်မက်မှာမဟုတ်တော့ဘူး ရှင် စိတ်ချလက်ချသာနေပါ "

သူမသည် မိုးသီးကိုကျောခိုင်း၍ အိပ်စက်လေတော့၏။

ယနေ့ညတွင်မူ သူမသည် အမှန်တကယ်ပင်ပန်း၍ အိပ်ပျော်သွားပုံရလေ၏။

မိုးသီးသည် ကျောခိုင်းအိပ်ပျော်နေသော မိုးဒေဝီကိုကြည့်၍ သူ၏ချစ်သူ ပန်းနုကို မြင်ယောင်မိလေ၏။

ထိုညတစ်ညလုံး မိုးသီးသည် အိပ်စက်ခြင်းမရှိဘဲ သူမကို စောင့်၍ မိနေခဲ့လေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ ၎င်းတို့သည် တောင်ကုန်းကြီးတစ်ခုပေါ်သို့ တရွေ့ရွေ့တက်ခဲ့လေ၏။ မိုးသီးက

" ဒီတောင်ကုန်းကြီးပေါ်ကို တဖြည်းဖြည်းရောက်အောင် တက်ကြမယ်၊ တောင်ကုန်းပေါ်ရောက်ရင် ရန်သူတွေ ကျုပ်တို့ကို တိုက်လို့မလွယ်တော့ဘူး၊ ကျုပ်တို့က အသာစီးကဖြစ်နေပြီ "

ဟုပြောလေ၏။ မိုးဒေဝီသည် ချွေးတဒီးဒီးကျအောင် တောင်ကုန်းကြီးပေါ်သို့တက်ရလေ၏။ ခဏအကြာတွင် သူမသည် ရပ်နား၍ နဖူးပေါ်တွင် စီးကျလာသော ချွေးသီးချွေးပေါက်များကို သုတ်လေ၏။

" တောင်ကြီးက အတော်မြင့်တယ်နော်၊ တက်ရတာ မလွယ်ဘူး၊ လေတွေလဲ တဟူးဟူးတိုက်နေတယ်၊ တိုးဘက်မှာ ကျောက်ကမ္ဘား



www.burmeseclassic.com

www.burmeseclassic.com



ကြီးရှိတယ်ထင်တယ် ''

ဟု ရေရွတ်ကာ ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်ချလိုက်လေ၏။ မိုးသီးက

'' မြွေအဖွဲ့ကကောင်တွေကို ဒီနေရာကစောင့်ပြီး ကောင်းကောင်း ဒုက္ခပေးလို့ရတယ် ''

ဟုရေရွတ်လေ၏။

ထိုအခိုက်မှာပင် ၎င်းတို့နောက်မှ တဟားဟား ရယ်မောသံကို ကြားရပြီး ရန်သူများထွက်လာလေ၏။

မိုးသီးသည် ၎င်းတို့တစ်ကွက်နောက်ကျသွားပြီဟုတွေးမိကာ သက်ပြင်းချလိုက်လေ၏။ သစ်ပင်နောက်မှ လက်နက်ကိုယ်စီ ကိုင်ထားသော ရန်သူလေးယောက်ထွက်လာ၏။ ရန်သူများမှ ခေါင်းဆောင်ဖြစ်ဟန်တူသူက တဟားဟားရယ်မော၍

'' ဒီတောဒီတောင်ကို မင်းတစ်ယောက်တည်း ကျွမ်းကျင်တယ်ထင်လား ကောင်လေး၊ တကယ်တော့ ဒီတောထဲကို အမဲလိုက်ရင်း ငါအကြိမ်ကြိမ်ရောက်ဖူးတယ်၊ ဒါကြောင့် ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာ ကြိုတင်သိနေတယ်၊ မင်းဟာ ငါ့ရဲ့အဖွဲ့သားတွေကို အနိုင်တိုက်ပြီး ဒီတောင်ကြီးကို အရောက်လာမယ်ဆိုတာ ကြိုတင်တွက်ဆမိတယ်၊ အခုတော့ ပြေးလို့လွတ်သေးရဲ့လား၊ ဒီကောင်မကို ကလဲ့စားချေဖို့ ငါတို့အဖွဲ့ဝင်တွေအကုန်လုံး အသက်ဆုံးရှုံးခဲ့ရတယ်၊ ဒါကြောင့် မြွေဟောက်မကို ချက်ချင်း မသတ်သေးဘူး၊ အောင်ဆေအောင်သားစားပြီးမှ ညှင်းဆဲပြီး သတ်ပစ်မယ် ''





ဟုပြောလေရာ မိုးဒေဝီသည် သူမ၏နားထင်ကို လက်ဖြင့်ထောက်၍ မျက်နှာရှုံ့မဲ့ကာ

'' မှူးလိုက်တာ ''

ဟု ရေရွတ်၍ ကျောက်တုံးကြီးပေါ်မှ လဲကျသွားလေ၏။ မိုးသီးသည် ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ ခါးကြားမှ ဓားမြှောင်နှစ်ချောင်းကို လျှင်မြန်စွာထုတ်၍ ရန်သူနှစ်ယောက်ကို ဆော်ပေါက်၍ မြေပေါ်သို့ လိမ့်ချလိုက်လေ၏။

ရန်သူနှစ်ဦးသည် အားခနဲအော်၍ မြေပေါ်သို့လဲကျသွားပြီး ခေါင်းဆောင်လုပ်သူသည် ဒေါသတကြီးဖြင့် မိုးသီးအား သေနတ်ဖြင့် တဖိုင်းဖိုင်းပစ်လေ၏။ မိုးသီးသည် ကျောက်တုံးကြီးနောက်တွင် ပုန်းကွယ်ရင်း ဓားလေးဖြင့် ပြန်ပစ်ရန် ပြင်ဆင်လေရာ သူ၏ဓားလေးသည် မြေပေါ်သို့လိမ့်ချစဉ် ကျကျန်ခဲ့ကြောင်း တွေ့ရလေ၏။

မိုးသီးသည် လက်နက်မဲ့သွားသဖြင့် ကျောက်တုံးနောက်တွင် ငြိမ်သက်စွာနေရလေ၏။ ခေါင်းဆောင်လုပ်သူနှင့် တပည့်တစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် မျက်ရိပ်ပြ၍ ကျောက်တုံးကြီးကို ညှပ်ပူးညှပ်ပိတ် ချဉ်းကပ်လာလေ၏။

မိုးသီးသည် သေနတ်သမားနှစ်ဦး သူ့အနီးသို့ ချဉ်းကပ်လာကြောင်း ရိပ်စားမိသဖြင့် အခက်ကြုံနေလေ၏။

ထိုအခိုက်မှာပင် မိုးဒေဝီသည် မြွေအဖွဲ့၏ ခေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



အနောက်မှ ထွက်ပေါ်လာပြီး တဟားဟားရယ်မော၍

" မိန်းမမာယာသဲကိုးဖြာဆိုတဲ့ စကားကို ရှင်မေ့သွားတာ သိပ်ကံဆိုးသွားပြီ၊ ဒါကြောင့် ငရဲပြည်မှာသွားပြီး နောင်တရပေတော့ "

ဟု ကြုံးဝါးကာ သေနတ်ဖြင့် တဒိုင်းဒိုင်းပစ်ခတ်လေရာ မြွေအဖွဲ့၏ခေါင်းဆောင် မြေပေါ်သို့ ပြိုလဲသွားလေ၏။

ထိုအချိန်တွင် ကျောက်တုံးကြီးအနောက်တွင် မိုးသီးသည် သေနတ်ကိုင်လူဆိုးတစ်ဦးနှင့် ရင်ဆိုင်နေရလေ၏။ လူဆိုးသည် မိုးသီးအား သေနတ်ဖြင့်ပစ်ရန် ချိန်လိုက်လေ၏။

မိုးသီးသည် အနီးရှိကျောက်တုံးတစ်ခုကိုကိုင်၍ ထိုသူ၏ ကိုယ်အား တအားကုန်လှမ်းပစ်လိုက်ရာ ရန်သူသည် အားခနဲအော်၍ ဖင်ထိုင်လျက် လဲကျသွားလေ၏။ သို့သော် လက်ထဲရှိ သေနတ် လွှတ်မသွားသေးဘဲ ဖင်ထိုင်လျက်လဲနေရာမှ မိုးသီးအားပစ်ရန်ချိန် လိုက်ပြန်၏။

မိုးသီးသည် ရှောင်တိမ်းရန်အချိန်မရသဖြင့် ကြောင်ငေးငေးကြည့်နေမိ၏။ ထိုအခိုက်မှာပင် ရန်သူ၏ကိုယ်ပေါ်သို့ လွန်စွာသေးငယ်သော မြွေငယ်လေးတစ်ကောင်ပြုတ်ကျလာပြီး ရန်သူကိုပေါက်လိုက်ရာ ရန်သူသည် အားခနဲအော်၍ မြေပေါ်သို့လဲကျသွားလေ၏။

မြွေကလေးကိုပစ်လွှတ်လိုက်သူကိုကြည့်၍ မိုးသီးသည် ပါးစပ်အဟောင်းသားဖြစ်သွားလေ၏။

ထိုသူမှာ လှဥမ္မာဆိုသော မိန်းကလေးဖြစ်၏။ သူမသည်





တောနက်ကြီးအတွင်းသို့ မည်သို့မည်ပုံရောက်ရှိနေသည်မသိပေ။

မိုးသီးက လှဥမ္မာကို တအံ့တဩကြည့်၍

" ဟင်... လှဥမ္မာ၊ ဘယ်လိုဖြစ်ပြီး တောထဲကို [illegible] ရတာလဲ "

ဟု မေးမြန်းလေ၏။ လှဥမ္မာက တဟင်းဟင်းရယ်မော၍

" ကျွန်မကို တောထဲကို နတ်လမ်းညွှန်လိုက်[illegible] ဟောဒီပုဂ္ဂိုလ်ကြီးပေါ့ "

ဟုဆိုကာ သူမအနောက်သို့ လက်ညှိုးညွှန်ပြလိုက်ရာ [illegible] ရှာမှ မုဆိုးဘဖဲကိုတွေ့ရလေ၏။

လှဥမ္မာသည် မုဆိုးဘဖဲကို လမ်းပြအဖြစ် ခေါ်ဆောင်လာ[illegible]

မိုးဒေဝီသည် ခြောက်လုံးပြူးသေနတ်ကို လက်ညှိုးဖြင့် [illegible] ကစားရင်း လှဥမ္မာကိုကြည့်ကာ

" ညည်းရောက်လာပြီလား "

ဟု မေးမြန်းလေ၏။ လှဥမ္မာကခေါင်းညိတ်၍

" ကျွန်မ နည်းနည်းနောက်ကျသွားတယ်၊ [illegible] တဲ့အကြောင်းကတော့ ဟောဒီက လမ်းပြမုဆိုးကြီး[illegible] ကျွန်မကို ရိသဲ့သဲ့လုပ်နေလို့ပါ "

ဟု ပြောလေရာ မုဆိုးဘဖဲသည် မျက်နှာကွက်[illegible] ၏။ မိုးဒေဝီက ခြောက်လုံးပြူးသေနတ်ကို လှည့်[illegible] မုဆိုးဘဖဲကိုကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



" ရှင်က အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ားကြီးလုပ်ပြီးတော့ တောကြီးမြက်မည်းထဲမှာ ခိုကိုးရာမဲ့ဖြစ်နေတဲ့ မိန်းကလေးတစ်ယောက်ကို စော်ကားဖို့ကြိုးစားတာလွန်တာပေါ့ရှင်၊ ဒါကြောင့် ရှင့်ကိုအပြစ်ပေးရမယ် "

ဟုဆိုကာ ဘဲဗ်အားခြောက်လုံးပြူးဖြင့်ဒိုင်းခနဲပစ်ချလိုက်ရာ ဘဲဗ်သည် အသံနက်ကြီးနှင့်အော်၍ ချောက်ကမ်းပါးထဲသို့ လိမ့်ကျသွားရှာလေ၏။ မိုးသီးသည် မိုးဒေဝီ၏ ရက်စက်သော အပြုအမူကြောင့် မျက်လုံးပြူးသွားပြီး

" ဟာ... ခင်ဗျားဘယ်လိုလုပ်လိုက်တာလဲ၊ ဒါကျုပ်တို့ရွာက မုဆိုးဗျ "

ဟု အော်ဟစ်တားဆီးလေ၏။ မိုးဒေဝီက တဟားဟားရယ်မော၍

" မြင်တဲ့အတိုင်းပဲလေ၊ ယောကျ်ားတွေဟာ တဏှာရူးတွေ ဒီကောင်တွေကို ဒီလိုဆုံးမမှ ရမယ် "

ဟုပြောဆိုလေရာ မိုးသီးသည် မိုးဒေဝီကို နားမလည်နိုင်ဟန်ဖြင့် ကြည့်လိုက်လေ၏။ မိုးဒေဝီက ရယ်မော၍

" ဟား ဟား ဟား... နောက်ဆုံးတော့ ငါ့ရန်သူ မြွေတွေလဲ အကုန် သေကုန်ပြီ၊ ငါတို့ညီအစ်မကို နှောင့်ယှက်မယ့်သူမရှိတော့ဘူး တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်ပဲ "

ဟုပြောဆိုလေရာ လှဥမ္မာကရယ်မော၍





" မမရဲ့အကြံဉာဏ်တွေ သိပ်ကောင်းတာပဲ "

ဟု ချီးကျူးလေ၏။ မိုးသီးက နားမလည်ဟန်ဖြင့်ကြည့်၍

" ဟင်... ခင်ဗျားတို့နှစ်ယောက်က ညီအစ်မတွေလား "

ဟု မေးမြန်းလေ၏။ မိုးဒေဝီက ခေါင်းညိတ်၍

" ဟုတ်တယ်၊ ရှင်အံ့ဩသွားပြီလား၊ ကျွန်မတို့ဟာ ညီအစ်မတွေပဲ၊ ညီမလေးရေ မမတို့ရဲ့နောက်ဆုံးရည်ရွယ်ချက်ကိုအကောင်အထည်ဖော်ရတော့မယ် "

ဟုပြောလေရာ လှဥမ္မာကရယ်မော၍

" အကောင်းဆုံးပေါ့ မမရယ် "

ဟု ထောက်ခံလေ၏။ မိုးသီးက ၎င်းတို့ညီအစ်မကို နားမလည်ဟန်ဖြင့် ကြည့်ရှုနေလေ၏။ မိုးဒေဝီက သူမလက်ထဲရှိခြောက်လုံးပြူးသေနတ်ကို လှည့်ပတ်ကစားနေရာမှ မိုးသီး၏ရင်ဘတ်ကို တည့်မတ်စွာ ချိန်လိုက်လေ၏။ မိုးသီးက အထိတ်တလန့်ဖြင့်

" ဟေ့... ခင်ဗျားဘာလုပ်တာလဲ "

ဟု မေးမြန်းလေ၏။ မိုးဒေဝီက တဟင်းဟင်းရယ်မော၍

" သူရဲကောင်းကြီး မလှုပ်နဲ့နော်၊ ကျွန်မသေနတ်ပစ်တာ ယှဉ်ပြိုင်ဖက်ကင်းတယ်ဆိုတာ ရှင် မျက်မြင်ကိုယ်တွေ့ပဲ ဖြစ်မှာပါ။ အဲ မိုးမြေ ရတနာသိုက်ကို ရှင်တွေ့ထားတာ ကျွန်မသိတယ်၊ ဒါကြောင့် ရတနာသိုက်မြေပုံကို ထုတ်ပေးပေတော့ "

ဟုပြောလေရာ မိုးသီးသည် လွန်စွာအံ့ဩသွားပြီး မယုံနိုင်ဟန်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မိုးဒေဝီကိုကြည့်၍

" မိုးမခ ရတနာသိုက်ကို ခင်ဗျားက ဘယ်လိုသိနေတာလဲ "

ဟု မေးမြန်းလေ၏။ မိုးဒေဝီက တဟင်းဟင်းရယ်မော၍

" သိတာပေါ့၊ မိုးမခမင်းသားဟာ အောက်ပြည် အောက်ရွာကို ဗိုလ်ရိုလှည်းနှစ်စီးနဲ့လာခဲ့စဉ်က ကျွန်မတို့အဘိုးဟာ မိုးမခမင်းသားရဲ့ ကိုယ်ရံတော်လုပ်ခဲ့တာပဲ၊ မိုးမခမင်းသားကို တောကြောင်တွေ ဝိုင်းတိုက်ခိုက်ခဲ့စဉ်က အဘိုးဟာ ဒဏ်ရာရပြီး ကွဲကွာသွားခဲ့တယ်၊ ဒါကြောင့် မိုးမခရတနာသိုက် အကြောင်းကို ကျွန်မတို့ငယ်စဉ်ကတည်းက ကြားခဲ့ဖူးတယ်၊ ကျွန်မတို့ ညီအစ်မနှစ်ယောက်ဟာ ငယ်စဉ်ကတည်းက မိုးမခရတနာသိုက်ကို မရရအောင် ရှာဖွေမယ်လို့ စိတ်ကူးတွေယဉ်ခဲ့ကြတယ်၊ အခုတော့ ကျွန်မရဲ့ ရန်သူမြွေအဖွဲ့လဲ ပြိုကွဲသွားပြီး မိုးမခရတနာသိုက်ကိုလဲရတော့မယ် "

ဟုပြောလေရာ မိုးသီးသည် မိုးဒေဝီနှင့် လှဥမ္မာ၏လောဘစိတ်ကို ရိပ်စားမိသွားလေ၏။ မိုးဒေဝီ၏ ရက်စက်ကြမ်းကြုတ်ပုံများကို လည်း ပြန်လည်မြင်ယောင်လာ၏။ သူမအတွက် အသက်စွန့်သွားသော လူပုလေးနှစ်ယောက်ကိုပင် ကျေးဇူးတင်ခြင်းမရှိပေ။

မိုးသီးက သက်ပြင်းချ၍

" နေပါဦး၊ မိုးမခရတနာသိုက်ရဲ့သဲလွန်စကို ခင်ဗျားတို့ ဘယ်လိုသိတာလဲ "

ဟု မေးမြန်းလေ၏။ မိုးဒေဝီက ရယ်မော၍





" ဒါမခက်ပါဘူး၊ မြို့ပေါ်က ရွှေဆိုင်မှာ ရေးတောင်းအစီအစ လာရောင်းသွားကတည်းက မိုးမခရတနာသိုက်ကို မင်းတို့ တွေ့သွားပြီ ဆိုတာ ငါတို့ ရိပ်စားမိခဲ့တယ်၊ တကယ်တော့ အဲဒီရွှေဆိုင်ဟာ ငါပိုင် တဲ့ရွှေဆိုင်ပဲ၊ နောက်ပြီး ကမ်းပါးပြိုတဲ့နေ့က အရှုံးမ မစိန်ဥက တစ်ရွာ လုံးကြားအောင် ဥစ္စာစောင့်သိုက်ပွင့်နေပြီလို့ လိုက်အော်နေတာလဲ သတိထားမိတယ်၊ စောစောက ချောက်ထဲကို ကျသွားတဲ့ မုဆိုးဘခင်က လည်း ကမ်းပါးပြိုတဲ့နေ့က မြေသားတွေထဲမှာ မသကာစရော သေတ္တာ တစ်လုံး မြှုပ်နှံထားတဲ့ သဏ္ဌာန်ပေါ်နေတယ်လို့ပြောတယ်၊ ဒါတွေ အားလုံးကို စုစည်းလိုက်တော့ ရှင်ဟာ မိုးမခရတနာသိုက် တွေ့ထားပြီ ဆိုတာ သေချာနေပြီပေါ့ရှင်၊ ကဲ… ရတနာသိုက်ကို ဘယ်မှာမြှုပ်ထား လဲ၊ မြေပုံကို ထုတ်ပေးပေတော့၊ မပေးရင်တော့ ရှင့်ကိုသတ်ပြီး ချွေး ကိုယ်မှာ ရှာရမှာပဲ၊ တကယ်တော့ ရှင်ဟာ မိုက်မဲတဲ့သူမို့လို့ သေရလို့ အကြမ်းကိုင်ရတာပါ၊ တောထဲမှာ ရှင့်ကို မာယာနဲ့မြူဆွယ်ခဲ့တာ သတိရ ရဲ့လား၊ တကယ်တော့ ကျွန်မရဲ့မူလအစီအစဉ်က ရှင့်ကို မာယာနဲ့မြူ ဆွယ်ပြီး မိုးမခရတနာသိုက်ရဲ့မြေပုံကို တောင်းယူမလို့ပါ၊ ရှင်က မသိမှာ တဲ့သူမို့လို့ အကြမ်းဖက်တဲ့ အဆင့်ကိုရောက်ရတာပါ၊ ထင်းစင်း … တကယ်ဆိုရင် ရှင်လိမ္မာရင် ဘယ်လောက်ကောင်းမလဲနော်၊ ရှင်ကတော့ မြို့ကြီးသူ မိန်းမချောလေးတစ်ယောက်က ရှင့်ကိုချစ်နေပြီဆိုပြီး ငါ့ကိုမ တို့အထင်သေးမှာပဲ၊ ကဲ… ပြောနေတာကြာပါတယ်၊ မိုးမခရတနာသိုက် ရဲ့မြေပုံကို အမြန်ဆုံးထုတ်ပေးပေတော့ "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ မိုးသီးသည် ဘေးကျပ်နံကျပ်ဖြစ်နေပြီး သူ့အတွက် အလွန်အန္တရာယ်များသော အချိန်သို့ ရောက်ရှိနေကြောင်း သတိထားမိ၏။

လောဘရမ္မက်ကြီးသော ညီအစ်မနှစ်ယောက်သည် သူ့အသက်ကို ကောင်းစွာရန်ရှာသွားနိုင်၏။ ထို့ကြောင့် ၎င်းတို့ကို အချိန်ဆွဲထားပြီး လွတ်မြောက်ရန် လမ်းရှာရန် စဉ်းစားမိ၏။ မိုးသီးက မကျေမနပ်ဖြင့် တက်ခေါက်၍

" တော်ကီ... ခင်ဗျား အတော်ယုတ်မာပက်စက်ပါလား။ ကျုပ်ကရတော့ အားနဲ့ပြီး ခိုကိုးရာမဲ့ဖြစ်နေတဲ့ မိန်းမသားဆိုပြီး သက်စွန့်ကြိုးပမ်း ကူညီပေးခဲ့တယ်၊ ဒီကျေးဇူးတွေကိုဆပ်လိုက်တာလား "

ဟုပြောရင်း မြွေအလမ္ဗာယ်ပညာရှင် လှဥမ္မာဘက်သို့ လှည့်၍

" ခင်ဗျားလဲ ကျေးဇူးတရားကို မေ့နေပြီလား၊ တောထဲမှာ အဆိပ်ပြင်းတဲ့ ပျားရဲ့ရန်က ကာကွယ်ပေးခဲ့တယ်လေ "

ဟုပြောလေ၏။ လှဥမ္မာက တခစ်ခစ်ရယ်မော၍

" ကျွန်မတို့ညီအစ်မကို ကျေးဇူးတရားအကြောင်းပြောရင် ရှင်အာပေါက်ပြီး သေရုံပဲရှိမှာပဲ၊ ဒီတော့ မြေပုံကို အမြန်ဆုံးထုတ်ပေးပေတော့ "

ဟုပြောလေ၏။ မိုးသီးက အချိန်ဆွဲလိုသေးသဖြင့်

" နေပါဦး၊ မိုးမခရတနာသိုက်ရဲ့ မြေပုံရှိတယ်ဆိုတာ ခင်ဗျားတို့ အယ်လိုသိလဲ "





ဟု မေးမြန်းလေ၏။ မိုးဒေဝီက ရယ်မော၍

" ဒါ လွယ်လွယ်လေးပါ၊ ရှင်ဟာ မိုးမခရတနာသိုက်ကို ရှာဖွေဖို့ ဖွက်စရာနေရာမှမရှိတာ၊ ရှင်နေတဲ့တဲအိမ်ကလဲ လယ် စောင့်တဲသာသာပဲရှိတာ၊ ဒါကြောင့် တောထဲမှာ လုံလုံခြုံခြုံမြှုပ်ထားပြီး မြေပုံဆွဲထားမယ်ဆိုတာ တွက်ဆမိတယ် "

မိုးဒေဝီတို့ညီအစ်မသည် မိုးမခရတနာသိုက်ဆိုသည်မှာ ခိုကျင်ကလေးတစ်ရုပ်သာဖြစ်ကြောင်း မရိပ်မိဘဲ လွန်စွာများပြားသော ရတနာသိုက်ကြီးဟု ထင်မြင်နေပုံရ၏။

ထို့ကြောင့် မိုးသီးသည် ရတနာများကို လုံခြုံရာနေရာတွင် မြှုပ်နှံ၍ မြေပုံဆွဲထားမည်ဟု ထင်မြင်နေလေ၏။

သူသည် စာခြောက်ရုပ်ထဲတွင်ဖွက်ထားသော ခိုရုပ်ကလေးကို သတိရ၍ ရင်ထဲတွင် ကြိတ်ပြုံးလိုက်မိ၏။

လောဘဇောကပ်နေသော ညီအစ်မနှစ်ဦးသည် မိုးမခ ရတနာသိုက်ကို မရလျှင် သူ့ကိုသတ်မှာသေချာ၏။ ထို့ကြောင့် ၎င်းတို့ထင်မြင်ထားသော မြေပုံကိုအကြောင်းပြု၍ ကိုယ်လွတ်ရုန်း ကြံရန် ဆုံးဖြတ်လိုက်၏။ မိုးသီးသည် ဒေါသဖြစ်ဟန်ဖြင့် မျက်နှာကို မြင်လိုက်ပြီး

" ဒီမှာ မိုးမခရတနာသိုက်ဟာ ကျုပ်တစ်ယောက်တည်း ပိုင်ရမယ်၊ ရတနာသိုက်ကို ကျုပ်မပိုင်နိုင်တော့တဲ့အတူတူ ခင်ဗျားတို့လဲ မရစေရဘူး၊ ဟောဒီမှာ ရတနာသိုက်ရဲ့မြေပုံပဲ "

ဟုဆိုကာ သူ၏အိတ်ထဲတွင် ပါကြီးလျော့ထုပ်ထားသော စက္ကူကို



www.burmeseclassic.com

www.burmeseclassic.com



လေထဲတွင် လှုပ်ရမ်းပြလေ၏။

ညီအစ်မနှစ်ယောက်သည် ရတနာသိုက်မြေပုံကို လောဘရမ္မက်ကြီးစွာဖြင့် လိုက်လံကြည့်ရှုနေလေ၏။ မိုးသီးက တဟားဟားရယ်မော၍

" ဟား ဟား ဟား... ရတနာသိုက်ကို ကျုပ်မပိုင်သလို ခင်ဗျားတို့လဲ မပိုင်စေရဘူး ဒါကြောင့် သွားပေတော့ကွာ "

ဟု ရေရွတ်ကာ မြေပုံကို ချောက်ကမ်းပါးဘက်သို့ တအားကုန် လွှမ်းပစ်လိုက်လေ၏။ ထိုအခါ လောဘရမ္မက်ကို မထိန်းနိုင်သော မိုးဒေဝီသည် မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် စက္ကူစုတ်နောက်သို့ အပြေးလိုက်ဖမ်းလေ၏။

မိုးဒေဝီသည် စက္ကူစုတ်ကို မိလုမိခင်ဖြစ်ရာမှ လေတစ်ချက်ဝှေ့လိုက်သဖြင့် လွင့်ထွက်သွားသော စက္ကူစုတ်နောက်သို့ လိုက်ရာမှ အရှိန်မထိန်းနိုင်ဘဲ ချောက်ကမ်းပါးထဲသို့ အသံနက်ကြီးနှင့် အော်၍ ပြုတ်ကျသွားလေ၏။

မိုးသီးသည် သူမ၏ မိုက်မဲလှသော လုပ်ရပ်ကိုကြည့်၍ ဟာခနဲ အော်ဟစ်လိုက်လေ၏။

သူသည် မိုးဒေဝီတို့ညီအစ်မအား အာရုံပြောင်းရန် ရည်ရွယ်ပြီး အသက်ဆုံးရှုံးစေရန် ဆန္ဒမရှိသဖြင့် စိတ်မကောင်းဖြစ် သွားလေ၏။

လှဥမ္မာသည် ချောက်ကမ္ဘားအစပ်သို့သွားကာ

" မမ... မမ "





ဟု အော်ဟစ်ရင်း မိုးသီးဘက်သို့လှည့်ကာဒေါသတကြီးဖြင့်

" လူယုတ်မာ၊ ရှင့်အတွက်ကြောင့် မမသေရတယ်၊ မမ သေသလို ရှင်လဲ သေစေရမယ် "

ဟုဆိုကာ မိုးသီးအား သူမ၏ရင်ဘတ်ထဲရှိသက်စောင့်မြွေနှင့် လွှမ်းပစ်လိုက် လေ၏။ မိုးသီးသည် အနီးရှိ သစ်ကိုင်းတစ်ခုကိုပိုး၍ လေထဲတွင် ဝဲပျံလာသော မြွေကိုလှမ်းရိုက်လိုက်လေ၏။ မြွေသည် သစ်ကိုင်းခြောက်နှင့် အရိုက်ခံရသောကြောင့် မူးဝေပြီး လှဥမ္မာ၏ ကိုယ်ပေါ်သို့ ပြန်လည်လွင့်စင်သွားလေ၏။ လှဥမ္မာသည် သူမထံသို့ ပြန်လည်လွင့်စင်လာသောမြွေကို ကြောင်အမ်းအမ်းကြည့်နေစဉ်မှာပင် လည်တိုင်ကို မှားယွင်း၍ အကိုက်ခံလိုက်ရပြီး အားခနဲ အော်ဟစ်ကာ ချောက်ကမ်းပါးထဲသို့ထိုးကျသွားလေ၏။

မိုးသီးသည် လောဘရမ္မက်ကြီးလှသော ညီအစ်မနှစ်ယောက်၏ ဇာတ်သိမ်းမကောင်းပုံကိုကြည့်၍ မြေပေါ်တွင် ခြေပစ်လက်ပစ် လှဲချလိုက်လေ၏။

* * * * * * * *



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီးနောက် တစ်လခန့် အကြာတွင် ပေတောကုန်းရွာကလေး၌ မင်္ဂလာပွဲတစ်ခုကို ကျင်းပလေ၏။ ထိုမင်္ဂလာပွဲမှာ မိုးသီးနှင့် ရွာကွမ်းတောင်ကိုင် ပန်းနု၏ မင်္ဂလာပွဲပင်ဖြစ်၏။

ရွာသူရွာသားများသည် မိုးသီးအား ကွမ်းတောင်ကိုင် အချိုချော ပန်းနုနှင့် ရရှိသဖြင့် ကံထူးလှပေသည်ဟု ချီးမွမ်းကြ၏။ ပန်းနုသည် မိဘနှစ်ပါးမရှိတော့သဖြင့် အစ်ကိုဖြစ်သူ၏ အုပ်ထိန်းမှုအောက်တွင် နေထိုင်ရသောကြောင့် ပန်းနု၏အစ်ကို ကိုတင်မောင်အား အဆင့်





အတန်းမခွဲခြားတတ်သူ၊ လူလူချင်း စာနာထောက်ထားတတ်သူဟု ဝိုင်းဝန်းချီးမွမ်းမှုကို ခံရလေ၏။

မနေ့ဂုဏ်မောက်၍ စိတ်သဘောထားခက်ထန်လှသော ကိုတင်မောင်ကိုယ်တိုင် မိုးသီး၏ပခုံးကိုဖက်၍ ညီလေး ညီလေးဟု ခေါ်ဝေါ်နေသဖြင့် မိုးသီး သည် နားမလည်နိုင်အောင်ဖြစ်မိလေ၏။

ဤကဲ့သို့ မြန်မြန်ဆန်ဆန် မင်္ဂလာပွဲကြီး အထမြောက်သွားသဖြင့် အိပ်မက်တစ်ခုလေလားဟု ထင်မိလေ၏။

မည်သို့ပင်ဖြစ်စေ သူချစ်သော ပန်းနုနှင့် အမြန်ဆုံးနီးရပြီဖြစ်သဖြင့် အပျော်ကြီးပျော်နေမိ၏။

ပန်းနုနှင့် လက်ထပ်ပြီးနောက် မြန်မာပြည်အနှံ့သို့ ဘုရားဖူး ထွက်၍ ချိုးရုပ်ကလေးကို တန်ခိုးကြီးဘုရားတစ်ဆူတွင် လှူဒါန်းရန် ဆုံးဖြတ်လိုက်မိ၏။

ဦးသိန်းတန်အမွေပေးသွားသော ရွှေဒင်္ဂါးများကိုမူ ထုခွဲရောင်းချ၍ အများကောင်းကျိုးအတွက် လှူဒါန်းမှုပြုမည်ဟု ကြံစည်မိ၏။

မိုးသီးတို့မင်္ဂလာပွဲသည် တစ်ရွာလုံးမီးခိုးတိတ်ကျွေးမွေးသော ပွဲဖြစ်သဖြင့် စည်ကားလှသည်ဟု ဆိုနိုင်၏။

မိုးသီးတို့ ဇနီးမောင်နှံသည် မင်္ဂလာပွဲကြီးပြီးသောအခါ ယောက်ဖဖြစ်သူ ကိုတင်မောင်၏ကောင်းမှုကြောင့် ရွာတောင်ပိုင်းတွင် သီးသန့်ဆောက်လုပ်ထားသော နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးတွင် နေထိုင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးသည် မြင့်မားသော ကုန်းမြင့်ကြီးတွင်ရှိသောကြောင့် တစ်ရွာလုံးကို အပေါ်စီးမှ ကြည့်မြင်နိုင်၏။

ထိုမြင်ကွင်းကိုကြည့်၍ မိုးသီး၏သူငယ်ချင်းများက

" မိုးသီးရယ်၊ အားကျတယ်ကွာ၊ ကွမ်းတောင်ကိုင်ကိုလဲရတယ်၊ လယ်ပိုင်ရှင်လဲဖြစ်ဦးမယ်၊ နေဖို့အိမ်ကလဲ ရောက်အသင့် ကြာအဆင့် ဘာလိုသေးလဲ "

ဟု ပြောဆိုလေရာ မိုးသီးက တဟဲဟဲရယ်မော၍

" ကိုယ့်ကုသိုလ်နဲ့ ကိုယ်ဖြစ်တာ မဖွံ့ဖြိုးနဲ့ကွ၊ ငါလဲ ငါ့ အဖြစ်ကိုငါ အံ့ဩလွန်းလို့ အိပ်မက်များဖြစ်နေမလားလို့ ကိုယ့်ကိုယ်ကို လက်သည်းနဲ့ ဆိတ်ကြည့်နေရတယ် "

ဟု ပြောလေ၏။

မင်္ဂလာပွဲကြီးပြီးသောအခါ မိုးသီးနှင့် ပန်းနုသည် ရွာသူရွာသားများ လက်ဖွဲ့ကြသော ပစ္စည်းများကို စိတ်ဝင်တစားကြည့်လေ၏။

ညနက်လာသော့အခါ မိုးသီးက ပန်းနု၏ပခုံးကိုဖက်၍

" အိပ်ကြရအောင် "

ဟုပြောလေ၏။ ပန်းနုက

" သန်းခေါင်တောင် ရောက်တော့မယ်နော်၊ အိပ်ကြတာပေါ့ "

ဟု ဆိုကာ မိုးသီးနှင့်အတူ အိပ်ခန်းထဲသို့ ဝင်လေ၏။

အိပ်ခန်းထဲတွင် လှပစွာပြင်ဆင်ထားသော မင်္ဂလာကုတင်ကြီးရှိ၏။ မိုးသီးသည် မင်္ဂလာကုတင်ကိုကြည့်၍ ရင်ခုန်နှုန်းများ မြန်ဆန်





လှ၏။ သူ၏ဘဝသည် ယနေ့ညမှစ၍ အပြောင်းလဲကြီး ပြောင်းလဲရ[illegible] တော့မည်။

မိုးသီးသည် ကုတင်ပေါ်တွင် ငုတ်တုတ်ထိုင်နေသော ပန်း[illegible] ကိုကြည့်၍ ရင်ထဲတွင် တဒိတ်ဒိတ်ခုန်လာ၏။ သူသည် အိပ်ခန်းထဲတွင်ရှိသော မီးအိမ်လေး၏အလင်းရောင် ကို နှိမ့်ချရန်ပြင်လိုက်၏။

ထိုအခိုက်မှာပင် မီးဇာကိုနှိမ့်ချနေသော သူ၏လက်ကို ပန်း[illegible] က ဆုပ်ကိုင်လိုက်၏။ မိုးသီးက လှည့်ကြည့်၍

" မီး မနှိမ့်ရဘူးလား "

ဟု မေးမြန်းလေ၏။ ပန်းနုက

" မနှိမ့်ပါနဲ့ "

ဟု လေသံတိုးတိုးပြောလေ၏။ မိုးသီးက ရင်ခုန်လှိုက်[illegible] သူမ၏ပခုံးကိုဖက်၍

" အိပ်ကြမယ်လေ "

ဟုပြောပြန်ရာ သူမက စိတ်လှုပ်ရှားဟန်မရှိဘဲ ကုတင်[illegible] တင်ပလ္လင်ထိုင်၍

" အရေးကြီးတဲ့စကား ပြောစရာရှိသေးတယ် "

ဟုပြောလေရာ မိုးသီးက အလိုမကျဟန်ဖြင့်ကြည့်၍

" ဒီအချိန်ကြီးမပြောပါနဲ့ကွာ၊ မနက်ကျမှပြော[illegible] "

ဟုပြောလေ၏။ ပန်းနုက သက်ပြင်းချ၍

" ဒီအကြောင်းကို အခုပြောမှဖြစ်မယ်မိုးသီး "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ မိုးသီးက အံ့ဩဟန်ဖြင့်

“ ကဲ… ဘာပြောမှာလဲ မြန်မြန်ပြောကွာ ”

ဟု မေးမြန်းလိုက်လေ၏။ ပန်းနုက မိုးသီးနှင့် မျက်လုံးချင်းဆုံအောင်ကြည့်၍

“ မိုးမခ ရတနာသိုက်ကို နင် တွေ့ထားပြီမဟုတ်လားဟင်၊ နင်နဲ့ငါ လင်မယားဖြစ်နေပြီ၊ ငါ့ကို မလိမ်နဲ့နော် ”

ဟု ပြောလေရာ မိုးသီးသည် လွန်စွာအံ့ဩသွားပြီး

“ ဟင်… နင်က မိုးမခရတနာသိုက်ကို ဘယ်လိုလုပ်သိနေတာလဲ ”

ဟုမေးမြန်းလေ၏။ ပန်းနုကစိတ်မရှည်ဟန်ဖြင့်မျက်နှာ တင်းမာလာပြီး

“ ငါမေးတာကိုဖြေစမ်းပါ၊ နင် မိုးမခရတနာသိုက်ကို တွေ့ထားသလား ”

ဟု အလေးတကြိုးမေးလေ၏။ မိုးသီးက ခေါင်းညိတ်၍

“ အေး… ငါတွေ့ထားတယ် ”

ဟုပြောလေရာ ပန်းနုက ဝမ်းမြောက်ဝမ်းသာဟန်ဖြင့်

“ ဟင်… ဟုတ်လား၊ ဒါဆိုရင် ငါတို့ ချမ်းသာပြီပေါ့၊ ဝမ်းသာလိုက်တာဟယ်၊ နင်ရတနာတွေကို ဘယ်မှာဖွက်ထားလဲ ”

ဟု အလေးတကြိုးမေးမြန်းလေ၏။ မိုးသီးက ခေါင်းခါ၍

“ မိုးမခရတနာသိုက်ကိုတွေ့တာနဲ့ ဘာဆိုင်လို့ ငါတို့ ချမ်းသာရမှာလဲ၊ ဒီပစ္စည်းဟာ ငါတို့ပစ္စည်းမှမဟုတ်တာ၊ ဘုရားကိုလှူပြီး အများကောင်းကျိုးရှိတဲ့အလုပ်တွေကို လုပ်ဖို့ ဆုံးဖြတ်ထားတယ် ”

ဟုပြောလေ၏။ မိုးသီး၏စကားကြောင့် ပန်းနု၏မျက်နှာ ကွက်ခနဲပျက်သွားပြီး

“ ဘုရားကိုလှူတာလဲလှူပေါ့၊ ဒါပေမဲ့ နည်းနည်းပါးပါး လှူပေါ့၊ ဒီပစ္စည်းတွေဟာ နင်ပိုင်တဲ့ပစ္စည်းတွေပဲ ”

ဟုပြောလေ၏။ မိုးသီးက နားမလည်နိုင်ဟန်ဖြင့်

“ ဘာဆိုင်လို့ ငါပိုင်တဲ့ပစ္စည်းဖြစ်ရမှာလဲ ”

ဟု ပြောလေ၏။ ပန်းနုက သက်ပြင်းချ၍

“ တကယ်တော့ နင်ဟာ သက်ရှိထင်ရှားရှိတဲ့သူတွေထဲမှာ မိုးမခမင်းသားရဲ့ အရင်းနီးဆုံး မျိုးဆက်တစ်ခုပဲ၊ မိုးမခမင်းသားဟာ နင်ရဲ့အဘိုးအရင်းပဲ ”

ဟု ပြောလေရာ မိုးသီးက တဟားဟားရယ်မော၍

“ ဟား ဟား ဟား… ပန်းနု နင်ရူးနေလား၊ မိုးမခမင်းသားက ဘယ်လိုလုပ်ပြီး ငါ့အဘိုးဖြစ်ရမှာလဲ ”

ဟုပြောလေ၏။ ပန်းနုက ခေါင်းခါ၍

“ မိုးမခမင်းသားဟာ နင့်အဘိုးအစစ်ပဲ၊ နင်တို့အိမ်ကလေးကို တင်ဖေထိုမိသားစုဆီက ငါတို့ဝယ်လိုက်တာ နင်သိတယ်နော်၊ တကယ်တော့ အိမ်ကလေးကို ငါ့အစ်ကို ကိုတင်မောင်ကဖျက်ပြီး အဲဒီနေရာမှာ အိမ်တစ်လုံးထပ်ဆောက်မလို့ ဈေးပေါပေါနဲ့ ဝယ်ခဲ့တာပါ၊ အိမ်ကို







www.burmeseclassic.com

www.burmeseclassic.com



ဖျက်မယ်ဆိုပြီး နင်တို့အိမ်ရဲ့ ဘုရားကျောင်းဆောင်ကို ဖြုတ်ချတော့ ဘုရားကျောင်းဆောင်ပေါ်မှာ ပန်းကနုတ်ဖော်ထားတဲ့ နဖူးစည်း တစ်ချပ်ရှိတယ်၊ အဲဒီနဖူးစည်းကို ငါ့အစ်ကို ကိုတင်မောင်က သံတူရွင်းနဲ့ ခွာချလိုက်တော့ လျှို့ဝှက်အံဝှက်တစ်ခု တွေ့ရတယ်၊ အဲဒီ အံဝှက်ထဲက ပေစာတွေအရ မိုးမခမင်းသားဟာ သူ့ရဲ့ရတနာတွေကို ရွာပြင်တစ်နေရာမှာဝှက်ပြီး တောကြောင်တွေရဲ့အန္တရာယ်ကို ကြောက်တာနဲ့ ပေအောကုန်းရွာကို သာမန်အရပ်သားတစ်ယောက်လို ရောက်လာခဲ့တယ်၊ ရွာကိုရောက်တော့ အင်မတန် ချောမောလှပတဲ့ နင့်အဘွား ဒေါ်ရွှေဖံနဲ့တွေ့ပြီး မေတ္တာသက်ဝင်တာနဲ့ ရွာမှာပဲ တစ်သက်လုံးဇာတ်မြှုပ်ပြီး နေထိုင်ခဲ့တယ်၊ နင့်အဘိုး မိုးမခမင်းသားဟာ သူ့ရဲ့မင်းသားဘဝကို ဖုံးကွယ်ချင်တာနဲ့ ရတနာသိုက်ကို သေတဲ့အထိ တူးဖော်ဖို့မကြိုးစားတော့ဘူး၊ ဘယ်သူကိုမှ ဖွင့်မပြောခဲ့ဘူး၊ ဒါကြောင့် နင်ဟာ မိုးမခ မင်းသားရဲ့ မြေးအရင်းဆိုတာ သေချာတယ် ''

ဟုပြောလေရာ မိုးသီးသည် လွန်စွာအံ့သြသွားလေ၏။ သူသည် မထင်မှတ်ဘဲ အလွန်ထူးခြားတိုက်ဆိုင်သော ကံကြမ္မာကြောင့် မိုးမခမင်းသား၏ မြေးတော်စပ်ခဲ့ရ၏။ မိုးသီးက မယုံမရဲဖြင့်

'' ဟုတ်ရဲ့လားပန်းနုရယ်၊ နင်ငါ့ကို နောက်ပြောင်နေတာလား ''

ဟု မေးမြန်းလေ၏။ ပန်းနုက ခေါင်းခါ၍ ဗီရိုကိုဖွင့်ပြီး

'' ဟောဒီမှာ နင့်အဘိုးရေးတဲ့ပေစာတွေ နင်ကိုယ်တိုင် ဖတ်ကြည့်ပေတော့ ''





ဟုပြောလေ၏။ မိုးသီးသည် ပေစာများကိုယူ၍ ကမန်းကတန်းဖတ်ကြည့်သောအခါ သူမပြောသကဲ့သို့ မှန်ကန်နေကြောင်း တွေ့ရလေ၏။ သူမက မိုးသီး၏မျက်နှာကိုကြည့်၍

'' ကဲ… နင်ယုံပြီမဟုတ်လား၊ ဒါကြောင့် ရတနာတွေကို ဘုရားလှူစရာမလိုဘူး၊ ကိုယ့်အဘိုးပစ္စည်းပဲ၊ မြေးတော်စပ်တဲ့သူက အသုံးစွဲတာ တရားမျှတပါတယ် ''

ဟု ပြောလေ၏။ မိုးသီးသည် ပန်းနု၏စကားကြောင့် တွေဝေသွားလေ၏။ သို့သော် အတန်ကြာအောင် လေးနက်စွာစဉ်းစားပြီးနောက်

'' ငါ့ဆုံးဖြတ်ချက်ကို မပြင်နိုင်ဘူးပန်းနု၊ ရတနာတွေကို အဘိုးတောင် သူ့ကိုယ်ကျိုးအတွက် အသုံးပြုမသွားဘူး၊ ဒါကြောင့် ငါလဲ ငါကိုယ်ကျိုးအတွက် အသုံးမပြုနိုင်ဘူး၊ အများအကျိုးရှိတဲ့နေရာအတွက် လှူဒါန်းမယ် ''

ဟုပြောလိုက်လေ၏။ ပန်းနုသည် မိုးသီး၏စကားကြောင့် ဒေါသချောင်းချောင်းထွက်သွားပြီး

'' အရူး နင်ရူးနေလား၊ နင့်ကိုယ်နင် ဘုရားဖြစ်မဲ့ အလောင်းတော်များ အောက်မေ့နေသလား၊ ဒီလောကြီးထဲမှာ အတွေးအခေါ် နုံချာတဲ့လူကို အိမ်ထောင်ပြုမိတာမှားပြီနဲ့တူတယ်၊ နင်လိုလူတောင်းတွက် ငါ့ဘဝကို ရင်းလိုက်ရတာ မတန်လိုက်တာဟယ် ''

ဟု ညည်းညူလိုက်ရာ မိုးသီး၏ မျက်လုံးများတွင် မြာမန်ဖြစ်

www.burmeseclassic.com



သွားပြီး နွေခေါင်ခေါင် မိုးကြိုးပစ်ခံရသကဲ့သို့ ထိတ်လန့်တုန်လှုပ်သွားလေ၏။ သူမ၏မျက်နှာကို အလန့်တကြားကြည့်၍

" ဘာ... ပန်းနု၊ နင်ဘာပြောတယ်၊ နင့်ဘဝကို ရင်းလိုက်ရတယ် ဟုတ်လား။ နင်ငါ့ကိုလက်ထပ်တာ ချစ်လို့မဟုတ်ဘူးလား"

ဟုမေးမြန်းလေ၏။ ပန်းနုက

" ဒီမှာ မိုးသီး။ ငါရှင်းရှင်းပဲပြောမယ်၊ နင့်ကိုလက်ထပ်တာ မိုးမခရတနာသိုက်ကရမယ့် ရတနာတွေကို မက်မောလို့ပဲ၊ ရတနာတွေ ကို နင် ဘုရားလှူပစ်မယ်ဆိုရင်တော့ နင့်ကိုငါ လက်မထပ်နိုင်ဘူး။ ဒီနေ့ညပဲ ကွာရှင်းကြမယ်၊ နင် စဉ်းစားပေတော့ "

ဟုပြောလိုက်ရာ မိုးသီးသည် မိမိနားကိုပင် မိမိ မယုံကြည် နိုင်ဘဲ

" ပန်းနု ပန်းနုရယ်၊ နင်တကယ်ပြောတာလား။ နင်ငါ့ကို ဒီလိုပဲ သဘောထားတာလား "

ဟု မေးမြန်းလေ၏။ ပန်းနုက မျက်နှာတည်တည်ဖြင့်

" တစ်ရွာလုံးမှာ အဆင်းရဲဆုံးလူတစ်ယောက်ကို ငါ့လို ပန်းတောင်ကိုင်သူဌေးသမီးက ဘာလို့လက်ထပ်ယူသလဲ၊ နင် မစဉ်းစားမိဘူးလား။ နင့်ကိုအမြန်ဆုံးလက်ထပ်ဖို့ စဉ်းစားရတာဟာ မိုးမခရတနာသိုက်ကြောင့်ပဲ၊ နင်နဲ့ငါ ချိန်းတွေ့တဲ့ညတုန်းက နင့်ကိုအခွင့်အရေးပေးခဲ့တာ နင်သတိရရဲ့လား။ နင်ကတော့ ငါ့ကိုအထင်သေးပြီး ကိုယ့်ကိုယ်ကိုယ် ဘဝင်မြင့်မှာသေချာတယ်၊ တကယ်တော့ နင်နဲ့အမြန်ဆုံးနီးစပ်မှ ရတနာတွေကို စိတ်ချရမှာမို့ မာယာနဲ့မြူဆွယ်ခဲ့တာပဲ "





ဟုပြောလိုက်ရာ မိုးသီးသည် သူမနှင့်ချိန်းတွေ့စဉ်က ပန်းနု၏ အမူအရာများကို ပြန်လည်သတိရလာ၏။ သူ၏ရင်ထဲတွင်လည်း နာကျင်သွားလေ၏။ မိုးသီး၏နှုတ်မှ ကြေကွဲဝမ်းနည်းစွာဖြင့်

" ဩော်... ပန်းနု ပန်းနု၊ နင်က ငါ့ကိုချစ်တာမှမဟုတ်တာ မိုးမခရတနာသိုက်ကို လိုချင်တာပဲ "

ဟု ရေရွတ်လေ၏။ ပန်းနုကခေါင်းညိတ်၍

" ဟုတ်တယ်၊ မိုးမခရတနာသိုက်အတွက်ကြောင့် နင့်ကို လက်ထပ်ခဲ့တာပဲ၊ ဒါကြောင့် မိုးမခရတနာသိုက်ကို ဘုရားလှူရင်တော့ နင့်ကို ငါ လက်မထပ်နိုင်ဘူး။ အခုချက်ချင်း လက်ထပ်တာကို ဖျက်ရလိမ့်မယ်၊ နင်စဉ်းစားပါ "

ဟု ရာဇသံပေးလိုက်ရာ မိုးသီးသည် လွန်စွာစိတ်ထိခိုက်သွားလေ၏။ သူသည် ပန်းနုနှင့်အတူနေရလျှင် အပျော်ရွှင်ဆုံးဖြစ်မည်ဟု စိတ်ကူးတွေယဉ်ခဲ့၏။ ဘဝတစ်သက်တာ၏ ကံကြမ္မာ အကောင်းဆုံး အချိန်သို့ ရောက်ပြီဟု ထင်မြင်ခဲ့၏။

ယခုတော့ သူ အလှည့်စားခံလိုက်ရပေပြီ။ ပန်းနုက မိမိ၏ အချစ်ကိုတန်ဖိုးမထားဘဲ မိုးမခရတနာသိုက်ကိုသာ လိုချင်တပ်မက်ခဲ့၏။ ပန်းနု နှင့် ခွဲခွာရန်စိုးရွံ့သောစိတ်ကြောင့် သူမရှေ့တွင် ဒူးထောက်အရှုံးပေးမည်လော။

သူသည် ဝေခွဲမရသောစိတ်ကြောင့် တွေဝေငေးမောနေရာ ပန်းနုက မြူဆွယ်သောအကြည့်နှင့်ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" နင်ငါနဲ့ ခွဲနိုင်လို့လား။ ဒါဆိုရင်တော့ နင်ရည်ရွယ်ချက်အတိုင်း လုပ်ချင်ရာလုပ်ပေတော့ "

ဟုပြောလေ၏။ ပန်းနုက သူ့ကို စိန်ခေါ်နေချေပြီ။

သူသည် အချစ်ကိုသာ မျက်လုံးမှိတ်ကိုးကွယ်သော စိတ်ဓာတ် ညံ့ဖျင်းသည့် ယောကျ်ားတစ်ယောက်ဖြစ်နေပြီလား။ မိုးသီးသည် အတန်ကြာအောင် စဉ်းစားပြီး ဆုံးဖြတ်ချက်တစ်ခုကိုချလိုက်၏။

ထို့ကြောင့် အံကိုကြိတ်၍

" နင့်ကိုငါ သိပ်ချစ်တယ်၊ ဒါပေမဲ့ ငါ့ရည်ရွယ်ချက်ကို မပြင်နိုင်ဘူး "

ဟုပြောလိုက်ရာ ပန်းနုက မျက်နှာရှုံ့မဲ့သွားပြီး

" နင်ဟာ အတော်မိုက်တဲ့ကောင်ပဲ၊ ကဲ... ဒါဆိုရင် အခုချက်ချင်း ငါ့အိမ်ပေါ်က ဆင်းသွားပေတော့၊ နင့်မျက်နှာကို ငါမကြည့်ချင်ဘူး "

ဟု မောင်းနှင်ထုတ်လိုက်လေ၏။ မိုးသီးက ခေါင်းငိုက်စိုက်ချ၍ ဆင်းသက်ရန် ပြင်လိုက်၏။ ထိုအခိုက်မှာပင် အခန်းဝမှ ယောက်ဖဖြစ်သူ ကိုတင်မောင်ရောက်လာပြီး သေနတ်ဖြင့်ချိန်ကာ

" ဒီကောင်ကို ဒီလိုနည်းနဲ့ လွှတ်ပေးလို့ ဘယ်ဖြစ်ပါ့မလဲ ပန်းနုရယ်၊ သေသေချာချာစစ်မေးရမှာပေါ့၊ မင်္ဂလာပွဲအတွက် ငါတို့မှာ ငွေတွေကုန်ထားတယ်လေ၊ ဟေ့ကောင် မိုးမခ ရတနာသိုက်ရဲ့မြေပုံကို ထုတ်ပေးစမ်း၊ မပေးရင်တော့ မြေပုံနဲ့အသက်နဲ့ လဲရလိမ့်မယ် "





ဟုပြောလေ၏။

မိုးသီးသည် သူ၏ဘဝကို လွန်စွာနာကြည်းစက်ဆုပ်သွားလေ၏။ သူသည် အရာရာကို အလှည့်စားခံနေ၏။ လောကသည် မာယာများလှပါတကား။ လူ့ဘဝကြီးတွင် အသက်ရှင်နေထိုင်လိုစိတ်များသည်း ပျောက်ကွယ်သွားလေ၏။

သူ၏ဘဝသည် ရှင်လျက်နှင့် သေရသောဘဝကဲ့သို့ရှိလေ၏။

သူသည် လောကစံကို ခဏလေးသာ ခံလိုက်ရသော်လည်း တစ်ဘဝစာ ဖူလုံသွားသကဲ့သို့ ရှိလေ၏။

လောကတွင် အရာရာသည် ပြောင်းလဲနေလေ၏။ မရေရာ မသေချာသော လောကကြီးပါလား။ ဘဝတွင် မှည်သည့်အရာက နိုင်မြဲ လေသနည်း။ သူသည် စိတ်ထိခိုက်နာကြည်းလွန်း၍

" မပေးနိုင်ဘူး၊ ခင်ဗျားပစ်ရင်ပစ်လိုက်တော့၊ ကျုပ်သေသွားလို့လဲ ဘာမှထူးမလာပါဘူး၊ ဘာကြောင့်လဲဆိုတော့ ကျုပ်ဟာ ရှင်လျက်နဲ့သေခဲ့ပြီပဲ "

ဟု ရေရွတ်ကာ အိမ်ကြီးပေါ်မှ ဖြည်းညင်းစွာ ဆင်းခဲ့လေ၏။ ကိုတင်မောင်သည် ခြောက်လုံးပြူးသေနတ်ဖြင့်သူ၏နောက်ကျောကို ချိန်၍ ငွေငိုင်ငိုင်ကြီး ကျန်ရစ်ခဲ့၏။ သူသည် မိုးသီး၏နောက်ကျောကို ပစ်ခတ်ရန် အကြိမ်ကြိမ်ကြိုးစား၏။

သို့သော် သူ၏လက်ညှိုးက ခလုတ်ကို ဖိညှစ်ရန် အင်အား မရှိသကဲ့သို့ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သေဝံ့သူရှိသော်လည်း သတ်ဝံ့သူမရှိဖြစ်နေ၏။

ဆန့်ကျင်ဘက်နှစ်ခု ထိပ်တိုက်ရင်ဆိုင်လျှင် အသဖြစ်ပေါ်၏။

သို့သော် စွန့်ဝံ့သူအား မည်သူက အနိုင်ယူလို့ရပါမည်နည်း။

ပန်းနုသည် အံကိုတင်းတင်းကြိတ်၍ကျုံ့ခဲ့ရာမှ မည်သည့်အရာကို ဝမ်းနည်းလေသည်မသိ၊ အင့်ခနဲ ရှိုက်ငိုလိုက်လေတော့၏။

*********

ပေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်

| |
|---|
| **မင်းမြတ်သူရ** |
| အမှတ် (၇)၊ အသောကလမ်း၊ ကျောက်မြောင်း၊ |
| ရန်ကုန်သို့ လိပ်မူ၍ ရေးသားနိုင်ပါသည်။ |

မင်္ဂလာဦးညည့်မှပင် ကွဲကွာသွားသော သတို့သားနှင့် သတို့သမီး၏ ထူးဆန်းသောအဖြစ်ကို တစ်ရွာလုံး ဒဏ္ဍာရီတစ်ပုဒ် နှယ်ပြောဆိုကြ၏။ ကာယကံရှင်များ၏ဆန္ဒသဘောထားကို မေးမြန်းကြည့်သော်လည်း မည်သူမျှ ဖြေကြားရန် ဆန္ဒမရှိသည်နှင့် အဖြစ်မှန်ကိုမသိကြ။

ထိုကိစ္စဖြစ်ပွားပြီးနောက် နှစ်ပေါင်းများစွာကြာသောအခါ ထိုတောကုန်းရွာကလေး၏ မနီးမဝေးတွင် ကျောင်းသင်္ခမ်းတစ်ခု ဖြစ်ပေါ်လာပြီး တောရဆောက်တည်သော ရသေ့တစ်ပါး ပေါ်ထွက်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရသေ့လေးသည် သီလသမာဓိကောင်းမွန်သောကြောင့် အနီး အနားရွာများသို့တိုင် ဂုဏ်သတင်းထင်ရှားလေ၏။

ရသေ့လေးသည် သူ၏ကျောင်းသခ်မ်းသို့ ရောက်လာသူများကို မည်သည့်အခါမျှ တရားဟောလေ့မရှိ။ သူ့အား တရားဓမ္မဟောကြားရန် လျှောက်ထားသူများရှိသော်လည်း ရသေ့လေးက သုံးခွန်းသော စကားကိုသာ အကြိမ်ကြိမ် အထပ်ထပ်ဆိုနေ တတ်၏။

*" လောကမှာ အရာရာမှာ ပြောင်းလဲနေတယ်၊ အသစ် အသစ်တွေ ဖြစ်ပေါ်နေတယ်၊ ရေရာမှု၊ သေချာမှုဆိုတာ မရှိသလို ပြီးပြည့်စုံမှုဟာလဲ ဘယ်သောအခါမျှ မရှိနိုင်"*

ဟူ၍ ဖြစ်ပေတော့သတည်း။

သိမ်းပိုက်ဥင်းကင်းဘော

မင်းမြတ်သူရ




✦ စီးပွားရေးအဆင်မပြေလို့ စိတ်ညစ်နေသလား..?

✦ အလုပ်အကိုင်မရလို့ အခက်တွေ့နေသလား..?

✦ ကြွေးတွေပြန်မရလို့ သောကရောက်နေသလား..?

✦ အချစ်ရေးအတွက် စိတ်ဆင်းရဲနေသလား..?

✦ အိမ်ထောင်ကျမည့်အချိန်ကို တိတိကျကျ သိချင်သလား..?

သင့်ရဲ့အလိုဆန္ဒတွေအားလုံး စာနဲ့ရေးပြီး ကျွန်ုပ်ထံပို့လိုက်ပါ။ ကျွန်ုပ်ရဲ့ ဟောစာတမ်းက သင့်ပြဿနာအားလုံးကို ဖြေရှင်းပေးပါလိမ့်မယ်။

# ဆရာမြင့်မြတ်ကျော်ခေါင်

ဟောစာတမ်းအလိုရှိတယ်ဆိုရင်–

(ဆရာမြင့်မြတ်ကျော်ခေါင်)အဝေးစာပေတိုက်၊ အမှတ်(၆၆)၊ ဥက္ကလာ အောက်အရှေ့၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ကိုလိုနီ အနီးဆုံး စာတိုက်ကနေ ဥက္ကာပူဇော်ခကို ငွေပို့ဝန်ဆောင်မှုဖြင့် ပို့ပါ။

☆ ဥက္ကာပူဇော်ခသတ်မှတ်မထားပါ၊ စေတနာရှိသလောက်သာ ☆


www.burmeseclassic.com